ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

## “ကွန်မြူနစ်ပါတီကြေညာစာတမ်း” ထုတ်ဝေခြင်း

အနှစ် ၁၅၀ မြောက်အထိမ်းအမှတ်



## အမှတ်.၁၆

၁၉၉၈ ခုနှစ်၊ ဇူလိုင်လ

ပြည်သူ့အာဏာ ဂျာနယ်
ပါတီကာ
၁၉၇၈ ဇူလိုင်လ
အမှတ်၊ ၁၆


- အနှစ် (၁၃၀)မြောက် ကွန်မြူနစ်ပါတီကြေညာစာတမ်းနှင့် မာ့က်စ်ဝါဒ၏ သမိုင်းကံကြမ္မာ...
- ပြည်သူများကတော့ မျောက်လောင်း မျောက်လောင်းပင် ဖြစ်ရသော စစ်အုပ်စု၏ အပြောင်းအလဲ ...
- အမျိုးသမီးဘဝ လွတ်မြောက်ရေး ...
- တက္ကသိုလ်နဲ့ ကျောင်းတွေကို ပိတ်တဲ့နည်းနဲ့ ကျောင်းသားပြဿနာကို မဖြေရှင်းနိုင်ဘူး...
- ဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရတဲ့ လူသားမျိုးနွယ်...
- ဗဟို ပါတီကျောင်း နိုင်ငံရေးဘောဂဗေဒ ပို့ချချက်...
- တပ်ကို ပြုပြင်တည်ဆောက်ရေး ပြဿနာ ...
- ကားလ်မာ့က်စ် ...
- အာရှတိုက် အရှေ့ပိုင်း နှင့် အရှေ့တောင်ပိုင်းမှ စီးပွားရေး ပြဿနာအား နိုင်ငံရေးရှုဒေါင့်မှ သုံးသပ်ချက် (က ခ ဂ တို့၏) စကားဝိုင်း ...
- ရှောင်ဖွန်း ၏ လီရှင်ရဲ့ နယ်ချဲ့စနစ်သဘောတရားနဲ့ မျက်မှောက်အရင်းရှင်စနစ် သုံးသပ်ချက်...
- ဖရက်ဒရစ် အိန်ဂယ် ၏ ကွန်မြူနစ်ဝါဒ၏ ရှုမှား စာတမ်းမှ ကောက်နုတ်ချက်များ...
- ဗဟိုပါတီကျောင်း အဘိဓမ္မာ ပို့ချချက်...
- ယနေ့ခေတ် မြစ်ဝကျွန်းပေါ်မှ ကျေးလက် သွေးစုပ်မှု စနစ်များကို လေ့လာခြင်း... (အစီရင်ခံစာမှ ကောက်နုတ်ချက်)
- အိန္ဒိယမှ မြေယာပြဿနာ တချို့ မိတ်ဆက်ခြင်း...
- အိန္ဒိယ-ပါကစ္စတန် နျူကလီးယား ပြဿနာ အပေါ် နိုင်ငံရေးပါတီတချို့၏ အမြင်များ...

# အနှစ် ၁၅၀ ကျော် ကွန်မြူနစ်ပါတီ ကြေညာစာတမ်း နှင့် မာ့က်စ်ဝါဒ၏ သမိုင်း ကံကြမ္မာ

၁

● ကွန်မြူနစ်ပါတီ ကြေညာ စာတမ်း ထုတ်ပြန်ခဲ့သည့် အနှစ် (၁၅၀) မြောက် အထိမ်းအမှတ် အဖြစ် ဥရောပတွင် ဂယက် ရိုက်ခတ်မှု အချို့နှင့် ပတ်သက်၍ ၁၉၉၈ ခု၊ ဖေဖော်ဝါရီ (၂၅) ရက် ရက်စွဲဖြင့် ရိုက်တာ သတင်းဌာနမှ သတင်းတစ်ခု ထုတ်ပြန်ပါသည်။

“ခေါင်းဆောင်များ ကား ကွယ်လွန်ခဲ့ကြပြီ၊ အတွေးအခေါ်များမှာမူ လူလောကကို အလင်းရောင် ပေးဆဲ”… ဟူခေါင်းစဉ်တပ်ထား၏။

“ယနေ့ လူအချို့သည် အရင်းရှင် ဝါဒတွင် အကျပ်အတည်းများ၊ ဆိုးဝါးသော အကျိုး သက်ရောက်မှုများ ဖြစ်ပေါ်လာ တိုင်း လိပ်ပြာလွင့်မတတ် တုန် လှုပ် ချောက်ခြားနေကြသည်။ အရင်းရှင်စနစ်၏ ပြဿနာများ ကို သူတို့သည် ကျိုပုဂ္ဂိုလ် နှစ်ဦး (မာ့က်စ် နှင့် အိန်ဂယ်)တို့၏ ရေးသားချက်များ ထဲမှ ပင် ထပ်မံ၍ အဖြေရှာဖို့ ကြိုးစား နေကြလေသည်”… ဟူ၍လည်း ဖော်ပြထား၏။

၎င်းအပြင် အင်္ဂလန် မှ ထုတ်ဝေသော မိုးသောက် ကြယ်

သတင်းစာက "မာ့က်စ်၏ရေးသားချက်များသည် ယခုအခါ ကြီးမားစွာ ပဲ့တင်ရိုက်ခတ်လျက်ရှိကြောင်း၊ မာ့က်စ်က အရင်းရှင်လူတန်းစားသည် အလုပ်သမားလူတန်းစားကို လုပ်စာကျေးကျွန်အဖြစ် ပြောင်းပစ်သည်ကို ပြစ်တင်ရှုတ်ချခဲ့ကြောင်း၊ အလုပ်သမားလူတန်းစားသည် နောင်အခါတွင် စည်းလုံးညီညွတ်ကာ နောက်ဆုံးအောင်ပွဲခံလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ကြောင်း" များကို လည်းကောင်း***

ပြင်သစ်ပြည်ရှိ 'လူကျင့်ဝတ်' သတင်းစာတွင် 'ကွန်မြူနစ်ပါတီကြေညာစာတမ်း' ကို အပြည့်အစုံထည့်သွင်းထားပြီး - "စာဖတ်သူများသည် တကမ္ဘာလုံးတွင် စီးပွားရေးမတည်ငြိမ်မှုနှင့် အလုပ်လက်မဲ့ပြဿနာများကို ကာလရှည်ကြာစွာ မဖြေရှင်းနိုင်သောကြောင့် စိုးရိမ်ပူပန်မှုများဖြစ်သည့်အတွက် ကျ စာအုပ်ငယ်လေးအပေါ် စိတ်ပါဝင်စားမှုများ အသစ်တဖန် ထပ်မံပေါ်ပေါက်လာကြသည်"…ဟူ၍လည်းကောင်း***

လန်ဒန်အခြေပိုင်းရှိ မာ့က်စ်အထိမ်းအမှတ် စာကြည့်တိုက် အမျိုးသမီး အမှုထမ်းတဦးက "လူအများဟာ မာ့က်စ်ရေးသားချက်တွေကို စိတ်ဝင်စားမှု ပိုမိုများပြားလာတယ်၊ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်လောက်က ဆိုရင် ဒီစာကြည့်တိုက်ကို လူတယောက်မှ မလာတဲ့ရက်တွေတောင် ရှိခဲ့တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့(၃-၄)နှစ်က စပြီး စာဖတ်ပရိသတ် အများကြီးကို တွေ့ခဲ့ရတယ်။ ဆိုဗီယက် ပြည်ထောင်စုဟာ အနှစ်(၇၀)သာရပ်တည်နိုင်ပြီး ကျဆုံးသွားခဲ့ပေမယ့် ဒါဟာနောက်ဆုံး အကျိုးဆက် မဟုတ်ပါ။ ရှေ့ကို ချီတက်ရာလမ်းကြောင်းပေါ်က ထိခိုက်နစ်နာမှုသာဖြစ်ပါတယ်"…ဟူ၍ ပြောကြားကြောင်း ဖော်ပြထားပါသည်။

(၂)

၁၉၉၀ ပြည့်နှစ်တွင် ဆိုဗီယက် ယူနီယံနှင့် အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများ ပြိုလဲကျဆုံးသွားပြီးနောက် ကမ္ဘာတွင် ဆိုရှယ်လစ်ဝါဒ ခေတ်မစားတော့သော ကာလတခုသို့ ဆိုက်ရောက်ခဲ့သည်။ နိုင်ငံတိုင်းလိုလိုက ဈေးကွက်စီးပွားရေးဘက်ကို ဦးလှည့်သွားခဲ့ကြခြင်းဖြင့် အရင်းရှင်စနစ်သည်ပင် ပွဲတွေ့ဆေးမြီးတို့ တလက်သားပွယ် ဖြစ်လာခဲ့သည်။

• အရင်းရှင်စနစ်သည် လူသားများအတွက် အကောင်းဆုံးစနစ် ဖြစ်ပါ၏လော!

• အရင်းရှင်စနစ်က လူသားတို့၏ တိုးတက်သစ်လွင်သော အမြင်နှင့် လိုအင်ဆန္ဒများကို အာမခံနိုင်ပါ၏လော!

ဤအချက်များကို သိနိုင်ရန် ကျွန်ုပ်တို့သည် ရှုဒေါင့် 'ကွန်မြူနစ်ပါတီကြေညာစာတမ်း' ကို ပြန်လည်လေ့လာရန် လိုအပ်လာပါသည်။

မာ့က်စ်နှင့် အိန်ဂယ်လ်တို့က အရင်းရှင်စနစ်၏ အားကောင်းချက်နှင့် ချွတ်ယွင်းချက် ဘက်နှစ်ဘက်လုံးကို ခွဲခြမ်းပြခဲ့၏။ နှစ်ပေါင်း

ဘဏ္ဍာဒ်ပါ ခေါင်းလူတန်းစား စိုးမိုး ခေတ်ကာလ အတွင်းတွင် ကျန်လွှန်ခဲ့သော မျိုးဆက်အားလုံးက ဖန်တီးခဲ့သမျှ၏ စုစုပေါင်းထက် ပိုမိုများပြားသော ပိုမိုကြီးမားသော ထုတ်လုပ်ရေးစွမ်းအားစုများ ဖန်တီးပေးနိုင်ခဲ့ခြင်းကို အသိအမှတ်ပြုပါ၏။ သို့သော် 'ဘာသာရေးနှင့် နိုင်ငံရေး ယုံကြည်မှု မျက်နှာဖုံးစွပ် ထားသော သွေးစုပ်ချယ်လှယ်မှုနေရာတွင် ပြောင်ကျသော အရှက်မဲ့သော တိုက်ရိုက်ဖြစ်သော ရက်စက်သော သွေးစုပ်မှုဖြင့် အရင်းရှင်လူတန်းစားက အစားထိုးလိုက်ခြင်း' ကိုလည်း ဖော်ထုတ်ရှုတ်ချလိုက်၏၊ “အသစ်ပေါ်ထွက် သမျှအားလုံးသည် အမြစ် မတွယ်မီ မှာပင်ခေတ်ကုန်သွားတော့၏၊ အခိုင်အခဲ အားလုံးသည် လေထဲတွင် ကျေပျက်သွားကာ မြင့်မြတ်သော အရာ အားလုံး ယုတ်ညံ့ကုန်ကြလေပြီ...”ဟုတင်ပြထား၏။

ဤသည်ကို မာက်စ်ကနောင်တွင် “အရင်းရှင်စနစ်၏ သက်ဦးပေးတာဝန်မှာ သိပ္ပံပညာဖြင့်ပြီးသော ခေတ်သစ် စက်မှုကိရိယာများကို အစွမ်းကုန် တိုးတက်ဖွံ့ဖြိုးစေဖို့ပင်ဖြစ်၏။ ကျွန်အခြေအနေသို့ ရောက်အောင် လမ်းခင်းပေးဖို့ အတွက် လူချမ်းသာနှင့် လူ့မွဲနှစ်မျိုး နှစ်စားပေါ်ပေးရလေသည်...” ဟု ဖြန့်၍ ချုပ်ပြ၏။

ပုဂ္ဂလိက ပိုင်ဆိုင်မှုမှ မြစ်ဖျားခံလာသော အရင်းရှင်စနစ်သည် ကမ္ဘာပေါ်တွင် လူမှုရေးအနိဋ္ဌာရုံများကို ဖြစ်ပေါ်စေခဲ့၏။ သွေးစုတ်သူလူတန်းစားနှင့် သွေးစုတ်ခံလူတန်းစား၊ အရင်းရှင်နှင့်ပစ္စည်းမဲ့များပေါ်ခဲ့၏။ လူ၏စွမ်းရည် ၊ ကုန်လုပ်ကရိယာ၏ စွမ်းရည်တိုးတက်မှုတို့မှာ လူသတ္တဝါတို့ချမ်းသာဖို့ ဖြစ်သင့်၏။ သို့ရာတွင် ကုန်လုပ်ကိရိယာများကို လူနည်းစုကသာ ပိုင်၏၊ ရသမျှ အမြတ်အစွန်းတို့ကိုလည်း လူနည်းစု ကသာ ရ၏။

နိုင်ငံရေးအာဏာသည် လည်း အရင်းရှင်လူတန်းစားက ကိုင်ထား၏။ အနည်းစုက ချမ်းသာပြီး အများစုက ဆင်းရဲတွင်းနက်ရအောင် အရင်းရှင် အာဏာက ဖိနှိပ်ပေးနေ၏။ ကျွန်ုပ်တို့ကို ပြောင်းပြန်လှန်ပစ်၍ တနည်းဆိုရသော် အဖိနှိပ်ခံသွေးစုပ်ခံ လူတန်းစားများက အုပ်စိုးသူလူတန်းစားဖြစ်လာပြီး ၎င်းမှ တဆင့် လူလူချင်း သွေးစုပ်မှုကင်းသည့်ကွန်မြူနစ်စနစ်၊ လူတန်းစားမဲ့လူ့ဘောင်သစ်သို့ ရည်မျှော်၍ ကျွန်ုပ်ကြေညာစာတမ်းကို ရေးသားတင်ပြကြခြင်းဖြစ်ပေသည်။

(၃)

“ကွန်မြူနစ် ပါတီကြေညာစာတမ်း” နှင့်ပတ်သက်၍ လီနင်က ဤစာအုပ်ငယ်သည် ကျမ်းပေါင်းစုံ တခုလုံးမျှ တန်ဖိုးရှိပေသည်။ ယဉ်ကျေးသော ကမ္ဘာရှိ စည်းရုံးမှုရှိသည့် တိုက်ပွဲဝင် ပစ္စည်းမဲ့ လူတန်းစား တရပ်လုံးသည် ယနေ့တိုင် ၎င်း စာ

ဒုပ် ၏ စိတ်ဓာတ် အပေါ်တွင် ရှင်သန်လှုပ်ရှား နေပေသည်"... ဟူ၍ လည်းကောင်း၊ "ကျွန်တော်တို့ ငယ်သည် ကမ္ဘာ့အမြင်သစ်ကို ဉာဏ်ပညာ ထက်မြက်စွာဖြင့် ရှင်းလင်းစွာဖော်ပြထားပေသည်။ ၎င်းကမ္ဘာ့အမြင်သည် လူ့မှုရေးဘဝသယ်ပယ်ပါ အကြုံးဝင်သည့် ဖွဲ့မြဲခိုင်မာသော ရုပ်ဝါဒ ဖြစ်ပေါ်တိုးပွားမှု ဆိုင်ရာ ဘက်ပေါင်းစုံ အကျဆုံး နှင့် နက်ရှိုင်းသော သင်ကြားချက် ဖြစ်သည့် အဒုပ္ပန်လောမ၊ လူတန်းစားတိုက် ပွဲ သဘောတရား၊ သစ်လွင်သော ကွန်မြူနစ်လူ့အဖွဲ့ အစည်းကို ဖန်တီးသူ ပစ္စည်းမဲ့လူတန်းစား၏ သမိုင်း ဆိုင်ရာ တော်လှန်သော အခန်းနှင့် ပတ်သက်သည့် သဘောတရား ဖြစ် ပေသည်"... ဟူ၍လည်းကောင်း အကဲဖြတ်ခဲ့သည်။

ရဲဘော်စတာလင် ကလည်း "မာက်စ် နှင့် အိန်ဂယ်တို့သည် သူတို့၏ ကြေညာစာတမ်းဖြင့် ခေတ် တခေတ်ကို ဖန်တီးလိုက်ပေ၏"... ဟူ တော့ပနာ ပြုခဲ့၏။

ဥက္ကဋ္ဌ သခင်ဗသိန်းတင်က မူ "ကွန်မြူနစ် ပါတီ ကြေညာ စာတမ်းဟာ အနှစ်၁၅၀ရှ မှာမှန် ကန်ပြီး သေချာနေမှာတော့ အလွန် တောက်ပြောင်လှပတဲ့ ကျတဲ့ စကားလုံးတွေကို ရွေးချယ်သုံး နှုန်း ထားတာကို တွေ့နိုင် ပါတယ်" ဟုပြောခဲ့၏။

ကျွန်ုပ်တို့ အမြင့်များမည် မှ မှန်ကန်တိကျသည်ကို ကျွန်ုပ် တို့ သည် ခေတ်များကို ဖြတ်သန်း ၍ လည်းကောင်း ကျွန်ုပ်တို့ကို လေ့လာခြင်း ဖြင့်လည်းကောင်း အ ကဲဖြတ် နိုင်ပေသည်။ ပုဂ္ဂလိက ပိုင်ဆိုင်မှုက ကမ္ဘာ့ စီးပွားရေး အစစ် ကြီးတခုလုံး အား လွှမ်းမိုးသွားသည်နှင့် လူသားတို့သည် လိုအပ်မှုအရ ကုန်ထုတ်လုပ်ငန်း လုပ်ဆောင်နေကြ ရသည် မဟုတ်ဘဲ အမြတ်အစွန်း အတွက် ထုတ်လုပ်ပေးနေ ကြရသည်၊ ဖက်ရုပ်များ ဖြစ်ကုန်ကြသည် ကို ခံစား မိကြမည် ဖြစ်၏။

လော့ဒ်လီဗာ မာယွန်း က "လက်ရှိ ကုန်ထုတ်ကရိယာ စွမ်းအားကို ကမ္ဘာ့ အနှံ့အပြား အသုံးပြုခဲ့ လျှင် ကမ္ဘာ့ရှိ ကမ္ဘာ့သားအားလုံးတို့မှာ တယောက်လျှင် တနင်္ဂနွေတပတ်တွင်တနာရီ အလုပ်လုပ်ရုံ မျှ နှင့် အေးအေး ချမ်းချမ်း ပြည့်ပြည့်စုံစုံ နေထိုင်ကြပေလိမ့် မည်..." ဟု ပြောခဲ့ကြောင်း သခင်ဗသိန်း ၏ ဆောင်းပါးက စာအုပ်တွင် တွက်ချက်ဖော်ပြထား ခဲ့၏။ ယင်းအချိန် မှာ ဒုတိယကမ္ဘာစစ် မတိုင်မီ အချိန်ဖြစ်ပြီး ယခု (၂၀)ရာစုကုန်ခါနီး အချိန် အဆင့်မြင့် နည်းပညာ (Hi-Tech)ခေတ်နှင့်စာလျှင် ကုန်ထုတ်ကိရိယာ စွမ်းအားမှာ အဆင့် မမြင့်လှသေးချေ။

သို့သော် ကုန်ထုတ်စွမ်း အားစုများ မြင့်သည်ထက် မြင့်လေလူသားတို့မှာ ကျိုးကြောင်းရော မရှိ အောင် မွဲလေဖြစ်နေကြရသည်။ တဘက်တွင်မူ လက်ဝါးကြီးအုပ် အရင်းရှင် ထုံက ပို၍ ချေရာပူလေဖြစ်လာ၏။ အကျိုးဆက်အနေနှင့် စီးပွားပျက်ကပ်များ အကြိမ်ကြိမ် ဖြစ်လာရတော့၏

ကြီးသော ရှေ့သည် ယနေ့တိုင်မရပ်သေး။

လက်ရှိကမ္ဘာ့ စီးပွားရေးစနစ်နှင့် အညီ ဖွံ့ဖြိုးဆဲဖြစ်သောနိုင်ငံနှင့် ဆင်းရဲသော နိုင်ငံများ အကြား အရှုံးနှစ်နာဘက်ရောက် ရှိသွားခြင်းတို့ ပိုမိုလျင်မြန်လာစေ ခဲ့သည်။ ကျွန်ုပ်သည်က နိုင်ငံတကာ ဆက်ဆံမှုများတွင် တင်းမာမှုများကိုမျှ ပေါ်ပေါက်စေမည် ဖြစ်၏။ ပြင်း ထန်သော ဒေသ ဆိုင်ရာ နှင့်ကမ္ဘာ့အဝှမ်း မငြိမ်မသက်မှုများဆီသို့ လည်းတွန်း ပို့ပေးပါလိမ့်မည်။ ပြည်တွင်း ဆင်း ရဲ ချမ်းသာ ကွာဟမှုကလည်း မညီ ညွတ် ထိန်းညှိမှုများ လုပ်ပေး စေ တော့ လူမှုရေး မငြိမ်မသက်မှုများ ကို မလွဲမသွေပေါ်ပေါက်လာစေ ပါ လိမ့်မည်။

(၂၀)ရာစုနှစ်၏ နောက်ဆုံး ဆယ်စု နှစ်များတွင် ကမ္ဘာ့ ဈေး ကွက် ပေါ်လစီအား တဟုန်ထိုး ကျ ဆင်းသွားခဲ့၏။ ကျွန်ုပ်သည်မှာ ကမ္ဘာ ကြီး၏ ရုပ်ဝတ္ထု လိုအပ်မှုလုံလောက် သွားပြီမဟုတ်ဘဲ မဖွံ့ဖြိုးသေးသော နိုင်ငံများ စသည်နှင့် မိမိတို့ လိုအပ် သော ကုန်များ ဝယ်ယူရန် ပိုမိုခက် ခဲ ကျပ်တည်းလာ၍ ဖြစ်ပေသည်။ မိ မိတို့ ဘတ်ဂျက်၏ ဝက်ဝက်ဆင့်ကို ဖြည့်ရန် နိုင်ငံများ ထံ ပြန်လည်ပေးဆပ် ရကြ၏။ ဖွံ့ဖြိုး ပြီးသော နိုင် ငံ များမှာမူ ဝယ်ယူနိုင်စွမ်း ရှိ သော် လည်း ကုန်စည်များ ပိုလျှံနေပြီ ဖြစ် ၍ ထပ်မံ မဝယ်ယူလိုတော့ပေ ။ “လွတ်လပ် စွာကုန်သွယ်ရေး” ဟူ သောကြွေးကြော်သံကို ကိုင်စွဲ လာ ခဲ့သော အရင်းရှင်လူတန်းစားများ သည် “ကိုယ်ကျိုးစီးပွား ကာကွယ် ရေး” ဟူ၍ ဖြစ်လာကြပြန်၏။အ မေရိကန်ကို ဗဟိုပြုသော နေ တိုး စစ် တချုပ်ဝင် နိုင်ငံများ တိုး များ လာ၏။ ဗိုလ်ကျ လွှမ်းမိုးရေး ဝါဒအာ ဏာ သည်လည်း အမေရိကန်ကိုသာ ဗဟို ပြုနေ၏။ ကမ္ဘာနှင့် ချီသော စီး ပွားရေး အဖွဲ့ အဖြတ်များ သည် လည်း အမေရိကန် ကိုပင် ဗဟိုပြု ရ၏။

ကျွန်ုပ်အမြင်အနေ အချက် အ လက်များက အဓိကအရေးအခင်း ကို ဖြစ်စေခဲ့၏။ အရှေ့တောင် အာရှ နှင့် အရှေ့အာရှ နိုင်ငံများ၏ စီး ပွား ရေးအကျပ်အတည်း လူမှုရေး မငြိမ် မသက်မှု များကို ဖြစ်စေခဲ့၏။ယင်း နိုင်ငံများက ကမ္ဘာ့ဘဏ်၊ နိုင်ငံ တ ကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) တို့ထံမှ ဒေါ်လာဘီလီယံ ဂဏန်း တ လုံးမှ နှစ်လုံးအထိ ချေးငှား နေရစဉ် ကမ္ဘာတွင် ဒုတိယ စီးပွားရေး အကြီး ဆုံး ဖြစ်သော ဂျပန် နိုင်ငံသည်လည်း ယိမ်းယိုင်၍ လာပါတော့သည် ။ အလုပ်လက်မဲ့ဦးရေ (၃.၉) သန်း အထိ မြင့်တက်သွားခဲ့ရာ ကျွန်ုပ်သည် မှာ ဒုတိယကမ္ဘာ စစ်အပြီး နှစ်(၅၀) အချိန်အတွင်း အမြင့်မားဆုံး ပမာဏဖြစ် ၏။ ဥရောပတွင်မူ အလုပ်လက် မဲ့ ပြဿနာ သည် အုပ်စိုးသူ လူ တန်း စားများ အတွက် အရေးတကြီး ပင် နေခဲ့ပါ ပြီ။ အမေရိကန် ပြည်ထောင် စုသည် ပင် ရေရှည်ကိုင်မိ လက်မကိုင် မှု အခြေအနေကိုဖော်ပြလာရတော့ ၏။

အရှေ့

တောင်အာရှ မငြိမ်မသက် ဖြစ်မှု များက တိုက်ပွဲဆော်သံများဖြင့် (၂၁) ရာစုကို ကြိုဆိုနေချေပြီ။

·လွန်ခဲ့သည့် နှစ်(၃၀)ကျော် (၄၀)နီးပါး အာကာသယာဉ်တား၏ ကမ္ဘာ့ အသင်းရဲ့ဆုံး စာရင်းဝင်နိုင်ငံ ဖြစ်နေ ရသော ကျွန်ုပ်တို့ မြန်မာနိုင်ငံ ကတော့ ရာစုနှစ် အသစ်ကို မည် ကဲ့ သို့ ကြိုဆိုကြမည်နည်း။ ကျွန်ုပ်သည် ကို စီးပွားရေး၊ နိုင်ငံရေး နှင့်လူမှုရေး ဒုက္ခများကို ကျော်ကော့အောင် ခံ နေကြရသော ပြည်သူများက အ ဖြေပေး ကြပါလိမ့်မည်။

·မည်သို့ပင် ဖြစ်စေ ဒူး ဟာ တို့ ပုံစံကို သွားရည်ယိုမက်မော ခဲ့ သော စစ်အုပ်စု၏ ခွဲလယ် အိပ် မက်သည် ၁၉၉၈ ခု မေလတွင် ဖြစ် ပွား ခဲ့သော အင်ဒိုနီးရှား လူမှု ရေး မငြိမ်သက်မှုကြီးကြောင့် လန့်နိုး သွား လောက်ပေပြီ။

၅

ဆိုရှယ်လစ်စနစ် တ ည် ဆောက်ရေးပြဿနာကို မာက်စ်၊ အိန်ဂယ်လ် တို့ အနေ နှင့် သူတို့ အသက် ရှင် နေထိုင်ခဲ့စဉ် အချိန်မှ အတွေ့ တွေ့ အမြေအနေ အချက်အလ က် များ အရ တွေးခေါ် မြော်မြင်ပြီး ရေး ခဲ့ ကြခြင်း ဖြစ်သည်။ အရှင်းရှင်း ဆို ပေါ်ခဲ့သည်မှာ ရာစုနှစ် တစ်ခု ကျော် ကျော်သာ ရှိသေး၏။ လရှင် တော် လှန်ရေးများကလည်း ပေါက်ကွဲနေ ဆဲ ကာလဖြစ်၏။

·ထိုကြောင့် သူတို့ အသက် ရှင် စဉ် ခေတ်တွင် ဆိုရှယ် လစ် တော်လှန်ရေး နှင့် ဆိုရှယ်လစ် စ နစ် တည်ဆောက်မှုကို လုပ်နိုင် မည်ဟု မျှော်မှန်း ခဲ့ ကြသည်။ လီ နင်က ရုရှ အောက်တိုဘာ ဆို ရှယ်လစ်တော်လှန်ရေး အောင်မြဲ ရ ပြီး သက်တိုက် ပင် ကမ္ဘာ့ တော် လှန်ရေးကို မိတ်ကူးခဲ့၏။ စ တာ လင်၊ မော်စီတုန်း တို့လည်း ထို နည်း အတူ မျှော်မှန်း လုပ်ဆောင် ခဲ့ ကြ သည်...ပင်၊ အကောင် အထည်ကား မပေါ်ခဲ့ပါ။

·သို့သော် လုပ်၍မရသေး သော အရာ တိုင်း ကို လုပ်၍မရနိုင် သော အရာများဟု ပြောနိုင်ကြပါသလား။ မ ပြောနိုင်ပေ။ ကျွန်ုပ်အထဲတွင်နောင် တ နေ့ လုပ်၍ ရမည့်ကိစ္စများ ပါဝင် နေ ပေသည်။ ကမ္ဘာ့တော်လှန်ရေးကိ စ္စ သည်လည်း အလား တူ ကိစ္စ မျိုးဖြစ် ၏။ ကမ္ဘာ့ တော် လှန်ရေးကို ရက်ချိန်း ရွှေ့ထားရခြင်း သာ ဖြစ်၏။

●ရက်ချိန်းရွှေ့ရ၍ မာက်စ်ဝါ ဒ ခေတ်ကုန် သွား ပြီလော?။

·●မာက်စ်၊ အိန်ဂယ်၊ လီ နင် စတာလင်၊ မော်စီတုန်းတို့ မျှော်မှန်း ခဲ့သလို ဖြစ်မလာ၍ " ကမ္ဘာ့ ဆို ရှယ်လစ် တော်လှန်ရေးမဖြစ် တော့ ဘူး ” ဆိုသော အဓိပ္ပာယ် ရှိ သွား မည်လား။?

●လုံးဝမဟုတ်ပါ။

·မာက်စ်ဝါဒ၏ အနှစ်သာ ရ အကျဆုံး နိမိတ်ဖတ် ချက်သည်ကမ္ဘာ့ တော်လှန်ရေး ဘယ်တော့ဖြစ်မလဲဆို သော ရက် ချိန်းကိစ္စ၊ ဘယ်လိုဖြစ်မ လဲဆိုသော နည်းနာ ကိစ္စ မဟုတ်ပါ။

[illegible]သော အကျဆုံး နိမိတ်ဖတ်ချက် များမှာ —

▲သွေးစုပ်မှု ဟူ၍သာ မရှိ သော လူ့လောက ဆီ လူသား များ တက်လှမ်း ကြလိမ့်မည်။

▲သွေးစုပ်မှုဟူသည်ပုဂ္ဂ လိက ပစ္စည်းပိုင်ဆိုင်မှုမှ ဖြစ် ပွား ခဲ့၏။ ပုဂ္ဂလိက ပစ္စည်း ပိုင်ဆိုင်မှု ကို ဖျက်သိမ်းမှ သွေးစုပ်မှု မှန်သမျှကို ဖျက်သိမ်းနိုင်လိမ့်မည်။ (ကျွန်ုပ် တို့ လူတဦးစီ ပိုင်သော နေထိုင် မှု ပစ္စည်း များ ကို ဖျက်သိမ်းရန်ပြော သည်မဟုတ်၊ ထုတ်လုပ်ရေးကရိယာတစ်ဖုံ ဖြစ်သည့် မြေငါ်တော်ကိုဖြစ်ပေါ်စေသော သွေးစုတ် သူ လူတန်းစား ကိုဖြစ်ပေါ် စေသော၊ လူလူချင်းသွေးစုပ်မှုကိုဖြစ် ပေါ်စေသော ထုတ်လုပ်ရေး ပစ္စည်း များ ဖြစ်သော-မြေယာ၊သစ်တော၊စက်ရုံ၊ အလုပ်ရုံ၊သတ္တုတွင်း၊လမ်းပန်းဆက်သွယ် ရေး၊ကုန်သွယ်ရေး၊ဘဏ်တိုက်… စသည်တို့သာ ဆိုလိုခြင်းဖြစ်သည်။)

▲ပုဂ္ဂလိက ပစ္စည်းကို ပိုင် ဆိုင် ပြီး သွေး စုတ်သော စနစ်များတွင် အရင်းရှင်စနစ်သည် နောက်ဆုံးအဆင့် ဖြစ်သည်။ (အရင်းရှင် ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်မှု စနစ်သည် တကမ္ဘာလုံး ကိုလွှမ်းခြုံနေပြီး အရင်းအနှီး စုမှု မှုကလည်း ကမ္ဘာတခုလုံး အတိုင်း အတာ အရ ကျယ်ပြောနေ သည် ကို ကြည့်ပါ။)

▲ထုတ်လုပ်မှု စနစ်က လူ့ အဖွဲ့အစည်း လက္ခဏာ ဆောင် ပြီး ထုတ်လုပ်ရေးပစ္စည်း ပိုင်ဆိုင်မှုကပုဂ္ဂ လိကသဘော ဆောင်နေသော ပဋိ ပက္ခသည် အရင်းရှင် စနစ်၏ အ ကြီးဆုံး ပဋိပက္ခ ဖြစ်သည်။

▲ထုတ်လုပ်ရေး ပစ္စည်းပိုင် ဆိုင်မှု မရှိသော လုပ်အားကို ရောင်း စားနေကြရသော ပစ္စည်းမဲ့လူတန်း စား သည် အရင်းရှင် စနစ်ကို တော် လှန်ရာတွင် ခေါင်းဆောင်မည့် လူတန်း စား ဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစား သည် လူသားတရပ်လုံးကို လွတ် မြောက်စေမှသာ မိမိကိုယ်တိုင်လည်း လွတ်မြောက်နိုင်မည့် လူတန်းစားဖြစ် သည်။ အရင်းရှင်စနစ်ကို ဆိုရှယ် လစ် စနစ်နှင့် အစားထိုးရေး တွင် ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင် မှု ပစ္စည်းမဲ့ အာဏာရှင် စနစ်နှင့် သာ လုပ်ဆောင် အောင်မြင်နိုင်မည်…ဟူ သော အချက်များ ဖြစ်၏။

ကျွန်ုပ်အမြင်၌ နိမိတ်ဖတ် ချက် များသည် ယခုလည်း မှန်နေဆဲ၊ နောင် တွင်လည်း မှန်နေဦးမည် ဖြစ်၍ မာက်စ် ဝါဒ၏ သမိုင်းဝင်ကြီးမားသည့် ကား ထွန်းပြောင်နေဆဲပင် ဖြစ်ပေသည်။ □

# ပြည်သူများကတော့ မျောက်လောင်းမျောက် လောင်းပင်ဖြစ်ရသော စစ်အုပ်စု၏ အပြောင်းအလဲ

## နဝတ မှ နအဖ သို့ ပြောင်းခြင်း

စစ်အုပ်စုက ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် ရက်စွဲ ဖြင့် “နိုင်ငံတော်တွင် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာရန် နှင့်အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ထောင် နိုင်ရန် ရည်မှန်း၍ဆောင် ရွက် နိုင်ရန် အလို့ငှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ကို ဖျက်သိမ်း လိုက်ကြောင်း” ကြေညာ ခဲ့သည်။ ယင်း အဖွဲ့ အစား “နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ” ကို ဖွဲ့စည်းကြောင်းလည်း တဆက်တည်း ကြေညာပါသည်။

“ဖျက်သိမ်းလိုက်ကြောင်း” မှာ လာ စကား နှင့် စပြီး၊ နောက်ဆက်တွဲ “ဖွဲ့ စည်း လိုက်ကြောင်း” ကြေညာ ချက် ကြောင့် ပြည်သူများမှာ

"ခြင်းခဲခဲဘာ ပျာကာယာ ဝမ်းနည်း" ဖြစ်ကျော် ကြရသည်။ ပထမ ... တွေ့ရသည်မှာ ထိပ်သီးများ မ ... ပြောင်းလဲခြင်း ဖြစ်၏။ နောက် ပိုင်း ... တော့ မူဝါဒပြောင်းလဲမည် မ ... တွက်ကြောင်း ထုတ်ဖော်လာသည်။ ... စစ်အုပ်စု အနေဖြင့် သူတို့တတ်စွမ်း ... နိုင်သော နည်းပြောင်းခြင်းနှင့် အ ... ပေါ်ယံ ရုပ်ပြ အပြောင်းအလဲ များ ... ဆောက်သာ ပြောင်းခြင်းဖြစ်ကြောင်း ... ကြာလေထင်ရှားလေဖြစ်လာသည်။ ... စစ်အုပ်စု အတွက်သာ ပြောင်းခြင်းဖြစ် ... ပြီး ပြည်သူများ အတွက် ပြောင်း ... ခြင်း အလျင်းမဟုတ်ပေ။

သူတို့ကသူတို့၏ ရည်မှန်း ... ချက်ကို ဖော်ပြရာတွင် မရေမရာ ... ဝိုးတဝါး အဓိပ္ပာယ်အမျိုးမျိုး ဖွဲ့ ... ယူနိုင်မည့် စကားလုံးများကို အ ... သုံး ပြုသည်။ ပြည်သူများက အ ... ဓိပ္ပာယ်ဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုက ... ရေစီရေး၊ တိုင်းရင်းသား စည်း လုံး ... ညီညွတ်ရေးကို လိုချင်သည်။ သို့မှ ... သာ ဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံ ... တော် ကို တည်ဆောက် နိုင် မည် ... ဟု မြင်သည်။ စစ်အုပ်စုက ငြိမ်း ... ချမ်းရေးကို အသစ်အသစ်ရုပ်ခဲ့ရေး ... နှင့် အစားထိုး ထားပြီး ၊ ဒီမိုကရေ ... စီရေး နေရာတွင် "စည်းကမ်းပြည့် ... ဝသော" ဆိုသောစကားလုံး နှင့် ... ကြောင်ကြီး တည်းလိုက် သည်။ တွတ် ... တွတ်ခွ မသွယ်နိုင်အောင် လုပ်ထား ... ခြင်းကို "အေးချမ်းသာယာ"သည်

ဟူ အဓိပ္ပာယ် ဖွင့်ဆိုပုံ ပေါက် ပါ သည်။ .

သို့သော် သူတို့ယခုလို ပြော လှမ်းပြောင်း ရခြင်းမှာတော့ အ ကြောင်း ရှိပေသည်။ အကြောင်း အ မျိုးမျိုး ရှိသည့် အနက် အဓိက အား ဖြင့် အောက်ပါ အကြောင်းများ ဟုဆ် နိုင်သည်။

၁။ ပြည်သူတို့၏ စားဝတ် နေ ရေး တနေ့တခြား ခက်ခဲ ကျပ်တည်း လာပြီး ၊ ယင်းစီးပွားရေး အကျပ် အ တည်းမှ နိုင်ငံရေးပေါက်ကွဲမှု သို့ ဦးတည် သွားမည် ကို စိုးရိမ် လာ ခြင်း။

၂။ ပြည်သူတို့နှင့် စစ်အုပ်စု ကြား တွင် စီးပွားရေးအရ၊ နိုင်ငံရေးအရ ၊ လူမှုရေးအရ ထိပ်တိုက် တိုးမှုများ သည် ထက်များလာခြင်း။

၃။ အရှေ့တောင် အာရှနိုင်ငံများ အပါအဝင် အရှေ့အာရှနိုင်ငံ များ အတွင်း စီးပွားရေးကပ်ဂယက် က စစ်အုပ်စု အား ခြိမ်းခြောက်လာခြင်း။

၄။ လက်ရှိ လိုပ်ခဲ့တည်း လည်း သောင်မတင် ရေမကျ အခြေအနေ သည် ပြည်သူများ အတွက် သာမက သူတို့ အတွက်ပါ အကျိုးမရှိဘဲ၊ အ ကျိုး ယုတ်စေသည် ဟု မြင်လာခြင်း။

၅။ တချိန်တည်းမှာပင် စစ်အုပ်စု အနေဖြင့် အပြောင်းအလဲ လည်း လုပ်ချင်၊ ၎င်းတို့ အောက်ခြေ လွတ်မည်ကိုလည်း စိုးရိမ်နေသည့် အနေအထား အောက်တွင် သဏ္ဍာန်အရ အပြောင်းအလဲလည်း လုပ်သင့်သလောက်လုပ် ၎င်းတို့လည်း အောက်ခြေမလွတ်စေရဆိုသည့် ရည်ရွယ်ချက်အရ တစ်စုံတရာ အပြောင်းအလဲများ စတင်ရန် စဉ်းစားလာရခြင်း။

၆။ ပြည်ပဖိအား တစုံတရာပိုမြင့် လာခြင်း ... စသည်တို့ ဖြစ်၏။

## ဖြေရှင်းပုံဖြေရှင်းနည်း

ဦးဖိုးနေဝင်း အုပ်စီးထားသည့် စစ်အုပ်စု သည် ပြဿနာ ကြီးကြီး မားမား ပေါ်သည့် အခါတိုင်း စစ် အာဏာ တည်မြဲရေး အတွက် ပ လိုင်းထဲမှ ဖားကို ထုတ်ရိုက် ပြီး မျက်လှည့်ပြ စမြဲ ဖြစ်၏။ ရှေ့ သို့ တိုးထွက်လာသည့် ဗိုလ်မှူး၊ ဗိုလ် ချုပ်တချို့ ကို ပုဒ်မ တပ်ကာ တ ရားခံ ရှာပြ တတ်၏။ နောက် တံ မြက်စည်းဟောင်းများ အစား တံ မြက်စည်း သစ်ကလေးများ နှင့် လဲ ကျင်းသမှု ပြုပြန်၏။ တံမြက်စည်း သစ် ဆိုသည်မှာ အဟောင်းလို မှာ လံ မကြဲ လွှဲ၍ ကောင်းတတ်သည် မဟုတ်ပါလား !

၁၉၈၈ ခု ဖဆပလ အကျဲ ရွေးကောက်ပွဲ တွင် ဦးဗဆွေ၊ ဦး ကျော်ငြိမ်း တို့ ရှုံးသွား သည် နှင့် ဆွေ/ငြိမ်း အတွက် အိတ်သွန် ဖာ မှောက် လုပ်ကိုင်ပေးခဲ့သော ဆို ရှယ်လစ် တပ်မှူး များ ကို တပ် မှ ထုတ်ပြခဲ့ သည့်. ဖြစ်ရပ်။

၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက် အရေးအခင်းတွင် မိမိကိုယ်မိမိ ဖာ သာ တာဝန်မယူဘဲ ဗိုလ်အောင် ကြီးအား လက်ညှိုးထိုးကာ တရား ခံ လုပ်ခဲ့သည့် ဖြစ်ရပ်၊

အလားတူ ဗိုလ်စောမြင့်၊ ဝန် ကြီးချုပ် ဗိုလ်စိန်ဝင်း၊ ဗိုလ်စိန်မြ၊ ဗိုလ်မောင်ရွှေ၊ ဗိုလ်တွန်းလင်း၊ ဗိုလ် သန်းစိန်၊ ဗိုလ်ကျော်ဇော၊ သူရ ဗိုလ် တင်ဦး တို့လည်း စွပ်စွဲချက် အမျိုး မျိုး ဖြင့် အရေးယူ ခံကြရသည်။ အ ကြောင်း အမျိုးမျိုး နှင့် ထုတ်ပယ် ခံရသော စစ်ဗိုလ်များ မည်မျှ များ သနည်း ဆိုသော် ရှစ်လေးလုံးအရေး အခင်း တွင် မျိုးချစ်ရဲဘော်ဟောင်း များ အမည် နှင့် ဝင်ရောက်လှုပ်ရှား လာသည့် စာရင်းကို ကြည့်၍ သိ နိုင်ပါသည်။

ဤဖြစ်စဉ် များကား ဆန်း လှသည်တော့ မဟုတ်၊ ကမ္ဘာတွင် စစ်ကာလ အာဏာသိမ်းသည့် နိုင် ငံတိုင်းတွင် ဖြတ်သန်းသူမြဲတတ်၊ သတ် တန် တာ သတ်၊ ထောင် ထဲ ချွဲသွင်း ဖို့လိုက သွင်း လုပ်ကြ သည် ချည်းပင်။ ဤအထဲ တွင် အင်ဒိုနီးရှားမှ ဆူဟာတို့၊ မြန် မာ ပြည် မှ ဗိုလ်နေဝင်း တို့သည် သက် တမ်း အရှည်ဆုံး တောင့်အခံနိုင်ဆုံး ပုဂ္ဂိုလ်များ ဟု ဆိုနိုင်ပါသည်။ သို့ သော် ယခု ဆူဟာတို့ ဆင်းပေးလိုက် ရလေပြီ။ တချိန်က “အဖေကြီးသူဟာ တို့” အခေါ်ခံခဲ့ရ ရာမှ ယ နေ့ ဆူဟာတို့ သည် ရှောနေတွေ တလွှဲ ကြီးဒွားရမ်း ထား ရပြီး ဆင့်ကဲဆင့် ကဲ ပေါ်လာနေသော စွဲချက်များကို ရင်ဆိုင်ဖို့ ခေါင်းကုတ်နေရ ရှာ ပေ ပြီ။ တပ်ထဲတွင် “အဖိုးကြီး” တ ချို့ က “ အဖေ ” ဟုပင် အခေါ်ခံ ရ သော မြန်မာပြည်မှ ဦးနေဝင်း သည် ဆူဟာတို့ ထက် ပို၍လည်သည် ။ အကွက် မြင်သည် ဟု ဆိုရ မည် လား၊ မသိ။ ယနေ့ အထိ သူ၏မိုက် ဖော် ဆိုးဘက် များကို လက်ညှိုး ညွှန် နေနိုင်သေး သည် ဟု ဆိုသည်။

ဦးနေဝင်း အကြောင်း ပြော ကြလျှင် – သူ့ အမိုက် အရှေ့ အတွက် ခြေလှမ်း ပြင်သူ၊ ၂ ခုံ ချင်း ယှဉ် လာသူ၊ အားခံသူ၊ တစုံတရာသူ ပြ ဇာနယ်နိမိတ် စည်းကြောင်း ကို တိုးဖောက်လာသူ ဟု အဝင် ခံ ရသူ မှန်သမျှကို ဖယ်ရှားပစ် သူ ဟု နံမည် ကြီးခဲ့သည်။ အညွှန့် မ ရွေး ဖယ်ရှားနိုင်ရန် ထိုသူများ ၏ ပုဂ္ဂိုလ်ရေး မှတ်တမ်း များ ကို ထောက်လှမ်းရေး မှ အချက်အလက် စုံစွာ စုဆောင်းပေး ထားရသည်။ သို့ ဖြင့် ထောက်လှမ်းရေး၏ ဩဇာကြီး ခဲ့ ရသည်။ သို့သော် မှတ်တမ်း ပြုစုပေး သူ ထောက်လှမ်းရေး အကြီးအကဲများ လည်း မကြာခဏ အဖယ်ရှား ခံရပြန် သည်။ ဤနည်း နှင့် မြန်မာနိုင်ငံရေး စစ် တုရင်ခုံ တွင် တယောက်တည်း ထိုင်၍ ကစားသူ ဖြစ်သည်။

၁၀တ ဆော်တခုလုံးတွင် အာ ဏာ အရှိဆုံး အခြယ်လှယ် နိုင်ဆုံး လုပ်နေနိုင်သူမှာ ထုံးစံအား တိုင်း ထောက်လှမ်းရေး ဌာနကိုင် ရသူ ဗိုလ်ခင်ညွန့် ဟု စာများက ယူ ဆ ထား ကြသည်။ သူ ထည် ဦးနေ ဝင်း ၏ လက်ရုံး ဖြစ်သော်လည်း ပြည် တွင်း စစ်ကာလ နှင့်ကိုက်ညီ သော တိုက်ရည် ခိုက်ရည် ရှိသူမ ဟုတ်။ စစ်ဝါရင့် သူလည်း မဟုတ်ခဲ့ ပါ။ အရှင်မွေး နေ့ချင်းကြီး ဖြစ်လာသူ မို့ ကျန်ဗိုလ်ချုပ်၊ ဒုဗိုလ်ချုပ်ကြီး များက ငြိမ်ခံ နေကြရသော်လည်း ပခုံး ချင်း ယှဉ်နိုင်သူက များလွန်း ၍ အာဏာလု ဂိုဏ်းတိုက်ပွဲများ ပုံသဏ္ဌာန် မျိုးစုံ ဖြင့် ပေါ်ပေါက်ခဲ့ သည်။ တပ်လိုင်း နှင့် ထောက် လှမ်း ရေး လိုင်း ၏ အာဏာလုပွဲ ဟု နံ မည် တပ် ကြသည်။ တိုင်းမှူး များ ကို အရှုလူကြ၏။ တပ်မမှူး များ မွေး ကြ၏။ ဤသည်ကို ဗိုလ်ခင် ညွန့် တို့က တိုင်းမှူး၊ တပ်မမှူး များအား ဝန်ကြီး ရာထူးပေး ပြီး ပထမ အကြိမ် တောပြောင်း သော နည်း ဖြင့် အောက်ခြေလွတ် အောင် လုပ်လိုက်ကြ သည်။ စားလမ်း စား ကွက်များ ဖွင့်ပေး ထားလိုက် သည်။ အပြောင်းခံရသူများကလည်း စား ပေါက်ချောင်သည်က တကြောင်း ပြောင် အတိုက်အခံ မလုပ်ရဲသည် က တကြောင်း တို့ကြောင့် မှိန်း၍နေ ကြရသည်။ သူတို့နေရာတွင် ဗိုလ် ခင်ညွန့်က တတ်နိုင်သမျှ သူ့ လူ

များ အထေးထိုး ဖြည့်သော်လည်း စစ်ဘက် ၏ အုပ်ချုပ်ပုံ အရ တပ်ကြိုင်းမှ ဗိုလ်ချုပ်ကြီးများ၏ ဩဇာကို ပျောက်အောင်မလုပ်နိုင်ဘဲ ရှိခဲ့သည်။ ဂိုဏ်းတိုက်ပွဲ သည် ပျောက်သည်မရှိဘဲ ပို၍ပြင်းထန်လာသည့်သဘော ဆောင်ခဲ့သည်။ လွှတ်ကြမှ သတင်းများ အဆက်မပြတ် ထွက်လာခဲ့သည်။ စစ်အုပ်စု အတွင်း ဂိုဏ်းကွဲဖြစ်တည်မှုများ ထွေပြား၏။ လှို့ဝှက်၏။ အဓိပ္ပါယ် ကြည့်၍ မလွဲနိုင်သောကောက်ချက်များ ဆွဲယူကြည့်ရသည်က များ၏။

တဘက်တွင် နိုင်ငံအရှေ့ ပြည်သူများ အနေနှင့် မွဲပြာကျပြီး နေ့ ကျွေး ကြရ၏။ ဘက်စုံသိက္ခာ ကျ နေရ၏။ ကျန်တဘက် တွင် စစ်အုပ်စု နှင့် ၎င်းတို့၏ ကျေးဇူး ခံ၊ ကျေးဇူးစားများသည် အသ ခေါက် ကြွယ်ဝချမ်းသာလာ ကြသည်။ စီးပွားရေး၊ လူမှုရေး အပုပ် များ လှိုင်လှိုင် ထွက်လာသည်။ ကျက် အနိုင် အဝါများ မြင့်တက်လာကြသည်။ မတူညီသော အခွင့် အရေး၊ မတူညီသော လူမှုအချက် အလက်များ က ပြည်သူနှင့် စစ်အုပ်စု ကြားတွင် မပြေငြိမ်းနိုင် သော လူမှု ပဋိပက္ခ များ ဖြစ်ပေါ်စေ ပါတော့သည်။ ယင်း အချက် သည် ဒုတိယ ဖျက်ဖို့ အခြေခံ အကြောင်း တချက် ဖြစ်ခဲ့သည်။ စစ်အုပ် စု အနေ နှင့် ချွေးသိပ်ဖို့မရ ၊ လမ်းကြောင်း ပြောင်းဖို့ လိုသည်၊ တရားခံ ရှာဖို့လိုသည်။

သို့ဖြင့် ဒု ဗိုလ်ချုပ်ကြီး (၂)ဦး နှင့် ဝန်ကြီး (၁၂)ဦး၊ စုစုပေါင်း ဒုဗိုလ်ချုပ်ကြီး (၁၃)ဦး နှင့် ဗိုလ်ချုပ် တဦး တို့ကို (နအဖ) အကြံပေးအဖွဲ့ ဟူ၍ ဖွဲ့စည်းပေးလိုက်ကာ အာဏာ အဝန်းအဝိုင်း ၏ ဘေးသို့ ဖယ်ရှား ပစ်လိုက်သည်။ အကြံဉာဏ် မရှိ သူ တချို့ ချန်ထား၏။ ထွက်ပေး ရသော ဝန်ကြီးများ နေရာတွင် ဝါရင့်သော စစ်ဗိုလ်များ နှင့် အစား ထိုး ခန့်အပ်လိုက်သည်။ သို့သော် ယာယီ ဟု ဆိုသည်။ လစ်လပ်သွားသော စစ်တိုင်းမှူးများ၊ တပ်မမှူးများနေရာတွင် စိတ်ချရသော သူများဖြင့် အဆင့်ဆင့် ရာထူးများ တိုး ပေး လိုက်၏။

စဉ်းစားစရာမှာ စည်းရုံးရေး အရ ဘယ်သူက ဘယ်သူ့ကို မြှောက်သလဲ?၊ မြှောက်သူ-ခန့်သူ နေရာတွင် ဗိုလ်သန်းရွှေ နှင့် ဗိုလ်ခင်ညွန့် တို့ လက်မှတ် ထိုးထား ကြပါ၏။ ဤသည်မှာ အပေါ်ယံ မြင်ကွင်းသာဖြစ်၍ ကန့်လန့် ကာ နောက် ကွယ်မှ လက်ရာရှင် ကို မူ - "ဦးနေဝင်း" ဟု ကမ္ဘာ့ သတင်းလောက မှ ဖော်ပြနေကြ၏။ ဤသတင်း ကို ဗိုလ်အောင်ကြီး က အတည်ပြု ပေးထားသည် လည်း ရှိ၏။

မည်သို့ပင် ရှိစေ ယခု အာကြိမ် သည် ပထမ အကြိမ် ထက် ပွဲပို ကြမ်း သည် မှာ ထင်ရှား၏။ အာမြှုတ် ခံရသူ အချို့ အကျဉ်းချ ခံကြရ၏။ ဖြို၊ မြေ၊ တိုက်တာ နှင့် အခြား ကိုယ်ပိုင် ပစ္စည်း ဥစ္စာများ အသိမ်း ခံရသည် ဆို၏။ တရား တ ဘောင် ဖြစ် မဖြစ် မသေချာသော် လည်း သူတို့၏ အမှုကို တိုင်းသိ ပြည်သိ မ ဖြစ်အောင် လုပ်မည်ကားသေချာ၏။ သူတို့၏ လက်ရင်းလူများလည်း အလားတူ ခံကြရ၏။ တပ်ရင်း မှူး အတော်များများ အဖြုတ်ခံရ၏။ သို့သော် နောက်ဆုံး စာရင်းရှင်း ပွဲ ကား ဟုတ်သေး ဟန် မတူ။ တောက်လျှမ်းရေး မှာ မူ ပြဿနာ ဆဲ ဖြစ်နေ၏။ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ပွဲ ထက် များ လာ၏။

**ဆိုင်းဘုတ် အသစ် တင်လိုက်၍ အခြေ အနေ မည်သို့ပြောင်း လဲသွားပါသနည်း**

အနှစ်သာရ ပြောင်း လဲ မပြောင်းလဲကို ပြည်သူတို့၏ စီးပွားရေး ဘဝ၊ လူမှုရေး ဘဝ များ နှင့် ပင် ယှဉ်ထိုး ကြည့်ရပေလိမ့်မည်။

# စီးပွားရေး

·ပဝဝမဆုံး ကြုံတွေ့ လိုက်ရသည်မှာ လယ်သမားများ အနေနှင့် စပါးများကို ပွဲသကျွန် (၃)ချိုးနှင့် ကြိုက်သလို ရောင်းဝယ် နိုင်ကြောင်း ကြေညာချက် ထွက်လာ၏။ တောင်သူလယ်သမားများဝမ်းသာရမလို ဖြစ်ခဲ့၏။

·ကျပ်ငွေဖောင်းပွမှု ကာကွယ်ရန်နှင့် သယံဇာတများ အလောသိကံ မဖြစ်ရန် ဆိုပြီး နယ်စပ်ဒေသ ရောင်းဝယ်ရေး လမ်းကြောင်းများ ပိတ်၍ ကြပ်မတ်လိုက်ကြသည်။ ကျပ်ငွေ တန်ဖိုး အတော် အသင့် တက်လာ၏။ သစ်တောထွက် ပစ္စည်းများလည်း နိုင်ငံခြား မထွက်နိုင်ဘဲ တန့်သွားပါ၏။

·ဒေါ်လာဈေး ချရန် ဆိုပြီး နိုင်ငံခြားငွေ အရောင်းအဝယ် လုပ်နေသူများကို ဖမ်းဆီး စစ်ဆေးခြင်း လုပ်လိုက်၏။ နိုင်ငံခြားကုမ္ပဏီများ တလ လျှင် ဒေါ်လာ မည်မျှသာ ပို့နိုင်သည် ဟု သတ်မှတ်၏။ ပုဂ္ဂလိက ဘဏ်များ ကိုလည်း နိုင်ငံခြားငွေ လဲလှယ်ခွင့် ပိတ်လိုက်၏။ တဒေါ်လာ တန်ဖိုးသည် (၂၇၀)ကျပ်အထိ ဖြစ်သွား၏။

·လျှပ်စစ် စွမ်းအားဝန်ကြီး ဌာန ဦးဝင်းကြီး ဆိုသူက လျှပ်စစ် ဓာတ်အား မလုံလောက်မှုတွင် တပ်တွေမှ မဖွယ်မရာ လုပ်မှုများ ရှိသည်။ အရေးယူမည် ဟု ဟိန်းဟောက် ပြလိုက်သည်။ မြို့သူမြို့သားများက ယခုပင် ထွန်းထားသော ဖယောင်းတိုင် မှုတ်ငြိမ်းပစ် လိုက်ရမလို အားတက်သွားခဲ့ကြ၏။

·သို့သော် မကြာလိုက် ပါ၊ လ ပိုင်းလောက် အတွင်း မှာ ပင် တာဝန်ကျေစပါး၊ ခွဲ တမ်း ချ ကောက်ခံ စပါး၊ သတ်မှတ်ဈေး ချိန်း၊ စစ်တပ် ပိုင်လယ်များ အတွက် လူ/နွား လုပ်အားပေး သတင်းများ ပြန့်ထွက်လာ၏။ ဝန်ထမ်းများ အတွက် ဟုဆို ကာ မြေတွေ ဧကပေါင်းများစွာ သိမ်း နေ၏။

·လ အနည်းငယ်အတွင်း မှာပင် ဒေါ်လာဈေး ပြန်လည် မြင့်တက်လာ၏။ ဇွန်လ လယ် တွင် မူလဈေး(၃၇၅)ကျပ်သို့ ပြန်ရောက်လာ၏။ မကြာမီ(၄၀၀)သို့ ကျော်နိုင်သည် ဟု ကုန်သည် ပွဲစား၊ လုပ်ငန်းရှင် များက ပြောကြသည်။

·နယ်စပ်ဒေသတွင်မူ ကုန်သည်များ၊ ဈေးသည်ကလေးများ၊ သယ်ယူပို့ဆောင်ရေးသမားများ၊ လက်လုပ်လက်စားများ ဒုက္ခ အတော်ရောက် လိုက်ကြသည်။ သို့သော် သူတို့လည်း မကြာလိုက်ပါ။ နည်းသတ္တန် မျိုးစုံ ဖြင့် အလုပ်ဖြစ်လာကြသည်။ တုထည်ကြီးကြီး လုပ်သူ တဦးက "မခက်ပါ ဘူးဗျာ၊ စစ်တပ် နံမည် ခိုတ် နိုင်ဖို့ ကြိုးစား ** ရပြီဆိုရင် သွင်းမလား?၊ ထုတ် မလား? အကုန် အဆင်ပြော ပါ တယ် - ဗျ"*** ဟု ပြောဆိုသည်။ သို့သော် နံမည်ခိုတ်ခ နှင့် မျက်စိ မှိတ်ခ နှုန်းထားကတော့ အသမတန် မြင့်လာပါသည် ဟူ၍ တော့ ဝန်ခံသွားပါသည်။

+ ရှင်းသွားသည်မှာ ကိုယ်ကျိုးသာကြည့်၍ ပြည်သူအတွက် ဘာမှ ထည့်မစဉ်းစားခြင်းပင်။

+ သယံဇာတ ပစ္စည်း များ၊ ဝင်ကုန် ထွက်ကုန် များ ကိစ္စတွင် ပြည်သူများ လုပ်ပိုင်ခွင့် မရှိ၊ စစ်တပ်သာ လုပ်ပိုင်ခွင့် ရှိသည် ဆိုသော အချက်။

+ သွင်းကုန်များ ပိတ် ထား လျှင် နိုင်ငံခြားငွေ ကုန်ရော မရှိ ဟူသော ခံယူသည့် အတွေး xxx ကျော်သို့ ဆို လျှင် လယ်ယာ ထွက်ကုန် မှလွဲပြီး၊ လူသုံး ကုန် ပစ္စည်း ဖြစ် ဖြစ် မြောက်မြောက် ဘာမှမ ထွက်သော နိုင်ငံတနိုင်ငံ တွင် ပြည်သူ များ ဘာကိုသုံးစွဲ ကြမည်နည်း။ ယခု "မဆလခေတ်" အတိုင်း ပြန်စနေပြီ။

+ နိုင်ငံခြား ကုမ္ပဏီ များ တလ တွင် ဒေါ်လာ မည်မျှသာ နိုင်ငံခြား သို့ ပို့နိုင်သည် ဆိုသောကန့် သတ် ချက် — နိုင်ငံခြားငွေ အကြောင်း အ

ပင် ချစ်သူ များ ကို ဖမ်း ၊ လှုပ်ရုံ နှင့် ပေါ်လာသော ကျနိုင်သည်ဆိုလျှင် ... တပေါ်လာ အတွက် စက် တိုင် ဝင် တက်ခဲ့သော ခေတ်တွင် နေမ ... သောစဉ်း လူ များက သူတို့အ ... ယူကြမည် ဖြစ်၏။ နိုင်ငံခြား ကျွမ်းကျင် များလည်း ကျွန်အ ...ကြောင်း ရေရှည်ရင်းနှီးမြှုပ် နှံ ...ပေးမည်။

ကျွန် သည် များမှာ တပွဲတိုး လုပ်ဆောင်ချက် သကာခံခြေလှမ်း များသာ ဖြစ်၏။

ပြည်သူ များ၏ စီးပွားရေး သာ ...ဝါးလှ သည် မဟုတ်၊ စစ် အစိုးရ ... သို့မဟုတ် နိုင်ငံ တော် ၏ စီးပွားရေး အခြေအနေ မှာ လည်း ယခင်ကထက် ဆိုးလာ၏။ အစိုးက နိုင်ငံခြားငွေ ရှာပေးခဲ့သော ...ပေါ်ကို (နအဖ)လက် ထက် တွင် ထုတ် ၍မရောင်းနိုင်ဘဲ ဖြစ် ခဲ့ရသည်။ ပေါ်ထွက်ရာ အဆိုက အလုပ်များ ရေရှည်မ်းပျက်စီးခဲ့သည်၊ ပြည်တွင်း စားသုံးဖို့ ဦးစားပေး ကာ နိုင်ငံခြားသို့ မရောင်းတော့ပါ ဟု အသံကောင်း လွှင့် ခဲ့သည်။

၎င်း အပြင် စာရင်းဇယား များ အရ နိုင်ငံခြား မှ ရင်းနှီးမြှုပ်နှံ မှုများ (နအဖ) လက်ထက် တွင် ကျဆင်း သွားခြင်း ဖြစ်သည်။ မြန် မာ...သို့ သွားနှစ် သတ်မှတ် ၍ တ ခါ ပေါက် ဖွင့်ထား ပြီး စ အချိန် တွင် ဟိုတယ်နှင့် ခရီး သွား လာရေး ဝန် ကြီး၊လည်း အဖမ်းခံရ၊ စီးပွားပျက်ကပ် အကြောင့် အာရှနိုင်ငံများမှ ခရီး သွားလာ သူနည်း ၊ အမေရိကန် နှင့် ဥရောပ နိုင်ငံ များ ကလည်း ဝေး ဝေး မှ ရှောင်နေ ကြသော ကြောင့် (နအဖ) လက်ထက်တွင် ခရီးသွား ဧည့်သည် အလွန်နည်းသွား၏။ ငွေ ကုန် ကြေး ကျခံကာ တည်ဆောက် ထားသော ဟိုတယ်ကြီးများသည် (၅)ရာခိုင်နှုန်း သန့်သာ အလုပ် ဖြစ် သည် ဟု ညည်း ကြသည်။ ပေါ်လာ ကို မျှော်မှန်း၍ အာဆီယံနိုင်ငံ များ မှ ငွေ၊ အတတ်ပညာအရင်း အနှီး မိမိ တို့ဘက်မှ လူအရင်းအနှီးဖြင့် စောင့် ကြိုနေ သော်လည်း တည်း မည့် သူ မလာ ဖြစ်ခဲ့၏။ အ ကျိုး ဆက်မှာ အစိုးရတွင် နိုင်ငံခြား ငွေ ပြတ်သွား ခြင်း ဖြစ်၏။ လိုအပ်သော အထွေထွေ ပစ္စည်း များ မဝယ် နိုင် ဖြစ်ခဲ့ ရ၏။ ကုန်စျေးနှုန်း များ ထိုး တက်ကုန်ကြပါ တော့ သည်။

## လူမှုရေး

ကျန်းမာရေး ဝန်ကြီး အ သစ်က ၊ ဝန်ကြီး ဟောင်း ခြေရာအ တိုင်း ဆေးရုံတွေ လှည့်စစ်၊ နိုင်ငံတ ကာ အစိုး ရများ ၊ အဖွဲ့ အစည်းများ က လှူဒါန်းသော ရောဂါ ရှာ ဖွေ ရေး စက်၊ ကုသရေး စက် ၊ ဆေးဝါး နှင့် ငေါ်လာ များ လှူဒါန်း သည် ကို လက်ခံ၊ ကျေးဇူး တင် စကား ပြော၊ ပြည်တွင်း မှ လှူသော အဆောက်အ အုံ၊ ပရိဘောဂ၊ ဆေး ဝါး ၊ ငွေကြေး များ အတွက် ပွဲဆက် ၍ ကျေး ဇူး တင် စကား ပြော— ပြည်သူ များ မှာတော့ ရောဂါ မျိုးစုံ နှင့်သေ ကြ ရဆဲ။

အားကစား ဝန်ကြီးက လေ့ ကျင့်ရေး ကွင်း ဆင်း နေကြသော ၊ အားက စား သမား များ အား သွား ရောက် ကြည့်ရှု စစ်ဆေး၊ နှုတ် ဖြင့် အားပေး ၊ ထူး ခြားသော ပြည်ပပြိုင် ပွဲများ၌ ရှုံးလျှင် လေ့သစ်လိုက်၍ နုတ် ဆက်၊ အပြန်ခရီး တွင် ကြိုဆို၊ ပြ ည် တွင်း ပြည်ပ မှ လှူသော၊ အညီ အ လှူခံ ၍ ပေး လှူသော အားက စား ပစ္စည်း ၊ ဘောလုံး အားကစား ဝတ် စုံ ... စသည်တို့ အတွက်ကျေး ဇူး တင် စကား ပြော ရသည်။

သို့သော် မြန်မာ အားကစား သည် ကမ္ဘာကို လွှမ်း နိုင်ဖို့ဝေး၊ အ ရှေ့တောင် အာရှ နိုင်ငံ များ က ပင် ထိပ်ပုတ်၊ ခေါင်းပုတ်ခံ ရ ဆဲ။

ပညာရေး ဝန်ကြီးတက် ဖြင့် သော ပညာရေးကော်မတီ ဥက္ကဋ္ဌ က ခေတ်မီ ဖွံ့ဖြိုး တိုး တက်သော နိုင် ငံ တော်သစ်ကြီး တူထောင် နိုင်ရန် ဆ ရာ ဆရာမ များက ကျောင်း သား များကို ထိန်းပေး ဖို့ ဆရာလုပ် ၏။ စီးပွားရေး ၊ နိုင်ငံရေး ၊ နိုင်ငံခြား ရေး ကိစ္စ ရပ် များ တွင် အားရစရာကောင်း သော အောင်မြင်မှု များ ရရှိနေကြောင်း မိန့်ကြား ၏။ တင်းပြည့် အာဆီယံ

အသင်းဝင်လည်း ဖြစ်လာပြီ ဖြစ်ကြောင်း ဝံ့ကြွား၏။

သို့သော် အာဆီယံ နိုင်ငံများက မကြုံစဖူး စီးပွားပျက်ကပ်နှင့် ရင်ဆိုင်နေရပါပြီ ဟု အော်ဟစ်ကာ ကူညီမစ မည့်သူများကို လက်ဖြန့်ခံ နေရ၏။

တက္ကသိုလ် ကျောင်းများ ကို မူပိတ်ထားရဆဲ ** ကျောင်းသား၊ ကျောင်းသူများ က ထမင်းထုပ် နှင့် လမ်းပြင်၊ လေယာဉ်ကွင်း ဆောက် လိုက်နေရ၏။

## မူးယစ်ဆေးဝါး

ပြည်သူသည် မြန်မာပြည်ပြည်သူ သာမက ကမ္ဘာ့ပြည်သူ ပါ ဖြစ်နေသည်မှာ ကြာပေပြီ၊ စစ်အစိုးရတက်ခါစက မြန်မာပြည် အရှေ့မြောက် ရွှေတြိဂံ ဒေသ၌ ဘိန်းလှုပ်ရှားမှု ကြီး၏။ (နဝတ၊ နအဖ) ခေတ် တွင်မူ တိုင်းပြည်တစ်ခု လုံး အနေနှင့် ခံမည် ကြီး၏။ မြန်မာပြည် အရှေ့မြောက်ပိုင်း သာမက အနောက် ပိုင်း အမြစ်းမှာပင် စိုက် ပျိုး ထုတ်လုပ် လျက် ရှိပြီ ဖြစ်သည်။ မြန်မာပြည်တောင်ဘက်မြစ်သည် ပင်လယ်ဖြစ်နေသည်မှာ ကံ ကောင်း၏။

ထူးခြားသည်မှာ စစ်တပ်၏ ပါဝင်မှု အပိုင်း မြင့်တက်လာပုံ ဖြစ်၏။ ယခင်က အခွန်အကောက် ယူသူ၊ ကျေးဇူးခံ ကျေးစား အဖြစ် အကူအညီပေးသူ၊ လုံခြုံရေး ယူပေးသူ၊ ခေါက်မှုတွဲ ထုတ်လုပ် သူ၊ ယခု စိုက်ပျိုးသူ အဖြစ်သို့ပင်ပြောင်း ပြောင်းတင်းတင်း လုပ်လာခဲ့ပြီ။ ပို၍ ဆိုးသည်မှာ သူတို့ပိုင်အခင်း အတွက် သူတို့ကိုယ်တိုင် စိုက် ပျိုး သည် မဟုတ်၊ အရပ်သားများ ကို ခေါ် ခိုင်းခြင်း ဖြစ်သည်။

ကြောက်စရာကောင်းသည်မှာ ဘိန်းဖြူ အရင်း အနှီးသည် (နဝတ) ခေတ်မှ စ၍ တရားဝင် ပြည်တွင်း စီးပွားရေး၊ လူမှုရေး ဘဝ များ ကို ချုပ်ကိုင်ထားလိုက် ပေပြီ၊ ဘိန်းဘုရင်များသည် သူ တို့ကို အသက် သက် ပေးသူ များ ဖြစ်၍ တနည်းအားဖြင့် ကျေးဇူး ရှင်များပင် ဖြစ်နေကြ၏။ (နအဖ) ခေတ် အရောက် တွင်မူ "ခွန် ဆာ သည် သူတို့အောင်ပွဲ အတွက်ရ ရှိထားသော ဖလားဖြစ်သည်" ဟု မရှက်မကြောက် ပြောရဲသူပင် ပေါ်လာသည်။

သို့သော် (HIV) ပိုး ကူး စက်ခံရသူ နှင့် (AIDS) ရောဂါ သည် တိုးပွားနှုန်းသည် အာရှ တွင် အမြင့်ဆုံး အခြင့်သို့ ရောက် နေပြီ ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်နှင့် နိုင်ငံတကာခေါင်းဆောင် များ၏ ထောက်ပြချက်ကို ယင်း ပုဂ္ဂိုလ် မည်သို့ ခုခံချေပ မည်ကို မတွေး တတ် နိုင်ဖြစ်ရ ပါသည်။ တဘက်တွင်မူ (နအဖ) ခေါင်း ဆောင်များက မူးယစ်ဆေး ဝါး ပြဿနာတွင် နိုင်ငံတကာမှ မူး ပေါင်းကူညီမှု မရှိ ဟုပြောကာ ကူညီမည့် ငွေကို ငံ့လင့် လျက် ရှိနေကြပေသည်။

## ဘာသာရေး

စစ်ခေါင်းဆောင်များ အခမ်းအနား မလုပ်သည့်ရက် ဟူ၍ မရှိလောက်အောင် မြန်မာပြည်တွင် ကြေးစည်သံ ခေါင်းလောင်းသံ ဝေနေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ၊ ဘုရားပုထိုး စေတီ အဖူးမြစ်ချပွဲ - ထီးတင်ပွဲ ရွှေသင်္ကန်းကပ်လှူပွဲများ အဆက် မပြတ် တွေ့နေရသည်။ နိုင်ငံတော် ခေါင်းဆောင်ကြီးများ သာသနာ့ အခမ်းအနားသို့ အလဲ့ကျ၊ တခါတရံ တမြုံတမ ကြီး တက် ကြသည်။ အလှူခံကြသည်။ လက်ခံသူက ဧရာကူးကြီးလေ အလှူငွေ ဂဏန်းကြီးရလေ ဖြစ်၏။ ဂဏန်း (၅) လုံးမှ (၇) လုံး (၈) လုံး အထိ တွေ့ရသည်။ ကျုံ ခေတ်တွင် ကျုံမှု လှူနိုင်တန်းနိုင်သော ပုဂ္ဂိုလ်များ၊ သူဌေး သူကြွယ်ကြီးများကို ကြည့်၍ ပြည်သူများ က မုဒိတာပွားကြ သည်။

သို့သော် ထူးခြား သည်မှာ စစ်အုပ်စု က သာသနာ့ဒါယကာ

ကွဲ ခဲ့နိုင်ဖို့ ကြိုးစားပြလေ ဘုရားသားတော် ရဟန်းသံဃာများ က ကျုံးဝိုင်းချုပ်ကြီးများကို ဆန့်ကျင်သောကိစ္စဖြစ်၏။ ပုတီးတဘက်၊ ဂျီသေနတ် တဘက် ဖို့လားမပြောတတ်။

## နိုင်ငံရေး

စစ်အုပ်စု အနေနှင့် ဒီ အတိုင်းသာ ရမလား? ဆက်လုပ်ရမလား? ဘီတူ ညတူ ဖြစ်နေ သော ကိစ္စကြီး များရှိနေရာ ၎င်းတို့ အထဲမှ အထင်ရှားဆုံး နှစ်ခုမှာ တက္ကသိုလ်ကျောင်းများ ဖွင့်-မဖွင့် နှင့် အချုပ်သား ညီလာခံ လက်စ သတ်ရေးသတ် ကိစ္စတို့ ဖြစ်သည်။ နောက်ဆက်တွဲ ပြဿနာ များကို တွေ့မှု နေဟန် ရှိသည်။ မျှော်သွေး စမ်းလိုက်၊ သွေးပူလေ့ကျင့်ခန်း လုပ်လိုက် ဖြစ်နေကြ သည်။ သို့ သော် ကြိုးမိန့်ကျ ပြီးသား အမှုလို ဖြစ်နေ၍ တနေ့ မတွေ့ တနေ့ တွေ့ရမည်။ သိတားကော တခါတရံ ရဲဘော်တင် စကားများပြောတတ်ကြ၏။

အခြားခံ့မည့်ပျက်နေသော ကိစ္စတရပ် ရှိသေး၏။ ထောင်ချီ ရှိသော နိုင်ငံရေး အကျဉ်းသားများ ကို လွှတ်မပေး - ဖိုရမ်ဆိုးသည်မှာ ထောင်ကျ နှစ်စေ့ နိုင်ငံရေး သမားများ ကို အကြောင်းပြချက် မရှိဘဲ ဆက် ချုပ်ထားခြင်း ဖြစ်၏။ ဗိုလ်ချောင်ကြီး က ကွန်မြူနစ်များကို "ကျွတ်" တွေ့ဆုံ ခိုင်းနိုင်းပြီး ပြောကာ (နအဖ) ကို အချက်ပေး လိုက်သည်။ (နအဖ) ကမူ သူဝိုဒီဗိတ် မချသူ များကို အစုလိုက် ဖမ်းဆီးနေ၏။ နိုင်ငံရေး အကျဉ်းသား များ များသည်ထက် များလာနေ၏။ ထောင်တွေ ပြောင်းကာ ချုပ်နှောင် ထား နေ၏။

## နိုင်ငံခြားရေး

.အာဆီယံ ဝင်ခွင့်ရ လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး - ကိစ္စ များ ပြေလည်သွားတော့ မယောင် လေလုံးထွားခဲ့ကြ သည်။ အာဆီယံ တင်းပြည့် ဖြစ်လာသော အခါ အကြီးဆုံးသော နိုင်ငံခြားရေး အောင်ပွဲ ဟု ဝင့်ကြွားကြ သည်။ ဆက်သည်မှာ စစ်အုပ်စု အနေနှင့် ပြုမိသော ဝဋ်ကြွေးများကြောင့် ကျိန်စာများ သင့်နေသလားမသိ၊ သူတို့ဝင် ခွင့် ရသည် နှင့် မရွေးမနှောင်း၊ ယင်းနိုင်ငံ များ ရုတ် တရက် စီးပွားရေး ကျဆင်း သွားကြ၏။ ထောင် မင်း မြောက် မင်း မကယ်နိုင် ဖြစ်ရုံမက သူက ဖက်တွယ်ထားလျှင် တို့များပင် မြုပ်ရချေရဲ့ ဟု တွေး ပူလာကြသော အခြေအနေတွင် ရှိသည်။

ချုပ်၍ဆိုရလျှင် (နအဖ)အမည် ပြောင်း၍ ဘာများ ထူးခြားလာပါသနည်း။ဟု မေးလာလျှင် ဘာမှ မပြောင်းလဲ၊ စစ်အုပ်စု စဉ်ဆက် မပြတ် အာဏာရရှိရေး နှင့် စဉ် ဆက်မပြတ် ကြွယ်ဝချမ်းသာရေး လမ်းကြောင်း ပေါ်တွင် ဆက်လျှောက် နေဆဲဟူသာ ဖြေရပေမည်။

+တရားဝင် အရွေး ကောက်ခံထား ရသော နိုင်ငံရေးပါတီ (NLD) နှင့်လည်း ဆွေးနွေးမည့်ပုံမပေါ်၊ ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ယနေ့အထိ အားမနာပ အပုပ်ချဆဲ××

+အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အင်အားစုများ နှင့်လည်း အပစ်အခတ် ရပ်စဲရေး မှ တဆင့်တက်ကာ နိုင်ငံရေး အရပါ ဆွေးနွေး ပြီး စစ်မှန်သော ပြည်တွင်းငြိမ်း ချမ်းရေး ရရှိရေး လည်း မလုပ်ဆောင်သေး။ .

+အပစ်အခတ် မရပ်စဲရသေးသော အင်အားစု များနှင့်လည်း တန်းတူ ရည်တူ ဆွေးနွေး အဖြေရှာကာ စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး လမ်းကြောင်း သို့ ရှေ့ရှုသော သဘောထားလည်း မတွေ့ရသေး။

+ပြည်သူများ၏ ဒီမိုကရေစီ အခွင့်အရေးများ ပိတ်ပင်ခံထား ရဆဲ×××

သို့သော် ပြည်တွင်း ပြည်ပ အခြေ အနေများ အရ ကျုံ အနေ အထားတွင် သူတို့ တတွေ ကြာကြာ တောင့်ထား နိုင်မည် တော့ မဟုတ်ပေ။ တ

# အမျိုးသမီးဘဝလွတ်မြောက်ရေး

ကမ္ဘာ့လူဦးရေ၏ထက်ဝက်ရှိသော အမျိုးသမီးများ၏ အရေးကိစ္စသည် လျစ်လျူရှုထား၍မရသော ပြဿနာ ဖြစ်သည်။ ယခုအခါ အမျိုးသမီးအသင်းအဖွဲ့များ၊ အမျိုးသမီးသမဂ္ဂများ ဖွဲ့စည်း၍ အမျိုးသမီး အခွင့်အရေးလှုပ်ရှားမှုများ ပြုလုပ်နေကြသည်။ ကမ္ဘာ့အမျိုးသမီး ညီလာခံကြီး ကျင်းပ၍ တန်းတူအခွင့်အရေး ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောဆိုဆွေးနွေး လာကြသည်။ နှစ်ပရိစ္ဆေဒ ကြာညောင်းစွာ အမြစ်တွယ်နေသော အမျိုးသမီးများ အဖိနှိပ်ခံရမှု၊ တန်းမတူမှု ပြဿနာ၏ အရင်းအမြစ်ကို ဖော်ရှာနိုင်မှသာ အမျိုးသမီးများ၏ လုံးဝလွတ်မြောက်မှုကို ရရှိနိုင်ပေလိမ့်မည်။

· ယနေ့ခေတ် ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော အမျိုးသမီးထုကြီးမှာ အဖိနှိပ်ခံ၊ ကျွန်ပြုခံ၊ ညှဉ်းပန်းနှိပ်စက်ခံ၊ အခွဲခြားခံနေရဆဲပင် ဖြစ်သည်။ အိမ်တွင်းကျေးကျွန်ဘဝမှ မလွတ်မြောက်နိုင်ကြသေးဘဲ ရှိသည်။

အချို့သော တတိယကမ္ဘာ နိုင်ငံများတွင် အမျိုးသမီးများအပေါ် ဖိနှိပ်ချုပ်ချယ်မှု၊ အကြမ်းဖက် ရက်စက်မှု မြင့်တက်လှသည်။ မိန်းမသည် ယုတ်ညံ့သည်။ ယောကျ်ားသည်သာ မြင့်မြတ်သည် ဟူ သော ခွဲခြားဆက်ဆံမှုများ ရှိနေသည်။ "မိန်းမ ပြောတော့ အတင်း၊ ယောကျ်ား ပြောတော့ သတင်း"၊ "ကြက်မ တွန်လို့ မိုးမလင်းဘူး" အစရှိသဖြင့် အဆိုများမှာ လူမျိုးတိုင်းလိုလိုတွင် ရှိနေသည်။ မိန်းမများကို နှိမ်ထားခြင်းပင်၊ အိမ်မှုကိစ္စများနှင့် ကလေးထိန်း အလုပ်များမှာ မိန်းမများ၏ အလုပ်သာ ဖြစ်သည်ဟူ အချို့လူ့အဖွဲ့အစည်းက သဘောထား နေကြသေးသည်။

· အများအားဖြင့် ကျွန်ုပ်အပယူ အသာ သဘောထားများနှင့် အိမ်တွင်းကျေးကျွန်ဘဝကို မိန်းမများကလည်း တုံးတမ်းစဉ်လာအဖြစ် လက်ခံနေကြသည်။ ကျွန်ုပ်တို့ လက်ခံနေအောင်နှင့် အဆင့်နောက်ကျ နှိမ့်ချခံထားရမှုကို မသိမမြင်အောင် ခေတ်အဆက်ဆက် ဖိနှိပ်သူ လူတန်းစားများက ပြုလုပ်ထားခဲ့ကြသည်။ ကျွန်ုပ်တို့ဖြင့် အမျိုးသမီးများ၏ နိမ့်ကျသော အဆင့်အတန်းသည် မပြောင်းလဲနိုင်သော ဖြစ်ရိုးဖြစ်စဉ် သဘာဝတရားလို ဖြစ်လာသည်။

· ဝင်စစ်ကမ္ဘာပေါ်တွင် လူပေါ်စ အစိုင်းခေတ်၊ ရှေးဦးပဒေသာပင် ခေတ်တွင် ကျား-မ မခွဲ အဆင့်အတန်း မခွဲခြားဘဲ အားလုံး တန်းတူ အခွင့်အရေးရှိကြသည်။ လွတ်လပ်ကြသည်။ ဖမ်းဆီးရာမှ ရရှိလာသော ပစ္စည်းများကို အားလုံး ခွဲဝေစားသောက်ကြသည်။ ယောကျ်ားများမှာ ဒုတိယ နေရာတွင် ကျေနပ်ရောင့်ရဲကြပြီး အမျိုးသမီးကို ဦးစားပေးကြသည်။ တိရစ္ဆာန်မွေးမြူရေး လုပ်

---

ယခုတော့ ပြောင်းလဲရပေမည်။ သို့ကြာ နှိုက်ထွက်ပေါက်မရှာဘဲ အောက်လယ်နည်း တဘက်လှည့်နည်း၊ ကျား သော ကိုအသာက်ချွန်းနည်း၊ ဘယ်သူ သော သေဝေဒနာပြီး ရောနည်းများဖြင့် အဖြေရှာနေဦးမည်ဆိုပါက (၄၅) သန်းသော ပြည်သူများ၏ သွေးနှင့် ချွေးများသည် ကျွန်ုပ်မြန်မာ့မြေပေါ်တွင် ဆက်လက်စီးဆင်းနေဦးမည်သာ ဖြစ်ပေတော့သည်။

■



# အမျိုးသမီးဘဝ လွတ်မြောက်ရေး

မြေ ဖြစ်ထွန်းလာသောအခါ ခန္ဓာကိုယ် ကျန်းမာမှုအရ တပန်းသာသော ယောကျ်ားများသည် ထိုစဉ်က ခေတ်ဖြစ်သည့် ကျွဲနွားစသည်တို့ကို ပိုင်ဆိုင်လာသည်။ ထိုစနစ်ဥစ္စာများကို မိန်းမသည် သုံးစွဲခွင့်သာရှိပြီး ပိုင်ဆိုင်ခွင့်ခွဲခွင့် မရှိပေ။ ယောကျ်ားသည် သူ၏ ချမ်းသာကြွယ်ဝမှုကို အခွင့်ကောင်းယူကာ အိမ်ထောင်ဦးစီးကာ အာဏာဒိုင် ချုပ်ကိုင်လိုက်သည်။ မိန်းမကို ဒုတိယနေရာသို့ တွန်းပို့လိုက်သည်။ မိန်းမ၏ အိမ်တွင်းအလုပ်သည် ယောကျ်ား၏ ဝင်ငွေရှာဖွေမြှုရေး လုပ်ငန်းလောက် အရေးပါမှု မရှိတော့သဖြင့် ယောကျ်ားသည်သာ အရာရာ ဖြစ်လာသည်။ ကျွန်အချိန်မှစ၍ မိန်းမသည် အိမ်တွင်းကျေးကျွန်ဘဝသို့ လျှောကျခဲ့ရသည်။

အိမ်ထောင်စုအတွင်း အမျိုးသမီးများ ဖိနှိပ်ခံရမှုသည် ပုဂ္ဂလိက ပစ္စည်း ပိုင်ဆိုင်မှု ပေါ်ပေါက် လာခြင်း နှင့်အတူ ဖြစ်ပေါ်လာသည်။

ပုဂ္ဂလိက ပိုင်ဆိုင်မှု သည် လူ့အဖွဲ့အစည်း အတွင်းတွင်လည်း ဖိနှိပ်သူ နှင့် အဖိနှိပ်ခံ၊ သွေးစုပ်သူ နှင့် သွေးစုပ်ခံရသူ ဟူ၍ လူတန်းစား နှစ်ရပ် ကွဲပြားသွားစေသည်။

"အိမ်ထောင်စု၊ ပုဂ္ဂလိက ပစ္စည်း နှင့် နိုင်ငံတော်၏ မူလအစ" ကျမ်း တွင် အိန်ဂယ် က "သမိုင်း တွင် ပထမဆုံး လူတန်းစား ဖိနှိပ်မှု သည် မိန်းမ အပေါ် ယောကျ်ား၏ ဖိနှိပ်မှု နှင့် တပြိုင်တည်း ပေါ်ပေါက်လာသည်" ဟု ရေးသား ခဲ့သည်။

အရင်းရှင် စနစ် တွင် ထုတ်လုပ်ရေး ပစ္စည်း များကို အရင်း ရှင် လူနည်းစု က သာ ပိုင်ဆိုင် သဖြင့် ရရှိလာ သော အကျိုး အမြတ် များကို အရင်းရှင်များ ကသာ ခံစားရပြီး အများစု ဖြစ်သော အလုပ်သမားများမှာ မသေရုံတမယ် အသက်ရှင်နေထိုင် ကြရသည်။ ရုံဘော် လီနင်က အမျိုးသမီးများ နေ့ အထိမ်းအမှတ် ဆောင်းပါးတွင် "သူတို့တွေဟာ ဘုရင် စနစ်နဲ့ ဓနရှင် ဒီမိုကရေစီ နိုင်ငံ တခုလုံးမှာပဲ အရင်းရှင်တွေ ရဲ့ နှိပ်စက်တာ၊ လှည့်စားတာ၊ လုယက်တာ ကို ခံခဲ့ရတယ်။ မြေယာ အလုပ်ရုံနဲ့ စက်ရုံတွေကို ပုဂ္ဂလိက ပိုင်ဆိုင်နေသရွေ့ အရင်းရှင်တွေ ရဲ့

ဒီ ဖိနှိပ်မှု၊ လှည့်စားမှုနဲ့ တကွ ပြည်သူတွေရဲ့ အလုပ်ကို လုယက်ခံရမှုတွေဟာ မလွှဲရှောင်နိုင်ဘူး" ဟု ရေးသားခဲ့သည်။

ဓနရှင် တရားဥပဒေများနှင့် ဓနရှင် ဒီမိုကရေစီ၏ ဟန်ဆောင်မှုကို ဖွင့်ချရန် အိန်ဂယ်က "ခေတ်သစ် ပုဂ္ဂလိက အိမ်ထောင် အခြေခံထားသည်မှာ မြောင် သို့မဟုတ် လိမ်ညာလှည့်ဖြား ဖုံးကွယ်ထားသည့် မိန်းမကို အိမ်တွင်းကျေးကျွန်ပြုမှုပင်ဖြစ်သည်။ ၎င်းမြင် ခေတ်သစ်လူ့အဖွဲ့အစည်းသည် ပုဂ္ဂလိက အိမ်ထောင်စုများကို ၎င်း၏ မော်လီကျူးများအဖြစ် ပါဝင်ပြီး တခုတည်းဖြစ်အောင် ပေါင်းစပ်ထားသော အစုအစည်းပင်ဖြစ်သည်။ အိမ်ထောင်အများစုမှာ ယောကျ်ားသည် ဝင်ငွေရှာသူ အိမ်ထောင်ဦးစီး ဖြစ်လာပြီး မှချပင် ခနဦးစွာ ပိုင်ဆိုင်သည့် လူတန်းစားများ ဖြစ်လာပြီး ၎င်းသို့ဖြစ်လာမှုက သူ့အား တရားဝင်အခွင့်ထူးများ သတ်မှတ်ပေးရန် မလိုဘဲ၊ ပြဌာ အာဏာလွှမ်းမိုးသည့် အနေအထားကို ရရှိစေသည်။ အိမ်ထောင်စုအတွင်း သူသည် အရင်းရှင်၊ ဇနီးသည် သည် ပစ္စည်းမဲ့ကို ကိုယ်စားပြုသည်။ စက်မှုထွန်းကားသည့် ကမ္ဘာတွင် အရင်းရှင်လူတန်းစား၏ တရားဝင်အခွင့်ထူးများကို ဖယ်ရှားပြီး လူတန်းစား နှစ်ရပ်အကြား တရားဥပဒေအရ လုံးဝတန်းတူညီမျှမှုကို ကျင့်သုံးထားသည့် အကြားမှပင် ပစ္စည်းမဲ့များ အပေါ် ဖိစီးထားသည့် စီးပွားရေး ဖိနှိပ်မှု လက္ခဏာသည် ထင်ထင်ရှားရှားကြီး ပေါ်လွင်နေပေသည်။ ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် လူတန်းစား ၂ ရပ်အတွင်း ရန်ဘက်ဖြစ်မှုကို ဖျက်သိမ်းခြင်း မပြုသည့်ပြင်၊ ဆန့်ကျင်ရာပင် စစ်မြေပြင် ဖြစ်နေပေသည်" ဟုရေးသားခဲ့သည်။

လီနင်ကလည်း "အမျိုးသမီးတွေကို နိုင်ငံရေးထဲမ သိမ်းသွင်းဘဲနဲ့ လူထုတွေကို နိုင်ငံရေးထဲ သိမ်းသွင်းလို့ မရပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အရင်းရှင်စနစ်အောက်မှာ လူသားမျိုးနွယ်ရဲ့ ထက်ဝက်ရှိတဲ့ အမျိုးသမီးတွေဟာ နှစ်ထပ်ကွမ်း အဖိနှိပ်ခံရတယ်။ အရင်းအနှီးရဲ့ ဖိနှိပ်မှုကို လုပ်သားအမျိုးသမီးနဲ့ လယ်သမားအမျိုးသမီးတွေ ခံရတယ်။ ဒါ့အပြင် သူတို့တတွေဟာ ဒီမိုကရေစီ အကျဆုံး ဓနရှင် သမ္မတနိုင်ငံတွေမှာတောင် နောက်ကျကျန်နေတယ်။ ပထမကတော့ တရားဥပဒေက ယောကျ်ားတွေနဲ့ တန်းတူမှုကို မပေးတဲ့အတွက် အခွင့်အရေး အပြည့်အစုံ မရရှိကြဘူး။ ဒုတိယကတော့ အဓိက အချက်ဖြစ်တယ်။ သူတို့ဟာ အိမ်တွင်းကျေးကျွန်ဘဝမှာ ကျန်နေရစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ မီးဖိုချောင်ထဲနဲ့ ယေဘုယျ တဦးချင်း မိသားစုဘဝထဲမှာ လူတွေရဲ့ အသေးမွှားဆုံး၊ အသိမ်ဖျင်းဆုံး၊ အပြင်းထန်ဆုံး၊ ငြီးငွေ့စရာအကောင်းဆုံး အလုပ်ကို ပေးအပ်ထားခြင်း ခံရတယ်" ဟုရေးသားခဲ့သည်။

ယဉ်ကျေးလှပါသည် ဆိုသော အရင်းရှင်လူမှုစနစ်က အမျိုးသမီးများအား ဖိနှိပ်ထားရုံနှင့် အားမရသေးဘဲ ဘဝပျက်အောင် ဖျက်ဆီးပစ်သေးသည်။ အမျိုးသမီး အများအပြားပင် ပြည့်တန်ဆာဘဝ သက်ဆင်းသွားကြရသည်။ ယခုအခါ ကမ္ဘာ့အနှံ့အပြားတွင် အမျိုးသမီးများနှင့် ကလေးငယ်များအား ကုန်စည်သဖွယ် ရောင်းစားမှု၊ အတင်းအဓမ္မ ညှဉ်းပန်းနှိပ်စက်ပြီး ပြည့်တန်ဆာလုပ်ငန်းမှုများ တိုးပွားလာနေသည်။ ပြည့်တန်ဆာလုပ်ငန်းကို ပြောင်ပြောင်တင်းတင်းပင် လုပ်ကိုင်နေကြသည်။ အရွယ်မရောက်သေးသော အမျိုးသမီးငယ်လေးများ ပြည့်တန်ဆာလုပ်ငန်းတွင် ပါနေကြရသည်။ ဤသို့ဖြင့် အမျိုးသမီးများကို ကာလသားရောဂါ၊ (AIDS) ရောဂါများ ဖြစ်ပွားစေပြီး၊ ခန္ဓာကိုယ်ရော၊ စိတ်၊

...ပါ ထိခိုက်ပျက်ပြားစေသည်။

...ဘာကာရှင် ဆရာကြီးစိုး ...အောက်မှ တိုင်းပြည်စီးပွားရေး ...ကြ ကျခဲ့သော ဗမာပြည် အ ...ရ ဆိုဘွယ်ရာ မရှိတော့ပေ။ ...မာပြည်တွင် ကုန်ထုတ်လုပ်ငန်း ...ရုံ အလုပ်ရုံများလည်း ရှားပါး ...ခဲ့သည်။ ရှိသည့် အနည်းအကျဉ်း များသည်း အလုပ်ချိန် နှင့် လုပ်ခ မ ...အ ရသည့် လုပ်ခ နှင့် မ စား ...သောက်သော ကြောင့် ဘဝလုံခြုံမှု ...သော ဒိုက်တာလပ်များ၊ ပေါ် ...ယ်များတွင် လုပ်ကိုင် ကြရသည်။ ...များ အပြားမှာ အလုပ်ရမည် ဟု ...ဉာဏ် ခံရပြီး၊ ဒုက္ခ စပ်တချောက် ...င် ...ဦး ဘုန်းနိုင်ငံများတွင် ကျေး ...း ခံကြရသည်၊ ပြည့်တန်ဆာ လုပ် ...ငန်းဖြင့် အမြတ်ထုတ် သူတို့၏ ညှဉ်း ...ပန်း နှိပ်စက်ခြင်း ခံကြရသည်။ အ ...မှာ ဘိန်း ဖြူ မှောင်ခို သယ်ယူ ...သော အလုပ် လုပ် ရင်း ဘဝ ပါ ...ပျက်သွား ကြရသည်။ တိုင်းရင်း ...သား လူမျိုးစု ဒေသများတွင် စစ် ...ဘေး အမွေ ကျင့်ခြင်း၊ ပေါ် ...တာဆွဲ ခြင်း ခံ ကြရသည်။

အမျိုးသမီး များ လွတ်မြောက်ရေး နှင့် ပတ်သက် ၍ ...ဆိုကဲယ်က " အမျိုးသမီး များ ကို လူ့အဖွဲ့အစည်း ဆိုင်ရာ ကုန် ...ထုတ်လုပ်ငန်းများမှ ထုတ်ပ ယ် ...ထား ပြီး ပုဂ္ဂလိက အိမ်တွင်း အ ...လုပ်များတွင် ထိန်းချုပ်ကန့် သတ် ထားသမျှ အမျိုးသမီးများ၏ လွတ်မြောက်ရေး နှင့် ယောကျ်ားများနှင့် တန်းတူညီမျှရေး မှာ မဖြစ်နိုင်သည့် ပြင် ဆက်လက် တည်ရှိနေမည် ဖြစ်သည်။ အမျိုးသမီး များသည် ထုတ်လုပ်ရေး တွင် အတိုင်းအတာ ကြီးမား စွာ ပါဝင်နိုင်စွမ်း ရှိမှသာ၊ ၎င်းပြင် အိမ်မှု ကိစ္စ များတွင် သူတို့၏ အာရုံ စိုက်ရမှု လျော့နည်း သွားမှ သာ အမျိုးသမီးများ၏ လွတ်မြောက်ရေးသည် ဖြစ်နိုင် သည်။ ၎င်း ပြင် ခေတ်မီ အတိုင်းအတာ ကြီးမားသော စက်မှုလုပ်ငန်းကသာ ထုတ် လုပ်ရေးတွင် အမျိုးသမီး အများအပြား ပါဝင်လာမှုကို ခွင့်ပြုရုံသာမ က တို့ပြင် ပုဂ္ဂလိက အိမ်တွင်းအလုပ် များကို အများပြည်သူ့လုပ်ငန်း အဖြစ်သို့ ပြောင်းလဲ ပစ်ဖို့ ကြိုးပမ်း ကြရန်လည်း အမှန်တကယ် ပင် တောင်းဆိုပေသည် " ဟု ရေးသားခဲ့သည်။

လီနင်ကလည်း " က မ္ဘာပေါ်က ဘယ်ပါတီ၊ ဘယ် တော်လှန်ရေးကမှ ဘော်လ်ရှီဗစ် ဆိုဗီယက်တော်လှန်ရေး လို၊ အမျိုးသမီးများအပေါ် ဖိနှိပ်မှု၊ တန်းမတူမှု ရဲ့ ဇစ်မြစ်ကို နက်ရှိုင်းစွာ ဖြုတ်တောက် ပစ်ဖို့ မကြိုးစားခဲ့ကြပါဘူး။ ကျွန်တော်တို့ ဆိုဗီယက် ရုရှားပြည်မှာ တရားဥပဒေ အရ ယောကျ်ား နဲ့ မိန်းမ တန်းမတူမှု အရိပ်အယောင်တောင် မကျန်တော့ဘူး၊ မင်္ဂလာဆောင် မှု နဲ့ မိသားစု ဥပဒေတွေထဲက ၊ အထူးသဖြင့် စက်ဆုပ် ဖွယ်ရာ နိမ့်ကျကာ လိမ်ကျတဲ့ တန်းမတူမှု ၊ သားနဲ့ သမီး ဆက်ဆံရေးမှာ တန်းမတူမှုတွေကို ဆိုဗီယက် အာဏာက လုံး ဝ ဖျက်ဆီး ပစ်လိုက်ပြီ ဖြစ်ပါတယ်။ ဒါဟာ အမျိုးသမီးလွတ်မြောက်ရေး ရဲ့ ပထမခြေလှမ်းသာလျှင်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီ အကျဆုံး နိုင်ငံအပါအဝင် ဘယ်နေရာ သမတ နိုင်ငံတွေကမှ ဒီလို ပထမခြေလှမ်းမျိုးကို မလှမ်းရဲကြ ပါဘူး။ ' မထိပါး ရဲတဲ့ ပုဂ္ဂလိက ပစ္စည်း ' ရှေ့မှောက်မှာ ကြောက်ဒူး တုန်နေလို့ ဖြစ်တယ်။"

"ဒုတိယ အရေးကြီးဆုံး ခြေလှမ်းကတော့ မြေယာ၊ အလုပ်ရုံ နဲ့ စက်ရုံတွေ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ခြင်း ဖြစ်ပါတယ်။ ဒါကခု ထဲကသာ လျှင် အမျိုးသမီးတွေရဲ့ လုံးဝတကယ်တမ်း လွတ်မြောက်ရေးကို ရရှိစေတယ်။ တဦးချင်း အိမ်တွင်းစီးပွားရေးက ကြီးမားတဲ့ လူ့အဖွဲ့ အစည်း ဆိုင်ရာ စီးပွားရေးသို့ ကူးပြောင်းရေး နည်းလမ်းဖြင့် ' အိမ်တွင်း ကျေးကျွန် ' အဖြစ်က လွတ်မြောက်ရေးလမ်းကို ဖွင့်ပေး လိုက်တယ်။ ဒီကူးပြောင်းရေးဟာ ခက် ခဲလှပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပိုဝိုအမြစ် တွယ်နေတဲ့၊ အာ

လေ့အထ ဖြစ်နေတဲ့၊ ခေတ်နောက်ကျတဲ့ တင်းကျပ်တဲ့ စနစ်ဖြစ်နေလို့ပါပဲ။ ဒါပေမယ့် ဒီကူးပြောင်းရေးဟာ စပါပြီ၊ ကျွန်တော်တို့ဟာ သစ်လွင်လမ်းကို လိုက်နေပြီ" ဟုရေးသားခဲ့သည်။

အမှန်ပင် အမျိုးသမီးများ လုံးဝလွတ်မြောက်ရေးသည် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အခြေခံသော အရင်းရှင်စနစ်အောက်တွင် မပျောက်မှန်းနိုင်၊ လူမှုတော်လှန်ရေး တရပ်ဖြစ်ပေါ်ပြီး၊ ထုတ်လုပ်ရေးပစ္စည်းများကို လူအများပိုင်အဖြစ် ပြောင်းလဲပစ်ကာ ရရှိလာသော အကျိုးအမြတ်များကို လူအများခွဲဝေခံစားနိုင်သော လူ့အဖွဲ့အစည်း တရပ်ပေါ်ပေါက်လာမှသာ အမျိုးသမီးများ အပါအဝင် ပစ္စည်းမဲ့လူတန်းစား တရပ်လုံး လွတ်မြောက်လာနိုင်မည်။ အမျိုးသမီးများ သို့တို့ ရသင့်သည့် အခွင့်အရေးနှင့် အခွင့်အရေးများ အပြည့်အဝရရှိလာပေမည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေယဉ်ကျေးမှု အစရှိသည့် ပိုမိုကျယ်ဝန်းသည့် နယ်ပယ်များတွင် ပါဝင်လှုပ်ရှားနိုင်လိမ့်မည်။ ပြည့်တန်ဆာလုပ်ငန်းများ ပျောက်ကွယ်သွားလိမ့်မည်၊ ယိုယွင်းပျက်စီးနေသော တလင်ကာမယား စနစ်အစား စစ်မှန်သော တလင်တမယား စနစ်ဖြစ်လာလိမ့်မည်။

နိုင်ငံတကာ ဆိုရှယ်လစ် အမျိုးသမီးများ၏ ခေါင်းဆောင် ကလာရာဇက်ကင်းက "ကမ္ဘာ့ပစ္စည်းမဲ့ အမျိုးသမီးများ၏ လုံးဝလွတ်မြောက်ရေးမှာ ဆိုရှယ်လစ်စနစ်တွင်သာ ဖြစ်နိုင်သည်" ဟုရေးသားခဲ့သည်။ ထို့ပြင် "ဆိုရှယ်လစ်စနစ် အတွက် တိုက်ပွဲတွင် သန်းပေါင်းများစွာသော အလုပ်သမား အမျိုးသမီးများ ပါဝင်လာအောင် စည်းရုံးရမည်" ဟုတင်ပြခဲ့သည်။


(၂၀) ရာစုနှစ်၏ ပထမနှစ် (၅၀) ကာလများတွင် နိုင်ငံတကာ ဆိုရှယ်လစ် အမျိုးသမီးများ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးအလုပ်သမားများသည် လွတ်လပ်ရေး၊ တန်းတူရေး၊ ဆိုရှယ်လစ်ရေး အတွက် တိုက်ပွဲဝင်ခဲ့ကြသည်၊ ဆန္ဒမဲပေးခွင့် ရရှိရေး၊ အလုပ်ချိန်လျှော့ပေါ့ရေး၊ အလုပ်တူလျှင်လုပ်ခတူ ရရှိရေး အတွက် တိုက်ခဲ့ကြသည်။ ၁၉၀၈ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် နယူးယောက် (ခ်) မြို့၊ ရုတ်ဂါစ်ရင်ပြင် (Rutgers Square) တွင် ဆန္ဒမဲပေးခွင့်နှင့် စက်ချုပ်သမများ သမဂ္ဂဖွဲ့စည်းခွင့်အတွက် တောင်းဆိုသော အမျိုးသမီးအလုပ်သမားများ၏ ဆန္ဒပြပွဲဖြစ်ပေါ်ခဲ့သည်။ ၎င်းနေ့ကို အထိမ်းအမှတ်ပြုသောအားဖြင့် မတ်လ (၈) ရက်နေ့ကို 'နိုင်ငံတကာအမျိုးသမီးများနေ့' သတ်မှတ်ပြီး ၁၉၁၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ကြသည်။

ယနေ့ကာလ တွင်လည်း အမျိုးသမီးများ အနေဖြင့် မိမိတို့၏ အဖိနှိပ်ခံရမှုနှင့် အခွင့်အရေးများ ဆုံးရှုံးနေရမှုကို မိမိတို့ကိုယ်တိုင် သိမြင်နိုးကြားလာကာ အရင်းရှင်စနစ် ဆန့်ကျင်တော်လှန်ရေး တိုက်ပွဲတွင် မိမိတို့ ကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်လာကြရန် လိုအပ်ပေသည်။

မိမိတို့ အင်အား၊ မိမိတို့ စွမ်းရည်ကို ယုံကြည်မှု အပြည့်အဝဖြင့် အမျိုးသမီး အားလုံး စည်းလုံးညီညွတ်စွာ၊ ရဲရင့်စွာ၊ တက်ကြွစွာ တိုက်ပွဲဝင်ပြီးအောင်ပွဲကို အရယူရပေမည်။

ဗမာပြည်ရှိ အမျိုးသမီးများ အနေဖြင့်လည်း၊ မိမိတို့ လက်ငင်းတွေ့ကြုံခံစားနေရသော စစ်အာဏာရှင် စနစ် (ဝါ) စစ်ဗျူရိုကရက် အရင်းရှင်စနစ် ဖိနှိပ်မှုကို ဦးစွာ တွန်းလှန်ဖြိုဖျက်ပစ်ကာ အမျိုးသမီးများ လုံးဝလွတ်မြောက်ရေး ရည်မှန်းချက်ပန်းတိုင် ရောက်သည် အထိ တဆင့်ပြီးတဆင့် ချီတက်သွားကြရန် လိုအပ်ပေသည်။

■





# တက္ကသိုလ်နဲ့ ကျောင်းတွေကို ပိတ်တဲ့ နည်းနဲ့ ကျောင်းသား ပြဿနာကို မဖြေရှင်းနိုင်ဘူး

● စစ်တပ်က အာဏာသိမ်း ပြီးကတည်းက (၁၅) ကြိမ်မျှ တက္ကသိုလ် နဲ့ ကျောင်းတွေကို ပိတ်ခဲ့တဲ့ ဗမာပြည်။

● စာတတ်မြောက်မှု ရာနှုန်းနိမ့်လို့ ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံ စာရင်း ဝင်ရတဲ့ ဗမာပြည်။

● ကမ္ဘာပေါ်မှာ ကျောင်းသားတွေ သွေးမြေကျရင်း အသက်ခံရတာ အများ ဆုံး ဖြစ်တဲ့ ဗမာပြည်။

● အကျဉ်းထောင်တွေထဲမှာ အမြဲလိုလို ကျောင်းသားအရေ အတွက် ထောင် ဂဏန်းတိုက် ရှိနေတဲ့ ဗမာပြည်။

ပညာရှေ့ဆိုး လူမဆိုး ဆိုပေမယ့် ဗမာပြည်မှာတော့ ပညာရှေ့ဆိုး ကို စစ်အုပ်စုက ဦးထားကြပါတယ်။ ဦးထားရုံမက သူတို့အသိုင်းအဝိုင်းနဲ့ သူ တို့ရဲ့ ကပ်ပါး ရပ်ပါး တွေချည်း ဦးစား နေကြပါတယ်။

တကယ်တော့ ဒီနေ့ခေတ်မှာ ပညာသင်ကြားခွင့် ဆိုတာ လူတယောက် ရဲ့ မွေးရာပါ အခွင့်အရေးတရပ် ဖြစ်ပါတယ်။ ဒါပေမယ့် အခုဒီ အခွင့် အ ရေးကို စစ်အာဏာပိုင်တွေက ရိုက်ချိုး ထားကြပါတယ်။ (ဒီတခါ တက္က သိုလ်များ ပိတ်ထားတာ ဒီဇွန်လထဲ မှာ ဆိုရင် (၁၈) လရှိသွားပါပြီ။) ဗ မာပြည် ပညာရေးလောက မှာ ပေါက်ဒရ ဝသသ မိုးရွာနေတာ ကြာ ပါပြီ ။ အခုလို တက္ကသိုလ် နဲ့ ကျောင်း တွေ ပိတ်လို့ တကယ်တမ်း ခံစားရတာ ဟာ

စစ်အုပ်စု အသိုင်းအဝိုင်း နဲ့ သူတို့ကိုကပ်ပြီး ချမ်းသာနေသူ အနည်းငယ် က လွဲရင် အားလုံးပဲ ဖြစ်ပါတယ်။ ဒီအထဲမှာ (နအဖ) စစ်တပ်ထဲက သာမာန် အရာရှိ နဲ့ အောက်ခြေ အကြပ်တပ်သားများ ရဲ့ မိသားစု တွေလဲ ပါ ပါတယ်။ စစ်အုပ်စု ထိပ်ပိုင်း နဲ့ ကပ်ပါးရပ်ပါး သူဌေးကြီးတွေကတော့ ၊ တက္ကသိုလ် နဲ့ ကျောင်းတွေ ပိတ်ထားတာ မျိုးကို ခံခံမှ မမှုပါဘူး။ သူ တို့ရဲ့ သားသမီးတွေ ဟာ ပြည်တွင်းရှိ ဈေးကြီးလှတဲ့ သင်တန်းများ ဖြစ် စေ၊ ပြည်ပက တက္ကသိုလ်ကောလိပ်များမှာ ဖြစ်စေ အချိန်မရွေး သင် နိုင် ကြပါတယ်။ လိုအပ်ရင် တက္ကသိုလ်က ပါမောက္ခ ကိုတောင်မှ ကျူရှင်အိမ် ကို ခေါ်ပြီး စာပြခိုင်းလို့ ရပါတယ်။ ဒီနေ့ ဗမာပြည်မှာ ပိုင်ဆိုင်မှု ခြား နားချက် ကြီးမားလာသလိုပဲ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခွင့် အရေးတွေကို ခံစားရာမှာလဲ ခြားနားချက် ကြီးမားသထက် ကြီးမားလာ နေ ပါတယ်။

ကျောင်းတွေ ပိတ်ချင် သလိုပိတ်၊ သင်ရိုးညွှန်းတမ်းတွေကို ပြဋ္ဌာန်း ချင် သလို ပြဋ္ဌာန်း၊ စာသင်နှစ်တွေကို သတ်မှတ်ချင် သလို သတ်မှတ်နဲ့ မို့ နိုင်ငံ တကာမှာ ဗမာပြည်က ဘွဲ့ရတွေ အထင်သေးခံရ၊ အရှက်ရ ကြ တာ လဲ များပါပြီ။ ဗမာပြည်က ကျောင်းသားတွေဟာ သူတကာ့ နိုင်ငံ က ကျောင်းသားတွေထက် ပို ဖြီးဉာဏ်ထိုင်းလို့လား၊ စာမကြိုးစားလို့ လား။ လုံးဝမဟုတ်ပါဘူး။ စစ်အစိုးရ အဆက်ဆက် ရဲ့ ခေတ်နောက်ကျလှ တဲ့ စီးပွားရေး စနစ် နဲ့ အတူ ခေတ်နောက်ကျလှတဲ့ ပညာရေး စနစ်၊ ချို့တဲ့လှတဲ့ သင်ကြားမှု အထောက်အကူ ပစ္စည်း စတာတို့ အပြင် မ ကြာခဏ ကျောင်းပိတ် ပစ်တာ ခံနေရတာ တို့ကြောင့် အခုလို ပညာရေး ရေချိန် ကျဆင်း ပြီး၊ ကမ္ဘာ့ အလယ် မျက်နှာငယ် နေရတာ ဖြစ် ပါ တယ်။ ဒါဟာ ကျောင်းသားတွေ ချည်း မျက်နှာငယ်၊ အသရေ ပျက် ရတာ မဟုတ်ပါဘူး။ တမျိုးသားလုံး မျက်နှာငယ်ရ အသရေပျက် ရတာ ဖြစ်ပါတယ်။

'တိုင်းပြည်တပြည် ရဲ့ နှစ်တို နှစ်ရှည် စီမံကိန်း ရေးဆွဲရာမှာ တက္က သိုလ် နဲ့ ကျောင်းတွေက တနှစ်မှာ အောင်မြင်သူ ဘယ်နှစ် ယောက်ရှိမယ် ဆိုတာကိုလည်း ထည့်သွင်း စဉ်းစား ရေးဆွဲရပါတယ်။ အခုလို ဗမာပြည် မှာ ကျောင်းတွေ မကြာခဏ ပိတ်နေရတာကြောင့် (နအဖ) စစ်အစိုး ရ မှာ ဒီလို စီမံကိန်း မျိုး လေးလေးနက်နက် တိတိကျကျ မရှိကြောင်းပြ သ နေတာပါပဲ။

တကယ်တော့ စစ်အုပ်စု ဟာ ကျောင်းသားတွေကို (ကျောင်းသား မိဘ တွေ လဲ ပါ ပါတယ်) — အညှိုးနဲ့ လက်စားချေ ဖက်ခတ်နေတာပါ။ သူ တို့ကို မလှုပ်ဝံ့အောင်၊ မကြောက် ကြောက်အောင် သွားဖြဲ ပြနေ တာ

ကို့လဲ ဆိုနိုင်ပါတယ်။ တချိန်တဲမှာကျောင်းသားလူငယ်တွေရဲ့ မဟုတ်မခံတတ်တဲ့ မာန်ကိုလည်း အညွန့်ချိုးနေတာ ဖြစ်ပါတယ်။ သူတို့ ပါးစပ်က "ဒီလို လုပ်ရင် ဒီလို ဖြစ်မှာပဲ" လို့ ထုတ်မပြောရုံ တမယ်ပါ။

ဒါပေမယ့် မဟာပြည်မှာက "မီးသွေးခဲမို့ မဲသကို၊ ဒို့ကျောင်းသားမို့ ရဲသကို" ဆိုတဲ့ သံချပ်ဟာ စစ်အုပ်စု မပေါ်ပေါက်မီ ပဝေသဏီ ကတည်းက ရှိခဲ့တာပါ။ ဒါကို ဗြိတိသျှ နယ်ချဲ့သခင်တောင်မှ "မြင်းခွာသံတချက်ပေါက်ရင် မီး ဟုန်းဟုန်း တောက်မယ်" ဆိုတဲ့ သတိပေးသံနဲ့အတူ နားလည်သွားခဲ့ ပါတယ်။ စစ်အစိုးရတွေသာ သင်ခန်းစာမယူတတ်တာပါ။ ကျောင်းသားလှုပ်ရှားမှုတွေ ပေါ်တိုင်းသာ ကျောင်းပိတ်ရမယ်ဆိုရင် ကျောင်းတွေကို တာဝရပိတ်ဖို့သာ ရှိပါတယ်။ ကမ္ဘာ့ သမိုင်းတလျှောက်လုံး ကနေ့အထိ ကျောင်းသားလှုပ်ရှားမှုတွေ နေရာအနှံ့ အပြားမှာဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်နေပါတယ်။ ဒါပေမယ့်ကျောင်းတွေကို ပိတ်ပစ်တယ်ဆိုတာမျိုး ဘယ်နိုင်ငံမှာ၊ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ အင်္ဂလိပ်ကိုလိုနီခေတ် မဟာပြည်မှာလဲ မရှိခဲ့ပါဘူး။

အာဏာပိုင်တွေဟာ ကျောင်းသားထုရဲ့ ပြဿနာကို တကယ်တမ်း စေတနာ ဖြူဖြူစင်စင်နဲ့ ဖြေရှင်းချင်တယ်ဆိုရင် အင်မတန်လွယ်ပါတယ်။ ကျောင်းသားထုကို ကိုယ်စားပြုတဲ့ ကျောင်းသားသမဂ္ဂနဲ့ တွေ့ဆုံပြီး ဆွေးနွေးစွာ ဖြေရှင်းရင်ရပါတယ်။ ကမ္ဘာမှာရော စစ်အစိုးရ မတိုင်မီ မဟာပြည်မှာရော ဒီလိုပဲ လုပ်လေ့ရှိပါတယ်။ မဟာပြည်မှာ အလုပ်သမားလှုပ်ရှားမှု လယ်သမားလှုပ်ရှားမှုတွေမှာ နိုင်ငံရေးပါတီအသွဲ့များ ကြောင့် အဖွဲ့တွေကွဲနေတာ ရှိခဲ့ပေမယ့် ကျောင်းသားလှုပ်ရှားမှုကတော့ တလျှောက်လုံး တစည်းတလုံးတည်း ရှိခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂလည်း တခုတည်းပဲ ရှိခဲ့ပါတယ်။ ဒါဟာ အသိအမှတ် မပြုလို့ မရတဲ့ မဟာပြည်ကျောင်းသားများရဲ့ ဂုဏ်ဆောင်တဲ့ အစဉ်အလာ တခုဖြစ် ပါတယ်။

ကျောင်းသား ပြဿနာကို ကျောင်းသားတွေ ကိုယ်တိုင် မပါတဲ့ အုပ်စိုးသူရဲ့ အာဏာသက်သက်နဲ့ ဖိနှိပ်တဲ့ နည်းကို သုံးပြီးဖြေရှင်းလို့ကတော့ ဘယ်တော့မှ ပြေလည်မှာ မဟုတ်ပါဘူး။ ဒီကျောင်းသားတွေရဲ့ နောက်မှာ သူတို့ရဲ့ မိဘပြည်သူတွေ ရှိသေးတယ်ဆိုတာကို မေ့ထားရင်လဲ အမှားကြီး မှားတာ ပါပဲ။

● ကျောင်းသား သမဂ္ဂတွေ ဖွဲ့စည်းခွင့်ပေး၊

● ကျောင်းသားတွေရဲ့ ပြဿနာကို ကျောင်းသားတွေနဲ့အတူ ဖြေရှင်းရမယ်။

ကျူးဘားသမ္မတ ဖီဒယ်ကတ်စထရို

၏

'မနက်ဖြန်မှ ဆိုရင် သိပ်နောက်ကျသွားပြီ'



စာအုပ်မှ ထုတ်နှုတ် ဘာသာပြန်သည်

# ဘေးအန္တရာယ်ရင်ဆိုင် ကြုံတွေ့နေရတဲ့ လူသားမျိုးနွယ်

## အယ်ဒီတာ့ အမှာ

၁၉၉၂ ခုနှစ်၊ ဇွန်လအတွင်း 'ရီယိုဒီဂျနဲရိုး' မှာ မြေကမ္ဘာဆိုင်ရာ ထိပ်သီးအစည်းအဝေး တရပ် ကျင်းပပြီး နိုင်ငံပေါင်း(၁၀၇) နိုင်ငံမှ အစိုးရခေါင်းဆောင်များက ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းနဲ့ ပတ်သက်တဲ့ ၎င်းတို့ရဲ့ အမြင်များကို တင်ပြခဲ့ကြတယ်။

စက်မှုထွန်းကားတဲ့ ကမ္ဘာရဲ့ 'ကိုယ်ကျိုးကြည့်မှု'ကို ရပ်တန်းက ရပ်ဖို့ ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုက တောင်းဆိုခဲ့ပါတယ်။ သူ့ရဲ့ မိန့်ခွန်းကို နိုင်ငံခေါင်းဆောင် အများအပြားက ထောက်ခံပြီး လှိုက်လှဲစွာ ကြိုဆိုခဲ့ပါတယ်။

ဒါနဲ့ ပြောင်းပြန် – "ကျုပ်အနေနဲ့ တောင်းပန်မှု လုပ်ဖို့ 'ရီယို ဒီ ဂျနဲရိုး' ကိုလာတာမဟုတ်ဘူး"… ဆိုပြီး မိမိရဲ့ တာဝန်ရှိမှုကို တောင်းပန်ဖို့ ငြင်းဆိုကာ ကမ္ဘာပေါ်က ကျန်နိုင်ငံ များ ရဲ့ ဆန့်ကျင်ဘက် အနေအထားမှာ ရပ်တည်ခဲ့တဲ့ သမ္မတ ဂျော့ - ဘွတ်ရှ်ကို တော့ လက်ခုပ်သြဘာသံ ခပ်ကြဲကြဲ နဲ့ အေးတိအေး စက်သာ တုန့်ပြန် ခဲ့ကြတယ်။

အဲဒီ အစည်းအဝေးမှာ ကျူးဘားနိုင်ငံ သမ္မတ ဖီဒယ်ကက် စထရို ပြောကြားတဲ့ မိန့်ခွန်းကို 'မနက်ဖြန်မှ ဆိုရင် သိပ် နောက်ကျသွားပြီ' ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ်တအုပ် ထုတ်ဝေခဲ့ပါတယ်။

ယခုဆောင်းပါးဟာ အဲဒီမိန့်ခွန်းထဲက ပြောဆိုတင်ပြချက်တ ချို့ ကိုကောက်နုတ် ဘာသာပြန် ပြီး တင်ပြလိုက်တာဖြစ်ပါတယ်။

■ အရေးကြီးတဲ့ ဇီဝမျိုးနွယ်တခုဖြစ်တဲ့ လူသားများဟာ ၎င်းတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို အခါက်မပြတ် တိုးတိုးပြီး ဖျက်ဆီးခဲ့နေရမှုကြောင့် ပျက်သုဉ်းပျောက်ကွယ်မယ့်အန္တရာယ် ရှိလာနေပါတယ်။ ဒါကို ကာကွယ်တားဆီးဖို့ အလွန့်ကို နောက်ကျသလောက်ဖြစ်နေမှ ဒီပြဿနာကို ကျွန်တော်တို့ သတိပြုမိလာကြတာပါ။ ဒီတိတ်လန့် တုန်လှုပ်ဖွယ် ပတ်ဝန်းကျင်ပျက်ဆီးမှုမှာ အဓိက တာဝန်ရှိသူက စားသုံးသူ လူ့အဖွဲ့အစည်းတွေပဲလို့ပြောရပါမယ်။

ဒီလူ့အဖွဲ့အစည်းတွေဟာ ယခင်ကိုလိုနီစနစ်ရဲ့ မင်းနေပြည်တွေမှာ ပေါ်ပေါက်လာကြတာပါ။ သူတို့ဟာ နယ်ချဲ့ ပေါ်လစီများကနေ ပေါက်ဖွားလာကြတာဖြစ်ပြီး၊ ၎င်းပေါ်လစီများကပဲ ဈေးမရှုသားအများစုကြီးကို ဖွံ့ဖြိုးမှုနောက်ကျခြင်းနဲ့ ဆင်းရဲခြင်းတို့ကို ခံစားစေပြန်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ (၂၀%) ရာခိုင်နှုန်းသာ ရှိတဲ့ ဒီလူ့အဖွဲ့အစည်းတွေဟာ တကမ္ဘာလုံးက ထုတ်လုပ်လိုက်တဲ့ သယံဇာတတွေအားလုံးရဲ့ သုံးပုံနှစ်ပုံနဲ့ စွမ်းအင်တွေရဲ့ လေးပုံသုံးပုံတို့ကိုသုံးစွဲနေကြတယ်။ ၎င်းတို့ဟာ ပင်လယ်တွေ၊ မြစ်တွေကို အဆိပ်သင့်စေခဲ့တယ်။ လေထုကို ညစ်ညမ်းစေခဲ့တယ်။ အိုဇုန်းလွှာကိုပါးလျားပြီး ပေါက်ပြဲသွားစေခဲ့တယ်။ လေထုထဲမှာ ဓာတ်ငွေ့တွေနဲ့ ပြည့်သိပ်နေစေပြီး ကျွန်တော်တို့တတွေ ဝေဒနာခံစားနေကြရပြီဖြစ်တဲ့ ကပ်ဘေးသင့်မှုတွေ ဖြစ်စေအောင် ရာသီဥတုအခြေအနေတွေကို ပြောင်းလဲပစ်နေတယ်။

သစ်တောတွေပြုန်းတီးနေတယ်။ ကန္တာရတွေ ကျယ်ပြန့်လာနေတယ်။ မြေဆီလွှာတွေ တန်ချိန်ပေါင်း ဘီလီယံနဲ့ချီပြီး [illegible] ပင်လယ်ထဲ မျောပါသွားနေတယ်။ သက်ရှိမျိုးနွယ် အများအပြားဟာ မျိုးသုဉ်းကုန်တယ်။ လူဦးရေဖိအားနဲ့ ဆင်းရဲခြင်းတို့ ကြောင့် လူသားများဟာ သက်သက်အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သဘာဝကို ဖျက်ဆီးပစ်ပြီးတော့တောင်မှ အသေအလဲ ရုန်းကန်နေကြရှာတယ်။ အတိတ်တုန်းက ကိုလိုနီနိုင်ငံများဖြစ်ခဲ့ပြီး ယနေ့ခုတော့ တရားမမျှတတဲ့ ဈေးကွက်ရေး အစီအစဉ် [illegible] ချွေးစုပ်မှုနဲ့ လုယက်မှုတို့ကိုခံနေကြရတဲ့ နိုင်ငံများဖြစ်လာခဲ့ကြတဲ့ တတိယကမ္ဘာနိုင်ငံတွေကိုတော့ ဒီကိစ္စတွေ အားလုံး အတွက် အပြစ်တင်လို့ မရပါ။

ဖွံ့ဖြိုးဖို့ အလိုအပ်ဆုံးဖြစ်နေကြတဲ့ ဒီတိုင်းပြည်တွေရဲ့ ဖွံ့ဖြိုးမှုကို တားဆီးပိတ်ပင်တဲ့ နည်းနဲ့ ဖြေရှင်းလို့မရနိုင်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ ဒီကနေ့ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းနဲ့ ဆင်းရဲခြင်းတို့ကို ဖြစ်စေတဲ့ အကြောင်းရင်းဟာ သဘာဝဝန်းကျင်ကို ပြောင်းပြောင်းတင်းတင်း ဖျက်ဆီးနေမှုဖြစ်နေလို့ပါပဲ။

ဒါရဲ့ အကျိုးဆက်တရပ်အနေနဲ့ တတိယကမ္ဘာမှာ နှစ်စဉ်နှစ်တိုင်း ကုဋေနဲ့ချီပြီး ယောက်ျားတွေ မိန်းမတွေနဲ့ ကလေးတွေသေဆုံးနေကြတယ်။ ဒါဟာ ကမ္ဘာစစ်နှစ်ခုအာ နက် ကမ္ဘာစစ်တခုစီတိုင်းမှာ သေဆုံးရကဲ့အရေအတွက်ထက် ပိုများနေပါတယ်။

ကျန်းမာရေး မညီမျှမှု၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေး ဝါဒနဲ့ နိုင်ငံခြားကြွေးမြီတို့က ဇီဝဝန်းကျင်ဆိုင်ရာ စီမံခွင့် ညာညီမျှမှုကိုတိုက်စေပြီး သဘာဝဝန်းကျင်ရဲ့ အခြေအနေ ပျက်စီးမှုကို တိုးပွားနေစေပါတယ်။ ဒီလို ကိုယ့်ကိုယ်ကို ဖျက်ဆီးနေမှု အဖြစ်ကနေပြီး လူသားတွေကို ကျွန်တော်တို့ ကယ်တင်လိုတယ် ဆိုရင် ဥပဒေနဲ့ အကျိုးရှိတဲ့ နည်းပညာတွေကို တကမ္ဘာလုံးမှာ ပိုမို ကောင်းမွန်စွာ ဖြန့်ဖြူးပေးရမယ်။ တိုင်းပြည်အနည်းငယ်မှာ မိမိခံမှုနဲ့ ဖြုန်းတီးမှု ပိုနည်းလေလေ... ကမ္ဘာ့တိုင်းပြည်အများစုမှာ ဆင်းရဲမှုနဲ့ အငတ်ဘေးတို့ဟာလဲ ပိုမိုလျော့နည်းလေလေ ဖြစ်ပါလိမ့်မယ်။

သဘာဝဝန်းကျင်ကို ပျက်စီးစေတဲ့ 'နေထိုင်

...ဘဝတန်' ခဲ့စားသုံး မှု ...လေး အကျင့်တွေကို တ ...ယ ကမ္ဘာ နိုင်ငံများသို့ ...ပို့ပေးနေမှုကို ရပ်ဆိုင်း ...ပါ။ လူသားများရဲ့ ဘ ...တို့ ပိုမို ကြောင်းကျိုး ညီ ...ရှာ အသင့်ပြေ အောင် ...ပေးကြပါ။ တ ...မှုအမှု ပိုရှိတဲ့ နိုင် ငံ ...စီးပွားရေးရေစက်ကို ...ကြပါ။ ပတ်ဝန်းကျင် ...ညစ်ညမ်း မှုကိုလဲ မဖြ စ် ...အောင် ဖွံ့ဖြိုး မှုကိုလဲ အ ...ဆောင်ရွက်ပေးနိုင် တဲ့ ...ပညာကို အသုံးပြု ...ကြပါ။ နိုင်ငံခြားကြွေးမြီအ ...ား ဖိလပ်တက်ကျင် ဆိုင် ...ကြွေးမြီကို ဘယ်ကြပါ။ ...တော်အားကိုပပျောက် ...အောင်လုပ်ပါ။ လူသား မျိုး ...နွယ်ကို ပပျောက် အောင် ...လုပ်ပါနဲ့။

မျက်မှောက်မှာကျွန် ...ဖြစ်ခြိမ်းခြောက်မှုလို ထင် ...မှတ်နေတဲ့ အရာလဲမရှိတော့ ...ဘူး။ စစ်အေးတိုက်ပွဲဆင်နွှဲ ...ပြီ။ ဒါမှ မဟုတ် လက်နက်ပြိုင် ...ဆိုင်မှုနဲ့ စစ်ဘက်ဆိုင်ရာ ...သုံးစွဲမှုတွေအတွက်လုပ် ဖို့ ...ခင်ခြေ ဆင်လက်ပေးနေစ ...ရာလဲ မရှိတော့ဘူး။ ဘာ့ ...ကြောင့် တတိယ ကမ္ဘာ ရဲ့ ဖွံ့ဖြိုး မှုကို အားပေးဖို့ နဲ့ ကမ္ဘာ့ဒြပ်ကို ခြိမ်း ခြောက်နေတဲ့ ဇီဝဝန်းကျင် ပျက်စီး မှုကို တိုက်ခိုက်ဖို့ ဒီအရင်းအမြစ်တွေကို ချက် ချင်း မသုံး နိုင်ဖြစ်နေရတာ လဲ။

ကိုယ်ကျိုး ကြည့် မှုတွေတော်လောက် ပါပြီ။ မိုက်ကျူးလွန်းမိုးရေး ဆိုင်ကိန်း တွေတော်လောက်ပါပြီ။ စာ နာစိတ်ကင်းမဲ့မှု၊ တာဝန်မဲ့ မှုနဲ့ လိမ်ညာမှုတွေ တော် လောက်ပါပြီ။ လွန်ခဲ့တဲ့အ ချိန်ကာလ အတော် ကြာ ကြာကတည်းက လုပ်လာ မယ့် အလုပ်တွေကို စတင်လုပ် တော့မယ်ဆိုရင် အခုဖြ န် ဆိုတာ တောင် အတော့်ကို အချိန်နှောင်းနေပါပြီ။ "

× × ×

-----

'အိုအီးစီဒီ' (ဖွံ့ဖြိုး ပြီး စက်မှုနိုင်ငံများရဲ့ စီး ပွားရေး ပူးပေါင်းဆောင်ရွက် မှုနဲ့ ဖွံ့ဖြိုးရေး အဖွဲ့) အဖွဲ့ ဝင်နိုင်ငံတွေမှာ ကမ္ဘာ့ လူ ဦးရေရဲ့ (၁၆) ရာခိုင်နှုန်း သာရှိပြီး၊ ကမ္ဘာ့ မြေမျက် နှာပြင် စုစုပေါင်းရဲ့ (၂၄) ရာခိုင်နှုန်းသာ ကျယ်ဝန်းတဲ ပါ။ သူတို့ရဲ့ စီးပွားရေးကတော့ ကမ္ဘာ့ စုစုပေါင်း အမျိုးသား ထွက်ကုန်ရဲ့ (၇၂) ရာခိုင် နှုန်း ထွက်ရှိပြီး (တာတူဗေဒ ဆိုင်ရာ ပြည်ဝပို့ကုန် (၇၃) ရာခိုင်နှုန်းနဲ့ သစ်တောထွက် ပစ္စည်း သွင်းကုန်လဲပဲ (၇၃) ရာခိုင်နှုန်း ခန့် အပါအဝင်) ကုန်သွယ်မှုလုပ်တာဟာ၊ ကမ္ဘာ့ ကုန်သွယ်မှု စုစုပေါင်း ရဲ့ (၇၆) ရာခိုင်နှုန်း ရှိနေ ပါတယ်။

တဖန်တည်း မှာ (အိုအီးစီဒီ) အဖွဲ့ဝင် နိုင် ငံတွေဟာ ကမ္ဘာ့ ကာဗွန် ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ထုတ်လွှတ်မှုရဲ့ (၄၅) ရာခိုင်နှုန်း၊ ကမ္ဘာ့ ဆာလ်ဖာ ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ထုတ်လွှတ်မှုရဲ့ (၄၀) ရာခိုင် နှုန်းနဲ့ နိုက်ထြိုဂျင် အောက်ဆိုဒ် ဓာတ် ငွေ့ ထုတ်လွှတ်မှုရဲ့ (၅၀) ရာခိုင်နှုန်း တို့ အတွက် တာဝန်ရှိနေပါတယ်။ သူတို့ဟာ ကမ္ဘာ့ စက်မှု လုပ်ငန်း စွန့်ပစ် ပစ္စည်း များရဲ့ (၆၀) ရာခိုင်နှုန်း ကို ထုတ်လုပ်နေတာဖြစ် ပြီး၊ အန္တရာယ်ရှိတဲ့စွန့် ပစ်ပစ္စည်း များရဲ့ (၉၀) ရာခိုင်နှုန်းကို ဖြစ်ပေါ် စေခဲ့တာပါ။ ၁၉၈၄ ခု နှစ်တုန်းကဆိုရင် ကမ္ဘာ့ ကလိုရိုဖလူရိုကာဗွန် (chlorofluoro carb -on) ဓာတ်ငွေ့ထုတ် လွှတ်မှုမှာ တတိယကမ္ဘာ နိုင်ငံများက (၄.၄) ရာ ခိုင်နှုန်း၊ သာထုတ်ခဲ့ ပြီး အမေရိကန်၊ ဥရောပသမဂ္ဂ နဲ့ ဂျပန် တို့က (၈၄) ရာ ခိုင်နှုန်း ထုတ်ခဲ့ပါတယ်။


(အိုအီးစီဒီ) အဖွဲ့ဝင် နိုင်ငံတွေဟာ တကမ္ဘာလုံး မှာ ရောင်းချနေတဲ့ လောင်စာအားလုံး ရဲ့ (၅၂) ရာခိုင်နှုန်းကို အသုံးပြု နေပါတယ်။ ဒီအထဲမှာ ကျောက် မီးသွေး (၅၀) ရာခိုင်နှုန်းနဲ့ ရေနံ (၅၆) ရာခိုင်နှုန်း ပါပါတယ်။ ဖန်လုံအိမ်အကျိုးသက်ရောက် မှုကို ဖြစ်ပွားစေတဲ့ ဓာတ်ငွေ့ ထုတ်လုပ်မှုများကို အများဆုံး ဖန်တီးခဲ့တဲ့ တိုင်းပြည် (၁၀) ခု အနက် (၅) ခုဟာ အဆင့် မြင့်စက်မှုထွန်းကားတဲ့ နိုင် ငံကြီးများ ဖြစ်နေကြ ပါ တယ်။ ယခင် ဆိုဗီယက် ပြ နိုင်ငံကိုပါ ထည့်တွက်မယ် ဆိုရင် ဒီအုပ်စုဟာ ကမ္ဘာ့ ဓာတ်ငွေ့ထုတ်လုပ်မှု စုစု ပေါင်းရဲ့ (၆၀) ရာခိုင်နှုန်း ကျော် အတွက် တာဝန်ရှိမှာဖြစ် ပါ တယ်။ အကြီးမားဆုံး ဓာတ်ငွေ့ ထုတ်လွှတ်သူဖြစ်တဲ့ အမေ

ရိုက်နှိပ်မှုနည်းပညာဟာ ကမ္ဘာ့ စာတတ်မြောက်မှုနှုန်းပေါင်း ရဲ့ (၅၀)ရာခိုင်နှုန်းကို ထုတ်လုပ် နေပါတယ်။ ယနေ့ခေတ် အာရှ၊ သက်ရောက်မှုကိုဖြစ်ပေါ်စေ ရာမှာ ဖွံ့ဖြိုးပြီး နိုင်ငံ တွေ ဟာ တတိယ ကမ္ဘာ နိုင်ငံ တွေထက် (၄) ဆ သာ ပါတယ်။

.သမိုင်းကြောင်းအ ရဆိုရင် ဖွံ့ဖြိုးမှုနိမ့်ကျ တဲ့ နိုင်ငံများရဲ့ သစ်တော ပျက်သုဉ်းမှုကို အဓိ က တွန်းအားပေးသူနဲ့ ဒါကနေ အကျိုးခံစားရရှိသူ ဟာ ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ် ကြပါတယ်။ ကိုလိုနီ အုပ် ချုပ်ရေး ခေတ်တုန်းက ရော၊ အရင်းရှင် အင်အား ကြီးနိုင်ငံ များ စီးပွားရေး ချဲ့ထွင် ချိန်မှာရော ကိုလို နီ လက်သစ်က တတိ ယ ကမ္ဘာရဲ့ သဘာဝအရင်းအ မြစ်တွေကို သွေးစုပ် မှု ကြောင့်ရော... ကမ္ဘာပေါ် ကကျယ်ပြောလှတဲ့ သစ် တောများဟာ အရမ်းကာ ရော ခုတ်လှဲခြင်းခံခဲ့ရပါ တယ်။ သစ်အဖြစ်အသုံးဖို့ နဲ့ စက်မှုနိုင်ငံကြီးများ သို့ အစားအသောက်နဲ့ကုန် ကြမ်း ပစ္စည်းများ တင် ပို့ ပေးနိုင်ဖို့ သစ်တောမြေတွေ ကို စိုက်ပျိုးမြေ အဖြစ် ပြောင်း လဲပစ်ဖို့လဲ ဖြစ်ပါတယ်။

.ဒါကို ကျယ်ကျယ် ပြန့်ပြန့် သုံးသပ် ကြည့်မယ် ဆိုရင် မရှောင်မလွှဲ သာ ရ လာမယ့် နိဂုံး ချုပ်ချက်က တော့ တတိယကမ္ဘာ တ ခုလုံး သဘာဝ ဝန်းကျ င် ဆိုင်ရာ အခြေအနေ ဆိုးသ ထက် ပိုဆိုး လာတာ ဟာ ဖွံ့ဖြိုးပြီး အရင်းရှင်ကမ္ဘာ မှာ တာဝန်ရှိ တယ် ဆို တာပါပဲ။ သမိုင်း တ လျှောက်မှာ ကိုလိုနီ သွေး စုပ်မှု၊ ခေတ်သစ် ကိုလို နီသွေးစုပ်မှုတွေကိုကျင့် သုံးပြီး အာရှ၊ အာဖရိ က နဲ့ လက်တင်အမေရိ ကတိုင်းပြည်များကို ဖွံ့ ဖြိုးမှု နောက်ကျစေပြီး စီးပွားရေး ပျက်ယွင်းစေခဲ့ တဲ့ တိုင်းပြည်ကြီးတွေမှာ အထူးသဖြင့် တာဝန်ရှိပါ တယ်။ ။

- - - - - - - -



စာမျက်နှာ (၃၄) မှ

ဘောဂဗေဒ ပို့ချချက်မှ အဆက်

ဖြစ်စဉ်ပိုင်း သံသရာ လည်ပတ်မှု တခုလုံးမှ သုံးသပ်ကြည့်ဖို့ လိုပေသည်။ အချိန်ကာလတိုင်း တခု၏ အခြေအနေကိုသာ ကြည့်၍ မဖြစ်ပေ။ အရင်းရှင် စီးပွားရေး ယန္တရား ဖွံ့ဖြိုးချိန်၌ အလုပ်သမား လူတန်းစား၏ စည်းရုံးမှုရှိသော တိုက်ပွဲသည် ၎င်းတို့ဘဝ အခြေအနေကို တစုံတရာကောင်းမွန်စေနိုင် သော်လည်း စီးပွားရေးကပ်ဘေးနှင့် စီးပွားရေး ထိုင်းမှိုင်းချိန် ကာလများ သို့ရောက်သော အခါ ဆင်းရဲချွတ်ခြုံကျမှုနှင့် တဖန်ကြုံတွေ့ရပေလိမ့်မည်။ အလုပ်လက်မဲ့ အရေတွက်မှာ ကြီးထွားလာခြင်း၊ စက်ကိရိယာ အသုံးတပ်ဆင်မှုက အလုပ် သမားများကို ဖယ်ထုတ်ပစ်ခြင်း၊ အလားတူ စက်ကိရိယာ များ၏ ဖယ်ထုတ်ခြင်းကို ခံရသော လယ်ယာလုပ်ငန်းပိုင် သောလူဦးရေ များပြားလာခြင်း စသည်တို့က အလုပ်သမားများ တိုက်ပွဲဝင်ရာမှ ရရှိသော နေထိုင်မှုဘဝ တိုးတက်မှု ကို အကြိမ်ကြိမ် အဖန်ဖန် ချေဖျက်ပစ်ပေလိမ့်မည်။ တတိ ယ အားဖြင့် တိုင်းပြည်အသီးသီး၏ အဆိုင်အမာ အခြေ အနေနှင့် ၎င်းတို့၏သမိုင်းအရ ဖြစ်ပေါ်လာသော နေထိုင် မှု ဘဝ ရေချိန်များမှ အစချီရပေလိမ့်မည်။ သဘာဝအချက် အလက်များနှင့် သမိုင်းဆိုင်ရာအချက် အလက်များ ကွာခြား မှုကြောင့် အရင်းရှင် တိုင်းပြည် အသီးသီး၏ နေထိုင်မှု ဘဝသည် အတူ မတူကြပေ။ အချို့သော တိုင်း ပြည်များရှိ အလုပ်သမားများ၏ နေထိုင်မှုဘဝ ရေချိန် သည် နှိုင်းယှဉ်ခြင်းအား ဖြင့် မြင့်ပေသည်။ သို့သော် ၎င်း အလုပ်သမား များ ရင်ဆိုင်နေကြရသော အကြွေး များ ပင်လယ်ဝေနေခြင်း၊ အလုပ်လက်မဲ့ များပြားလှ ခြင်း၊ အခွန်အကောက် အကြီး ပိနေခြင်း၊ ငွေကြေး ဖောင်း ပွနေခြင်း စသည်တို့ကို ကြည့်လျှင် ၎င်းတို့၏ ဆင်း ရဲ ကျပ်တည်းမှုကို တွေ့ရှိနိုင်ပေလိမ့်မည်။ ။

# ဗဟိုပါတီကျောင်း

# နိုင်ငံရေးဘောဂဗေဒ

## ပို့ချချက်

၁၉၈၆ ခုနှစ်က ပြုလုပ်ခဲ့သော ပါတီဗဟို၏ အဆင့်မြင့်ကေဒါသင်တန်းတွင် ပို့ချခဲ့သော နိုင်ငံရေးဘောဂဗေဒ ဘာသာရပ်မှ ပို့ချချက် (၁) (၂) (၃) နှင့် (၄) တို့ကို ယခင်ထုတ်ဝေခဲ့သော ပြည်သူ့အာဏာဂျာနယ် များတွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ကျန်အပိုင်းများကိုနောင်စာစောင်များတွင် ဆက်လက်ဖော်ပြသွားပါမည်။

နှိုင်းယှဉ်ခြင်းအားဖြင့် ပို ရှုံ သော လူဦးရေသည် အရင်းရှင်ရှု့ အဖွဲ့အစည်း၏ စက်မှုလုပ်ငန်းဆိုင် ရာ အရံတပ်မတော်ပင် ဖြစ်သည်။ ၎င်းသည် အရင်းရှင်စနစ် ကြောင့် မရှောင်မလွှဲသာ ဖြစ်ပေါ်လာရမည့် အရာ ဖြစ်သည်။ အရင်းရှင် ထုတ်လုပ်ရေးနည်းအာ တည်ရှိရန်နှင့် ဖြစ်ပေါ်တိုးပွားရန်အတွက်လိုအပ်သော အကြောင်းအချက်လည်းဖြစ်သည်။ အရင်းရှင်ထုတ်လုပ်ရေးသည် မင်းမဲ့ ထုတ်လုပ်ရေး ဖြစ်သည်။ ထုတ်လုပ်ရေး အကျပ်အတည်းတိုးချဲ့လာသောအခါ လုပ်အားအပေါ် လိုအပ်မှုကို လျှော့ချရ သဘာဝ အရ တိုးပွားမှုဖြင့် မပြည့်တင်းနိုင်ပေ။ စီးပွားရေးကပ်ဘေးကြီး ဆိုက်ရောက်လာတော့အခါ အလုပ်သမား အများအပြားကို အလုပ်လက်မဲ့ ဖြစ်စေသည်။ အတိုင်းအတာကြီးမားသော စက်မှုလုပ်ငန်း၏ အလုပ်လက်မဲ့ အရံတပ်မတော် တည်ရှိနေရန် အရင်းရှင်ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးပွား မှုက တောင်းဆိုနေပေသည်။ တဖန်စက်မှုလုပ်ငန်းကြီး၏ အလုပ်လက်မဲ့ အရံတပ်မတော် တည် ရှိနေခြင်းက အလုပ်သမား များအား အရင်းရှင်များက ပိုမို ပြင်းပြင်းထန်ထန် ချွေးစုတ်စေနိုင်လေသည်။ အကြောင်းမှာ အလုပ်လက်မဲ့များ တည်ရှိနေခြင်းက လုပ်အားဈေးကွက် အပေါ် ကြီးမားသော ဖိအား ဖြစ်ပေါ်စေပေသည်။ အလုပ် သမားများအား အလျှော့ပေးပြီး အ

ရင်းရှင်များက ဈေးကွက်၌ အဖိုးညီသော လုပ်အားကို ရရှိစေပေသည်။ ထို့ကြောင့် အရင်းရှင်လူ့အဖွဲ့အစည်းသည် အလုပ်လက်မဲ့ များပျောက်ကွယ်စေရန် မစွမ်းဆောင်နိုင်ပေ။

## ပြဿနာ (၃)

■ အရင်းစုပုံမှုနှင့် ပစ္စည်းမဲ့လူတန်းစား ဆင်းရဲမွဲပြာကျလာခြင်း။

■ အရင်းစုပုံမှုယေဘုယျတရား။ ■ အရင်းစုပုံမှု၊ ၎င်းနှင့်လျော်ညီစွာ စက်မှုလုပ်ငန်းတိုးချဲ့လာခြင်းများက ပစ္စည်းမဲ့လူတန်းစား၏ အဆင့်နေရာနှင့် ဘဝအခြေအနေကို ဆိုးရွားစေကြောင်း အထက်ပါ ခွဲခြမ်းစိတ်ဖြာချက်အရ တွေ့ရှိနိုင်ပေသည်။ မာ့က်စ်က "လူ့အဖွဲ့အစည်းဆိုင်ရာ ဥစ္စာဓန အသုံးပြုသည့် အရင်းအနှီး ၎င်းတို့၏တိုးပွားမှု အတိုင်းအတာနှင့် စွမ်းအားကြီးမားလေလေ ပစ္စည်းမဲ့လူတန်းစား၏ အကြွင်းမဲ့ ပမာဏနှင့် ၎င်း၏ အလုပ်အထွက်နှုန်းသည်လည်း ကြီးမားလာလေလေ စက်မှုလုပ်ငန်း အရံတပ်မတော်သည်လည်း ကြီးမားလာပေလိမ့်မည်။ အရင်းအနှီး၏ တိုးချဲ့နိုင်သော စွမ်းအားကို ဖြစ်ပေါ်တိုးပွားနိုင်စေသည့် တူညီသော အကြောင်းရင်းများက ပင်လျှင် ၎င်း၏လက်ဝယ်အသုံးချနိုင်သည့် လုပ်အားကိုလည်း ဖြစ်ပေါ်တိုးပွားစေသည်။ ဥစ္စာဓန၏ ငုပ်လျှိုးနေသော စွမ်းအား တိုးလာသည်နှင့်အမျှ စက်မှုလုပ်ငန်းအရံတပ်မတော်၏ နှိုင်းယှဉ်ခြင်း ပမာဏမှာ တိုးလာလေသည်။ လက်ရှိလုပ်ကိုင်နေသော အလုပ်တပ်မတော်ထက် အချိုးအစားအားဖြင့် ဤအရံတပ်မတော်ကြီးမားလာလေလေ အမြဲတမ်းရှိသည့် ပိုလျှံသော လူဦးရေ ပမာဏသည်လည်း ကြီးမားလာလေလေဖြစ်ပြီး ၎င်းတို့၏ဆင်းရဲနွမ်းပါးမှုသည် ၎င်းတို့ခံစားနေရသော အလုပ်ဖိနှိပ်မှုနှင့် ပြောင်းပြန်အချိုးအစား ဖြစ်လေသည်။ နောက်ဆုံးအနေဖြင့် အလုပ်သမား လူတန်းစား၏ အဆင်းရဲဆုံးအလွှာများနှင့် စက်မှုလုပ်ငန်းအရံတပ်မတော် ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ အစိုးရက အသိအမှတ်ပြုရသော ကယ်ဆယ်ရန်လိုအပ်သည့် ဆင်းရဲသားများသည်လည်း ပို၍ များပြားလာလေလေပင် ဖြစ်သည်။ ဤသည်အရင်းစုပုံမှု၏ အကြွင်းမဲ့ယေဘုယျတရား ဖြစ်သည်" ဟုပြောဆိုလေသည်။ အနှစ်ချုပ်၍ အရင်းရှင်များက ပိုင်ဆိုင်ထားသော အရင်းနှင့် ဥစ္စာဓန၏ စုပုံမှု၊ အခြားအစွန်းတဖက်၌ အလုပ်သမားများ ဆင်းရဲမွဲပြာကျမှု၏ စုပုံမှု၊ ဆိုလိုသည်မှာ အရင်းသည်မြှုပ်နှံရာ အတွက် ပစ္စည်းကို ထုတ်လုပ်သော အလုပ်သမား လူတန်းစားအတွက်မှာကား ဆင်းရဲနွမ်းပါးမှု၊ အလုပ်၏ဖိစီးနှိပ်စက်မှု၊ ကျွန်သဘောက် အဖြစ် သွတ်သွင်းခံရမှု၊ မသိနားမလည်မှု၊ ကြမ်းကြုတ်ရက်စက်မှု၊ ကျင့်ဝတ်ဆုတ်ယုတ်ပျက်ပြားမှုစသည်တို့ စုပုံခြင်းပင်ဖြစ်သည်။ အရင်းရှင်စနစ်အောက်၌ ဆင်းရဲမွဲပြာကျမှုဆိုသည်မှာ နှိုင်းယှဉ်ခြင်းဆင်းရဲမွဲပြာကျမှုနှင့် အကြွင်းမဲ့ဆင်းရဲမွဲပြာကျမှုတို့ပင် ဖြစ်သည်။

■ ပစ္စည်းမဲ့လူတန်းစား၏ နှိုင်းယှဉ်ခြင်းဆင်းရဲမွဲပြာကျမှု

ပစ္စည်းမဲ့လူတန်းစား၏ ဆင်းရဲမွဲပြာကျမှုမှာ လူတန်းစားတရပ်လုံး ဆင်းရဲမွဲပြာကျမှုကို ဆိုလိုပေသည်။ အလုပ်သမားတဦး ဆင်းရဲကြပ်တည်းမှုကို မဆိုလိုပေ။ ပစ္စည်းမဲ့လူတန်းစား၏ နှိုင်းယှဉ်ခြင်း ဆင်းရဲမွဲပြာကျမှု ဆိုသည်မှာ လူ့အဖွဲ့အစည်းတခုလုံး၏ ဝင်ငွေအတွင်း၌ အလုပ်သမားလူတန်းစားက ရရှိမည့် အပိုင်းသည် အရင်းရှင်လူတန်းစားက ရရှိသော အပိုင်းနှင့် နှိုင်းယှဉ်လျက် အဆက်မပြတ်လျော့နည်းလာခြင်းကို ဆိုလိုပေသည်။

အရင်းစုပုံမှုနှင့် အရင်းရှင်ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်အတွင်း စက်ကိရိယာ အသုံးပြုခြင်း၊ စက်ကိရိယာကို အလိုအလျောက် ထိန်းချုပ်သော အတတ်ပညာ တိုးတက်လာခြင်း၊ အလုပ်ခွဲဝေမှု တိုးတက်ဖြစ်ပွားလာခြင်း၊ အလုပ်သမားများ၏ အလုပ်ပြီး

တော်နှင့် အလုပ်အတွက်ချိန်း မပြတ်
တိုးမြင့်လာခြင်း အစရှိသောအကြောင်း
အချက်များအောက်တွင် တနေ့တာအ
လုပ်ချိန်မပြောင်းလဲသော်လည်း ၁ပို.
နည်းမဟုတ် ပိုမိုတိုတောင်း သွား
သော်လည်း အလုပ်သမားများ က
ခံမိတို့ ပေးအပ်သော နေ့ဝိုင်  စား
သောက်မှု ပစ္စည်းများကို ပြန်လည်
ထုတ်လုပ်သည့် လိုအပ်သော အ
လုပ်ချိန်သည် ပိုမိုလျော့နည်းသွားပြီး
အမြန်ထွက် တန်ဖိုးကို ထုတ်လုပ်သော
အမြန်ထွက် အလုပ်ချိန်သည် ပိုမို၏
တိုးများလာလေသည်။ ကျွန်ုပ်ဖြင့် လူ့
အဖွဲ့အစည်း တစုလုံး၏ ဝင်ငွေအတွင်း
အလုပ်သမားရရှိသော အပိုင်း သည်
ပိုမိုနည်းလာကာ အရင်းရှင်များရရှိ
သော အပိုင်းသည် ပို၍များပြားလာ
သည်။ အလုပ်သမား နှင့် အရင်းရှင် အ
ကြားကွာခြားမှုသည် ပိုမိုနက်ရှိုင်းလာ
ပြီး အလုပ်သမားများ၏ လူ့အဖွဲ့ အ
စည်းဆိုင်ရာ အဆင့်နေရာသည်ပို၍
ဆိုးရွားလာသည်။ ဥပမာ-အမေရိကန်
၌ အစိုးရထုတ်ပြန်သော စာရင်းဇယား
များ၏ လုပ်ခနှင့် ၎င်းတို့ ဖန်တီးသော
အကျိုးအမြတ်ဝင်ငွေ၏ အချိုးသည် ၁၈၈၉
ခုနှစ်တွင် ၄၀ ဒသမ ၈ ရာခိုင်နှုန်းဖြစ်
သည်။ ၁၉၁၉ ခုနှစ်တွင် ၈၇ ဒသမ ၇ ရာ
ခိုင်နှုန်းဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် ၃၂
ဒသမ ၃ ရာခိုင်နှုန်း ဖြစ်သည်။ ၁၉၃၉
ခုနှစ်တွင် ၃၁ ဒသမ ၃ ရာခိုင်နှုန်းဖြစ်
သည်။ ကျွန်တော်၌ ထောက်ပြသင့်သည်
မှာ ပစ္စည်းမဲ့လူတန်းစား၏ဆင်းရဲမှု
ခြင်း ဆင်းရဲ မွဲပြာကျမှုသည် တ
ကယ်လုပ်ခ ကျဆင်းသောအခါ ၌
ဖြစ်ပွားနိုင်ရုံ မ က တကယ့်လုပ်ခ
မပြောင်းလဲသောအခါ သို့မဟုတ် တ
တိုးမြင့်လာသော အချိန်သည်အလုပ်
သမားများ၏ အလုပ်ပြင်းထန်မှု နှင့်
အလုပ်အတွက်ချိန်း တိုးမြင့်သောအ
ရှိန်ထက် နှေးကွေးသော အခါ အလုပ်
သမားများက ဖန်တီးသော တန်ဖိုး
သစ်တွင် လုပ်ခ၏ အချိုးသည် ကျ
ဆင်းသွားပေလိမ့်မည်။ မာ့က်စ် က
"လုပ်ခ၏ မည်သို့သော တင်ရှား
သည့် တိုးများလာမှုကို မဆို အရင်း
အနှီးအား ထုတ်လုပ်သော အရှိန်လျင်
မြန်စွာ တိုးမြင့်မှုကို အကြောင်း အ
ချက် အဖြစ်ထားရှိလေသည်။ အ
ရင်း ထုတ်လုပ်မှု လျင်မြန်စွာ တိုးမြင့်
လာခြင်းသည် ဥစ္စာဓန သုံးဖြုန်း မှု
လူ့အဖွဲ့ အစည်း လိုအပ်ချက်နှင့်လူ့
အဖွဲ့အစည်းဆိုင်ရာ ခံစားမှုကို အ
လားတူ တိုးမြင့်လာစေပေသည်။ ထို့
ကြောင့် အလုပ်သမား များ၏ခံစားမှု
တိုးမြင့်လာသည်မှာ မှန်သော် လည်း
အလုပ်သမား များမရနိုင်သော အ ရင်း
ရှင်များ၏ ခံစားမှု နှင့် တလျှင် ယော့
ယှဉ်လူ့အဖွဲ့အစည်း ဖြစ်ပေါ် တိုးပွားမှုရေ
ချိန်နှင့် တလျှင် အလုပ်သမားများ ရရှိ
သော လူ့အဖွဲ့အစည်းဆိုင်ရာဖြည့်စွမ်း
မှုရေချိန်သည် ကျဆင်းနေပေသည်။
မည်မျှသေးငယ်သော အိမ်ကလေး တ
လုံးဖြစ်စေကာမူ ပတ်ဝန်းကျင်ရှိအိမ်
များ အလားတူ သေးငယ်နေပါက နေ
အိမ်ပေါ်က လူ့အဖွဲ့အစည်း၏တောင်း
ဆိုချက်မှန်သမျှကို ၎င်းက ဖြည့် ဆွတ်
ပေးနိုင်ပေသည်။ သို့သော်၎င်းနေအိမ်
ကလေး၏ ဘေးတွင် နန်းတော် တ
ဆောင်တည် ဆောက်လိုက်သော အ
ခါ ၎င်းနေအိမ်သည် သာမန်တဲ့ တဲ
အိမ် ဖြစ်သွားပေသည်။ ယဉ်ကျေးမှု
တိုးတက်လာသည် နှင့် အမျှနေအိမ်
ကလေး၏ အတိုင်း အတာသည် ကြီး
ကျယ်ခမ်းနားလာသော် လည်း အနီး
အနား ရှိနန်းတော်က အလားတူ အတိုင်း
အတာ သို့မဟုတ် ပိုမိုကြီးမား သော
အတိုင်းအတာဖြင့် တိုးချဲ့လာခဲ့လျှင်
၎င်းနေအိမ်ကလေး၏ အိမ်ရှင်သည်
အနေအထိုင် ကျဉ်းကြပ်မှုကို ခံစား
ရပြီး မကျေနပ် ဖြစ်လာပေလိမ့်မည်။
လူတကာ၏ အထင်သေး မှုကို ခံစားရ
ပေလိမ့်မည်..." ဟုပြောခဲ့ပေသည်။

## ■ ပစ္စည်းမဲ့လူတန်းစား၏ အကြွင်းမဲ့ဆင်းရဲမွဲပြာကျမှု

ပစ္စည်းမဲ့ လူတန်းစား၏ အကြွင်း
မဲ့ဆင်းရဲမွဲပြာကျမှု ဆိုသည်မှာ အရင်း
ရှင်စနစ်အောက်တွင် အလုပ်သမား၏နေ
ထိုင်မှုဘဝနှင့် အလုပ် နှင့်ပတ်သက်သော
အချက်အလက် ဆိုးရွားလာခြင်းကို ဆို
လိုပေသည်။ ၎င်း၏ ဖော်ပြချက် မှာ
အောက်ပါအတိုင်း ဖြစ်သည်။

ဦးစွာအားဖြင့် အလုပ်လက်မဲ့အ

လုပ်သားများ၏ တကယ့်လုပ်ခ ကျဆင်းခြင်း၊ ဤသို့ကျဆင်းရသော အဓိက အကြောင်းရင်းမှာ အရင်း၏ ဩဂါနစ် ဖွဲ့စည်းမှု တိုးမြင့်ခြင်း၊ စက်ကိရိယာ အသုံးပြုလာခြင်းနှင့် အရင်းရှင် စနစ် စီးပွားရေး ကပ်ဘေး ဆိုက်ခြင်းနှင့် စီးပွားရေး ထိုင်းမှိုင်း ခြင်းတို့ ဖြစ်ပေသည်။ အရင်း၏ ဩဂါနစ်ဖွဲ့စည်းမှု တိုးမြင့်လာပြီး နှိုင်းယှဉ်ခြင်းမိုလျှံသော လူဦးရေ အများ အပြားပေါ်ပေါက်လာသော အခါ လုပ်အားဖြည့်တင်းမှုက လုပ်အားအပေါ်ရှိ အပ်မှုထက် အမြဲဆိုသလို ကျော်လွန် နေပြီး ဤအခြေအနေကို အရင်းရှင် များက အသုံးချကာ လုပ်အား၏ အဖိုးငွေ ကို နှိမ်ချလေ့ရှိသည်။ စက်ကိရိယာ အသုံးပြုမှု မပြတ်တိုးတက်လာ ခြင်းနှင့် အလုပ်ခွဲဝေမှု တိုးပွားလာခြင်း တို့သည် လုပ်ငန်းဌာန နှင့် အလုပ် အမျိုး အစား အမြောက်အမြား၏ အလုပ် ကို လွယ်ကူစေကာ အရင်းရှင် များ အား မကျွမ်းကျင်သော အလုပ်သ မား များဖြင့် ကျွမ်းကျင်သော အလုပ်သမား များကို အစားထိုးခြင်း၊ အမျိုး သမီး များဖြင့် ယောက်ျား များကို အစား ထိုး ခြင်း၊ ကလေးသူငယ်များဖြင့် လူကြီးများ ကို အစားထိုးခြင်းများကို ပြုလုပ်နိုင် စေသည်။ အမျိုးသမီး၊ ကလေးသူငယ်၊ ယောက်ျား အလုပ်သမားများ အလုပ်ရှာ ပြီး လုပ်ခ မတူခြင်း၊ အစားထိုးခံရသော အလုပ်သမားများ လုပ်ခ ပိုနိမ့်သော အ လုပ်ကို လုပ်ရခြင်း အဝရှိသည် တို့ကို ပြုလုပ်နိုင်စေသည်။ အထူးသဖြင့် စီး ပွားရေးကပ်ဘေး ဆိုက်ချိန်နှင့် စီး ပွား ရေး ကျပ်တည်းမှုကပ်ကြီး ဆုံးပြီးနောက် ပေါ်ပေါက်လာသော စီးပွားရေး ထိုင်းမှိုင်း ချိန်၌ အလုပ်လက်မဲ့များ လျင်မြန်စွာ တိုးများမှုကို အသုံးချပြီး အရင်းရှင် များသည် လုပ်ခများကို အရူးအမူး နှိမ့် ချပစ်ကာ စီးပွားရေးကပ်ဘေးကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများ ကို အလုပ်သမား များ၏ ခေါင်းပေါ် ပုံ ချလေ့ရှိသည်။ ဤအချက်က တကယ့် လုပ်ခကို ကျဆင်းစေသည်။

တကယ့်လုပ်ခသည် အ ဆက်မပြတ် ကျဆင်းမနေပေ။ အ ကြောင်းမှာ တကယ့်လုပ်ခကျဆင်း စေသော အကြောင်းအချက်များ ရှိ နေသကဲ့သို့ တကယ့်လုပ်ခ ကျဆင်း ခြင်းကို အတားအဆီး ဖြစ်စေသော အ ကြောင်း အချက်များ လည်း တည် ရှိ နေသောကြောင့် ဖြစ်သည်။ ဤ အ ကြောင်းအချက်မှာ အဓိက အား ဖြင့် အလုပ်သမား များ၏ စည်းရုံးမှု ရှိ သော တိုက်ပွဲပင် ဖြစ်သည်။ ကျွန် တော်တို့ သိကြတဲ့ အတိုင်း လုပ်အား ဖြည့်တင်းမှုက လုပ်အားလိုအပ် မှု အား ကျော်လွန် နေသော အချက်ကို အသုံးပြုပြီး အရင်းရှင်များသည်အ လုပ်သမားများ၏ လုပ်ခကို တတ်နိုင် သရွေ့ နှိမ့်ချပစ်လေ့ရှိသည်။ အခြား တဖက်တွင်လည်း အလုပ်သမားများ က စည်းရုံးမှု အင်အားကို အသုံး ပြု၍ အရင်းရှင်များကို ရင် ဆိုင် ဆန့်ကျင်ကာ လုပ်ခမြှင့်တင် ရေး တိုက်ပွဲကို ဆင်နွှဲလေ့ရှိသည်။ စည်း ရုံး မှုရှိသော တိုက်ပွဲကို ဆင်နွှဲ လေ့ ရှိသည်။ စည်းရုံး မှုရှိသော တိုက် ပွဲကို အောင်မြင်စွာ ဆင်နွှဲနိုင်သော အခါ အရင်းရှင်များသည် မိမိ ၏ စိတ်ဆန္ဒကို ဆန့်ကျင်ကာ အလုပ် သမားများ အား လုပ်အားတန်ဖိုး နှင့် နီးစပ်သောလုပ်ခကိုပေးကြရ သည်။ သို့သော် စီးပွားရေး က ပ် ဆိုက်ရောက် လာသောအခါ အလုပ် သမားများ တိုက်ပွဲ ဆင်ပြီး ရရှိ ခဲ့ သော အသီး အပွင့်များ ဖျက်ဆီးခံ ရပြီး လုပ်ခတိုးရေး တိုက်ပွဲကို တ ဖန် စတင်ကြရပြန်လေသည်။

ပစ္စည်းမဲ့ လူတန်းစား၏ အ ကြွင်းမဲ့ ဆင်းရဲမွဲပြာကျမှုသည် အ လုပ်လက်မဲ့ နှင့် အလုပ်လက်မဲ့ တ ပိုင်း ဦးရေ တိုးများ လာခြင်းက တဖန် ဖော်ပြပေသည်။ အလုပ်လက်မဲ့ တ နည်း အားဖြင့် နှိုင်းယှဉ်ခြင်းအားဖြင့် ပိုလျှံသော လူဦးရေသည် အရင်းရှင် စ နစ်အောက်တွင် မလွှဲမရှောင်သာပေါ် ပေါက်ရမည့် အရာ ဖြစ်သည်၊ ယေဘု ယျ အား ဖြင့် အလုပ်လက်မဲ့ နှင့် အ လုပ်လက်မဲ့ တပိုင်း ဦးရေတိုး များ လာခြင်းနှင့် လျော့နည်း ခြင်း သည် အ ရင်းရှင် ထုတ်လုပ်ရေး၏ စက်ဝိုင်းသဘော လည်ပတ်မှုရှိ ကာလပိုင်း အသီးသီး ၏

ကြွင်းမဲ့မှု နှင့် ကိုက်ညီပေသည်။ အလုပ်လက်မဲ့ နှင့် အလုပ်လက်မဲ့ တ ပိုင်း ဦးရေတိုးများလာသော အခြေ အနေ အောက်တွင် အလုပ်လက် ရှိ အလုပ်သမားများ၏ တကယ့်လုပ ခ မကျဆင်းသည့်တိုင်အောင် အ လုပ်သမား လူတန်းစား တရပ် လုံး အဖို့ အကြွင်းမဲ့ ဆင်းရဲမွဲပြာကျမှု သည် ဆက်လက်ဖြစ်ပေါ်လျှက် ရှိ နေသည်။

တကယ့်လုပ်ခကျဆင်း မှု နှင့် အလုပ်လက်မဲ့တိုးများလာခြင်း က အလုပ်သမားများ၏နေထိုင်မှု ဘဝ အခြေအနေကို ဆိုးရွားစေပြီး ဆင်းရဲကျပ်တည်းသောလူဦး ရေ တိုးများလာစေသည်။ အလုပ်သ မားများဆင်းရဲမွဲပြာကျလာခြင်း ခုံပတ်သက်ပြီး လီနင်က ၁၉၁၂ ခု နှစ်တွင် ဤသို့ပြောခဲ့ပေ သည်။ " အစား အစာ၊ အဝတ်၊ လောင် စာနှင့် နေအိမ်များဈေး တ က် လျှက်ရှိ သည်။ အလုပ်သမား များသည် အကြွင်းမဲ့အား ဖြင့် ဆင်းရဲမွဲပြာကျလာသည်။ ဆိုလို သည်မှာ ယခင်ကထက်တကယ် ပင်ပို၍ ဆင်းရဲကျပ်တည်းလာပြီး ဆိုးဆိုး ဝါးဝါး နေထိုင်ကြရလျှက်ရှား ရှားပါးပါး မဝတဝ စားကြရ ကာ မြေအောက်ခန်းကလေးနှင့် ထိ ပ် ဆုံး ထိုက် အ ထပ် ကလေး များတွင် ညှပ်နေထိုင်ကြရသည်။ အလုပ်ရှင်၏ ဆိုဝါးသော ဖြစ်ရပ်များ ကိုထောက် ပြ၍ ကုန်ဒိုင်လိမ့်မည် မဟုတ်ပေ။ ၁၉၇၉ ခုနှစ်၊ အမေရိကန် စက် မှု လုပ်ငန်း ဆက်သွယ်ရေး ကော် မ တီ အစီရင်ခံစာ အရ အလုပ်သ မား အိမ်ထောင် တဝက်ကျော် မှာ ယေဘုယျ နေထိုင်မှု ဘဝ ရေ ချိန် ထက် နိမ့်သော အခြေအနေ တွင် နေထိုင်ကြရသည်။ အလုပ်သ မား အိမ်ထောင်၏ ၃၃ မှာ လုံးဝ ဆင်းရဲ သော အခြေ အနေ တွင် ခိုက်ရောက် နေသည်။ စီးပွားရေး ကပ်ဆိုးကြီးကျ ရောက်ချိန်တွင် အလုပ်သမား များ ၏ နေထိုင်မှုဘဝ သည် ပို၍ဆိုး ရွား ပေသည်။ ၁၈၇၃ ခုနှစ်၊ စီးပွား ရေး ကပ်ဆိုး နှင့်ပတ်သက်ပြီး အ မေရိကန် သတင်းစာများ က ဤ မှု လုပ်ငန်း အချက်အချာ မြို့ ကြီး များ၌ နေ့စဉ် အလုပ်သမား တ အိမ် ထောင်လုံး ငတ်သေသော ဖြစ် ရပ် များ ဖြစ်ပွားနေကြောင်း၊ ဆောင်းတွင်း ရောက်သည့် အခါ ပုလိပ်ဌာန အ သီးသီး၌ ညတိုင်း လှိုင်နေ ရော မရှိသော အလုပ်သမားများ နှင့် ၎င်းတို့၏ သားမယားများ ဖြင့် ပြည့်ကြပ်နေကြောင်း၊ 'အလုပ်သ မား မြုံမြင်ရေး ထောင်' ထဲသို့ ၎င်း တို့ကိုပို့ပေးရန် တောင်းဆို နေ ကြောင်း " ရေးသားထားပေသည်။

ပစ္စည်းမဲ့လူတန်းစား၏ နေ ထိုင်မှုဘဝ ဆိုးရွားခြင်းသည် နေ့အိမ် ပြဿနာ ၌ အထင်အရှား ဆုံး ပေါ် ပြနေပေသည်။ ဤအချက်နှင့် စပ် လျဉ်း၍ မာက်စ် က "တွတ် လုပ် ရေး ပစ္စည်း အများအပြား စုစည်း လာခြင်းက အလုပ်သမားများကိုအ ခန်းတခုထဲ၌ ပို၍စုစည်းလာ ပေ သည်။ ထို့ကြောင့် အရင်းရှင်စနစ် ၏ လျှင်မြန်စွာ အရင်းစုပုံမှုက အ လုပ်သမားများ၏ နေထိုင်ရေး ဘ ဝ အခြေအနေကို ပို၍သနားစဖွယ် ဖြစ်စေသည် " ဟုပြောခဲ့ပေသည်။ ၁၉၅၇ ခုနှစ်တွင် အမေရိကန် အ လုပ်သမား အဖွဲ့ အစည်းကြီး တ ခု က ထုတ်ပြန်သော အစီရင်ခံစာ၌ " သန်းပေါင်း ၁၅ သန်း မျှသော အိမ် ထောင်တို့သည် အနိမ့်ဆုံး စံချိန် ကိုပင် မပြည့်မီ သောနေရာများ၌ နေထိုင်ကြရသည် " ဟုရေးသား ထားသည်။ အမေရိကန် ဆင်း ရဲ သား ရပ်ကွက်၌ နေထိုင်ရသော လူဦးရေသည် အဆက်မပြတ်တိုး များလျှက်ရှိပေသည်။ ၁၉၅၀ ခု နှစ်မှ ၁၉၅၇ ခုနှစ်ထိ နယူး ယောက် မြို့တွင်နေထိုင်သော လူ ဦးရေသည် ကိုးသောင်းခုနှစ်ထောင် လျော့နည်းသွားသော်လည်း ဤ ကာလပိုင်းတွင် ဆင်းရဲသား ရပ် ကွက်တွင်နေထိုင်သော လူဦးရေ သည် ကိုးသိန်းရှစ်သောင်းမျှ တိုး များလာပေသည်။ တနည်း အား ဖြင့် (၁၆၆၄,၀၀၀ မှ ၂,၅၇၁,၀၀၀) အထိ တိုးများလာသည်။

ပစ္စည်းမဲ့လူတန်းစား၏ အ ကြွင်းမဲ့ ဆင်းရဲမွဲပြာကျမှု သည်အ

လုပ်ပြင်းထန်မှု ပိုမိုကြီးထွားလာခြင်း နှင့် အလုပ်အချက်အလက်များ ဆိုးရွားလာခြင်း၌လည်းဖော်ပြပေသည်။ နည်းပညာနှင့် အတတ်ပညာ တိုး တက်လာခြင်း၊ အလုပ်ခွဲဝေမှုဖြစ် ထွန်းလာခြင်း၊ စက်မှုလုပ်ငန်း တွင် အလိုအလျောက်ထိန်းချုပ်မှုစနစ် တိုးတက်လာခြင်းတို့က အလုပ်သ မားများကို စက်ကိရိယာ၏ အဆွယ် အပွားဘဝသို့ပို၍ကျရောက်စေလေ သည်။

“အလုပ်သည်လူတို့အားစိတ် ဝင်စားစရာ မဖြစ်တော့ဘဲ ငြီးငွေ့စ ရာ ဖြစ်လာတော့သည်”။ အလုပ်၏အ ရှိန်အဟုန်ပြင်းထန်မှုနှင့်လုပ်ကိုင် ရသော အချိန်ပြန့်ထွက်လာခြင်းကအ လုပ်သမားများ၏ အလုပ်စွမ်းအား ကို လျင်မြန်စွာကုန်ခမ်းစေ လေ သည်။ ကျော်ကဲ့သို့ အလုပ်ပြင်းတန် မှုတိုး မြင့်လာသော်လည်း အလုပ် ခွင်တွင် လုံခြုံမှုနှင့် ကျန်းမာ ရေး အချက်အလက်များ ညံ့ဖျင်း မှု ကြောင့် ထိခိုက်မှုနှင့်ရောဂါ ဘ ယများ တိုးများလာပြီး နှစ်စဉ်အ လုပ်သမားထောင်သောင်းချီပြီး အို နာကျိုးကန်းဘဝ ဖြင့်သေဆုံးကြရ ပေသည်။

ချုပ်ပြီးပြောရလျှင် အရင်း စုပုံမှုက ပစ္စည်းမဲ့လူတန်းစား ကို မုချပင်ခင်းရဲမွဲပြာကျ စေ ပေလိမ့်မည်။ မာ့က်စ်ထောက်ပြ ခဲ့ သလို “အလုပ်သမားများ၏ ခံ စားမှုသည် မည်သို့ပင် အတက် အ ကျရှိစေကာမူ အလုပ်သမား များ ၏ ဘဝအခြေအနေသည် အရင်း စု ပုံမှုကြောင့် ပို၍ဆိုးရွားလာရော သာ ရှိပေသည်”။

ပြုပြင်ရေး သမား များ နှင့် အရင်းရှင်နိုင်ငံရေးဘောဂဗေဒ ပ ညာရှင်များ က ပစ္စည်းမဲ့ လူ တန်း စား၏ ခင်းရဲမွဲပြာကျမှု အတွေးသ ဖြင့် အကြွင်းမဲ့ ခင်းရဲမွဲပြာကျ မှု ကို အဓိပ္ပါယ်မပြုဘဲ ပယ်ပယ် ကြပေသည်။ ၎င်းတို့က အရင်း ရှင်စ နစ်ဖြစ်ပေါ် တိုးပွားလာသည်နှင့် အမျှ အလုပ်သမားများ၏ နေထိုင် မှု ဘဝသည် မပြတ်တိုးတက်လာ ပြီး အရင်းရှင် လူတန်းစား၏နေထိုင်မှု ဘဝရေချိန်နှင့် နီးလာကြောင်းပြော ဆိုကြသည်။ ကျော်သည် အရင်းရှင် လူ့ အဖွဲ့အစည်း၌ ပစ္စည်းမဲ့လူတန်း စားနှိုင်းယှဉ်ခြင်းအားဖြင့်ခင်း ရဲ မွဲပြာကျရုံမက အကြွင်းမဲ့ အား ဖြင့် လည်း ခင်းရဲမွဲပြာကျလျက် ရှိ သည်။ စီးပွားရေးကပ်ဘေး ကျ ရောက်ချိန်နှင့် စက်မှုလုပ်ငန်းထိုး ဆိုင်းချိန်၌ ပစ္စည်းမဲ့ လူတန်းစား၏ အကြွင်းမဲ့ ခင်းရဲမွဲပြာကျမှု၏ ဖော် ပြချက်သည် အထင်ရှားဆုံးဖြစ် သည်။ သို့သော် အရင်းရှင် စနစ် အောက်တွင် ပစ္စည်းမဲ့ လူတန်းစား၏ အကြွင်းမဲ့ခင်းရဲမွဲပြာကျမှုကို အ ဆက်မပြတ် ဆက်တိုက် အကြွင်းမဲ့ ခင်းရဲမွဲပြာ ကျနေသည်ဟု မမှတ်ယူသင့်ပေ၊ အိန်ဂယ်လ် က “ယင်းသို့ အကြွင်းမဲ့ **မှုတ်** ဟူလျှင် မမှန်ပါ၊ အလုပ် သမားများ၏ စည်းရုံးမှု၊ ၎င်းတို့၏ မပြတ် အားကောင်းလာသော ခု ခံ မှုတို့က ခင်းရဲမွဲပြာကျမှုများ ရှောင်ပါးဖြစ်ပေါ်စေသည်” ဟု ပြောဖူးပေသည်။

အရင်းရှင်တိုင်းပြည်များရှိ ပစ္စည်းမဲ့ လူတန်းစား၏အခြေအနေ ကို လေ့လာသောအခါ ပထမ အား ဖြင့် အလုပ်သမားလူတန်းစားတရပ် လုံး၏ ဘဝအခြေအနေကိုလေ့လာ ရမည်။ အနည်းစုအလုပ်သမားများ ၏ ဘဝအခြေအနေက အစမချီသင့် ပေ။ အချို့သော ဖွံ့ဖြိုးသည့် အရင်း ရှင်တိုင်းပြည်များ၌ အလွန်အနည်း စုဖြစ်သော အလုပ်သမားများ၏ အ ခြေအနေသည် အတော်ကောင်း မွန် ပြီး အလုပ်သမားလူတန်းစား၏ မင်း ညီမင်းသားများဖြစ်လာပေသည်။ သို့ သော် အလုပ်သမားလူတန်း စား၏ ခင်းရဲမွဲပြာကျမှုဆိုသည်မှာ အ လုပ်သမားလူတန်းစားတရပ် လုံး ကို ဆိုလိုခြင်းဖြစ်သည်။ ၎င်း လူ တန်းစား၏အလုပ် အခြေအနေနှင့် နေထိုင်မှုဘဝသည် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားလာမှုနှင့် အညီ နှိုင်း ယှဉ်ခြင်းအားဖြင့်၎င်း၊ အကြွင်းမဲ့ အား ဖြင့်၎င်း ဆိုးရွားကျလာပေသည်။ ဒုတိ ယအားဖြင့် အရင်းရှင်ထုတ်လုပ်ရေး

စာမျက်နှာ(၂၈)သို့ ➡

# တပ်ကိုပြုပြင်တည်ဆောက်ရေးပြဿနာ

ဤအကြောင်းအရာသည် ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့က ထုတ်ပြန်ခဲ့သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုစည်းရုံးရေးကော်မတီ၊ အထွေထွေအတွင်းရေးမှူး (ယာယီ) ၏ 'ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှတစ်ဆင့် ပြည်လုံးဖွံ့ဖြိုးရေးသို့' ခေါင်းစဉ်တပ်ထားသည့် နိုင်ငံရေး အစီရင်ခံစာ ပါ 'တပ်ကိုပြုပြင်တည်ဆောက်ရေးပြဿနာ' နှင့် 'တပ်ကို ပြုပြင်တည်ဆောက်ရေး လုပ်ဖို့ အခုကာလဟာ အချိန်ကောင်း ဖြစ်ပါတယ်' ဆိုသည့် စာပိုဒ် နှစ် ပိုဒ်မှ ကောက်နှုတ် တင် ပြခြင်း ဖြစ် ပါ သည်။

အယ်ဒီတာ။

# တပ်ကိုပြုပြင်တည်ဆောက်ရေးပြဿနာ

ဤပြဿနာ ကို ကျွန်တော်တို့ပါတီက တင်ပြနေတာကြာပါပြီ။ ပါတီစုံ ဒီမိုကရေစီ စနစ်ကို စတင်တင်ပြစဉ်ကတည်းက ဖြစ်ပါတယ်။

ဗိုလ်နေဝင်း ဖျက်ဆီးထားတဲ့ တပ်ကိုပြုပြင် တည်ဆောက်တာ မလုပ်နိုင်ရင်၊ နေဝင်း စစ်အုပ်စု ရဲ့ တလက်ကိုင်တပ်ဖြစ်နေတာကို မပြုပြင်နိုင်ရင် ငြိမ်းချမ်းရေးရမှာ မဟုတ်။ ဒီမိုကရေစီ လဲ ရမှာမဟုတ်။ အမျိုးသား သွေးစည်းညီညွတ်ရေးလဲ ရမှာမဟုတ်ပါ။

ဗိုလ်နေဝင်း သေသွားရုံနဲ့ သူဖွဲ့စည်းခဲ့တဲ့ စစ်အုပ်စု၊ စစ်အစိုးရ စစ်ဗျူရိုကရေစီယန္တရား (စစ်ဥစစ်) ဟာ အလိုလို ပြိုပျက်သွားမှာမဟုတ်ပါဘူး။ ဒီကိစ္စကိုနဲနဲ ကလေးမှ စိတ်ကူးယဉ်မျှော်လင့်နေလို့ မဖြစ်ပါဘူး။

ဗိုလ်နေဝင်းမ ရှိရင်တော့ စစ်တပ်ကို နိုင်ငံတော်ရဲ့ စစ်တပ်နဲ့ တူအောင်၊ ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာတဲ့ တပ်မတော် ဖြစ်အောင်၊ အမျိုးသား အကျိုးစီးပွားကို ကာကွယ်မယ့် အမျိုးသား တပ်မတော် ဖြစ်အောင် လုပ်ဖို့ နှိုင်းယှဉ်ချက်အရ အခွင့်သာတာတော့ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လွယ်ကူမယ်လို့ ထင်ထားရင်တော့ မှားပါလိမ့်မယ်။

ဘာ့ကြောင့်လဲဆိုတော့ စစ်အုပ်စုက နှစ်ပေါင်း (၃၀) ကျော် အချိန်ယူပြီး စစ်အာဏာရှင်စနစ် တည်မြဲရေး အတွက် ဘက်ပေါင်းစုံက ပြင်ဆင်ထားပြီးဖြစ်နေလို့ပါ။

နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ၊ ဥပဒေအရ၊ ပညာရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအရ ပြင်ဆင်ထားတာတွေ ဖြစ်ပါတယ်။

မဆလ စနစ်ရဲ့ပြင်ဆင်ထားတာတွေ တချို့ဟာ လူထုတိုက်ပွဲကြောင့် ပြိုကွဲသွားတာကို အစားထိုး ဖွဲ့ဖို့ ခုအခြေခံ ဥပဒေသစ်ရေးဆွဲ နေတာပါ။ မဆလ (စစ်တပ်ပါတီ) တပါတီစနစ် နေရာမှာ တပ်မတော်ရဲ့ ဦးဆောင်မှု အခန်းဆိုတာနဲ့ အစားထိုးနေပါတယ်။

ယခုတွင်းက 'ပြည်သူ့ပိုင်' ဆိုင်းဘုတ်ချိတ်ပြီး စစ်ဗျူရိုကရက် အရင်းအနှီးများစုဆောင်းခဲ့တဲ့ လုပ်ငန်းကိုင်ငန်းများ နေရာမှာ အခု 'မြန်မာ့ဦးပိုင်လီမိတက်' လို ဟာမျိုးနဲ့ အစားထိုးနေ ပါတယ်။

စီးပွားရေးအသက်သွေးကြောနေရာမှန်သမျှမှာ စစ်ဗိုလ်ကြီးတွေ၊ စစ်ဗိုလ်လူထွက်တွေ နဲ့ အစားထိုးနေပါတယ်။

ဘယ်လောက်တောင် အကွက်စေ့စေ့ စဉ်းစားပြီး ပြင်ဆင်ထားလိုက်သလဲဆိုရင် တပ်ကိုပြုပြင်တည်ဆောက်ရေးအတွက် အတွေးအခေါ်ရေးနဲ့ စိတ်ဓာတ်ရေးရာ အားကိုဖြစ်ပေါ်စေမယ့် သမိုင်းအချက်အလက်များနဲ့ ဗိုလ်အောင်ဆန်းရဲ့ အခန်းကို တောင် ပယ်ဖျက်လိုက်ပါတယ်။

'စစ်တပ်ဟာ နိုင်ငံတော်ရဲ့တပ်၊ အမျိုးသားလုံးရဲ့တပ်၊ ဒီမိုကရေစီ တပ်ဖြစ်စေရမယ်' ဆိုတဲ့ အတွေးအခေါ်တွေချပေးခဲ့တဲ့ (တပ်မတော်ရဲ့ ဖခင်ကြီးလို့ သူတို့ တမွမွ ပြောခဲ့တဲ့) ဗိုလ်အောင်ဆန်းကို တစတစ ဖယ်ရှားပစ်နေပါပြီ။ ငွေစက္ကူမှာ ဗိုလ်အောင်ဆန်းပုံ မပါတော့ပါဘူး။

၁၉၈၈ ခုနှစ်မှာ မျိုးချစ်ရဲဘော်ပေါင်းများအဖွဲ့ ပေါ်လာတာကိုလဲ ဗိုလ်နေဝင်းအာဏာနဲ့ တော်တော်ကိုအလေးထားပြီး စွက်ချက်ပုံပေါ်ပါတယ်။ အာဃာတလဲ ထားပါတယ်။ ဒေါသလဲ ထွက်ပါတယ်။ သူတို့ကို ဗိုလ်အောင်ဆန်းဘက်သားများလို့မြင်ပါတယ်။

'တပ်မတော်ကို ပြုပြင်တည်ဆောက်ရေး ကြွေးကြော်သံ' ဟာ အခု ဆိုရင် ကျောင်းသား လူငယ်တွေရဲ့ကြွေးကြော်သံ၊ လူထုရဲ့ဆန္ဒ ဖြစ်လာပါပြီ။ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဒီမိုကရေစီအစိုးရ ထူထောင်ရေး ကြွေးကြော်သံတွေနဲ့ အတူတွဲပြီး ပါလာရမှာက တပ်

ကိုမြင်တည်ဆောက် ရေး ကြွေးကြော်သံဖြစ်ပါ တယ်။ သေနတ်ကို အာ မိန့် ပေးနိုင်တဲ့အာဏာ ကို ဖျက်သိမ်း အလဲမလုပ် နိုင် သရွေ့ ဒီမိုကရေစီရေးဟာ မြေပြင်တွေ တို့နိုင်မှာ ပေါ်ပါဘူး။

ဒီကြွေးကြော်သံကို အခုတော့ တချို့က သိပ် ကြောက်ကြပါတယ်။ နား ပါ ကြပါတယ်။ ဒါ ကြောင့် ကြွေးကြော်သံ ကို ချက်ချင်း ဖဲ တည့် ပြန်လေ့ ရှိပါတယ်။

ဒီကြွေးကြော် သံ ကို လှုပ်လှုပ်ဆင်း ပျက် ဖြစ်အောင်လဲ လုပ်ကြတဲ့ တွေ့ရတယ်။ တပ် မ တော်ကို ခေါင်း ဖြတ်ပြီး ဖျက်ဆီး ဖို့လုပ်နေတာ လို့ သူတို့က ပြောကြ ပါ တယ်။

ဒဲ့ဒိုး(တဲ့တိုး) ပဲ ပြောပါမယ်။ ခေါင်း ဖြတ် ဖို့ မဟုတ်ပါဘူး။ ခေါင်း ကို ပြုပြင် ပြောင်းလဲဖို့ ပါ။ မျိုးချစ်စိတ်ဓာတ်မ တော်ခေတ်က ခေါင်း မျိုး ပြန် ဖြစ်ချင်တာပါ။ အခု (အဝေတ) လုပ်နေသ လို စစ်တပ်က နိုင်ငံတော် ရဲ့ အထက်က၊ နိုင်ငံရေး ရဲ့ အာ ထက်ကနေတာ မျိုးဟာ မ ဖြစ်သင့်ပါဘူး။ ဖြစ်လဲ မ ဖြစ်ထိုက်ပါဘူး။ ပြည်သူ လူထုက ဒီမိုကရေစီနည်း ကျ ရွေးကောက်တင်မြှောက် တဲ့ အစိုးရရဲ့ လက်အောက် မှာ ရှိတဲ့ ဒီမိုကရေစီကျင့်စဉ် ကိုလေးစားလိုက်နာတဲ့ တပ် မတော် ဖြစ်ရပါမယ်။

သေနတ်ကို အာ မိန့် ပေးနိုင်တဲ့ အာဏာဟာ နေ ဝင်းစစ်အုပ်စု ဖြစ်နေတာနဲ့ စိန်လွင် တို့လို လက်မဲ့ ရှု သတ်သမားတွေ လက် ထဲ မှာ အာဏာရှိ နေတာ ကို မြုပြင် ပြင်ဆင် ပစ်ဖို့ ဖြစ် ပါတယ်။

ကျွန်တော်တို့ တိုင်း ပြည်မှာ အတိအလင်း စစ် တပ်အာဏာသိမ်းမှု လုပ် တာ (၂) ကြိမ်ရှိပါတယ်။ (ဦးကြောင်ဦးဖွက်အာ ဏာ သိမ်းတဲ့ ၅၈ ခုနှစ် အာဏာ သိမ်းပွဲကို ဖယ်ထားပါတယ်။)

ပထမအကြိမ် မှာ 'တော်လှန်ရေးကောင်စီ' အမည် နဲ့ ဒုတိယအကြိမ်မှာ 'နဝတ' အမည်နဲ့ အာဏာသိမ်း ပါ တယ်။

တချို့သောစစ် တပ် ခေါင်းဆောင်များဟာ မိမိနံမည် ကို အာဏာသိမ်း အဖွဲ့ ထဲ မှာထည့်ပြီး ကြေညာတဲ့ အ ခါကျမှ သူတို့လဲ အာဏာ သိမ်းအဖွဲ့ထဲ ပါနေပါလား ဆို တာကို သိကြရတာပါ။ သူတို့ ကို ကြိုပြီး အသိပေးထား တာ မရှိပါဘူး။

အာဏာသိမ်းပွဲ ကို စီစဉ်သူတွေဟာ စစ် ဦး စီး ချုပ်နဲ့ သူ့အတွင်းဝိုင်း က လက်တဆုပ် စာသာ ဖြစ်ပါ တယ်။ အဲဒါဟာ စစ်အုပ် စု ဖြစ်ပါတယ်။

နိုင်ငံတော်အာဏာ ကို သိမ်းပိုက် မိပြီ ဆိုမှတိုက် ရာပါ ပစ္စည်းကို ခွဲဝေပေးတဲ့ အနေနဲ့ သူတို့စစ်တပ် ထဲ က အထက်ပိုင်း အလယ်အ လတ် နဲ့ အောက်ခြေစစ်ဗိုလ် တွေကို လာဘ်ထိုးကြ တာ ဖြစ်ပါတယ်။

ဗိုလ်စောမောင် ခဏ ခဏ ပြောပါတယ်။ ၁၉၆၂ - အာဏာသိမ်းပွဲမှာ သူ့ ကို လဲ တိုင်းအုပ်ချုပ်မှု အာ ဏာပိုင် ခန့်တယ် ဆိုတာ။ ဒါက တိုင်း (လအက) ဥက္ကဋ္ဌ နေရာပေးပြီး လာဘ်ထိုး တာပါ။

အုပ်ချုပ်မှု အာ ဏာရဲ့ အရသာကို ကျွေး လိုက်တော့ အာဏာ အရသာ သိသွားကြတာပါ။ ဒီ တော့ အာသာငမ်းငမ်း ဖြစ်သွားပြီး အာဏာကို လက်မလွှတ်ချင်ကြတော့ ပါဘူး။ ဒါက စစ်မျူးကြီးက ရေ စီယန္တရား ကိုတည် ဆောက်ပုံ နည်းနာတ ခု ဖြစ်ပါတယ်။

(နဝတ) အာဏာ သိမ်းတော့လဲ ဒါမျိုး ပဲ လုပ်တာပါ။ အသစ် အ ဆန်းမဟုတ်ပါဘူး။ (တ ဝတ)(မဝတ) နေရာတွေ မှာ စစ်ဗိုလ်တွေကို ခန့် ထိုက်တာပါ။

အရပ်ဘက်အုပ် ချုပ်ရေး ဌာန ကြီးတွေ မှာ စစ်ဗိုလ်တွေကို သွင်း တာကိုတော့ 'တော်လှန် ရေးကောင်စီ' နဲ့ 'မဆလ' က လုပ်ခဲ့ပြီးဖြစ်လို့ (နဝ တ) အနေနဲ့ လုပ်စရာ မ ကျန်ပါဘူး။ နိုင်ငံတော် အာဏာကို ရယူလိုက်ပြီ ဆို ရင် အုပ်ချုပ်ရေး၊ စီးပွား ရေး၊ ဘဏ္ဍာရေး၊ လူမှုရေး ပညာရေး စသဖြင့် နေရာ တကာမှာ စစ်ဗိုလ်တွေကို ခန့်ထား ကာ လာဘ်ထိုး လို့ ရသွားပါတယ်။

ဒါကြောင့် အရင်း စစ်လိုက်ရင် စစ်ဗိုလ်တွေ

စာပေါ်များများပဲဘာဦး နေဝင်းကို သစ္စာရှိတာ ထက် သူတို့ရတာတဲ့အ ဆင့်နေရာ အပေါ်နဲ့ ရှေ့ တက်လမ်းအလားအလာ အပေါ်သစ္စာရှိနေကြတာ ဖြစ်ပါတယ်။ ဦးနေဝင်း သေသွားရင်လဲ ဒီအခွင့် အာဏာတွေ အပေါ် သ စ္စာရှိနေကြဦးမှာဖြစ် ပါတယ်။ သူ့အလို အ ကျောက်တော့ဘယ် ပြု ပြင်ပြောင်းလဲရေးကို မှ လိုလားလာမှာမ ဟုတ် ပါဘူး။ ဒါကြောင့်လဲ ဦးနေ ဝင်းသေသွားရင်တောင် ပြုပြင်ရေးလုပ်ဖို့ မ လွယ်ဘူးလို့ တင်ပြခဲ့ တာပါ။

·လူထုအုံကြွ မှု ဖြစ်လာပြီး ပြုပြင်ပြောင်း လဲမှုကို တောင်းဆို လာ တယ် ဆိုရင်တော့ အဲဒီအ- ခါကျမှ သူတို့ရဲ့ပုံမှန် စီ ရ စိတ်နဲ့ ရပ်တည်မှုတွေ ပေါ်လာနိုင်တာဖြစ် ပါ တယ်။

·၁၉၈၈ အရေး တော်ပုံက အဖြစ်အ ပျက်ကို ကြည့်ပါ။ တချို့ က စိန်လွင်တို့လို လူထုကို အကြမ်းဖက်လိုတဲ့ခေါင်း မာသူတွေ ဖြစ်သွားပြီး တ ချို့ကတော့ (တော်တော်များ များပါ) လူထုနဲ့ စေ့စပ်ပြေ ငြိမ်းလို ကြပါတယ်။

·တော်တော် များ များက လူထုနဲ့ စေ့စပ်ပြေ ငြိမ်းလိုသေးယ် သူတို့ဟာ နိုင်ငံတော်ပေါ်လစီကို ချ မှတ်နိုင်တဲ့ အနေအထားမှာ ရှိကြသူတွေမဟုတ်ပါဘူး။ ဗိုလ်နေဝင်း နဲ့ နီးစပ်သူတွေ ကသာ ပေါ်လစီ ချကြ တာ ဖြစ်ပါတယ်။ နီးစပ် သူ တွေတိုင်းက အာဏာရှိုင် လား ဆိုတော့လဲ မဟုတ် သေးပါဘူး။ ဗိုလ်နေဝင်းရဲ့ စိတ်အခြေအနေကို ကြည့် ပြီး သူ့ရဲ့ ပုံ ကြည့်လွှဲအဆ် မှုကို ခံရသူက သူ့ရဲ့နှုတ် မိန့်ကို နာခံ ပြီး အလုပ်လုပ် ကြရတာပါ။ စိန်လွင် ဒီလိုနဲ့ သမတ ဖြစ်လာတာပါ။

·ဗိုလ်နေဝင်း ဟာ မ သေသေး သရွေ့ နှုတ် မိန့် တွေပေးနေဦးမှာပါ။ သူ့ရဲ့ နှုတ်မိန့်တွေကနေပြီး ပေါ် လစီတွေ ဖြစ်နေဦးမှာဖြစ် ပါတယ်။

·ဗိုလ်နေဝင်းမှာ သ မိုင်းဆိုင်ရာအာဃာ တ ွေ များပါတယ်။ တပ်မ တော်ရဲ့ ဒုတိယ ဖခင်ကြီး ဆိုတဲ့ စကား ကိုလဲသူကိုယ် တိုင် မှတ်မကြောက် ပြော ခဲ့သူပါ။ ဗိုလ်အောင်ဆန်းက တပ်ရဲ့ ပထမ ဖခင်ဆိုတာ ကိုသူ မပယ်ခဲ့သေးလို့ ဒီ လိုပြောတာပါ။ အခုတော့ (၂၀၀၀)က ပထမ ဖခင် ကို တစတစ ဖယ်ရှားနေပါပြီ။ ထိပ်အုပ်စုမှာ အထေ တ ယောက်ပဲ ရှိချင်တဲ့သဘော ပါ။

·(၂၀၀၀)အလို့မျက် မှောက်နိုင်ငံရေး အခြေ အ နေအရ ဗိုလ်အောင် ဆန်းရဲ့ သမိုင်းကို ချုပ်ဖို့အထော တကြီး လိုနေပါတယ်။

·ဒုတိယ ဖခင်ကြီးရဲ့ ဘွဲ့ကိုယူဝံ့နိုင်းက တယ်တွင်း တပ်ပြင်မှာ ဗိုလ် အောင် ဆန်းကို ပထမနေရာကမ ဖယ်လိုသူတွေ များနေပါ တယ်။ ဒါကြောင့်ဗိုလ်နေဝင်း က ဒုတိယ နေရာကို သာ ယူတာပါ။

·အခုတော့ အခြေ အ နေပြောင်းသွားပါပြီ။ (၂၀ ၀၀)က ဗိုလ်အောင်ဆန်းရဲ့ အမှတ်လက္ခဏာတွေ တပ် ထဲမှာ မရှိစေချင်ပါဘူး။ တပ် ပြင်မှာ ရှိတဲ့ မျိုးချစ်တပ်မှူး ပေါင်းများ (အငြိမ်းစား) နဲ့လဲ တီးလုံးစည်း လှုစည်း ကွဲသလို ဖြစ်သွားပါပြီ။

·အခုလက်ရှိ (၂၀၀၀) ထဲမှာ၊ စစ်တပ်တဲမှာ ဗိုလ်အောင် ဆန်းအပေါ် သံယောဇဉ်တွေ ယ် နိုင်မယ့် ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ် တပ်ဗိုလ်၊ တပ် သားတွေလဲ မရှိတော့ပါဘူး။

·ဗိုလ်အောင်ဆန်း ကို ဖယ်ပြီး၊ ဗိုလ်နေဝင်းကို ကိုး ကွယ်မယ့် မျိုးဆက်သစ် တပ် တပ်တဲမှာပေါ်ထွန်းနေပါပြီ။ ပေါ်အောင်လဲ (၂၀၀၀)ထောက် လှမ်းရေးကလုပ်နေပါတယ်။

·ဖဆပလ အစိုးရခေါ် တုန်းက ဆိုရှယ်လစ်ပါတီ အ ပေါ် ဘယ်လိုသဘောထား သ လဲ ဆိုတဲ့ စံပြ တစ်ခု မှာ ရာထူး မြဲရေးနဲ့ ရာထူး တိုး ရေးအတွက် အဓိကထဲ ဖြစ် ပါတယ်။ အခုတော့ ဗိုလ်နေ ဝင်းအပေါ် သဘောထားဟာ စံဖြစ်နေပါတယ်။ ဗိုလ်အောင် ဆန်းအပေါ် သံယောဇဉ် ရှိ သူဖြစ်ရင်၊ သံယောဇဉ်ရှိတဲ့ စကားပြောမိရင် ရာထူးတိုး ဖို့ မလွယ်ပါဘူး။

·(၂၀၀၀) လက်ထက် မှာ သူများတွေ ဦးပုံ့စီ ပြီး ရာထူးတွေ တိုးနေချိန်မှာ တ ချို့ဟာ ရေမြဲအတိုင်းကျောက် ချ ပြီး ရပ်နေတာတွေ တွေ့ နိုင်ပါတယ်။ ဒါကလဲ တပ်

...ချက်ပစ်လိုက်ရင် ရှူ သိ
...ကြီး ဖြစ်ပြီး ဂယက် မ
...ကောင်း မှာကြောင့် တယ်ထဲ
...မှာ သက်ကြီး ထားနေရ တာ
...ပါ အောက်ခြေတက်မှုတွေ
...ရှိတော့ တယ်ထဲက အ ဖြစ်
...ကို ထယ်ရှာ ကြီး ပါပြီ။

'ဘယ်တော်ဖြို့ ခွဲ
...မင်း စားကြ ဦး ယောက်မခံ'ဆို
...တဲ့ ကြွေး ကြော်သံပဲဟာ 'တယ်
...တော်ကို မြူမြင် တည်
...ဆောက်ရေး' ကြွေး ကြော်
...ကို ကြောက်ရွံ့ပြီး တန်
ပြန်ကို တွန်းလာတာဖြစ်
ပါတယ်။

'တယ်မြူမြင်တည်
ဆောက်ရေး'ကို ဘယ်
...လိုပဲ ပြောပြော ဘယ်သူ
...ပြောပြော စစ်အုပ် စု
...('ဆောက်လွှမ်းရေးက)
...ချေး သည်းမခံပါ ဘူး။
...ချွင်း အရေးယူပါတယ်။
...နေရာ ဟာ သူတို့ရဲ့ အ
...ညွှန်ဆုံး နေရာ အသက်
...ရှင်ရာဖြစ်လို့ ဆဝ်ိမခံ
နိုင်ပါဘူး။

ဒါကြောင့်လဲ အလွန်
...ပြီး မလုပ်လဲမလုပ်
...တဲ့ အလုပ်တွေကို သူ
တို့ လုပ်ခဲ့ကြတာပါ။ ဦး
...ဦး၊ ဒေါ်အောင် ဆန်းစု
...ကြည်၊ ဦးကြည်မောင်၊ ဦးဝင်း
တင်တို့အပါအဝင် အမျိုး
သား ဒီမိုကရေစီအဖွဲ့ချုပ်
ခေါင်းဆောင်တွေဟာ ထောင်
ရဲ့ အသက်ဘူးနေရာ ကို
အသားခွဲ နေရာကို သွားထိ
ခဲ့ကြလို့ အဖမ်းအဆီးအ
ထိန်းအသိမ်း ခံကြရတာပါ။

'ဖိတ်ခဲ့တောင်းမယ်
မှားပါဘူး' လို့ဆန့်ချတဲ့လူ
တွေကို မြန်လွှတ်ပေးနေ
တာလဲ တွေ့ရပါတယ်။

ဗိုလ်တင်ဦးက သူ
တို့မှာ နိုင်ငံရေး၊စီးပွားရေး
လူမှုရေး ဘာအကျပ် အ
တည်းမှ မရှိပါဘူးလို့ ပြော
ပါတယ်။ မြောင်လိမ်တာပါ။

အကျပ်အတည်းတွေ
က ပြောမကုန်အောင်များ ပါ
တယ်။

မိုးဝင်းညွှန့်ပြောလို
တာက နေဝင်းစစ်အုပ်စုက
စစ်တပ်ကို တင်းတင်း ကျပ်
ကျပ် ချုပ်ကိုင်ထားနိုင်သေး
တာကို အကျပ်အတည်း မ
ရှိဘူး လို့ ပြောလိုဟန်ရှိ ပါ
တယ်။

## တပ်ကိုမြူမြင်တည်ဆောက်ရေးလုပ်ဖို့ အခုကာလဟာအချိန်ကောင်းဖြစ်ပါတယ်

● လူထုက ရွေး
ကောက်တင်မြှောက်ထား
တဲ့ နိုင်ငံရေးအင်အား စု
က 'အာဏာလွှဲလဲ
ကို ဝင်ဖြည့်ဖို့' အသင်
သင့်ရှိနေပါတယ်။ (၁၉၈၈
တုန်းက မရှိခဲ့ပါ)

● နိုင်ငံတကာက(နု
ဝတဲ့)စစ်အစိုးရကို အလိုမရှိ
ပါဘူး။ ရွေးကောက် တင်
မြှောက်ထားတဲ့ ဒီမိုကရေ
စီ အစိုးရကိုသာ အလို ရှိ
ကြပါတယ်။

● တပ်ကိုမြူ မြင်
ပြောင်းလဲရေးလုပ်ရင်အခု
အချိန်ဟာ နာကျင်မှု အ
နဲဆုံး ဖြစ်နိုင်ပါတယ်။

● နောက်ဆုံး အချက်
စာရေးဆဲ 'နယ်ချဲ့ဆန့်ကျင်
ရေး-ဖက်ဆစ်ဆန့်ကျင်ရေး'
တိုက်ပွဲတွေမှာ 'လက်တွဲခဲ့
ကြတဲ့ တိုက်ဖော်တိုက်ဖက်
မျိုးဆက်ပေါင်းများ'ရှိ
နေကြသေးတာဖြစ်ပါတယ်။

* ၁၉၃၆-၁၉၃၈ နဲ့
၁၉၄၅-၁၉၄၈ လွတ်လပ်
ရေးလှုပ်ရှားမှုများမှာ ပါ
ဝင်ခဲ့ကြသူအားလုံး ကို'မျိုး
ဆက်ပေါင်း'များ အ
ဖြစ်ယူပြီး တင်ပြ တာ
ဖြစ်ပါတယ်။ အဲဒီ 'မျိုး
ဆက်ပေါင်း'များဟာ
လာမယ့် ဆယ်စုနှစ်အ
တွင်းမှာ ဗမာပြည်ရဲ့ နိုင်
ငံရေးဆော်ဦးပေါ်က တ
ဖြည်းဖြည်းကွယ်ပျောက်
သွားကြတော့မှာဖြစ် ပါ
တယ်။

အခုအချိန် မှာ
တော့ ဒီ 'မျိုး ဆက်
ပေါင်း'များဟာ ဗ
မာပြည် နိုင်ငံရေးဇာတ်
ခုံမှာ အဓိကနေရာက ရှိ
နေကြဆဲဖြစ်ပါ တယ်။
အဓိကနိုင်ငံရေး အင်အား
စုတိုင်းမှာ သူတို့ဟာ အ
ကြံအား ဉာဏ်အားနဲ့ပါ
ဝင်လှုပ်ရှားနေကြပါတယ်။
တိုင်းပြည်မှာကြုံတွေ့နေ
ရတဲ့ အကျပ်အတည်း
ကြီး များကို ငြိမ်းချမ်း
စွာဖြေရှင်းရေးမှာ သူ
တို့ဟာ အရေးပါတဲ့ အ
ခန်းကဏ္ဍ ကနေပြီး
ဆောင်ရွက်ဖို့ အခွင့်အ
လမ်း တွေရှိနေပါတယ်။

.ဗမာပြည် ကွန်
မြူနစ်ပါတီ အရေ ခုံ

တိုင်းပြည်သို့ လေးလေး နက်နက် တင်ပြချင် ပါ တယ်။

'မျိုးဆက်ပေါင်း' များဟာ ပြည်တွင်း စစ် ကို မျိုးဆက် သစ်သို့ အမွေ အဖြစ် မပေးခဲ့ သင့် ပါဘူး။ 'မျိုးဆက်ပေါင်း' များရဲ့ လက်ထက် မှာ ပြည်တွင်းစစ်ကို ရပ် စဲ အောင် လုပ်ပြီး ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက် ခဲ့သင့် ပါတယ်။

တရားမျှတ တဲ့ နိုင်ငံရေး အရ ဖြေရှင်းတဲ့ ပြည်တွင်း စစ်ရပ်စဲ ရေး ဆိုရင် ဗမာပြည်ကွန်မြူ နစ်ပါတီက လှိုက်လှဲစွာ ကြိုဆိုပါတယ်။

တဖက် စောင်း နင်း ဖြစ်တဲ့ အထက်စီး နဲ့ လုပ်မယ့် ဆွေးနွေးပွဲ နဲ့ လက်နက်ချ ငြိမ်းချမ်းရေး ကို ဘယ်တော့မှ ( ဘယ် တော့မှ) လက်ခံမှာမဟုတ် ပါ။

ဗမာပြည်ကွန်မြူ နစ်ပါတီ ဟာ မိမိ ကိုယ် ကို ကာကွယ်ဖို့ စစ်တိုက် နေတာ ဖြစ်ပါတယ်။ ရှေ့ မှာလဲ ဒီအတိုင်းပဲ ရပ် တည်သွားမှာဖြစ် ပါ တယ်။ 'ပြည်တွင်းစစ်'ကို ကျွန်တော်တို့ ရွေးချယ်ခဲ့ တာ မဟုတ်ပါ။ ရွေးချယ် စရာ လမ်း ကို လွတ်လွတ် လပ်လပ် ရွေးချယ်နိုင်ခွင့် ကျွန်တော်တို့ မှာ မရှိခဲ့ပါ။ တိုင်းပြည်ကို အုပ်စိုး သူ များက ရွေးပေးခဲ့တဲ့လမ်း ကို မလွှဲမရှောင်သာ လိုက် လျှောက် နေရတာဖြစ်ပါ တယ်။

ဒီမိုကရေစီလဲ ရှိ မယ်၊ ငြိမ်းချမ်းစွာ မိမိ ယုံ ကြည်ရာ နိုင်ငံရေးကို လွတ်လွတ် လပ်လပ် လုပ် ဆောင်ခွင့် လဲ ရှိမယ် ဆို ရင် ငြိမ်း ချမ်းရေး လမ်းကို ပဲရွေး လိုပါတယ်။

ဒါပေမယ့် နေဝင်း စစ်အုပ်စုရဲ့ အာဏာရှင် ဖိနှိပ်အောက်မှာဒါတွေမ ရှိပါဘူး။

ကျွန်တော်တို့ ပါ တီအတွက် မပြောပါ နဲ့၊ စစ်အုပ်စု ချမှတ်တဲ့ စည်း ကမ်း စည်းမျဉ်း တွေအောက် မှာ တရားဝင် ထူ ထောင် ထားတဲ့ အမျိုးသား ဒီမို ကရေစီ အဖွဲ့ချုပ်(N.L.D) အတွက်တောင်မှ မရှိပါ ဘူး။

(N.L.D) ဟာ ဘယ် သူမှ မငြင်းနိုင်အောင် လူ ထုထောက်ခံမှု ရထားတာ ပါ။ ၁၉၉၀ ခုနှစ် ရွေး ကောက် ပွဲမှာ အချုပ်အချယ်၊ အခြိမ်း အခြောက်၊ အတားအ ဆီးတွေ ကြားထဲကနေ ပြီး အပြတ်အသတ် အနိုင် ရ လာတဲ့ အဖွဲ့ချုပ် ဖြစ်ပါ တယ်။ (ရွေးကောက်ပွဲ မှာ နိုင်ရုံရလဒ် ဖြစ်လာတာ နဲ့ ပတ်သက်ပြီး၊ ခြုံငုံ သုံး သပ်တဲ့ သုံးသပ် ချက်ကို (နဝတ)က ပေါင် လို့ တောင် မဟာပါဘူး။ ဒေါ် အောင်ဆန်း စု ကြည် ကို 'ဗကပ'က တင်လို့ ခေါင်း ဆောင် ဖြစ်လာတာ၊ နိုင် ငံခြားက သာ ခေါင်းဆောင် အဖြစ်လက်ခံတာ၊ ပြည် တွင်း လူထုက လက်မခံ ဘူးလို့ လုပ်ဇာတ် ခင်း သုံးသပ်ထားတဲ့၊ စစ် အုပ်စု ဟာ ရွေး ကောက် ပွဲရလဒ် နဲ့ ပတ်သက်ပြီး တော့ ဘာပြောလို့ ပြော ရ မှန်း မသိဖြစ်နေပါတယ်။ (နဝတ) ဟာ ဖြစ်နိုင် ရင် ရွေးကောက်ပွဲရယ်၊ ရွေး ကောက်ပွဲရလဒ် ရယ်ကို ပြည်ဖုံးကား ချလိုက် ချင်ပါ တယ်။

လူထုက အ ပြတ် အသတ်ထောက်ခံမှု ရ ရှိ ထားတဲ့ အဖွဲ့ ချုပ်ကိုတောင် ဒီမိုကရေစီ အခွင့် အရေး မ ပေး၊ လွတ်လပ်စွာ နိုင်ငံ ရေး လှုပ်ရှားခွင့်မပေး၊ လွတ်လပ် စွာရေးသား ထုတ်ဝေခွင့် မ ပေး၊ ခေါင်းဆောင်သွားလေ ရာလိုက်ပြီး သေနတ် တ ကားကားနဲ့ ခြိမ်းခြောက်ပါ တယ်။

ဒီလို ဒီမိုကရေ စီ အခွင့် အရေး မျိုးကို တော့ ကျွန်တော်တို့ ပါတီ က အားမကျပါ။

(N.L.D)က ခေါင်း ဆောင်တွေ ဟာ အခု ( န ဝတ) မှာ ဖိုလ်လုပ်နေ သူ တွေရဲ့ အကြီးအကဲဟောင်း တွေပါ။ တိုက်ဖော် တိုက် ဖက်ပေါင်း တွေ လို့လဲ ပြောနိုင်ပါတယ်။ ဒေါ် အောင်ဆန်း စု ကြည် ဆို ရင် သူတို့ တပ်မတော် ဖ ခင် ကြီးရဲ့ တဦးတည်းသော သမီးပါ။

ဒါဒီလိုပုဂ္ဂိုလ် ကြီး တွေကိုတောင် (နဝတ) က သံယောဇဉ်မထားနိုင်ဘဲ၊ အာဃာတနဲ့ ရိုင်း ဝိုင်း မောက်မာစွာ ဆက်ဆံနေ တယ်ဆိုရင် —

■ သူသေကိုယ်သေ

...ကျော်တိုက် ခဲ့ တဲ့ ...ကွက် ကျင်း တဒူစီမှာရှ ... အမြှင့်အလျှန်တိုက်ရေ ... တိုက်မော်တိုက်ဖက် ... ကွက် မြူခစ်များ၊

■သူတို့ကို တိုက် ...ခဲ့မယ် လူတန်းစား ... စစ်ဗျူဟာ ရက် ...နှင့်) အမြစ် သတ် ...တာ တိုက်ပွဲဝင်နေတဲ့ ...မြူနစ်ပါတီ အပေါ်မှာ ...ခဲ့မယ်၊ဘယ် ...သဘောထားမယ် ဆို ...တာ အလွန်ထင်ရှား ပါ ...တယ်။

ဒါကြောင့် ကျွန်တော် ...ပါတီက (ဒဝတ) ရဲ့ ငြိမ်း ...ချမ်းရေး လုပ်ဆောင်မှု အ ...ပေါ်မှာ စိတ်ကူးယဉ်မှု မ ...ရှိပါဘူး။

နေဝင်း စစ်အုပ် ...စု (ဒဝတ) က နိုင်ငံရေး အ ...ရ သူတို့ စီမံသလို လိုက် ...မလုပ်ရင် ထိပ်တိုက် တွေ့ ...ရေးပေါ်လစီ (ဗကပ လုပ် ...ဆည်း) လုပ်တယ်လို့ စွပ်စွဲ ...ပါတယ်။ တကယ်က ထိပ် ...တိုက် တွေ့ရေးပေါ်လစီ ကို ...သူတို့ လုပ်နေတာပါ။

သူတို့ စီမံရာ ကို ...လိုက်မလုပ်ရင် ထိပ်တိုက် ...တွေ့ရေး လုပ်တယ်လို့ စွပ် စွဲပါတယ်။ လိုက်လုပ် နေ မယ် ဆိုရင်လဲ ပါတီတွေ၊ အဖွဲ့တွေ ဖွဲ့ထား စရာမ လို ပါဘူး။ အားလုံး ဖျက်သိမ်း ပြီး (တစည) လုပ်လိုက်ရုံ ပဲ ရှိပါတယ်။

ရပ်တည်မှုအ ရ၊ ယုံ ကြည်မှုအရ ကြံ့ခိုင်တဲ့ ဘယ်ပါတီ၊ ဘယ်အဖွဲ့မှ ကိုယ့်ကိုယ်ကို ဖျက်သိမ်း တာမလုပ် နိုင်ပါဘူး။

ကျွန်တော်တို့ ပါ တီ အဖို့ ဆိုရင်တော့ ပါ တီ ဖျက်သိမ်း ဖို့ ကိစ္စ ကူးထဲတောင်မထည့် ပါ။ ဗမာပြည်ကွန်မြူနစ်ပါတီ ဟာ ဗမာပြည်ကွန်မြူနစ် လှုပ်ရှားမှုကို ကိုယ် စားပြုတဲ့ တခုတည်းသော ပါတီ၊ အလုပ်သမား၊ လယ်သ မား၊ လူလတ်တန်းစား နဲ့ ပြည်ချစ် အရင်းရှင်တို့ရဲ့ ဒီ မိုကရေစီ (ပြည်သူ့ဒီမို က ရေစီ) အတွက် မဆုတ်မနစ် တိုက်ပွဲ ဝင်မယ့်ပါတီ၊ ပြည် ချစ်ဝါဒကို ကျင့်သုံး မယ့် ပါတီ အဖြစ် ဆက် လက်ရပ် တည်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီမရှိတဲ့ စစ်အာဏာရှင် စနစ် ကို ဘယ်လိုနည်းနဲ့မှ ကျွန်တော် တို့ လက်မခံနိုင်ပါ။

နောက်ဆုံးအော င် ဆန်းစုကြည် အပေါ် ထားတဲ့ နေဝင်း စစ်အုပ်စု (နဝတ) ရဲ့ သဘောထား ကို ပြောဖို့ လို ပါတယ်။ ချုပ် ပြီး ပြော ရင် ဗမာပြည်ရဲ့ နိုင်ငံရေး အ တွင်းမှာ နိုင်ငံရေးအရ အ ဆင့် နေရာမပေးရုံမျှမ က ပုဂ္ဂလိက အဆင့် နေရာ ပါ ဖျက်သိမ်းဖို့ လုပ်နေ တာ ဖြစ်ပါတယ်။

ရက်စက်ယုတ် မာလွန်း လှပါတယ်။

ဗိုလ်နေဝင်း ဟာ ဗိုလ် အောင်ဆန်း ရဲ့ မျိုးဆက်တ ခုလုံးကို ဗမာပြည်ရဲ့ နိုင်ငံ ရေး ဘဝ သာမက လူမှု ရေး ဘဝ ထဲမှာပါ မရပ်တ ည် နိုင်အောင် လုပ်နေတာပါ၊ သေခါနီး လေ အာဃာတ ကြီးလေပါ ကလား။

အဲဒီလို အာဃာတ တွေကို ဗိုလ်နေဝင်းက သူ့ မျိုး ဆက်သစ် (နဝတ ထဲ က ပေါ်လစီကိုင်တဲ့ အာဏာ ပိုင်များ) ထဲ လွှဲပေး ထား ပါတယ်။ ဗိုလ်နေဝင်း သေ သွား ရင်တောင်မှ ဒီအာ ဃာတတွေ ကျန်နေရစ်မှာ ပါ။ ဒီ အာဃာတတွေရှိ နေ သမျှ ငြိမ်းချမ်းရေး မရနိုင် ပါ။ တည်ငြိမ်ရေးလဲ မရှိ နိုင်ပါ။ ငြိမ်းချမ်းရေး နဲ့ တည်ငြိမ်ရေး မရှိရင် ဖွံ့ ဖြိုးတိုးတက်ရေးကို မ မျှော်မှန်းနိုင်ပါ။

ဒါဟာ တပ်ကိုပြု ပြင်ပြောင်းလဲဖို့ လိုအပ်တဲ့ ပဓာနအကြောင်းအချက် ဖြစ်ပါတယ်။

ဒုတိယအကြောင်း အချက်က အမျိုးသားကာ ကွယ်ရေးတာဝန်ကို တ ကယ်တမ်းထမ်းဆောင် နိုင်တဲ့ တပ်ဖြစ်ဖို့ တပ် ကို ပြုပြင်ပြောင်းလဲ ရေး ဖြစ်ပါတယ်။

ပါးစပ်က ကြွေး ကြော်နေရုံနဲ့ ဝိုင်း ပြည် ကို ကာကွယ်လို့ မဖြစ်ပါ ဘူး။ 'မြန်မာ့ အားကစား ကမ္ဘာကို လွှမ်းစေရမယ်' ဆိုတဲ့ လူရယ်စရာ ကြွေး ကြော်သံမျိုးဟာ မအောင် မြင်လို့ ရှိရင်လဲ ဘာမှ မ ဖြစ်ပါဘူး။ အားကစားမှာ ကမ္ဘာမလွှမ်း လို့လဲ တမျိုး သားလုံး ဒုက္ခမတွေ့ နိုင်လို့ အရေး မကြီးလှပါ။

နယ်ချဲ့အန္တရာယ် လက်တွေ့ ကြုံလာလို့ အ မျိုးသား ကာကွယ် ရေးမ လုပ် နိုင်ရင်တော့ တမျိုး သားလုံး ဒုက္ခတွေ့ပါ လိမ့်

မယ်။

ကျွန်ကြီးဟာ ပို ကြီး မငြိမ်မသက်ဖြစ် နေ ပါတယ်။ အကြောင်း အလဲ ဖြစ်ပါတယ်။ နယ်ချဲ့ ရဲ့ ဗိုလ်ကျ ချွန်း မိုးရေး ဝါဒ ရဲ့ အန္တရာယ် ဟာ ရှိနေ ပါ တယ်။ ဖက်ဆစ်လက်သစ် ဆိုတာကလဲ ခေါင်းထောင် လာနေပါတယ်။ အခု ထိ တော့ အာရှက ဖက် ဆစ် ဝါဒ လက်သစ်ကတော့ အာ ဘော်ပြင်နေတုန်းပါ။ ဘွေးတိုး စမ်း နေတုန်းပါ။ ဒါပေမယ့် ပျော့ တွက်လို့ မဖြစ်ပါဘူး။

နယ်ချဲ့ ဆန့်ကျင် ရေး၊ အမျိုးသား ကာကွယ် ရေး ထဲ တိုက်တော့ မယ် ဆိုရင် **အဓိကသို့ အချက် (၂) ချက်ကိုတင်ပြပါမယ်။**

**■ ပထမ အချက် က နိုင်ငံရေး အရ လှုံ့ဆော် ချက် ဖြစ်ပါ တယ်။**

နိုင်ငံတကာ(ပြည် ပ)ကထောက်ခံမှု ရှိရ ပါ မယ်။ တရားရှိရင်ကူညီသူများ တယ်ဆိုတာမျိုး ဖြစ်ဖို့ ရှိ ပါတယ်။ အခု (နဝတ) လုပ် နေတဲ့ ပေါ်တယ်ဆောက် ဖို့ မြေနေရာ၊ ကျွန်း သစ်၊ ကျောက်ငွေ့၊ သဲလွင်မြစ်ရေ ရ တို့နဲ့(နဝတ) အပေါ် နိုင် ငံ ရေး အရ ထောက်ခံမှုတို့ လဲ ယူတဲ့၊ ကုန်ကြမ်းနဲ့ နိုင်ငံရေး အခွင့်အရေး လဲရေးသဲ့ ခင်း တမန်ခင်း မရှိပါဘူး က တော့ နယ်ချဲ့ ဆန့်ကျင်ရေး အတွက် အသုံး ဝင်လာမှာ မဟုတ်ပါဘူး။ အဓိက အ ကျဆုံး က မိမိ ပြည်တွင်းက တမျိုး သား လုံး ရဲ့ ထောက် ခံမှု ရှိ ဖို့ပါ။ တရားတဲ့တိုက် ပွဲ၊ တမျိုးသားလုံး အ တွက် တိုက် တဲ့ တိုက် ပွဲ ဖြစ်ကြောင်း ရှင်းနေရ ပါ မယ်။

ကျွန်တော် တို့ ပြည်သူတွေမှာ အ တွေ့ အကြုံရော သင်ခန်းစာ ပါ ရှိပြီး ဖြစ်ပါတယ်။ သင်ခန်း စာဘက်က ပြောရင် တမျိုး သားလုံး အရေးနဲ့ ဘယ်တော့ မှ မမေ့နိုင် စရာ သမိုင်း သ င ခန်းစာရှိခဲ့ပါတယ်။ တ မျိုး သား လုံး ကျွန်ဖြစ်ခဲ့တဲ့ သင် ခန်းစာ၊ သွေးချောင်းစီး ပြီး မျက်ရေပင်လယ်ဝေအောင် ခံခဲ့ရတဲ့ သင်ခန်းစာဖြစ် ပါ တယ်။ လွတ်လပ်ရေးဆုံး ရှုံး မှုရဲ့ ခါးသီးတဲ့ အရသာ ကို လွတ်လပ်ရေးဆုံးရှုံး မှု သူများသာ ခံစားတတ် ကြ ပါတယ်။

အတွေ့ အကြုံဘက် က ပြောရင် (၁၉၄၁–၄၂) အင်္ဂ လိပ်နယ်ချဲ့ဆန့်ကျင်ရေး တိုက် ပွဲ ရှိခဲ့ပါတယ်။ (၁၉၄၅) ဖက် ဆစ်ဆန့်ကျင်ရေး တိုက်ပွဲ ရှိ ခဲ့ပါတယ်။ အထူး သဖြင့် ဖက် ဆစ်ဆန့်ကျင်ရေး တိုက် ပွဲ ကို ညွှန်း လို ပါတယ်။

## သမိုင်းသင်ခန်း စာများ

သင်ခန်းစာဘက်က ပြောရင် အင်္ဂလိပ်-ဗမာ စစ် ပွဲ ၃ ပွဲ ကို ပြောရပါမယ်။ စစ်ပွဲ ၃ ပွဲဆိုပေမယ့် ပထမ စစ်ပွဲသာလျှင် စစ်ပွဲနဲ့ တူ ပါတယ်။ ကျန်စစ်ပွဲ ၂ ခု ကတော့ အင်္ဂလိပ်နယ် ချဲ့ က စစ်တခွန်းလွှင့် ချီ တက် သွားတဲ့သဘောပါ။

## အတွေ့အကြုံ များ

**■ စည်းလုံးနိုင်သမျှအင်အား များနဲ့ စည်းလုံး ရေး**

အင်္ဂလိပ်နယ်ချဲ့ကို ရင်ဆိုင်ဖို့ ထွက်ရပ်ဂိုဏ်း ဖွဲ့ခဲ့ပါတယ်။ ဒေါက် တာ ဗမော်ကို ညွှန့်ပေါင်းအစိုး ရခေါင်းဆောင်အဖြစ် ဦး တည် ဆန့်ကျင်ခဲ့ရ တာ ဟာ တနှစ်လောက်ပဲ ရှိ ပါသေးတယ်။ ဒါပေမယ့် သူ့အပေါ် အာဃာတ မ ထားဘဲ သူနဲ့စည်းလုံး ခဲ့ ပါတယ်။ လက်ဝဲ-လက်ယာ မခွဲဘဲ စည်းလုံးနိုင်သ မျှ သောအင်အားများနဲ့စည်း လုံးရေး ရယူခဲ့တာ ဖြစ် ပါတယ်။

ဖက်ဆစ်ဂျပန်တော် လှန်ရေးမှာလဲ ဒီလိုပဲလုပ် ခဲ့တယ်။ အကျယ်ချဲ့ ပြီး ပြောစရာမလိုတော့ပါ။

ဘုံရန်သူကို ဦး တည်တိုက်ခိုက်ရေး သည် သာလျှင် အဓိက အဖြစ် သဘောထားခဲ့ပါတယ်။

**■ တမျိုးသားလုံး ကို စည်းရုံး နိုင်မယ့်လမ်း စဉ်ပေါ်လစီများ ရှိရေး**

ဘယ်သူ့ကို ဘာ အတွက်တိုက်ရမယ် ဆို တာ ရှင်းလင်းနေစေရ ပါ မယ်။ လွတ်လပ်ရေး နဲ့ ဒီမိုကရေစီရေးအတွက် တိုက်နေတာဆိုတဲ့ ဦးတည် ချက် မပျောက်စေဖို့ ဖြစ် ပါတယ်။

လူထုကို လက် နက်တပ်ဆင်ပေး ရ ပါ မယ်။ နယ်ချဲ့ကျူးကျော် မှုကို စစ်တပ်တခုတည်း ကနိုင်ခဲ့ပြီး တိုက်လို့ မရ ပါဘူး။

(ဒသတ) အစိုးရ ခ[illegible]ချုပ်[illegible] နဲ့ ဆိုရင် ခေတ် [illegible] သင်ခန်းစာသစ်ထပ် [illegible] ပြန်ပါလိမ့်မယ်။

(ဒသတ)ဟာ နယ် ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသား [illegible]တော်လှန်မှုကို ထိန်းသိမ်း [illegible] နိုင်ငံရေး၊ စီးပွားရေး၊ [illegible] ခေါင်းဆောင်မှု အာ[illegible] မရှိပါဘူး။

ပြည်သူတွေကိုရန် [illegible](ဒသတ) ဟာ [illegible]လုပ် ပြီး ပြည်သူ [illegible] ခေါင်းရှု နိုင်ပါမလဲ။

[illegible]တယ် အဖြစ် [illegible] (ဒသတ) မှာ နယ်ချဲ့ ဆန့်ကျင်ရေး လမ်းစဉ်မရှိ [illegible] အညပါးစပ် နယ် ချဲ့ ဆန့်ကျင်ရေး လုပ် နေ [illegible] သူတို့ကိုဗလ္လင် [illegible] အွဲချတဲ့ တောင်း [illegible]ချက်တွေကို အမေရိ [illegible]လိပ်တို့က ပြော [illegible]ပါ။

နိုင်ငံရေး အကျဉ်း [illegible] အားလုံး ကို လွှတ်ပေး [illegible] ၁၉၉၀ နှစ်ရွေးကောက် [illegible]ကို လေးစားရေးနဲ့ [illegible]ကောက်ပွဲ နိုင်သူ တွေ [illegible] အာဏာလွှဲပေးရေး ပြော [illegible]ဟာ နယ်ချဲ့ ရွက်ဖက် [illegible] ပါဘူး။ ကမ္ဘာ့ ဆန္ဒနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။

■ **ဒုတိယလိုအပ်ချက်က စစ်ရေး လိုအပ်ချက် ဖြစ်ပါတယ်။**

အခိုင်အမာ ခွဲခြမ်း စိတ်ဖြာကြည့်ရင် အစိုးရ စစ်တပ်တခုလုံးဟာ ပြည်တွင်း စစ်တိုက်ရေးအတွက်သာ တလျှောက်လုံး တည်ဆောက်ထား တာပါ။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား ကာကွယ်ရေး စစ်ပွဲတပွဲ တိုက်နိုင်တဲ့ စစ်တပ် မဟုတ်ပါဘူး။

ဗမာပြည်ရဲ့ ဝေဟင်ကို ကာကွယ်ဖို့ လေတပ်က ဖြစ်ဖြစ် မြောက်မြောက် မရှိပါဘူး။

ငါးဦးထမ်းတဲ့ ဝဲဒါ ရေယာဉ်ကိုတောင် မနိုင်မနင်း ကာကွယ်နေရတဲ့ ရေတပ်ရှိပါတယ်။ ဘယ်လိုပြည်မြီး ရှည်လျား လှတဲ့ ကမ်းရိုးတန်းကို ကာကွယ်မလဲ။

ကြည်းတပ်တွေတရင်း ပြီး တရင်း တိုးပြီး ဖွဲ့ပါတယ်။ ညီသုံး၊ ညီလေး သေနတ်ရှိရင်၊ လစာပေး နိုင်ရင် (လစာပေးရေးက မြိသာမှာ မဟုတ်ပါ၊ ဝါ ဒီ စက်ရုံ က လိုသလောက်ငွေ စက္ကူ ရိုက်ပေး နိုင်ပါတယ်) တပ်ရင်းပေါင်းများစွာ ဖွဲ့ နိုင်ပါတယ်။

ပြီးတော့လဲ သူတို့ ရဲ့ စီးပွားရေးပေါ်လစီ တွေကြောင့် အလုပ်လက်မဲ့တွေက အနန္တ ဖြစ်နေလို့ တပ် သားရေယောက်မြစ်ရှိနေ ပါတယ်။

ဒါပေမယ့် ခေတ် မီ လေယာဉ်တစင်း၊ ခေတ် မီ စစ်သင်္ဘော တစီး တောင်မ ရှိပါဘူး။

ဒါဟာ ပြည်တွင်းစစ် တိုက်ရေးအတွက်သာ အ လေးပေး နေတယ်ဆိုတာ ကို ဖော်ပြနေတာတွေ ဖြစ် ပါတယ်။

ကျွန်တော်တို့တိုင်း ပြည်ရဲ့ အိမ်နီးချင်းနိုင် ငံ တွေမှာ ရှိတဲ့ လေတပ်၊ ရေ တပ်တွေနဲ့ မယှဉ်နိုင်ပါဘူး။

အိမ်နီးချင်းတို င်း ပြည်တွေနဲ့ တိုက်ရ လိမ့် မယ်လို့ ကျွန်တော်တို့ ပါ တီက ချော်မှန်း ပြီး ပြောနေ တာမဟုတ်ပါဘူး။ အရှေ့ တောင်အာရှမှာ တည်ငြိမ် နေတာကို ကျွန်တော် တို့ နှစ်နှစ်ကာကာ လိုလား ပါ တယ်။ ဒါကြောင့်လဲ ဗမာ ပြည် ပြည်တွင်း စစ်ပြဿ နာကို ပြည်တွင်းမှာဘဲ ဖြေရှင်းရေးကို တင်ပြနေ တာပါ။ ကျွန်တော်တို့ပြည် တွင်းရေးမှာ ဘယ်နိုင်ငံခြား ကမှ စွက်ဖက်တာ ဝင် ရှုပ်ကြတာတွေကို မလို လားပါဘူး။ နယ်ချဲ့ သ မားကတော့ ဒီဒေသ တွေ မှာ 'အာပူကွက်' တွေ ဖြစ် ချင်တာ သိပ်ရှင်း နေ ပါတယ်။

အထူးသဖြင့် ဗ မာပြည်အတွက်ဆို ရင် အကျိုး လိုသလို လိုနဲ့ အ မေရိကန် နယ်ချဲ့က ဝင် ရှုပ်တာမျိုး၊ အမေရိကန် နယ်ချဲ့ရဲ့နောက်မှာ အ ထည်ကြီးပျက် အင်္ဂလိပ် နယ်ချဲ့ကပါ ကပ်ပါလာ မှာမျိုးကို လုံးဝ မလိုလား ပါဘူး။

ကမ္ဘာကြီးရဲ့ အခြေ အနေဟာ ရှုပ်ထွေးပါတယ်။ အပြောင်းအလဲတွေလဲ မြန်ဆန် တတ်ပါတယ်။ နယ်ချဲ့ သ မားတွေဟာ နယ်ချဲ့သ မား တွေ အဖြစ် ရှိနေဆဲပါ။ ဒေ သန္တရ ဗိုလ်ကလေး လုပ်ချင် သူတွေကလဲ အများအပြား ပါ။ ဝေယန်ရေး တရေးမတည် မငြိမ် ဖြစ်လာခဲ့သော် အဆင် သင့်တော့ ရှိရပါမယ်။

သမိုင်းသင်ခန်းစာကို အတက်မှာ တင်ပြခဲ့ပါတယ်။ ခမီဒီတွန်းကလီပေါဖင်းခေတ်က) အခြေအနေထက် အခု ကမ္ဘာ့အခြေအနေက ပိုရှုပ်ထွေးပါတယ်။ ဆက်ဆံမှုတွေကလဲ ပိုပြီး ကျယ်ပြန့်ပါတယ်။ နယ်ချဲ့သမားကလဲ လိမ်လည်လှည့်ဖြားမှုတွေကို ပိုပြီး လုပ်နိုင်ပါတယ်။ ဒါကြောင့် နယ်ချဲ့ကျူးကျော်မှုအန္တရာယ်ကို ကျွန်တော်တို့ ပြည်သူတွေ လျော့မတွက်မိဖို့ လိုပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ရေရှည်ပြည်တွင်းစစ်ကြီးဖြစ်နေတာကလဲ ဝင်ရောက်စွက်ဖက်လိုသူတွေအတွက် ရေခံမြေခံ ရှိနေတာဖြစ်ပါတယ်။

သမိုင်းဗဟုသုတမရှိလို့ ဒုက္ခရောက်ခဲ့ရတာကို ခွင့်လွှတ်ချင်ရင် ခွင့်လွှတ်နိုင်ပေမယ့် ၂၁ရာစုအကူးမှာတော့ အပြစ်မခံနိုင်ပါဘူး။

ဗမာပြည်အစိုးရ စစ်တပ်ရဲ့ (နေဝင်း စစ်အုပ်စုရဲ့) သော့ချက်ဗျူဟာ အမြင်၊ စစ်ရေး ပြဝါဒနဲ့ အတွေးအခေါ်၊ စစ်ရေးစီမံကိန်းများဟာ ဘယ်တုန်းကမှ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲအတွက် မဟုတ်ခဲ့ပါဘူး။ နယ်ချဲ့ကို မှီခိုပြီး ကွန်မြူနစ်ဆန့်ကျင်ရေးစစ်ပွဲ ဆင်နွှဲရေးအတွက်သာ ဖြစ်ခဲ့ပါတယ်။

အရေးကြီးတဲ့ ကာကွယ်ရေးပစ္စည်း စက်ရုံတွေဟာ ရခိုင်ရိုးမနဲ့ ဧရာဝတီအကြား ဧရာဝတီအနောက်ဘက်ကမ်းမှာသာ တည်ဆောက်ထားခဲ့တာတွေနဲ့ အခုအချိန်ထိ သူတို့အဓိကထားပြီး သုံးနေတဲ့ လက်နက်တွေကို ကြည့်ရင် ထင်ရှားပါတယ်။

တကယ်လို့ နယ်ချဲ့ကျူးကျော်မှု ဆန့်ကျင်ရေးစစ် တိုက်ကြရင် ပြည်သူ့စစ်ပွဲ ပြောက်ကျားစစ်ဆင်ရမှာပါ။ သာမန်ဗဟုသုတရှိသူတောင် သိပါတယ်။ (နဝတ)ခေါင်းဆောင်တွေဟာ ပြည်သူ့ကို မှီခိုပြီး ပြောက်ကျားစစ်ဆင်မယ်လို့ စကားအဖြစ်တောင် မပြောဝံ့ပါဘူး။ သူတို့အကြောင်း သူတို့ သိနေလို့ပါ။

စစ်မှန်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ဖို့ ရှေးဦးလိုအပ်ချက်တွေက ပြည်သူက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရ တရားဝင်ရှိရပါမယ်။ ပြည်သူတွေမှာ ဒီမိုကရေစီ ရှိရပါမယ်။ ပြည်တွင်းငြိမ်းချမ်းရေး ရှိရပါမယ်။ စစ်တပ်ကို ပြုပြင်ပြီး ဖြစ်ရပါမယ်။

သေနတ်ကို အမိန့်ပေးနိုင်တဲ့ အာဏာဟာ နေဝင်းစစ်အုပ်စုလက်ထဲမှာ ရှိနေသမျှ ဒါတွေအားလုံးဟာ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။

စစ်တပ်ကို ဘယ်လို ပြုပြင်မလဲ ဆိုတာကိုတော့ အခိုင်အမာ အသေးစိတ် စဉ်းစားထားတာ ပါတီမှာ မရှိသေးပါဘူး။ အခု အကြံပြုချင်တာကတော့ ဗိုလ်အောင်ဆန်းလက်ထက်က တပ်တွင်းအတွေ့အကြုံရှိခဲ့ကြသူတွေနဲ့ လက်ရှိ စစ်တပ်ထဲမှာ တာဝန်ထမ်းဆောင်ဆဲ ဖြစ်တဲ့ တပ်ပြုပြင်ရေးကို လိုလားတဲ့ တပ်မှူးကြီးများ စုပေါင်းပြီး အဖြေရှာကြရင် အဖြေကောင်းတွေ ရမယ်လို့ ယုံကြည်ပါတယ်။

ပြုပြင်ရမယ့်ကိစ္စတွေကတော့ များတယ်လို့ ယူဆပါတယ်။ ဗိုလ်နေဝင်း ဖျက်ဆီးခဲ့တာတွေကို လိုက်ပြီး အားလုံး ပြုပြင်ရမှာ ဖြစ်နေလို့ပါ။ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စစ်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍ စတာတွေမှာ ဗိုလ်နေဝင်း မတော်မတရား လုပ်ထားခဲ့တာတွေကို ပြုပြင်ရမှာဖြစ်လို့ အလွန်များမှာပါ။

တပ်ကို ပြုပြင်ခဲ့ကြတဲ့ နိုင်ငံတကာအတွေ့အကြုံတွေကိုလဲ လေ့လာရမှာပါ။ ဗမာပြည်အတွက် အကျိုးရှိရင် သုံးကြည့်ရမယ်လို့ ယူဆပါတယ်။ ။

# ကားလ်မာ့က်စ်

## ၁၉၁၄ ခုနှစ်တွင်စွယ်စုံကျမ်းတခုအတွက် ဗီ၊အိုင်လီနင်ရေးသားချက်ကို စာအုပ်ငယ်အဖြစ်ပြန်လည်ထုတ်ဝေခဲ့ရာ ဤအပိုင်းမှာပထမဆုံးအပိုင်းဖြစ်သည်။

၁၈၁၈ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပရပ်ရှား နိုင်ငံ၊ ရိုင်း မြစ်ဝှမ်းရှိ တရီးယား မြို့၌ ကားလ်မာ့က်စ် ကို မွေး ဖွား ခဲ့ သ ည်။ သူ့ဖခင်မှာ ဂျူး ဘာသာဝင် ရှေ့နေတစ်ဦး ဖြစ်ပြီး ၁၈၂၄ ခုနှစ် တွင် ပရိုတက် စတင့် ဘာသာသို့ ဝင်ခဲ့သည်။ သူတို့ မိသားစုမှာ စားဝတ်နေ သောက်ခိုင်၊ ပညာ ပါဉ်ကျေးသော မိသားစု ဖြစ်သည်။ သို့သော် တော်လှန်သော မိသားစု မဟုတ်ချေ။ တရီးယား မြို့ အထက်တန်းကျောင်းအောင်ပြီး တက္ကသိုလ် သို့ ရောက်ခဲ့သည်။ အစတွင် ဘွန်း၌၊ နောက် တွင် ဘာလင်၌ ပညာသင်ကြား ခဲ့သည်။ သူသည် ဥပဒေ ပညာနှင့် အထူးသဖြင့် သမိုင်း၊ အဘိဓမ္မာ ပညာတို့ကို သင်ယူခဲ့သည်။ ၁၈၄၁ ခုနှစ်တွင် သင်တန်း ပြီး ခဲ့သည်။ ဒေါက်တာဘွဲ့ အ တွက် အက်ပီကျူးရပ်စ် (Epicurus) ၏ အဘိဓမ္မာ အကြောင်း စာတမ်း တင်ခဲ့သည်။ မာ့က်စ် ကိုယ်တိုင်၏ အဆိုအရ ထိုစဉ်က မာ့က်စ် မှာ ဟီဂယ်လ် စိတ်ဝါဒ သမား တဦး ဖြစ်သည်။ ဘာလင်တွင် သူသည် ဘရူနိုဘောဝါး (Bruno - Bauer) နှင့် အခြား သူများ ပါဝင်သော 'လက်ဝဲ ဟီဂယ် လ ဝါဒီ များ' အစုထဲက တဦးဖြစ်သည်။ သူတို့သည် ဟီဂယ်လ်၏ အဘိဓမ္မာ ထဲမှ ဘုရားမဲ့ ဝါဒ (atheism) နှင့် တော်လှန် သော နိဂုံး ချုပ် ချက် များ ဆွဲထုတ် ကြသည်။

တက္ကသိုလ်မှ ဘွဲ့ ရပြီးသည့် နောက်တွင် မာ့က်စ်သည် ဘွန်သို့ ပြောင်း လာ ခဲ့ သည်။ ရည်ရွယ်ချက်မှာ ပါမောက္ခ လုပ်ရန် ဖြစ် သည်။ သို့သော် လူဒ်ဝစ် ဖြူးဝါးဘတ် (Lud-wig Feuerbach) အား ၁၈၃၂ ခုနှစ် တွင် ဂုဏ်ထူး မှ ဖြုတ် ပစ်ပြီး ၁၈၃၆ ခုနှစ်တွင် သူ့အား တက္ကသိုလ်သို့ ပြန်လာရန် ခွင့် မပြုခဲ့သော၊ လူငယ်ပါမောက္ခ ဘရူနိုဘောဝါး အား ဘွန်း တွင် သင်ကြားပို့ချခွင့် မပေး ခဲ့သော အစိုးရ၏ ဖောက်ပြန် သည့်ပေါ်လစီက မာ့က်စ် အား ပညာ ရေး နယ်ပယ်တွင် လုပ်ကိုင်စားရန် ဆိုသော စဉ်း စားချက်ကို စွန့်လွှတ် စေခဲ့ သည်။ ထို အချိန် ကာလတွင် ဂျာမဏီ နိုင်ငံ၌ လက်ဝဲ ဟီဂယ်လ် ဝါဒ သမား များ၏ အယူ အဆ များမှာ အလျင်အမြန် ကျယ်ပြန့်လာနေသည်။ လူဒ်ဝစ် ဖြူး ဝါး ဘတ် သည် အထူးသဖြင့် ၁၈၃၆ ခုနှစ်၊ နောက်ပိုင်းတွင် သီအိုလော်ဂျီ (ဘုရား တည်ရှိ မှုနှင့် ပတ် သက် ပြီး လေ့လာသော ဘာသာရပ် - ဘာသာသာပြန်သူ ) ကို စတင် ဝေဖန်ပြီး ရုပ်ဝါဒဘက်

ခဲ့ ဦးတည်ခဲ့သည်။ ၎င်းအယူအဆသည် ဖြူးဝါးဘတ်၏ အဘိဓမ္မာတွင် ၁၈၄၁ ခုနှစ်မှ စ၍ အပေါ်စီးရရှိခဲ့သည်။ (ခရစ်ယာန်ဘာသာ၏ အနှစ်သာရ) ၁၈၄၃ ခုနှစ်တွင် သူ၏ အနာဂတ်၏ အဘိဓမ္မာအခြေခံမူများ စာအုပ်ထွက်ခဲ့သည်။ နောင်တွင် ဖြူးဝါးဘတ်၏ စာအုပ်များနှင့် ပတ်သက်၍ အိန်ဂယ်က "ဖတ်သူအနေဖြင့် လွတ်မြောက်ခြင်း အရသာကို ခံစားရသည်" ဟုရေးခဲ့သည်။ "ကျွန်ုပ်တို့ အားလုံး (ဆိုလိုသည်မှာ မာ့က်စ်အပါအဝင် ဟီဂယ်ဝါဒီများ) တခါတည်းနှင့် ဖြူးဝါးဘတ်ဝါဒီဖြစ်ကုန်ကြသည်" ဟုလည်း ရေးခဲ့သည်။ ထိုအခါတွင် လက်ဝဲ ဟီဂယ်ဝါဒီများနှင့် အချက်အချို့၌ တူညီကြသော ရိုင်းမြေသမှ ဂျက်ဒီကယ်ခေရှင်များသည် ကိုလုံးမြို့တွင် ရိုင်းနေ့စဉ် (Rheinische -Zeitung) ဆိုသော အတိုက်ခံသတင်းစာတစောင်ကို ထုတ်ဝေလိုက်သည်။ (အမှတ် ၁ ကို ၁၈၄၂ ခုနှစ်ဇန်နဝါရီ (၁) ရက်နေ့တွင် ထုတ်ဝေခဲ့သည်။) မာ့က်စ်နှင့် အရူဂိုဘောဝါး တို့အား အဓိကပါဝင်ရေးသားရန် ဖိတ်ကြားခြင်း ခံခဲ့ရသည်။ ၁၈၄၂ ခုနှစ်၊ အောက်တိုဘာလတွင် မာ့က်စ်သည် အယ်ဒီတာချုပ် ဖြစ်လာပြီး ဘွန်းမှ ကိုလုံးသို့ ပြောင်းရွှေ့ခဲ့သည်။ မာ့က်စ် အယ်ဒီတာဖြစ်လာပြီးနောက် ၎င်းစာစောင်၏ တော်လှန်သော ဒီမိုကရက်တစ် အယူအဆမှာ ပိုပြီး ပီပြင်လာသည်။ အစိုးရက ဦးစွာအားဖြင့် နှစ်ထပ် သုံးထပ် ဆင်ဆာလုပ်ခဲ့ပြီး နောက်ဆုံး ၁၈၄၃ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် လုံးဝ ပိတ်ပစ်ရန် ဆုံးဖြတ်ခဲ့သည်။ မာ့က်စ်သည် ထိုနေ့မတိုင်မီ အယ်ဒီတာအဖြစ်မှ နုတ်ထွက်ရမည် ဖြစ်သည်။ သို့သော် သူ၏ နုတ်ထွက်ခြင်းသည်လည်း ၎င်းစာစောင်ကို မကယ်တင်နိုင်ခဲ့ချေ။ ၁၈၄၃ ခု မတ်လတွင် အပိတ်ခံလိုက်ရသည်။ ရိုင်းနေ့စဉ်တွင် မာ့က်စ်ရေးခဲ့သည့် အရေးကြီးသော ဆောင်းပါးများတွင် အောက်၌ဖော်ပြထားသော ဆောင်းပါးများ (၎င်းဂျာနယ်တွင် ၎င်းတရင်းကို မဖော်ပြတော့ပါ။ ဘာသာပြန်သူ) အပြင် မိုဇယ်လ် ချိုင့်ဝှမ်းမှ စပျစ်သီးစိုက်သူ တောင်သူများ၏ အခြေအနေ အကြောင်း ဆောင်းပါးလည်း ပါဝင်သည်ဟု အိန်ဂယ်ကရေးသားခဲ့သည်။ စာနယ်ဇင်းလောကတွင် လှုပ်ရှားရင်း မာ့က်စ်သည် သူကိုယ်သူ နိုင်ငံရေးဘောဂဗေဒ အကြောင်း ပြည့်ပြည့်စုံစုံ အားမလည်သေးကြောင်း သဘောပေါက်လာခဲ့သည်။ ထို့ကြောင့် သူသည် နိုင်ငံရေးဘောဂဗေဒကို ဇွဲနဘဲကြီးစွာဖြင့်လိုက်

"ကျွန်တော့်အိမ်ဟာ ဆေးရုံဖြစ်နေပြီ။ အခြေအနေဟာ ဆိုးဝါးလိုက်သမှ ကျွန်တော်ကိုယ်တိုင် အကုန်ထဲလုပ်နေရတယ်။ .... ကျွန်တော့်မိန်းမက ဖျားနေတယ်။ သမီး ဂျယ်နီချင်ဟာ ဖျားနေတယ်။ လင်ချင်ကလဲ အာရုံကြော အဖျားရောဂါတခု ဖြစ်နေတယ်။ ကျွန်တော့်မှာ ဆေးဖိုးငွေမရှိလို့ ဆရာဝန်မပင့်နိုင်ဘူး။ မိသားစုကို (၈) ရက် (၁၀) ရက်လောက် အာလူးနဲ့ ပေါင်မုန့် ကျွေးနိုင်ခဲ့တယ်။ ဒါပေမယ့် ဒီနေ့ ကျွေးနိုင်ပါ့မလား မသေချာဘူး။ ဒီနှာ မှာထည့်ဖို့ ဆောင်းပါးမရေးနိုင်ဘူး။ အကြောင်းကတော့ သတင်းစာ သွားဖတ်ဖို့ ငွေတပြားမှ မရှိလို့ဘဲ၊ ဒါ့အပြင် ပေါင်မုန့်ဖိုး၊ နွားနို့ဖိုး၊ သားသမား၊ ဟင်းသီးဟင်းရွက်ဆိုင်နဲ့ အသားဆိုင်တို့က အကြွေးတွေလဲ ရှိသေးတယ်။ ...."

(၈-၉-၁၈၅၂ ခုနှစ်နေ့စွဲဖြင့် အိန်ဂယ်ထံ ပေးသောမာ့က်စ်၏စာမှ)

တားခဲ့သည်။

၁၈၄၃ ခုနှစ်တွင် ကရုဇနပ်၌ မာက်စ်သည် ဂျယ်နီဗွန်ဝက်စ်ဖယ်လင် (Jenny Von Westph-len) နှင့် လက်ထပ်ခဲ့သည်။ ဂျယ်နီမှာ မာက်စ်၏ငယ်သူငယ်ချင်း ဖြစ်ပြီး ကျောင်းသားဘဝကတည်းက စေ့စပ်ထားသူလည်း ဖြစ်သည်။ မာက်စ်၏ဇနီးမှာ ဖောက်ပြန်သောပရပ်ရှား မင်းစိုးရာဇာ အာဏာပိုင် အငိုင်းမှ ဖြစ်သည်။ သူ၏ အကိုသည် ပရပ်ရှား မင်းများ၏ အဖောက်ပြန်ဆုံး ကာလဖြစ်သည့် ၁၈၅၀-၅၈ ခုနှစ်က ပြည်ထဲရေးဝန်ကြီး ဖြစ်ခဲ့သည်။ ၁၈၄၃ ခုနှစ် ဆောင်းဦးတွင် မာက်စ်သည် အာနိုးလ်ရုဂ် (Arnol-d Ruge ၁၈၀၂ ခုနှစ်ဖွား၊ ၁၈၈၀ ခုနှစ်ကွယ်လွန်၊ လက်ဝဲ ဟီဂယ်ဝါဒီ၊ ၁၈၂၅ မှ ၁၈၃၀ အထိထောင်ထဲမှာနေခဲ့၊ ၁၈၄၈ ခုနှစ် တွင် နိုင်ငံရေးအကြောင်းကြောင့် အင်္ဂလန်နိုင်ငံသို့ ရောက်သွား၊ ၁၈၆၆-၇၀ ခုနှစ်များ နောက်ပိုင်းတွင် ဘစ်စမတ်၏ နောက်လိုက် ဖြစ်သွား) နှင့်အတူ [ပြည့်ပတ္တ] အယူအဆသစ် သဘော မဂ္ဂဇင်း တစောင် ထုတ်ရန် ပဲရစ်သို့ ထွက်ခွာသွားခဲ့သည်။ Deutsch-Französische Jahrbücher အမည်ရှိ ဤ မဂ္ဂဇင်းမှာ တစောင်သာ ထုတ်ဝေလိုက်ရသည်။ ဂျာမဏီနိုင်ငံ တွင် လျှို့ဝှက် ဖြန့်ချိရန် အခက်အခဲနှင့် ရုဂ် နှင့် မာက်စ် အကြား သဘော ကွဲလွဲမှုများကြောင့် ရပ်ဆိုင်း လိုက်ရခြင်း ဖြစ်သည်။ ၎င်း မဂ္ဂဇင်း တွင် ပါရှိသော မာက်စ်၏ ဆောင်းပါးများ အရ ဆိုလျှင် မာက်စ် မှာ တော်လှန်ရေးသမား ပေါ်လာနေပေပြီ။ သူသည် "တည်ရှိနေတာ မှန်သမျှ ကို အညှာအတာ ကင်းမဲ့စွာ ဝေဖန်ရေး" နှင့် အထူးသဖြင့် "လက်နက် ဖြင့် ဝေဖန်ရေး" တို့ကို တင်ပြထားပြီး ပြည်သူလူထု နှင့် ပစ္စည်းမဲ့လူတန်းစားတို့အား ပန်ကြားခဲ့သည်။

> "ကျွန်မတို့ရဲ့ ကလေးသုံးယောက်ဟာ အိပ်ယာထဲမှာ လဲနေကြတယ်။ ကျွန်မတို့ အားလုံးဟာ တဖက်ခန်းရှိ ပြာနှမ်းပြီး အသက်မဲ့နေတဲ့ အပြစ်ကင်းစင်သူ ကလေး အတွက် ငိုနေကြတယ်။ ဒီကလေး သေဆုံးတာဟာ ကျွန်မတို့ အခင်းရဲ့ အကျပ်အတည်းဆုံး အချိန်မှာ ဖြစ်ပါတယ်။ ဒီအချိန် မှာ ကျွန်မတို့ ရဲ့ ဂျာမန် မိတ်ဆွေ တွေကလဲ မကူညီနိုင်ကြ ရှာဘူး။ ဒါကြောင့် မနီးမဝေးမှာနေတဲ့ ပြင်သစ် နိုင်ငံက ကူးပြောင်းလာသူတယောက်ဆီကို ပြေးပြီး ကိုယ့်ဒုက္ခကို ပြောပြ၊ အသနား ခံရတယ်။ သူဟာ မိတ်ဆွေ ကောင်း ပီသစွာနဲ့ ငွေနှစ်ပေါင်ချက်ချင်း ထုတ်ပေး ပါတယ်။ ကျွန်မတို့ဟာ ဒီငွေနဲ့ သင်္ချိုင်းလေးခေါင်း ချဖို့ ခေါင်းတလုံး ဝယ်လိုက်ပါတယ်။ သူ့ခ မျာ လူ့လောကထဲကို ရောက်လာကတဲ့ က ပုခက်ဆိုတာ မတွေ့ဘူး ရှာဖူး၊ လူ့လောက ကို စွန့်ခွာမယ် ဆိုတော့လဲ ခေါင်းချစရာ ခေတ်မရ ရှာတာ အကြာကြီး ပါ။..."
>
> (မာက်စ်ဇနီး ဂျယ်နီမာက်စ်၏ မိတ်ဆွေ တဦးထံ ပေးစာမှ)

၁၈၄၄ ခုနှစ် စက်တင်ဘာလတွင် ဖရက်ဒရစ် အိန်ဂယ်သည် ပဲရစ်သို့ ရက်အနည်းငယ် လာရောက်ခဲ့ပြီး ထိုအချိန်မှစ၍ မာက်စ်၏ အရင်းနှီးဆုံး မိတ်ဆွေ ဖြစ်လာခဲ့သည်။ သူတို့သည် ထိုစဉ်က ပဲရစ်ရှိ တော်လှန်ရေး အစုများ၏ လှုပ်ရှားမှုဖြင့် ပြည့်လျှမ်းနေသော ဘဝ များတွင် အတက်ကြွဆုံး ပါဝင်ခဲ့ကြသည်။ (အရေးအပါဆုံး အချက် မှာ ပရူဒွန်၏ အယူအဆ နှင့် ပတ်သက်၍ ဖြစ်သည်၊ မာက်စ်သည် ၎င်းအယူအဆ ကို ၁၈၄၇ ခုနှစ်ထုတ် ဒဿနိက ဆင်းရဲခြင်း စာအုပ်ထဲတွင် အပြတ် တိုက်ဖျက်ခဲ့သည်။) ထို့ပြင် နေရှင်ပေါက်စ ဆိုရှယ်လစ်ဝါဒတ

များ အမျိုးမျိုးကို ပြင်းပြင်းထန်ထန် တိုက်ခိုက်၍ တော်လှန်သော ပစ္စည်းမဲ့ ဆိုရှယ်လစ်ဝါဒ၊ သို့မဟုတ် ကွန်မြူနစ်ဝါဒ (မာ့က်စ်ဝါဒ) ၏ သဘောတရားနှင့် နည်းပရိယာယ်များ ချမှတ်ခဲ့ကြသည်။ နောက်ပိုင်းရှိ ကျမ်းအညွှန်း စာရင်းတွင် ပါရှိသည့် (ဤဂျာနယ်တွင် မဖော်ပြတော့ပါ-ဘာသာပြန်သူ) ၁၈၄၄-၄၈ ခုနှစ် ကာလမှာ မာ့က်စ်၏ရေးသားချက်များကို ကြည့်ပါ။ ပရုရှားအစိုးရ၏ ဆက်တိုက်တောင်းဆိုမှုကြောင့် ၁၈၄၅ ခုနှစ်တွင်မာ့က်စ်မှာ အန္တရာယ်ကြီးသော တော်လှန်ရေးသမားအဖြစ် ပဲရစ်မှ မောင်းထုတ်ပစ်ခြင်းခံရသည်။ သူ ဘရပ်ဆဲလ်သို့ပြောင်းသွားသည်။ ၁၈၄၇ ခုနှစ် နွေဦးတွင် မာ့က်စ်နှင့် အိန်ဂယ်တို့သည် ကွန်မြူနစ်အဖွဲ့ချုပ် (Communist League) ဟုခေါ်တွင်သော လျှို့ဝှက်ဝါဒဖြန့်ချီရေး အဖွဲ့တွင် ပါဝင်ခဲ့ကြသည်။ သူတို့သည် ၎င်းအဖွဲ့ချုပ်၏ ဒုတိယကွန်ဂရက် (လန်ဒန်၊ ၁၈၄၇ ခုနှစ် နိုဝင်ဘာလ) တွင် ထင်ရှားသော အခန်းမှ ပါဝင်ခဲ့ကြပြီး ကွန်ဂရက်၏ တာဝန်ပေးချက်အရ နာမည်ကျော် ကွန်မြူနစ် ကြေငြာစာတမ်း - ၁၈၄၈ ခုနှစ် ဖေဖော်ဝါရီလ တွင် ထွက်ပေါ်ခဲ့သည်။ --ကို ရေးသားခဲ့ကြသည်။ ဤကျမ်းတွင် ပါရမီရှင်တို့၏ ရှင်းလင်းပြတ်သားမှုနှင့် တူးကဲမှုဖြင့် ကမ္ဘာ့အမြင်သစ် ဖြစ်သော ကျိုးကြောင်းဆီလျော်သည့် ရုပ်ဝါဒကို တင်ပြခဲ့သည်၊ ကျ ရုပ်ဝါဒတွင် လူမှုဘဝနယ်ပယ် လဲ လွှမ်းခြုံပြီး၊ အကျယ်ပြန့်ဆုံး အနက်ရှိုင်းဆုံးသော တရား အဖြစ် အနုပဋိလောမတရား အား ဖော်ပြထားသည်။ ထို့ပြင်လူတန်းစားတိုက်ပွဲ သဘောတရားနှင့် အသစ်ဖြစ်သည့် ကွန်မြူနစ်လူ့အဖွဲ့အစည်းကို ဖန်တီးမည့်ပစ္စည်းမဲ့လူတန်းစား၏ ကမ္ဘာ့သမိုင်းနှင့် ချီသည့် တော်လှန်သောအခန်း ကဏ္ဍကို လည်းကောင်း ဖော်ပြထားသည်။

-၁၈၄၈ ခုနှစ် ဖေဖော်ဝါရီ တော်လှန်ရေး ပေါ်ပေါက်သောအခါ မာ့က်စ်အား ဘယ်လ်ဂျီယံမှ နှင်ထုတ်ပစ်လိုက်သည်။ သူသည် ပဲရစ်သို့ ပြန်သွားခဲ့သည်။ မတ်လတော်လှန်ရေး ပြီးသောအခါ ဂျာမဏီ နိုင်ငံ ကိုလုံးမြို့သို့သွားခဲ့သည်။ ထိုမြို့တွင် ၁၈၄၈ ခုနှစ် ဇွန်လ (၁) ရက်နေ့မှ ၁၈၄၉ ခုနှစ်မေလ (၁၉) ရက်နေ့အတွင်း ရိုင်းနေ့စဉ်သစ် (Neue Rheinische Zeitung) ထုတ်ဝေခဲ့သည်။ မာ့က်စ်က အယ်ဒီတာချုပ် ဖြစ်သည်။ ၁၈၄၈-၄၉ ခုနှစ် တော်လှန်ရေး ဖြစ်စဉ်များက သဘောတရားသစ်ကို အတည်ပြုပေးခဲ့သည်။ ထို့အပြင် မှစ၍ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးမှ ပစ္စည်းမဲ့ လူတန်းစားနှင့် ဒီမိုကရက်တစ် လှုပ်ရှားမှုများကလည်း အတည်ပြုပေးခဲ့သည်။ အနိုင်ရရှိသွားသော တန်ပြန်တော်လှန်ရေးက မာ့က်စ်အားရုံးတင်တရားစွဲခဲ့ပြီး (၁၈၄၉ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် အပြစ်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။) ဂျာမဏီမှ နှင်ထုတ်ပစ်ခဲ့သည်။ (၁၈၄၉ ခုနှစ်၊ မေလ (၁၆) ရက်နေ့)။ မာ့က်စ်သည် ပဲရစ်သို့ အရင်သွားခဲ့သည်။ ၁၈၄၉ ခုနှစ်ဇွန်လ (၁၃) ရက်နေ့ ဆန္ဒပြမှု အပြီးတွင် သူ့အား ပြင်သစ်မှ နှင်ထုတ်လိုက်ပြန်သဖြင့် လန်ဒန်သို့ သွားပြီး ကွယ်လွန်သည် အထိ လန်ဒန်တွင်နေထိုင်သွားသည်။

မာ့က်စ်နှင့် အိန်ဂယ်လ် ပေးစာများ (၁၉၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည်) တွင်ပေါ်လွင်စွာဖော်ပြနေသည့်အတိုင်း မာ့က်စ်၏ နိုင်ငံရေးဒုက္ခသည်ဘဝမှာ အလွန်ဆင်းရဲခက်ခဲသည်။ မာ့က်စ်နှင့် မိသားစုမှာ မွဲပြာကျနေသည်။ အိန်ဂယ်လ်၏ ကိုယ့်ကိုယ်ကို အနစ်နာခံပြီး မပြတ်ပေးနေသော ထောက်ပံ့မှုသာ မရှိပါက မာ့က်စ်သည် အရင်းကျမ်းကို ပြီးအောင် မပြုနိုင်ရုံမကတော့ ချိုယ်သေသွားပေမည်။ ထို့ပြင်

တိုစဉ်က တွင်ကျယ်နေသော ခေ ရှင် ပေါက်စ ဆိုရှယ်လစ်ဝါဒ နှင့် ပစ္စည်းမဲ့ မဟုတ်သည့် ဆို ရှယ် လစ်ဝါဒ တို့၏ တရားများနှင့် အ ယူအဆများ ကြောင့် မာ့က်စ်မှာ အညှာအတာကင်းမဲ့သောတိုက် ပွဲကို မပြတ်ဆင်နွှဲနေရသည်။ တခါတရံ တွင် (ဗိုဂ် Herr Vogt ၏) စာကြမ်းတမ်း ဆုံးနှင့် အရိုင်း ရိုင်း ဆုံး သောပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများကို လည်း တွန်းလှန်ရသည်။ မာ့က်စ် သည် နိုင်ငံရေးခိုလှုံသူအ သိုင်းအဝိုင်းများနှင့် ဂါ သီးတခြား နေကာ သမိုင်း ဝင် ရေးသား ချက် အများအ ပြားတွင် သူ၏ရုပ်ဝါဒ သ ဘောတရားကို ဖွံ့ဖြိုးထွန်း ကားစေခဲ့သည်။ သူသည် နိုင်ငံရေးဘောဂဗေဒ ကို မြေစိုက်ပစ်၍ ကြိုးပမ်း လေ့ လာခဲ့ သည်။ သူ သည်ကျွ် သိပ္ပံပညာကို ("မာ့က်စ်ဝါဒ တရား" ဆိုသော နောက် အခန်း တွင်ကြည့်ပါ။) သူ၏ နိုင်ငံ ရေး ဘောဂဗေဒ ဝေဖန်ရေးအား အ ကျိုး ပြုချက် (၁၈၅၉ ခုနှစ်) နှင့် အရင်းကျမ်း (ပထမတွဲ၊ ၁၈၆၇ ခု နှစ်) တို့တွင် တော်လှန်ပြောင်းလဲ ခဲ့သည်။


ငါးဆယ်စုနှစ် များ နှင့် ခြောက်ဆယ် စုနှစ် များ အကုန် တွင် ပြန်လည်ပေါ်ပေါက် လာ သော ဒီမိုကရက်တစ်လှုပ်ရှား မှုများက မာ့က်စ်အား လက် တွေ့လှုပ်ရှားမှုဆီသို့ပြန် ခေါ် ယူခဲ့သည်။ ၁၈၆၄ ခုနှစ် ( စက် တင်ဘာ ၂၈ ရက်နေ့) တွင် လန် ဒန်၌ — ပထမအင်တာနေ ရှင် နယ်ဟုကျော်ကြားသော — နိုင်ငံ တကာ အလုပ်လုပ်သူများ အ သင်းကြီးကို တည်ထောင် လိုက် သည်။ မာ့က်စ် သည် ကျွ်အဖွဲ့အ စည်းကြီး၏ နှလုံး အိမ် ဖြစ် သည်။ သူသည် အဖွင့်မိန့်ခွန်း နှင့် အခြားသော ဆုံးဖြတ်ချက်၊ ထုတ်ပြန်ချက်၊ ကြေညာ စာ တမ်း များ တို့ကို ရေးသား သူ ဖြစ်သည်။ နိုင်ငံ အသီးသီးမှ အ လုပ်သမား လှုပ်ရှားသူများ ကို စုစည်း ခြင်း ဖြင့် ၎င်း၊ ပစ္စည်း မဲ့ မဆန်သော မာ့က်စ် မဝိုင်မီလက် ထက် ဆိုရှယ်လစ်ဝါဒ (မာဇီနီ၊ ပ ရောက်ဒွန်၊ ဘာကူနင်၊ အင်္ဂလန်မှ လစ်ဘရယ် အလုပ်သမား သမဂ္ဂဝါ ဒ၊ ဂျာမဏီမှ လာ ဆာလ် ၏ လက်ျာ ယိမ်း မှု များ စသည်) များကို ပူးတွဲ လုပ်ဆောင်မှုလမ်း ကြောင်း ပေါ်သို့ ဦး တည်စေ ရန် ကြိုး ပမ်း ခြင်း ဖြင့် ၎င်း၊ ကျွ် အစုများ၊ အဖွဲ့ များ ၏ သဘောတရားများ ကို တိုက်ဖျက်ခြင်း ဖြင့် ၎င်း၊ မာ့က်စ် သည် နိုင်ငံ အသီး သီးမှ အလုပ်သမား လူ တန်း စား၏ ပစ္စည်းမဲ့တိုက် ပွဲ အတွက် တူညီသောနည်း ပရိယာယ်ကို ချမှတ် ခဲ့ သည်။ ပဲရစ်ဘုံအဖွဲ့ (၁၈၇၁ ခုနှစ်) — ကျွ်သည်နှင့်ပတ် သက်၍ မာ့က်စ်က နက် ရှိုင်း၊ တိကျ၊ ထူးကဲ သော အကျိုး သက် ရောက်မှုရှိ သည့် ခွဲခြမ်း စိတ်ဖြာမှု (ပြင်သစ် ပြည် ပြည်တွင်း စစ်၊ ၁၈၇၁ ခုနှစ်) လုပ်ခဲ့ သည် — ကျဆုံးပြီးနောက် တွင် လည်းကောင်း၊ အင်တာ နေ ရှင်နယ်အား ဘာကူနင် နောက် လိုက်များက ကွဲထွက်သွားစေပြီး သည့်နောက် တွင် လည်း ကောင်း၊ ကျွ်အဖွဲ့ အစည်းကြီး မှာ ဥရော ပ တွင် တည်ရှိရန် မဖြစ် နိုင်တော့ပြေ

> "ဆိုက်ဘေးရီး ယားမှ ကာလီဖိုးနီး ယားအ ထိ ဖြစ်တဲ့ သတ္တုတွင်း များနဲ့ ဥရောပတိုက်၊ အမေရိကတိုက် တနံတလျားက သန်း ပေါင်း များစွာသော တော်လှန်သော တိုက်ဖော် တိုက် ဖက် အလုပ် သမား များရဲ့ ချစ်ခင် မြတ်နိုးခြင်း၊ လေးစားခြင်းနဲ့ ဝမ်းနည်း ပူဆွေး မှုတို့အောက်မှာ သူဟာ ကွယ်လွန်သွား ပါတယ်။ သူ့မှာ ဆန့် ကျင်သူတွေ အများအပြား ရှိကောင်း ရှိ ပေ မယ့် ပုဂ္ဂိုလ်ရေး ရန်သူရယ်လို့ ရှိနိုင်ခဲ့ လှ တယ်လို့ ကျွန်တော် ရဲရဲ ပြောဝံ့ပါတယ်။"
>
> (မာ့က်စ်၏ သင်္ချိုင်းဘေးတွင် ပြောကြားသော ဖရက်ဒရစ် အိန်ဂယ်၏ မိန့်ခွန်း မှ)

အင်တာနေရှင်နယ်၏ ဟော့ဂ်မြို့ကွန်ဂရက် (၁၈၇၂-ခုနှစ်) ပြီးသော အခါ မာက်စ်သည် အင်တာနေရှင်နယ်၏ အထွေထွေကောင်စီကို နယူးယော့မြို့သို့ ပြောင်းရွှေ့စေခဲ့သည်။ ပထမ အင်တာနေရှင်နယ်သည် ယင်း၏ သမိုင်းပေး အခန်းကဏ္ဍကို ကျေပြွန်စွာ ထမ်းဆောင်သွားလေပြီ။ ယင်းသည် ဥရောပရှိနိုင်ငံအားလုံးတွင် အလုပ်သမား လှုပ်ရှားမှုကို အတိုင်းမသိ ကြီးထွားလာသော ကာလတခု ဖြစ်ပေါ်စေခဲ့သည်။ တကယ်တော့ ဤကာလသည် အလုပ်သမား လှုပ်ရှားမှုများ အတိုင်းအတာအရ ကြီးထွားလာခဲ့ပြီး အမျိုးသားနိုင်ငံ တခုစီတွင် လူထု ဆိုရှယ်လစ် အလုပ်သမားပါတီများ ပေါ်ပေါက်လာသည့် ကာလ ဖြစ်သည်။

အင်တာနေရှင်နယ်တွင် စိတ်ပန်းကိုယ်ပန်း လုပ်ကိုင်ရမှုနှင့် အခြားသော ပင်ပန်းလှသည့် သဘောတရားရေးအလုပ်များကြောင့် မာက်စ်၏ ကျန်းမာရေးမှာ ရှုံ့စွာချို့တဲ့လာခဲ့သည်။ သူသည် သူ၏ နိုင်ငံရေး ဘောဂဗေဒ အား ပုံသစ်လောင်းခြင်းနှင့် အရင်းကျမ်းအား အပြီးသတ်ခြင်းတို့ကို ဆက်လုပ်ခဲ့သည်။ သူသည် ဤအတွက် အချက်အလက်အသစ် တပုံတခေါင်းကြီး ကိုစုဆောင်းခဲ့ပြီး ဘာသာစကားအသစ်များ (ဥပမာ ရုရှားဘာသာ) ကိုလေ့လာခဲ့သည်။ သို့သော် ကျန်းမာရေး ချို့ယွင်းမှုကြောင့် အရင်းကျမ်းကို အပြီး မသတ်နိုင်ခဲ့ချေ။

၁၈၈၁ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့တွင် သူ၏ဇနီးကွယ်လွန်ခဲ့သည်။ ၁၈၈၃ ခုနှစ် မတ်လ (၁၄) ရက်နေ့တွင် မာက်စ်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း အေးချမ်းစွာ ကွယ်လွန်သွားခဲ့သည်။ သူ့အား လန်ဒန်မြို့ ဟိုက်ဂိတ်သုသာန်တွင် သူ့ဇနီး၏ဘေး၌ မြှုပ်နှံခဲ့သည်။ မာက်စ်၏ သားသမီးများ အနက် အချို့မှာ ငယ်စဉ်တွင် သူတို့မိသားစု ဆင်းရဲမွဲတေနေသော ကာလအတွင်း သေဆုံးသွားခဲ့သည်။ သမီးသုံးယောက် ဖြစ်သော အီလီယာနာ အေဗလင်း (Eleanor Aveling) လောရာ လာဖာ့ဂ် (Laura Lafargue) နှင့် ဂျယ်နီလွန်ဂေး (Jenny Longuet) တို့မှာ အင်္ဂလိပ် ဆိုရှယ်လစ်များ၊ ပြင်သစ်ဆိုရှယ်လစ်များနှင့် အိမ်ထောင်ကျခဲ့သည်။ ဂျယ်နီ၏ သားမှာ ပြင်သစ် ဆိုရှယ်လစ်ပါတီဝင် ဖြစ်သည်။



**တကာ:ဆိုင်း** | ၁၈၀ | **နိုင်ငံရေး ရှုဒေါင့်မှ သုံးသပ်ချက်**

# အာရှဝိုက်အာရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းမှ စီးပွားရေး ပြဿနာအား

က ■ နိုင်ငံတကာ စီးပွားရေး ပညာရှင် တွေ၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တာဝန်ခံတွေ၊ ကာယရှင် အစိုးရ တွေနဲ့ မီဒီယာပေါင်းစုံက လူတွေဟာ အာရှဝိုက် အရှေ့ပိုင်းနဲ့ အရှေ့ တောင်ပိုင်းက စီးပွားရေး ဘဏ္ဍာရေး အကျပ်အတည်းကို အမျိုးမျိုး အဖွင့်ဖွင့်သုံးသပ်နေ ကြတယ်၊ သူ့အကြောင်း ပြချက်နဲ့သူ တော့ အဆင်ကိုချောလို့ပဲ။ ဒါပေမယ့် ပြဿနာ ပြေလည်စေဖို့ နည်းလမ်းပေးကြရာ မှာ တော့ ကွဲလွဲနေ၊ ပဋိပက္ခ ဖြစ်နေကြတယ်၊ ဒါဘာလို့လဲ။

၁ ■ အရှင်းဆုံးပြောရရင်တော့ နည်းလမ်းပေး တဲ့လူတိုင်းက ကိုယ့်အကျိုး စီးပွား ကို အခြေခံပြီး ပေးနေတာမို့ပေါ့။ အခု လို မိုလ်ကြီးခွစ် မိုလ်လျှမ်းမိုးတဲ့ အခြေအနေ ကနေ မိုလ်ကြီးတမိုလ်ကျဆုံးသွား တဲ့ ကာလမှာ အင်အားရှိတဲ့ နိုင်ငံတွေဟာ မြေပုန်းခုတ်ကြ၊ ခွက်စောင်းခုတ် ကြ နဲ့ သူတို့ချင်းရဲ့ အကျိုး စီးပွားတွေဟာလဲ ပဋိပက္ခတွေ ရှိလာတယ် မဟုတ်လား။

၂ ■ ကျွန်တော်လဲ ဒီပြဿနာ ကို ဆွေးနွေး ချင်နေတာကြာပြီ။ ဒါပေမယ့် ကျွန်တော် တို့မှာ အကန့်အသတ်တွေ အများ ကြီးရှိ နေတော့ ကျွန်တော်တို့ရဲ့ ရှုမြင် သုံး သပ်ချက်တွေဟာ သိပ်ပြီးကျယ် ပြန့် ပြည့်စုံမှာတော့မဟုတ်ဘူး။ ဒါပေမ ယ့် အတတ်နိုင်ဆုံးနည်းနဲ့ "ကိုယ်ဖြစ်စေချင် "တဲ့ ဆန္ဒနဲ့ မသုံးသပ်ပဲ၊ တကယ်ဖြစ်နေတာ တွေကိုပဲ ဆန္ဒစွဲကင်းကင်း ချဉ်းကပ် သုံးသပ်နိုင်ရင် မဆိုးဘူးထင်တယ်။

က ■ ဘာပဲပြောပြော ကျွန်တော်တို့ရဲ့ စဉ်းစားချက်တွေကို ပြည်သူတွေ သိအောင်လုပ်ဖို့တော့ အလောတကြီး လိုနေပြီ။ ပြည်သူကို ဒီကိစ္စ ကနေ ဆက်ဖြစ်လာနိုင်တာတွေကို ထောက်ပြ တယ်လှန့်တားရမယ်။ ဒီ စီးပွားရေး အကျပ်အတည်းဟာ မြန်မာပြည်ကို အများ ခတ်ရုံလောက် ခတ်မှာမဟုတ်ဘူး၊ ကျွန်တော် တို့ တိုင်းပြည် ဟာ ငြိမ်းချမ်းတည်ငြိမ်နေတာလဲ မဟုတ်၊ စီးပွားရေးကလဲ ကျန်းကောက်စရာ မရှိအောင် ချွတ်ခြုံကျနေတာ၊ ဒီလို နဂိုကထဲက ကိုယ်ခံ အားမကောင်းတဲ့အချိန် မှာ ဒီ အကျပ်အတည်းကြီးရဲ့ ဒဏ်ပါ ဝင်လာရင် ဒုက္ခပဲ။

ခ ■ ဟုတ်တယ်၊ စစ်အစိုးရဟာ မြန်မာပြည်အတွက်မူ ၊ ပေါ်လစီ တွေကို ချမှတ်ရင် ပြည်သူတွေ ရဲ့ ခင်းရဲ့ ဒုက္ခအပေါ် အခြေခံပြီး ချမှတ်တာ မဟုတ်ဘူး၊ သူတို့ရဲ့ အာဏာ တည်မြဲရေးကိုသာ အခြေခံပြီးချမှတ်တာ။

က ■ ကဲပါ ၊ စ ကြရအောင် ၊ ဘယ်ကစမလဲ၊ စစ်အေးတိုက်ပွဲက စမလား ။

ဂ ■ ကျွန်တော်ကတော့ ဆဲဒီအရင်ကလောင်း စ ချင်တယ်၊ ဒါပေမယ့် ဒီရာဇဝင်က ထုတ်ထမ်းပြီးပြော ဖို့ မလိုတဲ့ အားလုံးသိပြီးသား၊ မငြင်းသာတဲ့ ရာဇဝင် ပါ။ ကျွန်တော်က ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း မှာ နယ်ချဲ့သမားတွေ နယ်မြေလုနေကြတဲ့ အချိန် ကို ပြန် သတိရမိတယ်။ နာဇီတပ်တွေက ဆိုဗီယက် ယူနီယံ အတွင်းပိုင်းကို ထိုးဝင်ပြီး တိုက်နေတဲ့အခါမှာ စတာလင် ဟာ မဟာမိတ်တပ်တွေ ကို အနောက်ဘက် စစ်မျက်နှာဖွင့် ဖို့၊ ဟစ်တလာ ရဲ့ တပ်တွေကို နှစ်ဘက်ညှပ်တိုက် ဖို့ တင်ပြ ခဲ့ တယ်။ ဒါ်ဒီ မဟာမိတ် ဆိုသူတွေဟာ ချက်ချင်းမှ အရေး မလုပ်ဘူး၊ ဆိုဗီယက် နဲ့ ဂျာမန်တိုက် တာ ကို 'ဟာလဲ ညက် ၊ ကြက်လဲ ဖမ်း' ဆိုပြီး ကြည့် နေလိုက်တယ်။ ပြီးမှ သူတို့ တတွေဟာ အာ ဖရိကမှာ ဝင်ရိုးစွန်းတပ်တွေနဲ့ နယ်မြေ သွား လု နေကြတယ်။

က ■ အမေရိကန် ကရော ဘာလုပ်သလဲ၊ သူဟာ ဒု တိယ ကမ္ဘာစစ် ဖြစ်ကာစ အင်္ဂလိပ် နဲ့ ဂျာမဏီ ရဲ့ ပဋိပက္ခ မှာ ဘယ်ဘက်မှ မပါဘဲ နေခဲ့ရုံ မ က ဂျာမဏီ နဲ့ တိတ်တဆိတ် ဆက်သွယ် ပြော ဆို တာတွေတောင် ရှိခဲ့တယ်။ ဂျာမဏီ ရဲ့ အ ခြေအနေ မဟန်မှန်း သိတော့မှ မဟာမိတ် ဆို တဲ့ အထဲကို ဝင် ပါ တာပါ။

ဂ ■ စတာလင်ဂရက် တိုက်ပွဲကြီးကစပြီး ရုရှား တပ်နီတော် ဟာ ဖက်ဆစ်တပ်တွေကို ကိုယ့် နိုင်ငံထဲက မောင်းထုတ် နိုင်ခဲ့ရုံ မက ဂျာမ ဏီ အထိ ဆက်လက်ချီတက်ရင်း လမ်းတလျှောက် က နိုင်ငံတွေကို သိမ်းလာတော့မှ အမေရိကန် အင်္ဂလိပ် တပ်တွေဟာ အနောက်ဘက် စစ် မျက်နှာကို ဖွင့်ခဲ့တာပါ။ ရုရှား တပ်နီတော် ကြီး ရှေ့တိုးလာတာကို ဟန့်တားနိုင်ဖို့ အတွက် ဝင် ရိုးတန်း နိုင်ငံတွေရော အနောက်မဟာမိတ် နိုင်ငံ တွေပါ၊ အာဖရိက စစ်ပွဲကို အမြန်အဆုံး သတ် ပြီး ဥရောပကို တပ်တွေ ဆွဲယူလာခဲ့ ကြပါတယ်။

ခ ■ ဒီလိုနဲ့ ဒုတိယ ကမ္ဘာစစ် ကြီး ပြီးသွားတဲ့နောက် ကျတော့ စစ်ကြီးရဲ့ ဒဏ် ကို မခံရတဲ့ အပြင် စစ် ပစ္စည်းတွေ ရောင်းချပြီး ကြွယ်ဝခဲ့တဲ့ အမေ ရိ ကန် ဟာ အနောက်ကမ္ဘာရဲ့ နံပါတ် တစ် ဖြစ် လာတာပဲ မဟုတ်လား၊ သူ့လက်ထဲမှာ အဏုမြူ ဗုံးကလဲ ရှိနေတယ် လေ။

ဂ ■ ဒါပေမယ့် သူဟာ စစ်ပွဲ ကြီး ပြီးတော့ကြာ ခံ နယ်ပယ် ရယ် လို့ တိတိကျကျ ရခဲ့တာ နည်း နည်း လေး ဖြစ်နေတယ်။

ခ ■ ဟုတ် တယ်၊ ပစိဖိတ် သမုဒ္ဒရာ ထဲက ကျွန်းတ ချို့ပဲ ရလိုက်တယ်၊ မှတ်တယ်...။

ဂ ■ ဒီတော့ အမေရိကန် ဟာ စစ်နဲ့ မရလိုက် တဲ့

ဩဇာခံ နယ်မြေကို စီးပွားရေးနဲ့ ရအောင် လုပ်တော့တာပေါ့။ တချိန်တည်းမှာ ကမ္ဘာအနှံ့ စစ် အခြေခံ စခန်းတွေ ဆောက်တဲ့ စစ်ရေး ပြင်ဆင်မှုလဲ ပါပါတယ်။

က■ ဒါဟာ စစ်အေး စစ်ပွဲရဲ့ အစလို့ ဆိုရမယ်နဲ့ တူတယ်။

ဂ■ ပြောလို့ ရပါတယ်။ အနောက်အုပ်စု ဟာ အဲဒီ အချိန်က စပြီး ကွန်မြူနစ်ဝါဒ ကို အကြီးအကျယ် ရန်သူ လို့ သတ်မှတ် ပြီး တကမ္ဘာလုံး အတိုင်း အတာနဲ့ ပြင်ဆင်မှုတွေ လုပ်တော့တာပါ။ သူတို့ဟာ ဆိုရှယ်လစ် နိုင်ငံတွေရဲ့ ပတ်လည်မှာ ရှိတဲ့နိုင်ငံ တွေ ကို စီးပွားရေး အရ ၊ စစ်ရေး အရ တောင့်တင်းအောင် လုပ်ပြီး ၊ နိုင်ငံရေး အရတော့ ကွန်မြူနစ်ဝါဒ မထွန်းကားအောင် ဖိနှိပ်တယ်။ ဒီအထဲက တောင် ကိုရီးယား နဲ့ အနောက် ဂျာမဏီ လိုနိုင်ငံတွေ ကိုတော့ ဗန်းတင် စံပြ နိုင်ငံတွေ ဖြစ်အောင် ပွဲ ထုတ် ခဲ့တယ်။

ခ■ ကျွန်တော့် အထင် ဒီ အစီအစဉ် မှာ လွတ်လပ်ရေး ပေးတာတွေလဲ ပါတယ်လို့ ထင်တယ်။ ကိုလိုနီ ပိုင်ရှင်တွေ ဟာ သူတို့ ဆက်ပြီးအုပ် ချုပ်နေတဲ့ အတွက် ပြည်တွင်းမှာ ကွန်မြူနစ် နဲ့ တခြား နယ်ချဲ့ ဆန့်ကျင်ရေး အင်အား စုတွေ ပို ပို အားကြီး လာ နိုင်စရာ ရှိတဲ့ နိုင်ငံတွေကို အရင် လွတ် လပ်ရေး ပေးခဲ့ ကြတယ်။ အဲ ဒီ လို ပေးရင်း အဲဒီနိုင်ငံ တွေထဲ မှာ နိုင်ငံရေး ၊ အမျိုးသားရေး ၊ ဘာသာရေး ပြဿနာ တွေ ရှုပ်ထွေးအောင် ဖြစ်နိုင်ရင် ပြည်တွင်းစစ် ဖြစ်ပွားအောင် ဖန်တီး ခဲ့ ကြတယ်။ ကွန်မြူနစ် တွေရဲ့ လက်ထဲ အာဏာ မရောက်အောင် အသေ အချာ စီစဉ် ခဲ့ ကြတယ်။ ကွန်မြူနစ် နဲ့ နဲ နဲ စီးစပ် မယ် ထင်ရတဲ့ ဦးအောင်ဆန်း လို ခေါင်း ဆောင် ကိုတော့ ရှင်း တောင် ရှင်း ပစ် ခဲ့တယ်။

က■ ဗမာပြည်၊ အိန္ဒိယ၊ ပါကစ္စတန်၊ မလေးယား...

ခ■ ဟုတ်တယ်၊ တရုတ် ပြည် ရဲ့ဘေးက နိုင်ငံ တွေ ညည်း လိုဖြစ်နေတာဟာ တိုက်ဆိုင် မှုလို့ မဆို နိုင်ဘူး၊ ဒီနိုင်ငံတွေ ထက် အရင် နှစ်ပေါင်း တရာ နှစ်ရာ စောပြီး ကိုလိုနီ ဖြစ်ခဲ့ တဲ့ အာဖရိက ကနိုင်ငံ လို ဟာတွေ ကိုတော့ ၆၀ ခုနှစ် များနဲ့ ၇၀ ခု နှစ် များ ကျမှ လွတ်လပ်ရေး ပေး ခဲ့ တယ်။ အဲဒီနိုင်ငံ တွေ ဟာ ဆိုရှယ်လစ် နိုင်ငံ တွေ နဲ့ အလှမ်း ဝေး တဲ့ အပြင် ပြည်တွင်း မှာ လက်ဝဲ အင်အား စု လဲ သိပ် မ ရှိ သလောက် နီးပါး နည်း တာကိုး။

ဂ■ ဒါဟာ အနောက် အုပ်စု ဟာ ခံစစ် ကြောင်း ကို နောက် ဆုတ် ပြီး ခိုင်မာ အောင် လုပ် တာ တမျိုး ပဲ လို့ ဆိုနိုင် ပါတယ်။ နောက်ပြီး အင်္ဂလိပ် ရဲ့ နေရာမှာ အမေရိကန် က ဝင်ယူ တော့မယ့် အဓိပ္ပာယ် လို့ လဲ ပြောလို့ ရပါတယ်။

က■ ဒိုမီနို ဖဲချပ် လေးများ လို ဆိုရှယ်လစ် နိုင်ငံ တွေ တခု ပြီး တခု ဆက် ပြီး မပေါ် အောင် ကာကွယ် တာပေါ့..။

ဂ■ ဒိုမီနို ဆိုတဲ့ အသုံး အနှုန်း ကို အမေရိကန် သမ္မတ အိုက်ဆင်ဟောင်ဝါ ဟာ ဗီယက်နမ် က ဒိန်ဘိန်ဖူး ခံတပ် ကျပြီး နောက် မှ စပြီး ပြော တာပါ။ ဒါပေမယ့် ဒီ စဉ်းစား နည်း ဟာ ဒုတိယ ကမ္ဘာစစ် ကြီး ပြီးကတဲက အနောက် နိုင် ငံ ခေါင်း ဆောင် တွေ ရဲ့ ခေါင်း ထဲမှာ ရှိခဲ့ ဟန်တူ ပါ ရဲ့။

ခ■ အဲဒီ နောက် မှာတော့ အာရှ ဝိုက် ရဲ့ နဂါး တို့ ကျား တို့ ဆိုတာ တွေ...

ဂ■ ဒါတွေ ဟာလဲ တရုတ် ပြည်၊ မြောက် ကိုရီးယား နိုင်ငံ ၊ ဗီယက်နမ် နိုင်ငံ ၊ လာအို နိုင်ငံ တို့ မှာ ဆိုရှယ်လစ် အလံ လွှင့်ထူ ခဲ့ ကြ တာနဲ့ ဆက်နေ တယ်

အမေရိကန်ဟာ အစီအစဉ်ရှိရှိနဲ့ ဒီပတ်လည်းကျင်က နိုင်ငံတွေကို ထောက်ပံ့ငွေ၊ ချေးငွေတွေ ဖူးပေါလအောင်ပေးပြီး ရင်းနှီးမြှုပ်နှံမှုတွေလဲ အများကြီးလုပ်ခဲ့တယ်။ ပထမဆုံး ကတော့ ဂျပန်ပေါ့များ။ မြောက်ကိုရီးယားနဲ့ တရုတ်ပြည်ကြီးကို ကျူးကျော်မယ်ဆိုရင် ဂျပန်ကျွန်းစုကို ခွေးကတက်လုပ်ရမယ်မဟုတ်လား။ ဒါကြောင့် ကိုရီးယားစစ်ပွဲအတွက် အထည်စက်ရုံတွေ တည်ပေးတာမျိုးကစပြီး ဂျပန်ကို စီးပွားရေးအရတောင့်တင်းအောင် လုပ်ပေးခဲ့တယ်။ ကျား နိုင်ငံဆိုတာတွေ ထက်နှစ်ရာနဲ့ချီ စောပြီးလွတ်လပ်ခဲ့တဲ့ လက်တင်အမေရိက တိုက်နဲ့ အမေရိကန်ပြည်ထောင်စုရဲ့ နံဘေးပတ်လည်မှာတော့ နဂါးတကောင်၊ ကျား တကောင်မှ မပေါ်ပေါက်ခဲ့တာ စဉ်းစားစရာပဲ။

က ■ ဒီ နဂါးနိုင်ငံ၊ ကျားနိုင်ငံတွေမှာ ကွန်မြူနစ်ပါတီတွေ တရားဝင်ရပ်တည်ခွင့်မရှိတာလဲ အတော်အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုပဲ။ ဆူကာနိုရဲ့ လက်ထက်တုန်းက အမေရိကန်နိုင်ငံဟာ အင်ဒိုနီးရှားနိုင်ငံကို ရန်သူလိုဆက်ဆံခဲ့တယ်။ ကွန်မြူနစ်နဲ့ အလုပ်သမား၊ လယ်သမားသမဂ္ဂဝင် ငါးသိန်းကျော်သတ်ဖြတ်ခဲ့တဲ့ ဆူဟာတိုလက်ထက်ကျမှ အမေရိကန်ဟာ အင်ဒိုနီးရှားကို ဘက်စုံ ကူညီထောက်ခံခဲ့တယ်။ လူသားသမိုင်းမှာ ဒုတိယ အရှည်ဆုံး အချုပ်ခံရတယ်လို့ ဆိုရမယ့် နိုင်ငံရေး အကျဉ်းသားတွေဟာ အခုအထိ တောင်ကိုရီးယားနဲ့ အင်ဒိုနီးရှားနိုင်ငံတို့မှာ ရှိနေတယ်ဆိုတာ ကိုလဲ မမေ့သင့်ဘူး၊

ခ ■ ဒီနေရာမှာ အာဆီယံ နဲ့ အာရှတိုက်ရဲ့ တခြား စီးပွားရေး အုပ်စု တခုဖြစ်တဲ့ အိုပက်တို့ မတူတာ ကို ပြောချင်တယ်။ ဟုတ်ပါတယ်။ အိုပက်ထဲ မှာ အာရှ တိုက် က မဟုတ်တဲ့ နိုင်ငံလဲ အနည်းအကျဉ်းပါပါ တယ်။ ဒါပေမယ့် အိုပက်ရဲ့ အဓိက အင်အား ရှိမှာက အာရပ်နိုင်ငံတွေပါ။ ဒီနိုင်ငံတွေဟာ အနောက် အုပ်စုနဲ့ နိုင်ငံရေး၊ စီးပွားရေးအရ ထိပ်တိုက် ရင်ဆိုင်တာတွေ ရှိတယ်။ သူတို့နဲ့ တရင်းကျားဆို တဲ့ အာဆီယံ အဖွဲ့ဝင် တွေ ဟာ သိုးတွေပဲ ဖြစ် ခဲ့တယ်။

ဂ ■ ဒါပေမယ့် အခုတော့ အခြေအနေတွေဟာပြောင်း ကုန်ပြီ၊ အရင်အသင်းအကျင်း မလိုတော့ ဘူး။ ဒါကြောင့် အရင်ကလို ကူညီပံ့ပိုးနေတာတွေလဲ မလိုတော့ဘူး။ သူ့တိုက်နဲ့ သူ့ကံ ဆိုပြီး ပစ် ထားလို့ ရနေပြီ။ အနောက်အုပ်စု အဖို့ ဒီနိုင် ငံတွေဟာ စစ်အေးခေတ် တုန်းကလို အ သုံး မဝင်တော့ဘူး။

ဃ ■ ဒါပေမယ့် ဒီနိုင်ငံတွေကို ကူညီဖို့၊ ကယ်တင် ဖို့ ဆိုပြီး နှီးနှောဖလှယ်ပွဲတွေ အကြံပေး ချက် တွေတော့ ကမ္ဘာ့ဒေါင့်အသီးသီးမှာ ကြားနေ တွေ့နေ ရတယ်မဟုတ်လား။

င ■ ဟုတ်တယ်၊ အဲဒါဟာ ဒီနေ့ ကမ္ဘာ့ အသင်းအကျင်း ရဲ့ ထူးခြားချက် ပဲ။ ဝင်ရိုးစွန်း နှစ်ခု ဆို တာ ပျက်သွားပြီး တဲ့နောက် အမေရိကန်ဟာ သူ့ ကိုယ်သူ တခုတည်းသော ဝင်ရိုးစွန်းလို့သတ် မှတ်ပြီး ကမ္ဘာ့အရေးအခင်း ကိစ္စတိုင်းမှာ အ ထက်စီးကပါဖို့ ကြိုးစားနေတယ်။ ဒါပေမယ့် ဆင်ခေါင်း ခွေး မချီနိုင်သလိုဘဲ ဖြစ်နေတယ်၊ တကယ်က ဒီနေ့ကမ္ဘာ့ အခြေအနေဟာ ဝင် ရိုးစွန်း အများအပြား ဆိုတဲ့ ဆီကို ဦးတည် သွားနေ တာပါ။ ဒါကြောင့် ဒီတကွေ့မှာ ကိုယ့် ကိုယ် ကို ဝင်ရိုးစွန်း အလျောင်းအလျာ လို့ ယူဆထားတဲ့ နိုင်ငံ ကြီးတွေ ဟာ ရေရှည်မျှော် နေတဲ့ ဒီ အာဆီယံ နိုင်ငံတွေနဲ့ တောင် ကို ရီးယား တို့ကို လက်ကမ်းနေကြတာ ပါ။

ဒီနေရာမှာ လက်ကမ်းတယ် ဆိုတဲ့စကားဟာ အ တော် ဆီလျော်တယ် လို့ထင် တယ်။ နိုင်ငံကြီးတွေ ဟာ သူတို့လက်ကမ်းပေးတာကို လှမ်းဆွဲ ရင် လှမ်းဆွဲတဲ့သူ့ကို သူ့တို့ဘက် ပါလာအောင် ဆွဲယူမှာပဲ။ ဒီ တပွဲ ဟာ မွဲလန့် ဖျာခင်း ကြတာ လို့လဲ ဆိုနိုင် တယ်။

၂ ■ ဂျပန်က အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) က တဆင့်၊ အမေရိကန် နိုင်ငံက နိုင်ငံတကာ ငွေ ကြေး ရန်ပုံငွေ အဖွဲ့ (အိုင်အမ်အက်ဖ်) က တ ဆင့်၊ ၂၁ ရာစုနှစ်ထဲကို ယူရိုဆော်လာဆိုတာ နဲ့ ကမ္ဘာ့ အင်အား ကြီး အဖြစ် လှမ်းဝင် မယ့် ဥရောပ နိုင်ငံတွေကလဲ (ASEM) ခေါ် အာရှ ဥရောပ နီးနှော ဖလှယ် ပွဲက တဆင့် ဒီဒေသထဲ ကို တိုးဝင်နေကြတယ်။

၃ ■ ဒါပေမယ့် သူတို့ရဲ့ ကမ်းလှမ်းချက်တိုင်း မှာ သက်ဆိုင်ရာ နိုင်ငံ အပေါ်တောင်းဆိုချက်၊ သတ်မှတ်ချက်တွေ ပါတာချည်း ပဲ မဟုတ်လား။

၄ ■ ဟုတ်တယ်။ နိုင်ငံ တကာ ငွေကြေး ရန်ပုံငွေ အဖွဲ့ (အိုင်အမ်အက်ဖ်) လို့ဟာက ဆိုရင် အင်မတန် ပြောင်ကျတယ်။ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ အ ချုပ် အခြာ အာဏာပိုင်မှုကို စော်ကား သ လို့ တောင် ရှိတယ်။ တည်ဆဲ ဥပဒေတွေ၊ စည်းကမ်း တွေကို ပြင်နိုင်း ၊ ဖျက်ခိုင်း တာတွေရှိတယ်။ ထိုင်းတို့ ၊တောင်ကိုရီးယားတို့က နိုင်ငံခြားသား အစုရှယ်ယာ ပိုင်ဆိုင်ခွင့် မရှိတဲ့ ဘဏ်ကြီး တွေထဲမှာ နိုင်ငံခြားသား ပိုင်ခွင့်တွေ (၅၀) ရာခိုင်နှုန်း အထက်ထိ ခွင့်ပြုအောင် တောင်း ဆို ခဲ့တာတွေ ရှိတယ်။ ဒါကို အဲဒီနိုင်ငံတွေက လဲ မငြင်းနိုင် ဘူး။ ထိုင်း မှာဆိုရင် အစိုးရပိုင်ဘဏ် ကြီးတွေကို ပုဂ္ဂလိက ပိုင်အဖြစ် ပြောင်းရမယ်။ လို့ ဆိုတယ်။ ဒါဆိုရင် နိုင်ငံခြားသားက (၁၀၀) ရာခိုင်နှုန်း ပိုင်တာလဲ ဖြစ်ချင်ဖြစ် နိုင်တယ်။

၁ ■ တကယ်က တိုင်းပြည်တပြည်ကို သူတို့ တ တွေ ဝင်ကယ်လိုက်လို့ အဲဒီတိုင်းပြည်ရဲ့ အ မျိုးသား စီး ပွားရေး ဟာ ကြံ့ခိုင်တောင့် တင်း သွား တယ် လို့ ဘယ်တုန်း ကမှ မရှိခဲ့ပါ ဘူး ။ ရှစ်ဆယ်စုနှစ် များ တုန်း က မက္ကဆီကို နိုင်ငံရဲ့ ပြဿနာ ကိုပဲ ကြည့်ပါ။ နောက်ဆုံး တော့ ဒီနိုင်ငံရဲ့ စီးပွားရေး ဟာ အမေရိကန် အပေါ် မှီခိုရတဲ့ ပုံစံ နဲ့ ‘ငြိမ်’ သွား တာပါ။ ဒီနေရာမှာ သတိပြု သင့် တာ တခုက တကယ်တမ်း အကယ်တင် ခံရ တာ ဟာ အဲဒီနိုင်ငံ ထဲက အရင်းရှင်ကြီးတွေ ဖြစ်တယ် ဆိုတာပဲ၊ အလုပ်သမားတွေ၊ လူဆင်းရဲတွေ အ ဖို့ တော့ ကယ်တင်သူတွေရဲ့ တောင်းဆိုသတ် မှတ် ချက်တွေ ကြောင့် အလုပ်တွေ ပြုတ်၊ လူမှုရေးထောက် ပံ့မှုတွေ ပိုလျော့နည်း သွားခဲ့တာ တွေသာ ရရှိခဲ့သယ်။

၃ ■ အခုထက် ထိ တော့ ဒီအာဆီယံ နဲ့ တောင်ကိုရီး ယားတို့ရဲ့ ပြဿနာဟာ ဖြေဆေးရှာမတွေ့ သေး ဘူး လို့ ဖြစ်နေသေး တယ်။ ဒါပေမယ့် ဒီပြဿနာ ဟာ အခုထက် ဆိုးစရာ ရှိသေး တယ် ဆိုတာ ကို တော့ ဘယ်သူမှ မငြင်း ကြဘူး၊ အင်ဒိုနီးရှား ရဲ့ ဂယက် ကြောင့် စင်္ကာပူ ရဲ့ စီးပွားရေး တောင်အန္တ ရာယ် ရှိနေတယ်။ ဒီကြားထဲမှာ ဂျပန်ကလဲ ယိုင် လှုပ် နေတယ်။

၄ ■ ဒီနေရာမှာ တချို့ကိန်းဂဏန်းလေးတွေက အ တော် စိတ်ဝင်စား စရာ ကောင်း တယ်။ မလေး ယား နိုင်ငံရဲ့ ဒီနှစ် ပထမ သုံးလအတွင်း ဖြစ်ပွား တဲ့ ရာဇဝတ်မှု အရေအတွက်ဟာ မနှစ်က အလားတူ အချိန်ကထက် (၅၃.၂) ရာခိုင်နှုန်း ပိုသတဲ့။ ၁၉၉၇ ခု နှစ် အတွင်း ထိုင်းဆေး ရုံတွေကို လာပြီး အာ ရုံ ကြော ပြဿနာ အတွက် ဆေးကုသသူ အရေ အ တွက်ဟာ (၇၀၀,၀၀၀) တောင်ရှိသတဲ့၊ ဒါ အ

• အပြင် ၉၈ ခုနှစ်မှာ (၃၀) ရာခိုင်နှုန်း တိုးလာ အုံးမယ်လို့လဲ ခန့်မှန်းထားသတဲ့။ ကိုရီးယား တို့ ဂျပန်တို့မှာတော့ ကိုယ့်ကိုယ်ကို သတ်သေမှုတွေ သိသိသာသာ တိုးလာတယ်။ တောင်ကိုရီးယားရဲ့ အလုပ်လက်မဲ့ ဦးရေဟာ တသန်းခွဲ ရှိလာပြီး သူတို့ကိုယ် သူတို့ ကိုရီးယား စစ်ပွဲပြီးတဲ့နောက် အကြီးမားဆုံးသော စမ်းသပ်မှုနဲ့ ရင်ဆိုင်နေရ တယ်လို့ ဆိုနေကြတယ်။ ထိုင်းမှာ အလုပ်လက်မဲ့ ဦးရေ ဟာ ၂ သန်း အထိ ရှိလာမယ်တဲ့။ ဒါပေမယ့် အခု ထိုင်းမှာ စစ်သား ကောက်ရတာက တယ်လွယ်သွားပြီပဲ။

က ■ နိုင်ငံကူးပြီး အလုပ်လုပ်ကြသူတွေအတွက် အလုပ်လက်မဲ့ ပြဿနာဟာ ပြဿနာကြီးတခု ဖြစ်လာမှာမုချပဲ။ အနည်းဆုံး ကိုယ့်ပြည်တွင်းက အလုပ်သမား ဈေးကွက်ကို ကိုယ့်ပြည်တွင်းကအလုပ်သမားတွေ အတွက်ပဲ ကန့်သတ်တာလုပ်ကြတော့မှာ။..

ခ ■ ဒါဆိုရင် ကိုရီးယား၊ ထိုင်း၊ မလေးယား စတာတွေကို သွားပြီး အလုပ် လုပ်နေတဲ့ ဗမာအလုပ်သမားတွေတော့ ဒုက္ခပဲ။

ဂ ■ ဒါမျိုးတွေပြောရင်တော့ အများကြီးပေါ့ဗျာ။ အဲဒီ နိုင်ငံတွေနဲ့ ဗမာပြည်ရဲ့ ဆက်ဆံရေးဟာ မှီခိုခံနဲ့ မှီခိုသူ ဆက်ဆံရေး သာသာ ရှိနေတာပါ။ (နအဖ) ဟာ စီးပွားရေးမပြောနဲ့ နိုင်ငံရေး သံတမန်ရေးမှာတောင် အဲဒီနိုင်ငံတွေရဲ့ အားကိုးရာ ရနေရတာပါ။ တိုက်အမြင့်ကြီးနဲ့ တဲပုတ်တို့ ဘေးချင်းယှဉ်ပြီး ရှိနေရင် တဲပုတ် ပြိုကျလို့ တိုက်က ဘာမှမဖြစ်ဘူး။ ဘေးမှာ အမှိုက်နဲ့နဲ့ ရှုပ်တာပဲ ရှိမယ်။ အဲ- တိုက်ကြီး ပြိုကျရင်တော့ တဲပုတ်လဲပြားပြား ဝပ်သွားမှာပဲ။

က ■ ဒီနေ့ကမ္ဘာ့ အခင်း အကျင်းဟာ အရင်စစ်အေး ခေတ်ကာလ တုန်းကလို ထိပ်တိုက် တွေ့နေတဲ့ အဓိက အင်အားကြီး နှစ်ရပ်ရပ်လို့ တင်တင်ရှားရှား မရှိဘူး။ အမေရိကန်ဟာ အရင်းရှင်စနစ်ရဲ့ အရေးတော်ပုံ အတွက်ဆိုပြီး စီးပွားရေးအရ ထောက်ပံ့တာ၊ ဖေးမ ကယ်တင် တာတွေ လုပ်ချင်မှလုပ်တော့မယ်။ ဆိုရှယ်လစ် စနစ် အရေးတော်ပုံ အတွက်ဆိုပြီး လုပ်မဲ့ နိုင်ငံလဲ မရှိဘူး။ ဘယ်သူမဆို ကိုယ့်အကျိုး မရှိရင်၊ ကိုယ်က နေသာတယ်လို့ ထင်ရင် လက်ရှောင်နေလိုက်မှာပဲ။ တချိန်တည်းမှာ အလယ်အာရှလို ကိုယ့်အကျိုးစီးပွားနဲ့ တိုက်ရိုက် ပတ်သက်နေတဲ့ အရေးကိစ္စမျိုးကိုတော့ အပြတ် ကိုင်မှာပေါ့။ အမေရိကန်က (နအဖ) ကို ဆက်ဆံပုံနဲ့ အီရက်အပေါ် ဆက်ဆံပုံတို့ မတူတာ ကို ပဲ ကြည့်ပါ။

ခ ■ အရှေ့အာရှနဲ့ အရှေ့တောင်အာရှဟာ အဓိက အမေရိကန် နဲ့ ဂျပန် တို့ရဲ့ စားကျက် သက်သက် လို ဖြစ်ခဲ့ရာကနေ အခုအခါ ဂျပန်ကအပိုင်၊ ဥရောပ က တိုးဝင် ဆိုတဲ့အနေအထားဟာလဲ စိတ်ဝင် စားစရာပဲ။

ဂ ■ ဖြစ်နိုင်တဲ့ အလားအလာတွေကတော့ အများကြီး ပဲ၊ အာရှပြဿနာကြောင့် ဒီနှစ် (အို အီး စီ ဒီ) ဖွံ့ဖြိုး ပြီး စက်မှုနိုင်ငံများရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက် မှုနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ဝင် နိုင်ငံတွေရဲ့ ပြည်ပကုန်သွယ် ရေးဟာလဲ ကျဆင်းခဲ့တယ်။ ဒီကနေ တဆင့်တက် ပြီး ပြည်တွင်းထုတ်လုပ်မှု တိုးတက်နှုန်းတွေလဲနှေး ခဲ့တယ်။

ဃ ■ ကျွန်တော်ကတော့ ၁၉၃၀ ခုနှစ်များဆီတုန်း က ကမ္ဘာ့ စီးပွားရေး ကပ်ကြီး ကိုပဲ သတိရနေ တယ်၊ အဲဒီကပ် ကြီး ထဲကနေ ကွန်မြူနစ် ဝါဒ ကို ဆန့်

စာမျက်နှာ (၆၇) သို့

# ရှောင်ပုန်း၏

# လီနင်ရဲ့

# နယ်ချဲ့စနစ်သဘောတရား

# နဲ့

# မျက်မှောက်ခေတ်အရင်းရှင်

# စနစ်

## အယ်ဒီတာ၏မှတ်ချက် -

ကျွဲဆောင်းပါး မှာ တရုတ်ပြည် နိုင်ငံ တကာ ကွန်မြူနစ်လှုပ်ရှားမှုသမိုင်း လေ့လာရေးအဖွဲ့ ' မှ ဦးစီးထုတ်ဝေသော မျက်မှောက်ကမ္ဘာ နှင့် ဆိုရှယ်လစ်စနစ် ဂျာနယ်တွင် ပါရှိသည့် 'လီနင်ရဲ့ နယ်ချဲ့စနစ်ဆိုင်ရာသဘောတရား နဲ့ မျက်မှောက်ခေတ် အရင်းရှင်စနစ် ' ဆောင်းပါးကို တရုတ်ဘာသာမှ ပြန်ဆိုခြင်းဖြစ်ပါသည်။ မြည်သူ့အာဏာ၏ အာဘော်မဟုတ်ပါ။ စာဖတ်သူများ စဉ်းစားကိုးကားကြရန်ဖြစ်ပါသည်။

ကျွဲအကြောင်းအရာ နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် အချက်အလက်ရှိရှိ လေ့လာဆွေးနွေး ကြသင့်သည် ဟု ယူဆပါသည်။

နောင်တွင် အခြားသူများ အခြားရှုထောင့်များမှ တင်ပြ ချက်များကိုလည်း အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။ ■

# နယ်ချဲ့စနစ်သဘောတရားနဲ့မျက်မှောက်ခေတ်အရင်းရှင်စနစ်

■နယ်ချဲ့စနစ်ဆိုင်ရာ သဘောတရားကို လီနင်တင်ပြခဲ့တာ နှစ်ပေါင်း ၈၀ ကျော်လာခဲ့ပြီးနောက် မျက်မှောက်အရင်းရှင်စနစ်ဟာ အကြီးအကျယ်ပြောင်းလဲလာခဲ့တယ်။ ဒီလိုအခြေအနေအောက်မှာ လီနင်ရဲ့ သုံးသပ်ချက်များအနက် ဘယ်ဟာတွေဟာအသုံးဝင်ဆဲ ရှိနေပါသေးသလဲ။ ဘယ်လောက် အသုံးဝင်ပါသေးသလဲ။ ဒါ့အပြင် အခြေအနေပြောင်းလဲမှုအောက်မှာ ဘယ်သုံးသပ်ချက်တွေကတော့ တစ်တပိုင်း အားဖြင့်အသုံး မဝင်တော့ဘူး၊ ဒါမှမဟုတ် ဘယ် သုံးသပ်ချက်တွေကတော့ လုံးဝအသုံး မဝင်တော့ဘူး စတာတွေကိုကျွန်တော်တို့ သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာဖို့ လိုအပ်လာတယ်။ တိန့်ရှောင်ဖင် ညွှန်ပြခဲ့သလို "မာ့က်စ် ကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၂၀၀ ထို့ထက်မက နှစ်ရာအချိန်မှာ ပေါ်ပေါက်လာမယ့် ပြဿနာ အချို့ကို ဖြေရှင်းပေးဖို့အတွက် အဖြေ များကိုအဆင်သင့်ရရှိဖို့ တောင်း ဆိုတာဟာ လုံးဝမသင့်လျော်ပါ။ အလားတူပါပဲ၊ လီနင် ကွယ်လွန် ပြီးနောက် နှစ်ပေါင်း ၅၀၊ ဒါမှမဟုတ် နှစ်ပေါင်း ၁၀၀ အကြာမှာ ပေါ်ပေါက်လာမယ့် ပြဿနာတွေအတွက် အဆင်သင့် အဖြေပေးထားဖို့ တာဝန်ယူနိုင်းရင်လဲ မဖြစ်နိုင်ပါ။ တကယ့် စစ်မှန်တဲ့ မာ့က်စ် ဝါဒီတွေဟာ မာ့က်စ်လီနင် ဝါဒကို မျက်မှောက်အခြေအနေ အရ သိမြင်နားလည်ပြီး ဖွံ့ဖြိုးတိုး မြှင့် အောင်လုပ်ကြရမယ်"*… ဆိုတဲ့ အတိုင်းပါပဲ။

'နယ်ချဲ့စနစ်ရဲ့ ထူးခြားချက်ကြီး (၅) ရပ်ဟာ ကြီးစွာ ပြောင်းလဲခဲ့ပြီး ထူးခြားချက်အသစ်များ လဲပေါ်ပေါက်လာစေတယ်'

■နယ်ချဲ့စနစ်ဆိုတဲ့ ဆောင်းပါးထဲမှာ လီနင်က နယ်ချဲ့စနစ် ရဲ့ ထူးခြားချက် (၅) ရပ်ကို တင်ပြ ခဲ့တယ်။ ၎င်းတို့ကတော့ ---

၁။ ထုတ်လုပ်ရေးနဲ့ အရင်းအနှီးစုစည်းခြင်းဟာ စီးပွားရေးဘဝ ထဲမှာ ဆုံးဖြတ်ပြဋ္ဌာန်းတဲ့ကဏ္ဍ မှပါဝင်တဲ့ အဆင့်ကိုရောက်ရှိ ခဲ့ တယ်။

၂။ ဘဏ္ဍာအရင်းနဲ့ စက်မှုအရင်းတို့ ပူးပေါင်းရောနှောပြီး ဘဏ္ဍာဘုရင်များ ပေါ်ပေါက်ခဲ့တယ်။

၃။ အရင်းအနှီးတင်ပို့ခြင်းဟာ အထူးအရေးပါတဲ့ အဓိပ္ပာယ်ဆောင် ပြီး နယ်ချဲ့စနစ်တို့ နိုင်ငံခြားရေး ဖိနှိပ်မှုနဲ့ သွေးစုပ်မှုများလုပ်နိုင်တဲ့ အခြေခံကို ဖြစ်ပေါ်စေခဲ့တယ်။

၄။ ကမ္ဘာကြီးကိုခွဲဝေတဲ့အ ရင်းအနှီးရဲ့ လက်ဝါးကြီးအုပ် မှ မဟာမိတ်အဖွဲ့များ တည်ရှိ ခဲ့ တယ်ဆိုတာနဲ့၊

၅။ အင်အားကြီး အရင်း ရှင် နိုင်ငံတွေဟာ ကမ္ဘာ့နယ်နမိတ် များကို ခွဲဝေကြပြီး ဖြစ်တယ်… ဆိုတာတို့ပါပဲ။

အခုအခါမှာ အောက်ပါအ ခြေအနေများကို ဂရုပြုသင့်တယ်။

(က) နယ်ချဲ့စနစ်ရဲ့ ပထမ နဲ့ ဒုတိယ ထူးခြားချက် (ထုတ်လုပ် ရေးနဲ့ အရင်းအနှီး စုစည်းခြင်းဟာ လက်ဝါးကြီးအုပ်များ ပေါ်ပေါက် စေတယ် ဆိုတာနဲ့ ဘဏ္ဍာအရင်း နဲ့ စက်မှု အရင်း ပူးပေါင်းရော နှော ပြီး ဘဏ္ဍာဘုရင်များ ပေါ် ပေါက် လာတယ်ဆိုတာတို့ ) ရဲ့ အခြေ ခံ တွေဟာ မျက်မှောက် မှာ ဖြစ်ပေါ်မှု အသစ်တွေရှိနေတယ်။ ဆိုလိုတာ က ယေဘုယျ လက်ဝါးကြီးအုပ်မှု မှ နိုင်ငံတော် လက်ဝါး ကြီး အုပ်အ ရင်းရှင်စနစ် အဆင့်ထိ ဖြစ်ပေါ်တိုးပွား လာပြီး လက်ဝါးကြီးအုပ်အရင်း နဲ့ နိုင်ငံတော်အာဏာတို့ ပေါင်းစပ် ထားတဲ့ အဝိ ဖြစ်ပေါ်လာခဲ့ တာ ကို ဆိုလိုပါတယ်။ ဒါကမျက်မှောက် ခေတ် အရင်းရှင်စနစ်ဟာ " နိုင်ငံ တော်လက်ဝါး ကြီးအုပ် အရင်းရှင် စနစ် "အဆင့် သို့ ဝင်ရောက် ခဲ့ တာကို ဖော်ပြတယ်။

(ခ) နယ်ချဲ့စနစ်ရဲ့ တ တိ ယ အခြေခံ ထူးခြားချက် (အရင်း အနှီး တင်ပို့ခြင်းဟာ အထူးအရေး ပါတဲ့ အဓိပ္ပာယ် ဆောင်ခဲ့တယ်) ဆို

တာဟာလဲ ဖြစ်ပေါ်မှု အသစ်တွေ အလွန်လျင်မြန်စွာ ပေါ်ပေါက်နေတယ်။ ယခုအခါ နိုင်ငံခြားသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အရှိန်မြန်မြန် တိုးလာတဲ့ အပြင် တိုက်ရိုက် ထုတ်လုပ်ရေး ဖြစ်စဉ်ဟာလဲ နိုင်ငံတကာဆန်လာပြီး နိုင်ငံလွန်ကော်ပိုရေးရှင်းများဟာလဲ အလျင်အမြန် တိုးများလာတယ်။ အရင်းအနှီးနဲ့ လုပ်အားတွေကလဲ နိုင်ငံနယ်နိမိတ်ကို ကျော်လွန်ပြီး နိုင်ငံတကာ့အဆင့်အတိုင်းမှာ လှုပ်ရှားနေတယ်။ ပြည်တွင်းစီးပွားရေး ရဲ့ နိုင်ငံတကာ့ဈေးကွက်အပေါ် မှီခိုမှုဟာ အဆအပြား တိုးများလာတယ်။ ဒါတွေအားလုံးဟာ နိုင်ငံတကာ့ဆက်ဆံရေးဘက်မှာ မျက်မှောက်ခေတ်အရင်းရှင်စနစ်နဲ့ လီနင်ခေတ် အရင်းရှင်စနစ်တို့ရဲ့ မတူတဲ့ ထူးခြားချက်များ ပေါ်ပေါက်လာစေတယ်။

(ဂ) နယ်ချဲ့စနစ်ရဲ့ စတုတ္ထနဲ့ ပဉ္စမ ထူးခြားချက် (ကမ္ဘာကို နယ်ချဲ့သမားများက ခွဲဝေခြင်းနဲ့ ကမ္ဘာ့နယ်နိမိတ်များကို ခွဲဝေပြီးစီးခြင်း) ဆိုတာတွေဟာ ကိုလိုနီစနစ် ပြိုကွဲသွားတဲ့ အတွက်ကြောင့် ယခုအခါ မတည်ရှိတော့ပါ။ ဒါပေမယ့် ထူးခြားချက် ၂ ရပ်က ဖော်ပြတဲ့ အင်အားချိနဲ့တဲ့ အမျိုးသားများ အပေါ် နယ်ချဲ့စနစ် ဖိနှိပ်မှုနဲ့ ချေးစုတ်မှု ဆိုတဲ့ အနှစ်သာရကတော့ မပြောင်းလဲပါ။ ဆိုလ်ကျူလွှမ်းမိုးရေးဝါဒနဲ့ (အနိုင်ကျင့်) အာဏာ နိုင်ငံရေးဝါဒတွေဟာ ဆက်လက်တည်ရှိနေဆဲ ဖြစ်ပြီး တောင်နဲ့မြောက် အကြား ပဋိပက္ခနဲ့ တိုက်ပွဲဟာ ရေရှည်ဖြစ်နေရုံသာမက ရှောင်ရှားလို့လဲ မရနိုင်ပါ။

(ဃ) အထက်ပါ အခြေအနေများကို ကြည့်ရင် မျက်မှောက်ခေတ်အရင်းရှင်စနစ်ဟာ ထူးခြားချက်အသစ်များ ပေါ်ပေါက်လာတယ်။

◆ ၁။ စီးပွားရေး နိုင်ငံတကာ့လက္ခဏာ ဆောင်မှု တိုးများလာတာနဲ့ အမျှ အပြန်အလှန် မှီခိုမှုဟာ နက်ရှိုင်းလာပြီး အပြန်အလှန် ပြိုင်ဆိုင်မှု၊ တိုက်ပွဲဆင်မှုများနဲ့ တပါတည်း နိုင်ငံတကာ့ မဟာမိတ်ဖွဲ့မှု၊ ဝိုင်းဝန်းညှိနှိုင်းမှုနဲ့ ပူးပေါင်းမှုတွေဟာလဲ အထင်အရှား တိုးများလာတယ်။

◆ ၂။ လီနင်ခေတ်တုန်းက ဆိုရင် နယ်ချဲ့စနစ်ဟာ စီးပွားရေးနဲ့ စစ်ရေးအင်အားကို မှီငြမ်းပြီး ကိုလိုနီလုတာ၊ ဩဇာခံနယ်ပယ် လုတာတို့ လုပ်ခဲ့တယ်။ အခုအခါ အဲဒါနဲ့ မတူတဲ့ သိပ္ပံပညာနဲ့ နည်းပညာကို မဏ္ဍိုင်ထားပြီး နိုင်ငံရဲ့ အထွေထွေ အင်အား ပြိုင်ဆိုင်မှုကို လုပ်လာကြတယ်။ မျက်မှောက်ခေတ် သိပ္ပံပညာတော်လှန်ရေးများ အလျင်အမြန် တိုးပွားလာတဲ့ အခြေအနေအောက်မှာ ထုတ်လုပ်ရေး အင်အားစုရဲ့ ပထမအချက်ဖြစ်တဲ့ သိပ္ပံပညာရဲ့ အဆင့်အတန်းဟာ ကြာလေ အရေးပါလေ ဖြစ်လာတယ်။ အရင်းရှင်နိုင်ငံကြီးများဟာ နိုင်ငံရဲ့ အထွေထွေ အင်အား ကြီးထွားရေး အတွက် သိပ္ပံပညာကို မဏ္ဍိုင်ထားတဲ့ လုယက်မှုဟာ မကြုံစဖူး ပြိုင်ဆိုင်မှု ဖြစ်လာတယ်။

◆ ၃။ မျက်မှောက်ခေတ်အရင်းရှင်စနစ်ဟာ ထုတ်လုပ်ရေးစွမ်းအားစု မကြုံစဖူး မြင့်မြင့်မားမား တိုးတက်လာရုံမက ထုတ်လုပ်ရေးဆက်ဆံမှုဘက်မှာလဲ အရေးကြီးတဲ့ ထိန်းညှိမှုများ ရှိလာခဲ့တယ်။ လှုပ်ရှားတဲ့ စနစ်ဟာလဲ ပိုမိုပြည့်စုံလာပြီး အုပ်ချုပ်မှုအတွေ့အကြုံ ပိုမိုရင့်ကျက်တဲ့ အရင်းရှင်စနစ် ဖြစ်လာတယ်။ မျက်မှောက်ခေတ် အရင်းရှင်စနစ်ဟာ အရင်းရှင်စနစ်အထွေထွေ ကျပ်တည်းမှုကပ် ဆိုတဲ့ အယူအဆက ဖော်ပြတဲ့ 'ဘက်ပေါင်းစုံကျပ်တည်းမှုကပ်'ရဲ့ အခြေအနေမျိုး မဟုတ်တော့ပါ။ မျက်မှောက်ခေတ် အရင်းရှင်စနစ်ဟာ အထက်ဖော်ပြပါ ပြောင်းလဲမှုများ ဖြစ်ပေါ်မှုများ ရှိတော့ပေမယ့် လီနင်ရဲ့ နယ်ချဲ့စနစ် သဘောတရားဟာ လုံးဝခေတ်မမီတော့ဘူးလို့ မဆိုနိုင်ပါ။ ခြုံငုံကြည့်တဲ့အမြင် အရ ပြောရင် မျက်မှောက်

ခေတ် အရင်းရှင် စနစ်ကို သုတေသန
ပြုရာမှာ လီနင်ရဲ့သင်ကြားချက် ဖွ
ဟာ အရေးကြီးတဲ့ လမ်းညွှန် အ
ခြေပြုသယ် ဆောင်ဆဲ ပါ။

လီနင်ဟာ မာ့က်စ်ဝါဒ အမြင်
နဲ့ နယ်ချဲ့စနစ်ကိုပထမဦးဆုံး ခွဲ
ခြမ်းစိတ်ဖြာခဲ့သူဖြစ်တယ်။ သူ ရဲ့
နယ်ချဲ့စနစ်ဆိုင်ရာ သဘောတရား
ဟာ ထိုအချိန်ကလုံးဝမှန်ကန်ခဲ့ရုံ
မက မျက်မှောက်ခေတ်မှာလဲ လက်
တွေ့အဓိပ္ပာယ်ဆောင်ပါတယ်။ ထူ
သုံးသပ်မှုထဲမှာ (အရင်းရှင်စ နစ်
ဖြစ်ပေါ်တိုးပွားမှု မညီညာတဲ့ တ
ရား)(လက်ဝါးကြီးအုပ်မှုဟာ ပြိုင်
ဆိုင်မှုကို မပပျောက်စေနိုင်)(နယ်
ချဲ့စနစ်ရဲ့ပုပ်သိုးတဲ့ ဦးတည်မှုဟာ၊
အရင်းရှင်စနစ်ရဲ့ အလျှင်အမြန် တိုး
ပွားလာမှုကိုမဖယ်ရှား)(အရင်း ရှင်
စနစ် ဖြစ်ပေါ်တိုးပွားမှုဟာ အရင်
က ထက် ပိုမိုမြန်ဆန်လိမ့် မယ်)
(နယ်ချဲ့စနစ် ဟာ အင်အားကြီးတဲ့အ
မျိုးသားများကိုအနိုင်ကျင့်လေ့ရှိတယ်)
(နိုင်ငံတကာ့လက်ဝါးကြီးအုပ်မှုဟာ
အရင်းရှင်အချင်းချင်းကြားရှိတိုက်ပွဲ
ကိုမပပျောက်စေနိုင်)(ဆိုရှယ်လစ်
စနစ်က အရင်းရှင်စနစ်ကို မျှော်အစား
ထိုးလိမ့်မယ်)ဆိုတဲ့ ကောက်ချက်များ
ဟာ မှန်ကန်ကြောင်း လက်တွေ့ က
ထပ်ခါတလဲ သက်သေပြခဲ့ တယ်။
ယနေ့တိုင်လဲ ထိရောက်နေဆဲ ဖြစ်
ပါတယ်။

“ နယ်ချဲ့စနစ်ဟာ စစ်နဲ့ တော်လှန်ရေးခေတ် ဖြစ်တယ်”ဆိုတဲ့ အချက်အချာသုံးသပ်ချက်ဟာ လက်ရှိအခြေအနေနဲ့ မကိုက်ညီတော့ပါ။

■နယ်ချဲ့စနစ်ရဲ့ အခြေခံထူး
ခြားချက်ကြီး(၅)ရပ်ကို ခွဲခြမ်းစိတ်
ဖြာချက်မှ အစပြုကာ လီနင်ယူဆ
တာက — အရင်းရှင်စနစ်ဖြစ်ပေါ်
တိုးပွားမှု မညီညာတဲ့ အတွက်
ကြောင့် အင်အားပြောင်းလဲ လာ
တာနဲ့ အမှု ကိုလိုနီများကို အ
သစ်တဖန်ခွဲဝေတဲ့ စစ်ပွဲဟာမုချ
ပေါ်ပေါက်လာလိမ့်မယ်ဖြစ်ကြောင်း
နယ်ချဲ့ခေတ်မှာ စစ်ပွဲဟာ မရှောင်
လွှဲသာဘူးလို့ ယူဆခဲ့ပြီး အရင်း
ရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် ဖြစ်
တဲ့ နယ်ချဲ့စနစ်ဟာ သေလု ဆဲ
ဖြစ်တယ်၊ ပုပ်သိုးဆွေးမြေ့တယ်၊
ပစ္စည်းမဲ့တော်လှန်ရေးရဲ့အကြိုကာ
လဖြစ်တယ်၊..စတဲ့ကောက် ချက်
များ ချခဲ့ပြီး ဒါကြောင့် စစ်နဲ့တော်
လှန်ရေးခေတ် ဖြစ်တယ်လို့ ယူဆ
ခဲ့တယ်။ လီနင်က စစ်နဲ့တော်လှန်ရေး
ကို ဆက်စပ်လိုက်တာဟာ ပကတိ
ဘာဝ အထောက်အထားများရှိပါ
တယ်။ ဆိုလိုတာက - ကမ္ဘာစစ်ဟာ
ပြည်တွင်းပဋိပက္ခမျိုးစုံကို ပြင်းထန်
စေပြီး တော်လှန်ရေးအချက် အ
လက်များရင့်မှည့်စေကာ တော်
လှန်ရေးသမားများက ကမ္ဘာစစ်
ပြည်တွင်းစစ်အဖြစ် ပြောင်းလဲနိုင်
စေဖို့ အချက်အလက်များဖန်တီး
နိုင်တယ်။..ဆိုတာတွေပါပဲ။ ဒီ အ
ခြေအနေတွေကို (လီနင်ကွယ်လွန်
ပြီးတဲ့နောက် ပိုင်းသမိုင်းအပါ အ
ဝင်) အနီးခေတ်နဲ့ မျက်မှောက်
ခေတ် ကသက်သေပြခဲ့တယ်
၁၈၇၁ ခုနှစ်၊ မတ်လမှာပေါ်ပေါ
ခဲ့တဲ့ ပဲရစ်ပုန်ကန်မှု ဟာ ၁၈၇
ခုနှစ်၊ ဇူလိုင်လမှာ ပေါက်ကွဲခဲ့တဲ့
ပရပ်ရှား-ပြင်သစ် စစ်ပွဲ အတွင်း
ပြည်တွင်း ပဋိပက္ခ များ ပြင်းထန်
တဲ့ အခြေအနေမှာ ပေါ်ပေါ
လာခဲ့တာ ဖြစ်ကြောင်းတွေ့ရ ပါ
တယ်။ ၁၉၁၇ ခုနှစ်၊ ရုရှားအောက်
တိုဘာ တော်လှန်ရေးဟာလဲ၊ ပ
ထမ ကမ္ဘာစစ်ကြီး အတွင်း မှာ
ပေါ်ပေါက်ခဲ့တာဖြစ်တယ်။ ဒု
တိယကမ္ဘာစစ်ကြီးပြီးတဲ့နောက်
ထူထောင်ခဲ့ကြတဲ့ ဆိုရှယ်လစ်နိုင
ငံ တသီတတန်းကြီးဟာလဲ အဲဒီ
ကမ္ဘာစစ်ကြီးနဲ့ နီးနီးကပ်ကပ်ဆက်
စပ်နေတယ်။ ရုဘော်မော်စီ တုန်း
က စစ်ပွဲဟာရှောင်လွှဲလို့မရနိုင
ဘူးလို့ ယူဆတဲ့ အတွက်ကြောင်
၁၉၆၀ ခုနှစ်မှာ သူပြောဘူးတာ
က “ အခုကစပြီး နောင် အနှ
၅၀ နဲ့ အနှစ် ၁၀၀ အတန်း အတိုင်း
အတွင်း ကမ္ဘာပေါ်မှာ ရူမှုရေး
ခုံ အကုန်အဆင် ပြောင်းလဲတဲ့ခေတ်
သစ်ကြီး ဖြစ်ပေါ်လာမှာဖြစ် ပြီ

ဒီခေတ်ဟာ မိုးနဲ့မြေပြောင်း ပြန်လှန်တဲ့ ခေတ်ကြီးဖြစ်လိမ့်မယ်” လို့ပြောခဲ့တယ်။ဒါပေမယ့်ဒီနောက်ပိုင်းမှာဖြစ်ပေါ်လာတဲ့ အခြေအနေတွေဟာ သူ့ကြိုတင်တွက်ဆထားသလို တော်လှန်ရေးများမပေါ်ပေါက်ခဲ့ပါ။ဒါဟာနယ်ချဲ့ စနစ်က စစ်ကြီး တခုမလှုံ့ဆော်နိုင်တာနဲ့ဆက်စပ်လျက်ရှိပါတယ်။တကယ်လို့ ရဲဘော်ဆော်စီတူနီး ပြောသ လို နယ်ချဲ့စနစ်ဟာ တတိယ ကမ္ဘာစစ် ကြီးလှုံ့ဆော်ခဲ့ရင်တော့ပြည်သူတွေဟာ စစ်ကိုလှုံ့ဆော် တဲ့ နယ်ချဲ့သမားများကို မုန်းတီးတာက တကြောင်း၊ဆိုရှယ်လစ်နိုင်ငံရဲ့ပြည်တွင်းမှုပြဿနာ များပြင်းထန်လာတာတို့ကတကြောင်း တို့ကြောင့်ရဲဘော်ဆော်စီတူနီးပြောသလို ပဲကမ္ဘာမှာ လူမှုစနစ်အကြီးအကျ ယ် ပြောင်းလဲတာမျိုး မပေါ်ပေါက်နိုင်ဘူးလို့ မပြောနိုင်ပါ။လွန်ခဲ့တဲ့အနှစ်က ကျွန်တော်တို့ဟာ အရင်းရှင် နိုင် ငံများရဲ့ ပြည်တွင်းရေးအခြေ အနေများကို မကြာခဏ စဉ်း စားလေ့ရှိတယ်။တကယ်က တော့ ကမ္ဘာတခုလုံး စစ်လားငြိမ်းချမ်းရေးလားဆိုတဲ့ အချက်က တော်လှန်ရေးအပေါ် ရိုက်ခတ်မှု ရှိတယ် ဆို တာ လျစ်လျူရှု လို့ မရပါ။ ဒါပေမယ့် ပြဿနာ ရှိတာက ရာစုနှစ်တစ်ဝက်ကျော် ကတည်းက ကမ္ဘာ့အခြေအနေဟာ အကြီးအကျယ်ပြောင်းလဲခဲ့တယ်၊

မျက်မှောက်ခေတ် အရင်းရှင်စနစ်နဲ့ လီနင်ခေတ် အရင်းရှင်စ နစ်ကို နှိုင်းယှဉ်မယ်ဆိုရင် - အရင်းရှင် စနစ်ဟာ အနှစ်သာရ မပြောင်းပေမယ့် သိပ္ပံပညာတိုးတက်မှု ကြောင့် ထုတ်လုပ် ရေး လူ့အဖွဲ့ အစည်း ဆန်မှုဟာ နိုင်ငံ တကာ ဆန်မှုနဲ့ တကမ္ဘာ လုံး ဆန်မှုသို့ ဖြစ်ပေါ်တိုးပွား လာခဲ့တယ်။ အမျိုး သားအမှီဦးကင်းရေးလှုပ်ရှားမှု တိုးပွားလာတာ ကြောင့် နယ်ချဲ့ကိုလိုနီစနစ် ပြိုကွဲ ပျက်စီးခဲ့ပြီး ဗျူကြာလိယ လက်နက်ရဲ့ ကြီးမားတဲ့ ဖျက်ဆီးမှု အား ကြောင့် စစ်ကို လှုံ့ဆော်လိုသူများဟာ အ ကျိုးဆက်ကို မစဉ်း စား ဘဲ မနေနိုင်ကြတော့ပါ။ အရင်းရှင်စန စ် ထုတ်လုပ်ရေးစွမ်းအားစု ဟာလဲ မကြုံစဖူး ဖြစ်ပေါ်တိုး ပွားလာမှုကြောင့် ပြည်သူလူထု ရဲ့ နေထိုင်မှုဘ၀ ရေချိန်ဟာလဲကြီးမားစွာမြင့်တက်လာတယ်။ထုတ်လုပ်ရေးဆက်ဆံမှုဘက်မှာ လဲ ကြီးမားစွာ ထိန်းညှိပြီး လူတန်းစား အဆောက်အအုံ နဲ့ အထက် အဆောက်အအုံ များဟာလဲ ကြီးမားစွာ ပြောင်းလဲခဲ့တယ်။ အရင်းရှင်စနစ်ဟာ ပဋိပက္ခ အမျိုးမျိုး တည်ရှိနေပြီး ပြဿနာလဲ မနည်းလှပါ။ ဒါပေမယ့် မျက်မှောက်ကာလဟာ တော်လှန်ရေးအခြေအနေရင့်မှည့်မှု မရှိပါ။ ကမ္ဘာ စစ်ဟာလဲ မလွှဲမရှောင်သာဖြစ်မယ့် သဘော မရှိ ပါ။ ဒါကြောင့် မျက်မှောက်ခေတ်ရဲ့ အဓိက မဏ္ဍိုင်ဟာ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေးဖြစ်ပါတယ်။

“ မျက်မှောက်ခေတ် အရင်းရှင် စနစ်ဟာ နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင် စနစ်သို့ ဖြစ်ပေါ်တိုး ပွား ခဲ့ပြီ ”

မျက်မှောက်ခေတ် အရင်းရှင်စနစ်ရဲ့ အခြေခံထူးခြားချက်များဟာ အဓိကအား ဖြင့် အောက်ပါတို့ပါပဲ။

၁။ လက်ဝါးကြီးအုပ် အရင်းအနှီးနဲ့ နိုင်ငံတော်အာဏာပေါင်းစပ်ထားမှု ဖြစ်တယ်။ ‘နိုင် ငံတော်ဟာ အရင်းရှင်ချုပ်ကြီး’ အဖြစ် ပုဂ္ဂလိက လက်ဝါး ကြီး အုပ် အရင်းအနှီးကို အခြေပြုတဲ့ အပြင် ပုဂ္ဂလိက အရင်း အနှီးရဲ့အထက် ကနေပြီး တခုလုံး အရ အရင်းရှင်စနစ် ရဲ့ အကျိုး အတွက် စီးပွားရေး နိုင်ငံရေး လူမှုရေး ဘ၀ စတဲ့ ဘက် အသီးသီးမှာ စီ မံကိန်းချတာ၊ စွက်ဖက်တာ ထိန်းညှိတာတွေ ဘက်ပေါင်းစုံ လုပ်လာတာတွေ့နိုင်တယ်။

၂။ ပုဂ္ဂလိက လက်ဝါးကြီးအုပ်အရင်းအနှီးဟာ အစုရှယ်ယာကုမ္ပဏီနဲ့ နိုင်ငံလွှန်ကော်ပိုရေးရှင်း စတဲ့သဏ္ဍာန်တွေကို အကျယ် အ

ဖြန့်သုံးပြီး လူ့အဖွဲ့အစည်း ဆန်ရေး၊ နိုင်ငံတကာ ဆန်ရေး ဦးတည်မှုဘက်ကို ဖြစ်ပေါ်တိုးပွားလျက်ရှိတယ်။ ဒါပေမယ့် ပုဂ္ဂလိက စနစ်ရဲ့ အနှစ်သာရပဲ မပြောင်းလဲပါ။ ထုတ်လုပ်ရေးလူ့အဖွဲ့ အစည်းဆန်မှုနဲ့ နိုင်ငံတကာ ဆန်မှုတို့ဟာ ထုတ်လုပ်ရေးပရိဘောဂ ပုဂ္ဂလိကပိုင်ဆိုင်မှုရဲ့ အခြေခံ ပဋိပက္ခ များကို အသစ်ဖြစ်ပေါ်တိုးပွားစေတယ်။

၃။ နိုင်ငံတော်က စီးပွားရေးကိုထိန်းညှိတဲ့ အထဲမှာလဲ ဘဏ်နဲ့အသပြာ စနစ်တစ်ခုလုံးဟာ ကြီးမားတဲ့ အသင်းကဏ္ဍက ပါဝင်လာတယ်။ တစ်ချိန်တည်းမှာလဲ အသပြာဖောင်းပွမှုကြောင့် ဖြစ်ပေါ်လာတဲ့ ငွေရေးကြေးရေးကပ်နဲ့ ငွေရေးကြေးရေးမငြိမ်မသက်မှုများ 'လေပူဖောင်းစီးပွားရေး' နဲ့ 'စီးပွားရေး ဗလာဟင်းလင်းဖြစ်မှုများ' စတဲ့ အချင်းအရာတွေဟာ အဆက်မပြတ်ပေါ်ပေါက်နေတယ်။

၄။ အရင်းရှင်စနစ် ထုတ်လုပ်ရေးနည်းနာဟာ ပိုမိုမြင့်မားလာပြီး ပိုမိုရင့်ကျက်တဲ့ အဆင့်ကိုရောက်ရှိလာတယ်။ မျက်မှောက်ခေတ် အရင်းရှင်စနစ်ဟာ ထုတ်လုပ်ရေး စွမ်းအားစု မကြုံစဖူး မြင့်မြင့်မားမား တိုးပွားလာပြီး ထုတ်လုပ်ရေး ဆက်ဆံမှုများကိုလဲ အရေးပါတဲ့ ထိန်းညှိမှုများ လုပ်တာ၊ လျှော့ချတဲ့ စနစ်ပိုမိုပြည့်စုံလာတာ၊ အုပ်ချုပ်ရေး အတွေ့အကြုံနဲ့ နည်းနာမှာလဲ ပိုမိုရင့်ကျက်တဲ့ အရင်းရှင်စနစ်ဖြစ်လာတယ်။ ပြည်တွင်း လူတန်းစားပဋိပက္ခတွေဟာ ဆက်လက်ပြီး ပိုမိုနက်ရှိုင်းလာတာနဲ့ တစ်ချိန်တည်းမှာ ပြေလည်မှုဘက်ကို ဦးတည်တာလဲ ရှိနေတယ်။ လူ့အဖွဲ့အစည်းဟာ ပဋိပက္ခ များစွာ ဖြစ်ပွားနေတဲ့ အတွင်း နှိုင်းယှဉ်ချက်အရ တည်ငြိမ်မှုလဲ ရှိနေတယ်။

၅။ နိုင်ငံတကာ့ အပြန်အလှန် မှီခိုမှုဟာ မကြုံစဖူး တိုးများလာတယ်။ နိုင်ငံကြီးများ အကြား နိုင်ငံတကာ မဟာမိတ်ဖွဲ့မှု၊ ထိန်းညှိမှု၊ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ကြတဲ့ တစ်ချိန်တည်းမှာသိပ္ပံပညာကို မျှော်ငြိုင်ထားတဲ့ နိုင်ငံတော်ရဲ့ အထွေထွေအင်အားသာ လွှမ်းမိုးရေးအတွက် လုယက်တဲ့ တိုက်ပွဲဟာလဲ မကြုံစဖူး သဲသန်လာတယ်။ စီးပွားရေးနိုင်ငံတကာဆန်ရေး နဲ့ ကမ္ဘာလုံးဆန်ရေးရဲ့ လိုအပ်မှုအရ နိုင်ငံကြီးများဟာ နိုင်ငံတကာ့စီးပွားရေးကို အတူတကွ ဝင်ရောက်စွက်ဖက်ပြီး နိုင်ငံတော် ကဖွဲ့စည်းတဲ့ နိုင်ငံတကာ့စီးပွားရေး အဖွဲ့အစည်းများနဲ့ ဒေသဆိုင်ရာစီးပွားရေးအုပ်စုတွေဟာ ကြာလေကြီးမားတဲ့ အသင်းကဏ္ဍက ပါဝင်လာ ဖြစ်လာတယ်။ ဒါပေမယ့် အခြားတဖက်မှာလဲ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ နဲ့ အမျိုးသား အကျိုးစီးပွားတို့ကို နိုင်ငံ အသီးသီး ဟာ ဦးစားပေး စဉ်းစား ကာကွယ် တဲ့ အရာဖြစ်လာတယ်။ ဒါကြောင့်နိုင်ငံတကာ့ လက်ဝါးကြီးအုပ်စု အကြားရှိတဲ့ ပြိုင်ဆိုင်မှုမပပျောက်စေဘဲ နိုင်ငံတကာ့ပူးပေါင်းမှုနဲ့မဟာမိတ်ဖွဲ့မှုဟာလဲ တိုက်ပွဲကို မပပျောက်စေနိုင်ပါ။ နိုင်ငံ တကာမှာ ဆိုရင် နိုင်ငံကြီးများ အကြား လုယက်မှုနဲ့ တိုက်ပွဲဟာ အလွန်ပြင်းထန်နေတာတွေ့ရှိ ပါတယ်။

၆။ ကိုလိုနီစနစ် ပြိုကွဲခြင်းဟာ ဖွံ့ဖြိုးတဲ့ နိုင်ငံများက ခေတ်နောက်ကျတဲ့ နိုင်ငံများအပေါ်သွေးစုပ် ဖိနှိပ်မှုနဲ့ အုပ်စိုးတဲ့ သဏ္ဌာန် အုပ်စိုးတဲ့ နည်းနာပြောင်းလဲ ခဲ့တယ်။ ဒါပေမယ့် အင်အားချိနဲ့တဲ့ အမျိုးသားများအပေါ် အင်အားချိနဲ့တဲ့ နိုင်ငံများအပေါ် အနိုင်ကျင့်တဲ့ ပင်ကိုယ်လက္ခဏာကတော့ မပြောင်းလဲပါ။ သူတို့ဟာဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ်စီးပွားရေးအရ သွေးစုပ်နေတဲ့ တစ်ချိန်တည်းမှာပဲ ဗိုလ်ကျလွှမ်းမိုးရေးနဲ့ အာဏာနိုင်ငံရေးကို သုံးမြဲသုံးလေ့ ရှိတယ်။ တောင်မြောက်ဆက်ဆံရေး အတွင်း မတရားတာနဲ့ ကျိုးကြောင်းမဆီလျော်တာတွေဟာ ဆက်လက်တည်ရှိနေပြီး ဒီ

ပဋိပက္ခဟာ ရေရှည်တည်ရှိဖွယ် ရှိနေတယ်။

အထက်ဖော်ပြပါ အခြေခံ ထူးခြားချက်များထဲမှာ အနှစ် သာရ အကျဆုံး ထူးခြားချက် ဟာ နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ် အခွင့်ရောက် လာတာဖြစ်ပါတယ်။ မျက် မှောက်ခေတ် အရင်းရှင်စနစ်ဟာ 'နိုင်ငံတော်လက်ဝါးကြီးအုပ် အ ရင်းရှင်စနစ်' ဖြစ်တယ်။ နိုင်ငံ တော်လက်ဝါးကြီးအုပ်အရင်းရှင် စနစ်ဟာ အရင်းရှင်စနစ်ထဲ မှာ နိုင်ငံတော်ပိုင် စီးပွားရေးရဲ့ အချိုး အစား အပေါ်မှာ အဓိကဖော်ပြ တာမဟုတ်ဘဲ၊ လက်ဝါးကြီးအုပ် အရင်းအနှီးနဲ့ နိုင်ငံတော် အပြန် အလှန်ပေါင်းစပ်မှု အဖြစ် အ ဓိက ဖော်ပြတဲ့ အမြင့် နိုင်ငံတော် က အမျိုးသားစီးပွားရေး၊ နိုင်ငံ ရေး၊ လူမှုရေး ဘဝ စတဲ့ နယ်ပယ် အသီးသီး မှာ ဘက်ပေါင်းစုံ စွက် ဖက်တာနဲ့ ထိန်းညှိမှုများလုပ် တာတွေမှာ ဖော်ပြပါတယ်။

၁၉၃၀ ခုနှစ်မှာ အထွေထွေကပ် ကြီးပေါ်ပေါက်ပြီးတဲ့နောက် အ ရင်းရှင်စနစ်ဟာ 'ရုစဗဲ့လ် နိုင် ငံရေးဘဝသစ်' အမှတ်အသား အဖြစ် စီးပွားရေးအပေါ် နိုင်ငံ တော်ရဲ့ စွက်ဖက်မှုကို တောင်း တင်းအောင်လုပ်ခဲ့တယ်။ ဈေး ကွက်ဆိုတဲ့ 'မမြင်ရတဲ့ လက် တဖက်' အပြင် 'နိုင်ငံတော် ဆို တဲ့ မြင်နေရတဲ့ လက်တဖက်' ဟာ ထပ်တိုးလာတယ်။ လူ့အ ဖွဲ့အစည်းထဲ မှာ နိုင်ငံတော်ပါဝင် တဲ့ စီးပွားရေးလုပ်ဆောင်မှု များဟာ ဟိုတချိန် လီနင်ခေတ်ကထက် အ များကြီး ကျော်လွန်ခဲ့တယ်။ အခု ဆိုရင် အရင်းရှင်နိုင်ငံများမှာ နိုင်ငံ တော်ဟာ အရင်းရှင်ချုပ်ကြီး အ ဖြစ် နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး နဲ့ ယဉ်ကျေးမှု စတဲ့ ဘက် အသီးသီးမှာပဲ တခုလုံး စီမံကိန်းချတာ၊ ထိန်းညှိတာ၊ စွက် ဖက်တာတွေတွေကို ဘက်ပေါင်း စုံ ကျင့်သုံးလျက်ရှိကြတယ်။

အဲဒီတော့ စီးပွားရေးနယ် ပယ်မှာ အရင်းရှင်စနစ်ဟာ လုံး ဝစီမံကိန်း မရှိ၊ အစီအစဉ်မရှိ ဆို တာမျိုးမဟုတ်တော့ဘဲ ထုတ်လုပ် ရေးလူ့အဖွဲ့ အစည်း ဆန် မှု နဲ့ အရင်းရှင် စနစ်ပိုင်ဆိုင်မှုအကြား ရှိ အခြေခံ ပဋိပက္ခကို တစုံတရာ အတိုင်းအတာအထိ လျော့ပါးစေ ခဲ့တယ်။ ထပ်မံခွဲဝေတဲ့ နယ်ပယ် မှာလဲ အခွန်အကောက်စနစ်၊ လူ မှုဖူလုံရေးစနစ် လူမှုအာမခံ စနစ် မှ တဆင့် လူ့အဖွဲ့အစည်းရဲ့ မမျှ မတဖြစ်မှုများကို ထိန်းညှိ ပြီး လူတန်းစား ပဋိပက္ခကို လျော့ပါး စေခဲ့တယ်။ နိုင်ငံရေး နယ်ပယ် မှာလဲ ဓနရှင်စနစ်ရဲ့ ဒီမိုကရေစီ ကိုဖွံ့ဖြိုး စေပြီး လူ့အဖွဲ့အစည်း အတွင်း မကျေနပ်မှုတွေကို သာ မန် အချိန်များမှာ ဖော်ထုတ်ဖြေ ဆိုနိုင်ခွင့် ရှိတာကြောင့် ပဋိပက္ခ များဟာလဲ အထွေထွေ ပေါက်ကွဲ မှုအထိ မဖြစ်ပေါ်စေတော့ ပါ။ ဒီအချက်ဟာ ဇစ်စစ်အား မြင့် 'လေဖိအား လျော့တဲ့ ကာရိယာ' အသင်း ကပါဝင် တာမျိုးပါ ပဲ။ အဲဒီ ပြောင်းလဲမှုတွေဟာ အရင်း ရှင် လူ့အဖွဲ့အစည်းရဲ့ တည်ငြိမ် မှုနဲ့ သက်ဆိုးရှည်မှု များအတွက် အကျိုးပြုစေခဲ့တယ်။ ဒါကြောင့် ခြုံပြီး ပြောရင် မျက်မှောက် ခေတ် အရင်းရှင်စနစ်ဟာ အတိုင်း အတာ တခု အထိ ဖွံ့ဖြိုးတိုးတက် ဖို့ ကွက်လပ်ရှိနေသေး တယ်။

မာ့က်စ် ပြောခဲ့ဖူးတာက တော့၊ 'ဘယ်လူ့အဖွဲ့ အစည်းသဏ္ဍာန် ပဲဖြစ်စေ၊ ၎င်း ကလက်ခံနိုင် တဲ့ ထုတ်လုပ်ရေးစွမ်းအားစုဟာ အ ပြည့်အဝထွန်းကားမှုမကျန် ဆုံး သေးမီမှာ ကျဆုံး နိုင်တာမဟုတ် ဆိုတာပါပဲ။ ဒါကြောင့်အရင်း ရှင် စနစ်ဟာ သေလူဆဲဖြစ်လာပြီ လို့ ပြောတာဟာ စောနေသေးတယ်။ ဒါပေမယ့်၎င်းဟာသွေးစုပ်မှုစနစ် ရဲ့ အနိဋ္ဌာရုံများ ရှိနေပြီး ၎င်းကဖြစ် ပေါ်ခဲ့ပြီးပွားမှုဟာလဲ သွေးစုပ်မှုစနစ် ရဲ့ ဖြစ်ပေါ်ခဲ့ပြီးပွားမှုသာဖြစ်တယ်။ သွေးစုပ်မှုကိုဖြေပယ်တာမဟုတ်ပါ။ နောက်ဆုံးမှာဆိုရင် ၎င်းကိုဆိုရှယ် လစ်အစားထိုးမှာမုချပါပဲ။

**'နိုင်ငံတော်လက်ဝါးကြီး အုပ်အရင်းရှင်စနစ်ဟာ ဆိုရှယ်လစ်စနစ်နဲ့ ပိုနီးလာတယ်'**

အရင်းရှင်စနစ်နဲ့ဆိုရှယ်လစ်စနစ်ဟာ မတူတဲ့ လူမှုရေးပုံစံနဲ့ လူမှုရေးစနစ် ၂ မျိုး ဖြစ်ကြတယ်။ ပထမ အမျိုးအစားကို ဒုတိယ အမျိုးအစားက မုချ အစားထိုးမှာ သေချာတယ်။ ဒုတိယ အမျိုးအစားဟာ ပထမ အမျိုးအစားကို ပယ်ဖျက်တာ ရှိပေမယ့် ပထမ အမျိုးအစားကို ဆက်ခံတာနဲ့ ဖြစ်ပေါ်တိုးပွားတာလဲ ရှိတယ်။ မျက်မှောက်ခေတ် အရင်းရှင်စနစ်ဟာ နိုင်ငံတော်လက်ဝါးကြီး အုပ် အရင်းရှင်စနစ်အဆင့်ကို ဖြစ်ပေါ်တိုးပွားလာတာဟာ ဆိုရှယ်လစ်စနစ်သို့ ပိုမိုနီးကပ်လာတာ ဖြစ်တယ်။ နိုင်ငံတော် အရင်းရှင်စနစ်ရဲ့ လက္ခဏာကို နိုင်ငံတော်ရဲ့ လက္ခဏာက ဆုံးဖြတ်တယ်လို့ မာ့က်စ်ဝါဒ က ယူဆတယ်။ "အရင်းရှင်နိုင်ငံများရဲ့ နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ဟာ ဆိုရှယ်လစ် စနစ် အတွက် အပြည့်စုံဆုံး ရုပ်ဝတ္ထု ပြင်ဆင်မှု ဖြစ်ပြီး ဆိုရှယ်လစ်စနစ်ရဲ့ အကြိုအဆင့် လဲ ဖြစ်တယ်", "ဆိုရှယ်လစ်စနစ် ဆိုတာ နိုင်ငံတော်လက်ဝါးကြီး အုပ်အရင်းရှင်စနစ်ကနေပြီး ရှေ့သို့ တလှမ်းတက်ခြင်းသာ ဖြစ်တယ်။ တနည်းဆိုရင် ဆိုရှယ်လစ်စနစ်ဟာ ပြည်သူတရပ်လုံးအကျိုးရှိတဲ့ ဘက်သို့ နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်မှ ပြောင်းလဲလာတာဖြစ်တယ်"[*1]။ ဒါကြောင့် မျက်မှောက်ခေတ် အရင်းရှင်စနစ်အနေနဲ့ နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အဆင့်ကို ပြောင်းလဲလာတာဟာ ဆိုရှယ်လစ်စနစ်နဲ့ ပိုဝေးသွားတာမဟုတ်ဘဲ ပိုနီးလာတာသာ ဖြစ်တယ်။

သိပ္ပံပညာ တိုးတက်မှုနဲ့ ထုတ်လုပ်ရေး လူ့အဖွဲ့အစည်းဆန်လာတာတွေဟာ အရင်းရှင် လူ့အဖွဲ့အစည်း အတွင်းမှာ ဆိုရှယ်လစ်စနစ် အတွက် အကြောင်းအချက်များ ပေါက်ဖွားလာပြီး ဆိုရှယ်လစ်စနစ်အတွက် အသုံးပြုနိုင်တဲ့ သယံဇာတများကို အပြီး ပြင်ဆင်ထားတာ တွေဖြစ်တယ်လို့ မာ့က်စ်ဝါဒက ယူဆတယ်။ 'အစုရှယ်ယာကုမ္ပဏီများ ပေါ်ပေါက်လာတာဟာ ပုဂ္ဂလိကဥစ္စာဓနအဖြစ်တည်ရှိနေတဲ့ အရင်းအနှီးကို အရင်းရှင်ထုတ်လုပ်ရေး နည်းနာကိုယ်တိုင်ရဲ့ အဝန်းအဝိုင်းကို ဖယ်ရှားတာ ဖြစ်တယ်'[*2] ...လို့ မာ့က်စ် ဝါဒက ယူဆတယ်။ ၎င်းနဲ့အတူပင် အခြားဆိုရှယ်လစ်ဝါဒ အကြောင်းအချက် များ တိုးပွားလာတာဟာလဲ အရင်းရှင်စနစ်အနေနဲ့ သစ်လွင်တဲ့ထုတ်လုပ်ရေး နည်းနာသို့ ကူးပြောင်းတဲ့ 'သဘာဝလောက သမိုင်းဖြစ်စဉ်ရဲ့ ဖြစ်ပေါ်တိုးတက်တဲ့ အဓိပ္ပာယ်ဆောင်တယ်။ မျက်မှောက် အရင်းရှင်လူ့အဖွဲ့အစည်း အတွင်း ပိုင်ဆိုင်မှုဘက်မှာ နိုင်ငံတော်ပိုင် လုပ်တာ (သမဝါယမ) လုပ်တာ၊ အစုရှယ်ယာလုပ်တာနဲ့ အစုရှယ်ယာပိုင်ဆိုင်မှု ပြန့်ကျဲတာတွေနဲ့ ခွဲဝေမှု ဘက်မှာ လဲ ပုခက်ထဲမှ သင်္ချိုင်းအထိ လူမှုအာမခံစနစ်လုပ်တာ၊ နိုင်ငံတော်တခုလုံးရဲ့ စီမံအုပ်ချုပ်မှုဘက်မှာ လဲ စီမံကိန်းချတာ၊ ထိန်းညှိတာလုပ်ခြင်း ကိုင်ခြင်း၊ အုပ်ချုပ်မှုဘက်မှာလဲ အလုပ် သမားများအား မတူတဲ့ အတိုင်းအတာအရ ပါဝင်စေတာ - အလုပ်သမားနဲ့လယ်သမား၊ မြို့နဲ့ကျေး၊ ကာယ လုပ်ငန်းနဲ့ ဉာဏလုပ်ငန်း တို့ကြား ခြားနားချက်များလေး ကျဉ်းစေတာ စတဲ့ အရာအားလုံးဟာ တပုံတခု အတိုင်းအတာအရ ဆိုရှယ် လစ်စနစ်ရဲ့ အကြောင်းအချက် များ ပေါ်ပေါက်လာတာ မဟုတ်တဲ့တိုင် ဆိုရှယ်လစ်စနစ် အတွက် ရုပ်ဝတ္ထု ပြင်ဆင်မှုတမျိုး ဖြစ်တယ်။ ဒါပေ မယ့် ဒီအရာ အားလုံးဟာ အရင်း ရှင်စနစ် ဘောင်ထဲမှ ကျော် ထွက် တာ မဟုတ်ဘဲ အရင်းရှင်စနစ် ကိုပဲ အလုပ်အကျွေးပြုတာဖြစ် တယ်။ အရေအတွက် ပြောင်းလဲ

ဘာသာဖြစ်ပြီး အရည်အချင်းပြောင်းလဲမှု မဟုတ်သေးဘဲ အရင်းရှင် စနစ်လက္ခဏာ သာဖြစ်တယ်။ ချုပ်ပြီးပြောရင် အရင်းရှင်လူ့အဖွဲ့ အစည်းထဲမှာ ဆိုရှယ်လစ်စနစ် ရဲ့ 'အကြောင်းအချက်များ'နဲ့ 'သယံဇာတများ' ပေါ်ပေါက်နိုင် ပါတယ်။ ဒါပေမယ့် ပြည့်စုံတဲ့ ဆိုရှယ်လစ်စနစ် ရဲ့ အရင်းခံ စနစ်များကတော့ 'တော်လှန်ရေးကို မဖြတ်သန်းရင်', 'အရည်အချင်းအရည် ကူးပြောင်းလဲမှုများ မရှိရင်'... အရင်းရှင် စနစ်အတွင်း ဆိုရှယ်လစ် စနစ်ပေါ်ပေါက်နိုင်တယ် ဆိုတာ မဖြစ်နိုင်ပါ။

အရင်းရှင်စနစ် လူ့အဖွဲ့အစည်း ထဲမှာ ဆိုရှယ်လစ် စနစ် အကြောင်းအချက် များရှိသလို ဆိုရှယ်လစ် စနစ်ထဲမှာလဲ အရင်းရှင်အကြောင်းအချက်ရှိပါတယ်။ အရင်းရှင်စနစ်ဟာ စီမံကိန်းမရှိတာမဟုတ် သလို ဆိုရှယ်လစ်စနစ် ထဲမှာလဲ ဈေးကွက် မရှိတာ မဟုတ်ပါ။ ဒီလို အချင်း အရာ များရှိတာကြောင့် 'စနစ်(၂)ခုဟာထပ် တူထပ်မျှ ဖြစ်လာ တယ်'ဆိုတဲ့သဘော တရားတောင် ခေတ်စားလာပါတယ်။ ဒါ ဆိုလေ့ရှိတဲ့ 'ထပ်ကူထပ်မျှသဘော တရား'ဟာ... အခြေခံ စဉ်းစားတာက တော့ စနစ်(၂)မျိုးဟာလမ်းမတူကြပေ မယ့် နောက်ဆုံးမှာ ဆုံဆည်းကြလိမ့်မယ်ဆိုတာ ပါပဲ။ ဆိုလိုတာက အရင်းရှင်စနစ် ဖြစ် ပေါ်တိုးပွားမှုတွေဟာ ဆိုရှယ်လစ် စနစ်သို့ အစားထိုးတာ မဟုတ်ဘဲ ဆိုရှယ်လစ်စနစ်နဲ့ပေါင်း စည်း လိုက်ကြပြီး အခြားစနစ်သစ် တခု ဖြစ်လာတယ်။ ဆိုရှယ်လစ် စနစ် လဲမဟုတ်၊ အရင်းရှင်စနစ်လဲ မ ဟုတ်တဲ့ စနစ်တခုဖြစ်လာတယ် လို့ဆိုကြတယ်။ ဒီ 'ထပ်တူထပ် မျှသဘောတရား'ရဲ့ မမှန်ကန်မှု ဟာ အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ် စနစ်တို့အကြား လက္ခဏာအခြား ခြားချက်ကို ပြင်းပယ်တာ ဖြစ်တယ်။ အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ် သို့ ကူးပြောင်းရာမှာ တော်လှန် ရေးမှ တဆင့် အရည်အချင်းပြောင်း လဲရန် လိုအပ်မှုကို ပြင်းပယ် တာ ဖြစ်တယ်။ ဒါဟာ တစတစပြောင်း လဲရေးဖြစ်စဉ်သဘောဖြစ်တယ် လို့ ယူဆတာ ဖြစ်တယ်။ ၎င်း ဟာ ဒီစနစ်(၂)ခုရဲ့ 'သင့်ထဲမှာလဲ ငါ ရှိတယ်' 'ငါ့ထဲမှာလဲ သင် ရှိ တယ်' ဆိုတဲ့ အခြင်းအရာ ကို သာ မြင်ပြီး ဒီအခြင်းအရာတွေ ဟာ 'ကြားအရာတွေဖြစ်တယ်' 'သိပ္ပံပညာတိုးတက်မှုနဲ့ ထုတ်လုပ် ရေးလူ့အဖွဲ့အစည်းဆန်မှုတို့က ကြောင်း ဆိုတဲ့ အခြင်း အရာ တွေ သာဖြစ်တယ်'။ ဒီလို အခြင်းအ ရာတွေဟာ အရင်းရှင်စနစ် က အသုံးပြုနိုင်သလို ဆိုရှယ်လစ်စ နစ်ကလဲ အသုံးပြုနိုင်တယ် ဆို တာကို သူတို့နားမလည်ကြပါ။ ဒီ 'ကြားအရာ'တွေဟာ အစိတ် အပိုင်းအရ ဘယ်လောက်ပဲများ ပါ စေ-နိုင်ငံတော် အာဏာရဲ့ လူ တန်းစား လက္ခဏာ က ဆုံးဖြတ် ပါတယ်။ နိုင်ငံတော်အာဏာ ကို ကိုင်ထားသူ ဟာ အရင်းရှင် လား၊ ပစ္စည်းမဲ့ လား ဆိုတဲ့ အချက် ဒီ လူ့အဖွဲ့အစည်း ရဲ့ လက္ခဏာဟာ အရင်းရှင် စနစ်လား၊ ဆိုရှယ်လစ် စ နစ်လား ဆိုတာကို ဆုံးဖြတ် ပါ တယ်။ မွေတာ အဝိုင်းပါပဲ 'ကြား အရာများ' အစိတ်အပိုင်း များ လေလေ ဒီနှစ်မျိုး ဟာလဲနီး ကပ်လေလေ ဖြစ်တယ်။ ဒါပေမယ့် ထပ်တူထပ်မျှတော့ မဟုတ်ပါ။

ဆိုရှယ်လစ်စနစ်နဲ့ အရင်း ရှင် စနစ် အကြား အခြေခံ ကွာခြားချက်ဟာ ပကတိ ဘာ၀ အရ တည်ရှိနေတာ ဖြစ် တယ်။ ဆိုရှယ်လစ် စနစ် ဟာ 'အများ ပိုင်ဆိုင်မှု' ကို အခြေပြု ပြီး အရင်းရှင်စနစ် ကတော့ 'ပုဂ္ဂလိ က ပိုင်ဆိုင်မှု' ကို အခြေပြု တယ်ဆိုတဲ့ ခြားနားချက်အ ပြင် နိုင်ငံတော် အာဏာမှာလဲ လက္ခ ဏာအရ ခြားနားချက်ကို ပေါ် ပြပါတယ်။ အဲဒီလို လက္ခဏာ အရ ခြားနားချက်တွေ ရှိနေ တာကြောင့် အောက်ပါ အခြေအ နေ (၂)မျိုး ကို ပေါ်ပေါက် စေ ပါတယ်။

(က) 'ကြားအရာ' အစိတ် အပိုင်းအချို့ဟာ မတူတဲ့ လူ့မှုရေး

နှစ်(၂)ခုလုံးမှာပဲ တည်ရှိနိုင်တယ်။ သူတို့ဟာ မတူတဲ့ လူမှုစနစ်များကို အလုပ်အကျွေးပြုနိုင်တယ်။ လူ့အဖွဲ့အစည်းလက္ခဏာကို ဆုံးဖြတ်တဲ့ အခန်းကတော့ မပါဝင်ကြပါ။ 'ကွန်မြူနစ်စနစ်ဆိုတာ ဆိုဗီယက်နိုင်ငံရေးအာဏာနဲ့ တပြည်လုံးလျှပ်စစ်တပ်ဆင်မှုဖြစ်တယ်။'(၄၄)...လို့ လီနင်က ပြောခဲ့ပါတယ်။ အခုဒီမှာပြောတဲ့ လျှပ်စစ်တပ်ဆင်မှုဟာ 'ကြားအရာ' တွေဖြစ်ပါတယ်။ ၎င်းတို့ဟာ ယနေ့ခေတ်သိပ္ပံပညာနဲ့ လူ့အဖွဲ့အစည်းဆန်တဲ့ ထုတ်လုပ်ရေးကြီး၊ သက်ဆိုင်ရာလူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးနည်းနာ စတဲ့အရာတွေကို ကိုယ်စားပြုတယ်။ အဲဒီအရာတွေဟာ အရင်းရှင်စနစ်အကြောင်းအချက်အောက်မှာဆိုရင် အရင်းရှင်စနစ်ရဲ့ ရုပ်ဝတ္ထုအခြေခံများဖြစ်ပြီး၊ ဆိုဗီယက်အာဏာနဲ့ ဆိုရှယ်လစ်စနစ်အကြောင်းအချက်အောက်မှာဆိုရင် ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်တို့ရဲ့ ရုပ်ဝတ္ထုအခြေခံများဖြစ်ပါတယ်။ အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်တို့ရဲ့ လက္ခဏာကို အဲဒီအချင်းအရာများက ဆုံးဖြတ်တာမဟုတ်ဘဲ၊ နိုင်ငံတော်ရဲ့ လူတန်းစားလက္ခဏာကသာ ဆုံးဖြတ်တာဖြစ်ပါတယ်။

(၁) ■ အရင်းရှင်စနစ်ဒါမှမဟုတ် ဆိုရှယ်လစ်စနစ်တို့ရဲ့ အချို့အချင်းအရာများဟာ မတူတဲ့ လူမှုစနစ်များအောက်မှာ အရင်းခံကျတဲ့ လူမှုစနစ်ရဲ့ အစွယ်အပွားများသာဖြစ်တယ်။ အဲဒီအရာတွေဟာ ပြဋ္ဌာန်းတဲ့ အခင်းနေရာမှာရှိတဲ့ လူမှုရေးစနစ်ရဲ့ ဖြည့်စွက်မှုများသာဖြစ်ကြပြီး လူ့အဖွဲ့အစည်းရဲ့ လက္ခဏာကို ပြဋ္ဌာန်းတဲ့ အခန်းကမပါဝင်ကြပါ။ ဥပမာ ဆိုရှယ်လစ်နိုင်ငံတော်အတွင်းမှာရှိတဲ့ နိုင်ငံခြားအရင်းအနှီးလုပ်ငန်းများဟာ အရင်းရှင်စနစ်လက္ခဏာဖြစ်ပေမယ့် အဲဒီဟာတွေက ဆိုရှယ်လစ်စနစ်ရဲ့ ထိန်းကျောင်းတဲ့ ဥလုံးထဲမှာဖြစ်တဲ့အတွက် ဆိုရှယ်လစ်စနစ်ကို ဖြည့်စွက်တာဖြစ်တယ်။ ရဲဘော်တိန့်ရှောင်ဖင်ပြောတာကတော့ "တချို့သူများက နိုင်ငံခြားအရင်းအနှီးများလေလေ၊ အရင်းရှင်စနစ်အရာများလေလေဖြစ်ပြီး၊ အရင်းအနှီး(၃)မျိုးပါတဲ့ လုပ်ငန်းများလေလေ အရင်းရှင်စနစ်အရာများလေလေဖြစ်ကာ အရင်းရှင်စနစ်တိုးများလေလေပဲလို့ ယူဆကြတယ်၊ ဒီလူတွေဟာ အခြေခံဗဟုသုတတောင်မရှိကြဘူး။" "အရင်းအနှီး(၃)မျိုးပါတဲ့ လုပ်ငန်းကိုင်ငန်းများကို ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးအကြောင်းအချက်များက ထိန်းချုပ်ထားပြီး ၎င်းတို့ဟာ ဆိုရှယ်လစ်စီးပွားရေးအတွက် အကျိုးရှိတဲ့ ဖြည့်စွက်ချက်ဖြစ်တယ်။ ကျွန်ုပ်ပြောရရင် ဆိုရှယ်လစ်စနစ်အတွက် အကျိုးရှိတယ်"... ဆိုတာပါပဲ။ သူအလေးတင်းပြောတာကတော့ "အရင်းအနှီး(၃)မျိုးပါတဲ့ လုပ်ငန်းကိုင်ငန်းတွေ များများလုပ်ကြပါ၊ မကြောက်ကြပါနဲ့၊... ကျွန်တော်တို့မှာသာလွန်ချက်တွေရှိပါတယ်။ နိုင်ငံတော်ပိုင် အကြီးစားနဲ့ အလတ်စားလုပ်ငန်းတွေရှိတယ်။ တောမြို့တွေပိုင်တဲ့ လုပ်ငန်းတွေရှိတယ်။ ပို၍အရေးကြီးတာကတော့ နိုင်ငံတော်အာဏာဟာ ကျွန်တော်တို့လက်ထဲမှာရှိတယ်"...(၄၅) ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

အခြားတဖက်မှာလဲ အရင်းရှင်လူ့အဖွဲ့အစည်းထဲမှာ ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ်ကို ဆန့်ပယ်တဲ့ စီးပွားရေးအဖွဲ့အစည်းအချို့ ပေါ်လာနေတယ်။ ဥပမာ ပူးပေါင်းလုပ်ကိုင်ရေးစနစ်နဲ့ သမဝါယမစတာတွေဖြစ်တယ်။ ဒါဟာ ဆိုရှယ်လစ်အစို့အညှောက်များဖြစ်တယ်။ ဒါပေမယ့်၊ အရင်းရှင်စနစ်အကြောင်းအချက်အောက်မှာဆိုရင် ဒါတွေဟာ အရင်းရှင်စနစ် အစွယ်အပွားများမျှသာဖြစ်တယ်။ တကယ့်ဆိုရှယ်လစ်စနစ်အောက်မှာဆိုရင် ဒါတွေဟာ တိုက်ရိုက်ပဲ ဆိုရှယ်လစ်စနစ်လက္ခဏာဆောင်ပါတယ်။ ဒီက

ကူးယဉ်ဆိုရှယ်လစ်ဝါဒီ 'အိုဝင်' ဟာ လူတန်းစားတိုက်ပွဲနဲ့ အာဏာသိမ်းယူရေးကိုမလိုလားဘဲ၊ အရင်းရှင်စနစ် အကြောင်းအချက်အောက် မှာ သာ သမဝါယမတွေကို တိုးပွားလိုက်ရုံနဲ့ပဲ ဆိုရှယ်လစ်စနစ် ဖြစ်သွားမယ်လို့ ယူဆခဲ့တယ်။ ဒါဟာစိတ်ကူးယဉ်တာပဲလို့ လီနင်က ပြောခဲ့တယ်။ ဒါပေမယ့်အောက်တိုဘာတော်လှန်ရေး အောင်ပွဲ ခံပြီးတဲ့နောက် နိုင်ငံရေးအာဏာကို အလုပ်သမားလူတန်းစားလက်ထဲ ချုပ်ကိုင်ထားတဲ့အောက်မှာ ကျတော့ သမဝါယမတွေ တိုးပွားတာဟာ ဆိုရှယ်လစ်စနစ် ဖြစ်ပေါ်တိုးပွားတာနဲ့ ထပ်တူဖြစ်တယ်လို့ လီနင်က ယူဆခဲ့တယ်။*၆ ဒီလိုပါပဲ အရင်းရှင်စနစ်အကြောင်းအချက်အောက်မှာ နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ဟာ ဆိုရှယ်လစ်စနစ်ရဲ့ အကြိုအခံ ဖြစ် ပေမယ့် နိုင်ငံတော် အာဏာကို ပစ္စည်းမဲ့လူတန်းစားလက်ထဲ မကူးပြောင်းခင်ကာလပတ်လုံး ဆိုရှယ်လစ်စနစ်နဲ့ ဘယ်လောက်ပဲ နီးကပ်ပါစေ အဲဒီအရာတွေဟာ ဆိုရှယ်လစ်စနစ်ရဲ့ဘောင်ထဲကို မဝင်နိုင်ဘဲ အရင်းရှင်စနစ်ဘောင်ထဲမှာသာ ရှိနေမြဲ ဖြစ်ပါတယ်။ အရင်းရှင်စနစ် အကြောင်းအချက်အောက်မှာ ဆိုရှယ်လစ်စနစ် အကြောင်းအချက်များ တိုးပွားလာတာဟာ အရင်းရှင်စနစ် ၏ ကိုယ်ပိုင်ဝင်တဲ့မှာ ဆိုရှယ်လစ် စနစ် သန္ဓေတည်တာကို ဖော်ပြနေတယ်။ ဒါပေမယ့် အရေအတွက်ပြောင်းလဲတာသာဖြစ်တယ်။ တော်လှန်ရေး လက္ခဏာဆောင်တဲ့ ပြောင်းလဲမှုများမရှိဘဲ၊ အရည်အချင်းခုန်ကူးပြောင်းလဲတာမရှိဘဲ ဆိုရှယ်လစ်စနစ်ဟာမပေါ်ပေါက်နိုင်ပါ။ ဒါကြောင့် ဆိုရှယ်လစ် စနစ်ကို အကောင်အထည်ဖော်မယ် ဆိုရင် တော်လှန်ရေးမူသည်ဖို့လိုအပ်ပါတယ်။ တော်လှန်ရေး ဒီဥပ်နာဟာ အရင်းကဆိုရင် ယေဘုယျအားဖြင့် အကြမ်းဖက်မှုကို ဆိုလိုတာဖြစ်တယ်။ ဒါပေမယ့် နောင်မှာဆိုရင် အားလုံးဟာ အကြမ်းဖက်မှုကိုသာ ဆိုတာမျိုး မဟုတ်ဘဲ ပကတိဘာဝ အကြောင်းအချက်နဲ့အတူ ဘာဝ အကြောင်းအချက်များ ဟာ ဘယ်လိုလဲ ဆိုတာကို ကြည့်ရမယ်။

မှတ်ချက်

*၁ နဲ့ ၅ = တိန့်ရှောင်ဖင်လက်ရွေးစဉ်ကျမ်း အတွဲ ၃၊ နှာ ၂၉၁-၃၇၃

*၂ = လီနင်လက်ရွေးစဉ်ကျမ်း၊ အတွဲ(၃) တ-အကြိမ်ထုတ်၊ နှာ ၂၆၅-၂၆၆

*၃ = မာ့က်စ်၊ အိန်ဂယ် ကျမ်းပေါင်းချုပ်၊ ပ-အကြိမ်ထုတ်၊ အတွဲ ၂၅၊ နှာ ၄၉၃

*၄ = လီနင် ကျမ်းပေါင်းချုပ်၊ ၃ အကြိမ်ထုတ် အတွဲ ၄၀၊ နှာ ၃၀။

*၆ = လီနင်လက်ရွေးစဉ်ကျမ်း၊ တ-အကြိမ်ထုတ်၊ အတွဲ ၄၊ နှာ ၇၇၃

စာမျက်နှာ (၅၆) မှ
---- စကားဝိုင်းမှအဆက်

ကျင်ဖို့ဖက်ဆစ်ဝါဒ ပေါ်ပေါက်ခဲ့သလိုဒီတခါမှာလဲ အပြစ်ဖို့စရာ တရားခံရှာပြီးခေတ်သစ်ဖက်ဆစ်ဝါဒတမျိုး ပေါ်ပေါက်မလာဘူးလို့ ဘယ်သူပြောနိုင်မလဲ။

ခ ■ ဘယ်အချိန်မှာမဆို ဘာမဆိုဖြစ်နိုင်တဲ့နိုင်ငံတကာ့အနေအထားပဲ။

က ■ သမိုင်းရဲ့ ဒီလိုအကွေ့အချိုးမှာ နိုင်ငံတနိုင်ငံအဖို့ တမျိုးသားလုံး စည်းလုံးညီညွတ်ပြီး တောင့်တင်းကြံ့ခိုင်နေဖို့ဟာ အရေးကြီးဆုံးပေါ့ဗျာ။ ■

# ဖရက်ဒရစ် အိန်ဂယ်လ် ကွန်မြူနစ်ပါတီ၏ မူများ စာတမ်းမှ

## ကောက်နုတ်ချက်များ

ဖရက်ဒရစ်အိန်ဂယ်လ်ရေးသော ကွန်မြူနစ်ပါတီ၏ မူများ စာတမ်း သည် သိပ္ပံနည်းကျ ဆိုရှယ်လစ်ပါတီ စာပေများအနက် အစောဆုံးထွက်ပေါ်ခဲ့သော စာပေများ စာရင်းတွင် ပါဝင်ပေသည်။ ဤစာတမ်းအား လေ့လာခြင်းအားဖြင့် မာ့က်စ်ပါတီ၏ မူများကို သိရှိနိုင်သလို မာ့က်စ်ပါတီ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကိုလည်း တစ်စွန်းတစ်စ ပြန်လည်သုံးသပ် နိုင်ပေသည်...

## ကွန်မြူနစ် စနစ် ဆိုသည်မှာ အဘယ်နည်း။

ကွန်မြူနစ်စနစ်ဆိုသည်မှာ ပစ္စည်းမဲ့လူတန်းစား လွတ်မြောက်ရေးအတွက် အခြေအနေအချက်အလက်များ၏ မူဝါဒ သဘောတရားဖြစ်ပါသည်။

## ပစ္စည်းမဲ့ လူတန်းစား ဆိုသည်မှာ အဘယ်နည်း။

ပစ္စည်းမဲ့ လူတန်းစား ဆိုသည်မှာ မိမိ၏ အသက်ရှင်နေထိုင်ရေးကို မည်သည့်အရင်းအနှီးပေါ်က ရရှိသည့် အမြတ်အစွန်းပေါ်ကမျှ မဟုတ်ဘဲ မိမိ၏ လုပ်အားရောင်းချခြင်းပေါ်မှ သာ လုံးဝနှင့်တခုတည်း အမှီပြုနေထိုင်သည့် လူ့အဖွဲ့အစည်း တွင်းရှိ လူတန်းစားတရပ်ဖြစ်ပါသည်။ ၎င်းတို့၏ ဆင်းရဲမှုချမ်းသာမှု၊ ၎င်းတို့၏ သေရေးရှင်ရေး နှင့် ၎င်းတို့၏ ရပ်တည်မှု တခုလုံးသည် လုပ်အားတောင်းဆိုမှုအပေါ် တည်ရှိပြီးထို့ကြောင့်လည်း လုပ်ငန်း ကောင်းချိန် ဆိုးချိန်အပြောင်းအလဲများ အတိုင်းအဆမရှိ ပြိုင်ဆိုင်မှု၏ အပြောင်းအလဲမြန်မှုများအပေါ် တည်နေသည်။ ပစ္စည်းမဲ့ သို့မဟုတ် ၊ ပစ္စည်းမဲ့ လူတန်း စားဆိုသည်မှာ စကားတခွန်းထဲနှင့် ပြောရလျှင် ၁၉ရာစု၏ အလုပ်သမားလူတန်း စား ဖြစ်ပါသည်။

## ပစ္စည်းမဲ့ လူတန်း စား မည်ကဲ့သို့ပေါ်ပေါက် လာခဲ့ပါသနည်း။

ပစ္စည်းမဲ့များသည် လွန်ခဲ့သည့် ၁၈ရာစု နှစ် ဒုတိယ ရာစုဝက် အတွင်း အင်္ဂလန်တွင် ဖြစ်ပွားခဲ့ပြီး နောက် ကမ္ဘာ့ယဉ်ကျေးမှု မြင့်မားသည့် နိုင်ငံများအား လုံးမှာ ဆက်လက်ဖြစ်ပေါ်ခဲ့သည့် စက်မှုတော်လှန်ရေး အတွင်း စတင်ပေါ်ပေါက်ခဲ့ ပါသည်။ ရေနွေးငွေ့ စက် များ၊ ချည်ငင်စက် အမျိုးမျိုး၊ စက် ရက်ကန်းများနှင့် အခြား စက်ကိရိယာ ပစ္စည်းအစုံ အလင် တီထွင် မှုများ က စက်မှု လက်မှု တော်လှန်ရေးကိုဖြစ် ပေါ်စေခဲ့ပါသည်။ ဤ စက်များသည် အလွန် ဈေး ကြီး သည့်အတွက် အရင်းရှင် ကြီးများကသာ ဝယ်ယူ နိုင် သည်။ ယင်းတို့က ယခင်ထုတ်လုပ်မှု နည်းနာတခု လုံး ကို ပြောင်းလဲစေပြီး အလွန်ညံ့ဖျင်းသည့် ချည်ငင် ဘီး များ၊ လက်ရက်ကန်း များနှင့် လုပ်ကိုင်သော အလုပ် သမားများထက် ဈေးနှုန်းချိုသာပြီး ပိုမိုကောင်းမွန်သည့် ကုန်စည်များကို စက်များက ထုတ်လုပ်လာနိုင်သည့် အတွက် ယခင် အလုပ်သမားများကို မောင်းထုတ်လိုက် ပါသည်။ ဤစက်များက စက်မှုလုပ်ငန်းတခုလုံးကို အရင်းရှင်ကြီးများ လက်တွင်းသို့ ပုံအပ်ပေးလိုက် ပြီး အလုပ်သမားများ၏ ပိုင်ဆိုင်မှု အသေးအဖွဲများ (ကိရိယာ တန်ဆာပလာ၊ လက်ရက်ကန်း အစရှိ...)ကို လုံးဝတန်ဖိုး မဲ့သွားစေခဲ့ပါသည်။ ထို့ကြောင့် တခဏ အတွင်း အရင်းရှင်များလက်တွင်း အရာရာ ရောက်ရှိ သွားပြီး အလုပ်သမားများလက်တွင်း ဘာမျှမကျန် ရှိတော့ချေ။ ဤအရာသည် အထည်အလိပ် စက် မှုလက်မှု လုပ်ငန်းအတွင်း သို့ စက်ရုံစနစ် ပကာမ ဝင်ရောက် လာခြင်း ကို အတိအမှတ် ပြုပေသည်။

စက်ပစ္စည်းနှင့် စက်ရုံစနစ် အစပျိုးဝင်ရောက် လာခြင်းအပေါ် တွန်းအားပေးလိုက်သည်နှင့်တ ပြိုင် နက် ဤစနစ်သည် အခြားသောစက်မှုလုပ်ငန်းခွဲများ အားလုံး အထူးသဖြင့် အဝတ်အစား၊ ပုံနှိပ်လုပ် ငန်း၊ အိုးခွက်လုပ်ငန်း နှင့် သတ္တု ပစ္စည်း လုပ်ငန်းများ သို့ အလျင်အမြန် ပျံ့နှံ့ရောက်ရှိသွားပါသည်။ အလုပ်သ မားတဦးချင်း အကြား လုပ်အားခွဲဝေမှု ပို၍ပို၍ များ ပြားလာပြီး ယခင်က အလုပ် တခုလုံး အပြည့် လုပ် ဆောင်ခဲ့သည့် အလုပ်သမား များသည် ယခုအခါတို အစုမှ တစိတ်တပိုင်းကိုသာ လုပ်ရပါတော့သည်။ ဤလုပ်အား ခွဲဝေမှု သည် အထွက်ပစ္စည်းများ ပိုမို လျင်မြန်စွာ ထွက်ရှိစေပြီး ဤနည်းဖြင့် ဈေးနှုန်းပို မို သက်သာလာစေပါသည်။ တဦးချင်း အလုပ်သမား များ၏ လုပ်ဆောင်ချက်ကို ၎င်းတို့ လုပ်ဆောင်ချက် ကဲ့သို့ ကောင်းမွန်ရုံ မျှမက စက်ကြောင့်ပိုမိုသာလွန် နိုင်ပြီး ရိုးစင်းသည့် အဆက်မပြတ်ထပ်ကာ ထပ် ကာ လည်ပတ်နေသော စက်ယန္တရားလှုပ်ရှား မှု

သို့လျှော့ချပစ်လိုက်သည်။ ဤကဲ့သို့သောနည်း ဖြင့် ဤစက်ရုံအများအပြားသည် ရက်ကန်းစက်များနှင့် ထိုစက်များ ဖြစ်သွားခဲ့ ကြသည့် အတိုင်း တစ်ပုံကြီးတရုံ ရွေ့ရွေ့၊ စက်ရုံနှင့် အလုပ်ရုံ စနစ် ထွန်းကားမှုဆီသို့ ကူးပြောင်းသွားပါတော့သည်။ သို့သော် တစ်ချိန်တည်း မှာပင် ၎င်းတို့သည် အရင်းရှင်ကြီးများ၏ လက်တွင်းသို့လည်း ကျရောက်သွားပြီး ထိုနေရာများတွင်လည်း အလုပ်သမားများသည် လွတ်လပ်မှု၏နောက်ဆုံး အကြွင်းအကျန်များကိုပင် ဆုံးရှုံးခဲ့ရပါတော့သည်။ တဖြည်းဖြည်းနှင့် ကုန်ပစ္စည်းထုတ်လုပ်မှု (Manufacture) သာ ရှင် စက်ရုံ စနစ်၏ ထွန်းကားမှုနောက်သို့ တိုး၍တိုး၍ကျရောက်လာခြင်းမဟုတ်ဘဲ အရင်းရှင်ကြီးများသည် အမြတ်အစွန်းအများအပြားရပြီး လုပ်အားခွဲဝေမှုကို အကျယ်ချဲ့နိုင်သည့် ဈေးမှ အလုပ်ရုံကြီးများ တိုး၍ပို၍ တည်ဆောက်ကာ လက်မှုပညာသည် ကလေးများ ကိုလည်း တွန်းထိုး ဖယ်ပစ်လိုက် ပါသည်။ ဤသို့ဖြင့် ယဉ်ကျေးမှု ထိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံများ၌ လုပ်အားထိုက်ထုတ်မှု အမျိုးမျိုး အစားစား အားလုံးနီးပါးအား စက်ရုံများတွင်သာ ပြုလုပ်ဆောင်ရွက်လာခဲ့ကြရပြီး လုပ်ငန်းခွဲအားလုံးနီးပါးတွင်လည်း လက်မှုပညာနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုများသည် အကြီးစားစက်မှုလက်မှု လုပ်ငန်းများ ၏ အဆက်ထိုး ကျော်လွှားခြင်းကို ခံလိုက်ရပေသည်။ ဤဖြစ်စဉ်သည် အလယ်အလတ် လူတန်းစား အလွှာဟောင်း အထူးသဖြင့် လက်မှုပညာသည်ကလေးများကိုမှီ မိုဆိုဓါးသည့် အတိုင်းအတာ အထိ ဖျက်ဆီးပစ် လိုက်ပြီး အလုပ်သမားများ၏ အခြေအနေတွေကို လုံးဝ ပြောင်းလဲပစ်လိုက်ကာ တခြားလူတန်းစားများ ကို တဖြည်းဖြည်း ဝါးမျိုခြင်းဖြင့် ဖြစ်တည်လာသောလူတန်းစားသစ်နှစ်ရပ်ကို ဖြစ်ပေါ်လာစေခဲ့ပါသည်။ ၎င်းတို့မှာ —

●(၁) ယဉ်ကျေးဖြိုးနိုင်ငံများအားလုံးမှ အရင်းရှင်ကြီး လူတန်းစားများသည် ဘဝတည်မြဲရေး ပစ္စည်းများ ထုတ်လုပ်ရေးအတွက် လိုအပ်သည့် ဘဝ တည်မြဲရေးပစ္စည်းများ နှင့် ကုန်ကြမ်းပစ္စည်းများနှင့် ကိရိယာများ (စက်များ အလုပ်ရုံများ) အားလုံးကို အကြွင်းမဲ့နီးပါး ပိုင်ဆိုင် ပြီး ဖြစ်ပါသည်။ ဤသည် သူရှင်လူတန်းစား သို့မဟုတ် သူရှင်များ ဖြစ်ပါသည်။

●(၂) ပိုင်ဆိုင်မှု လုံးဝမရှိသော လူတန်းစားသည် ၎င်းတို့ တည်တံ့ရေး အတွက် လိုအပ်သော ဘဝတည် မြဲရေး ပစ္စည်းများ ရရန် မိမိတို့ လုပ်အားကို ဓနရှင်များထံ မရှောင်မလွှဲသာ ရောင်းချရပါသည်။ ဤ လူတန်းစားကို ပစ္စည်းမဲ့ လူတန်းစား သို့မဟုတ် ပစ္စည်းမဲ့ဟုခေါ်ပါသည်။

■ **ဓနရှင်များသို့ ပစ္စည်းမဲ့များ၏ ဤကဲ့သို့ လုပ်အား ရောင်းချမှုသည် မည်သည့်အကြောင်းအချက်အောက် တွင် ဖြစ်ပေါ်ပါသနည်း။**

-လုပ်အားသည် အခြားအရာများကဲ့သို့ ကုန်စည်တစ်ရပ်သာ ဖြစ်ပြီး ထို့ကြောင့်လည်း ၎င်း၏ တန်ဖိုးအား တခြားကုန်စည်များတွင် အသုံးပြုသည့် ဥပဒေသများကပင် ပြဋ္ဌာန်းပါသည်။ အကြီးစားစက်မှုလုပ်ငန်း သို့မဟုတ် လွတ်လပ်စွာ ပြိုင်ဆိုင်မှု နယ်ပယ်တွင် ကျွန်တော်တို့ မြင်နိုင်သည့်အတိုင်း ဤနှစ်ခုသည် တမျိုးတည်း ဖြစ်လာပါသည်။ ကုန်စည်၏ တန်ဖိုးသည် ပျမ်းမျှအားဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ညီမျှကြောင်း ထို့ကြောင့် လုပ်အား၏ တန်ဖိုးသည်လည်း လုပ်အား ထုတ်လုပ်မှု ကုန်ကျစရိတ်များနှင့် ညီမျှပေသည်။ သို့သော် ထုတ်လုပ်မှု ကုန်ကျစားရိတ်များသည် လုပ်သားတယောက် အလုပ်လုပ်ရန် ကျန်းမာနေပြီး အလုပ်သမား လူတန်းစား သေဆုံးမပျောက်ကွယ်သွားစေရေးအတွက် လိုအပ်သော ဘဝတည်မြဲရေး ပစ္စည်းအရေအတွက် အတိအကျသာ ပါဝင်နေပေသည်။ ထို့ကြောင့် အလုပ်သမား တယောက်အနေဖြင့် ၎င်း၏လုပ်အားအတွက် ဤရည်ရွယ်ချက်များအတွက်လိုအပ် သ ည်

သက် ပိုရဖို့မည်မဟုတ်ပေ။ လုပ်အား တန်ဖိုး သို့မဟုတ်လခ သည် တို့ကြောင့် လူ့အသက် ထိန်းသိမ်းရန် အတွက်လိုအပ်သော စရိတ်နှုန်းဆုံး သို့မဟုတ် အနိမ့်ဆုံး တန်ဖိုးပင်ဖြစ်သည်။ သို့သော် လုပ်ငန်းသည် တခါတရံ ဆိုးဝါးပြီး တခါတရံ ကောင်းမွန်သည့်အတွက် စက်ရုံပိုင်ရှင် အနေဖြင့် ၎င်း၏ ကုန်စည်များအတွက် တခါတရံ ပိုရပြီး တခါတရံ လျော့ရသည့်နည်းတူ အလုပ်သမားသည် တခါတရံ ပိုရပြီး တခါတရံ လျော့ရပါသည်။ သို့သော်စက်ရုံပိုင်ရှင်သည် အရောင်းအဝယ်ကောင်းချိန်နှင့် ဆိုးချိန် ပျမ်းမျှ အတိုင်း ၎င်း၏ကုန်စည်များအတွက် ၎င်း ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်များထက် ပို၍သော်၎င်း လျော့၍သော်၎င်း ရရှိခြင်း မရှိသကဲ့သို့ အလုပ်သမားသည်လည်း ပျမ်းမျှ အားဖြင့် ကျဆင်းဆုံး တန်ဖိုးထက် ပို၍သော်၎င်း၊ လျော့၍သော်၎င်း မရရှိချေ။ လတ၏ ဤဘောဂဗေဒ တရားသည် အကြီးစားစက်မှုလုပ်ငန်းက ထုတ်လုပ်ရေး လုပ်ငန်းခွဲ အားလုံးကိုလွှမ်းမိုးလာမှုအတိုင်းအတာ ကျယ်ပြန့်များပြားလေလေပို၍ပို တင်းကျပ် စွာလုပ်ရှား ချုပ်ကိုင်လေ ဖြစ်လာပါသည်။

**စက်မှုတော်လှန်ရေး နှင့် လူ့အဖွဲ့အစည်း အတွင်း နေရာ နှင့် ပစ္စည်းမဲ့ ကွဲပြားသွားမှု တို့၏ လတ် တလော အကျိုးဆက် များ ကား အဘယ်နည်း။**

ပထမ စက်ယန္တရား လုပ်အားက သယ်ဆောင်လာသည့် စက်မှု အထွက်ပစ္စည်း များ၏ တန်ဖိုး ပို၍ပို၍ ကျဆင်းလာမှု များက ကမ္ဘာတဝှမ်း လုံးရှိတိုင်းပြည် အားလုံးမှ ကုန်ပစ္စည်း ထုတ်လုပ်ခြင်း များ နှင့် လူ၏ လုပ်အား အပေါ် အခြေခံသော စက်မှုလုပ်ငန်း စနစ်ဟောင်း ကို လုံးဝ ဖျက်ဆီး ပစ်လိုက်သည်။ ဤနည်းဖြင့် ယခုအချိန် အထိ သမိုင်းဖြစ်ပေါ် တိုးတက်မှုနှင့် အနည်း နှင့်အများ တခြမ်းမြင်ဖြစ်နေသေးပြီး ၎င်းတို့၏ စက်မှု လုပ်ငန်း များကလည်း ကုန်ပစ္စည်းထုတ်လုပ်ခြင်းအပေါ် အခြေခံထားသည့် အရိုင်းအစိုင်း တပိုင်း နိုင်ငံ များအားလုံး သည် ၎င်းတို့၏ အထီးကျန် တကောင်ကြွက် ဖြစ်နေမှု မှ အတင်းအကြပ် ဆွဲထုတ်ခြင်းခံလိုက်ရသည်။ ၎င်းတို့သည် အင်္ဂလိပ်တို့၏ ဈေးပို ပေါသော ကုန်စည်များကို ဝယ်ယူကြပြီး ၎င်းတို့၏ကိုယ်ပိုင်ပစ္စည်း ထုတ်လုပ်သူ လုပ်သားများကို ဘဝ ပျက်စေခဲ့သည်။ နှစ်ထောင်နှင့်ချီပြီး ဘဝ မှုမတိုးတက် ခဲ့သော နိုင်ငံများ ဥပမာ အိန္ဒိယ မှာ အကုန်အစင်တော်လှန် ပြောင်းလဲပစ်လိုက်ပြီး တရုတ်ပြည်သည်ပင် ယခု အခါ တော်လှန်ရေးလမ်းကို ချောက်လှမ်းလာ ကြပြီ ဖြစ်သည်။ ယနေ့ အင်္ဂလန်မှာ စက်အသစ် တီထွင်လိုက်မှုက တနှစ်အတွင်း တရုတ်အလုပ် သမား သန်းနှင့်ချီ ပြီး ဘဝပျက်စေနိုင်သည့် အချိန်သို့ ကျွန်ုပ်တို့ ရောက်ရှိလာခဲ့ပေပြီ။ ဤနည်းဖြင့် အကြီး စား စက်မှု လက်မှုလုပ်ငန်းက ကမ္ဘာ မြေပေါ်ရှိ ပြည်သူ အားလုံးကို တဦးနှင့်တဦး ထိတွေ့ဆက်စပ်ပေးပြီး၊ ဒေသ ဈေးကွက်ငယ် အားလုံးကို ကမ္ဘာ့ ဈေးကြီး တခု အဖြစ် ပေါင်းစပ်ပေးကာ နေရာ တကာမှာ ဖွံ့ဖြိုးတိုးတက်သည့် ယဉ်ကျေးမှုလမ်းကြောင်းကို ခင်းပေးလိုက်သည်။ ဤနည်းဖြင့် ယဉ်ကျေးသော နိုင်ငံများက မည်သည့် အဖြစ်အပျက်မဆို အခြားနိုင်ငံ အားလုံးသို့ ဂယက်ရိုက်ခတ်မှုရှိခဲ့ သည်။

ဒုတိယ ကုန်ပစ္စည်း ထုတ်လုပ်ခြင်းကို အကြီး စား စက်မှုလက်မှုက အစားထိုး ခဲ့ သည့် နေရာတိုင်းတွင် စက်မှုတော်လှန်ရေးသည် ဗူရှင်များ ၎င်း ၏ ကြွယ်ဝ ချမ်းသာမှုနှင့် အာဏာတို့ကို အမြင့် ဆုံးသို့ ဖြစ်ပေါ်တိုးပွားစေပြီး ၎င်းတို့ကို တိုင်းပြည် တွင် ပထမ တန်းစား လူတန်းစား အဖြစ်သို့ ရောက် ရှိသွားစေခဲ့ပါသည်။ အကျိုး ရလဒ် ကတော့ ဤအရာ ဖြစ်ပျက်ခဲ့သည့် နေရာတိုင်းတွင် ဗူရှင်သည် နိုင်ငံရေးအာဏာကို လက်ဝယ်ရယူပြီး ထိုအချိန်တိ ဆုပ်ကိုးသည့် လူတန်းစားများ၊ မြို့စားရွာစားများ၊ ဂိုဏ်းလုပ်ငန်းရှင် များနှင့် ကျွန် စနစ် မျိုးကို ကိုယ်စား ပြုသည်။

သက်ဦးဆံပိုင် အုပ်ချုပ်မှု ပယ်ရှားပစ်လိုက်သည်။ ဆန္ဒရှင် များသည် မြေယာကိုရောင်းချခွင့် မရှိသည့် ဥပဒေ နှင့် မှူးကြီးမတ်ရာများ၏ အခွင့်ထူး အားလုံးကို ဖျက်သိမ်းလိုက်ခြင်းဖြင့် မင်းစိုးရာဇာများ နှင့် မှူးကြီးမတ်ရာတို့၏ အာဏာများကို ချေမှုန်းပစ် လိုက်ပါသည်။ ဂီးလ်လုပ်ငန်း များနှင့် လက်မှုပညာဆိုင်ရာ အခွင့်ထူးများကို ဖျက်သိမ်းလိုက်ခြင်းဖြင့် ဤသည်က ဂီးလ်လုပ်ငန်းရှင်များ၏ အာဏာ ကို ဖျက်ဆီး လိုက်သည်။ ၎င်းတို့၏နေရာတွင် လွတ်လပ်တဲ့ ပြိုင်ဆိုင်မှု သို့မဟုတ် မည်သည့် စက်မှု လက်မှု လုပ်ငန်းခွဲများတွင် မဆို လူတိုင်း ပါဝင်နိုင်သည့် အခွင့်အရေးရှိပြီး၊ တခုတည်းသော အတား အဆီး ကတော့ လိုအပ်သည့် အရင်းအနှီး ရှိတဲ့ခြင်း ဆိုသော လူ့အဖွဲ့အစည်း အခြေအနေတခု က အတားထိုး လိုက်သည်။ ဤနည်းဖြင့် လွတ် လပ်တဲ့ ပြိုင်ဆိုင်မှု ကို ဖော်ဆောင်လိုက်ခြင်း က ယခုအချိန်မှ စ၍ လူ့အဖွဲ့အစည်းဝင် များ သည် ၎င်း တို့ ၏ အရင်း၊ အနှီး မတူညီမှု အတိုင်း အတာ အရ သာလျှင် မတူညီမှုရှိကြပြီး၊ အရင်း အနှီး သာလျှင် အဆုံး အဖြတ် အာဏာ ဖြစ် ကြောင်း နှင့် ထို့ကြောင့် အရင်းရှင်များနှင့် ဆန္ဒ ရှင် များသည် လူ့အဖွဲ့အစည်းတွင် ပထမတန်းစားဖြစ် ကြောင်းကို လူသိရှင်ကြား ကြေညာလိုက်ခြင်း ဖြစ် ပေသည်။ အကြီးစား စက်မှုလုပ်ငန်းသည် လွတ် လပ်စွာ ပြိုင်ဆိုင်မှု ဆိုသော လူ့အဖွဲ့အစည်းအခြေ အနေတခု တွင်သာ ဖွံ့ဖြိုး တိုးတက်နိုင်သည့် အ တွက် ဤလုပ်ငန်း ဖွဲ့စည်းပုံပြောင်းရေး အတွက် လွတ်လပ်သော ပြိုင်ဆိုင်မှုကို လိုအပ်သည်။ ဆန္ဒ ရှင်သည် မှူးကြီးမတ်ရာများနှင့် ဂီးလ်လုပ်ငန်းရှင် များ ၏ လူ့အဖွဲ့အစည်း ဆိုင်ရာ အာဏာကို ချေမှုန်းပြီးနောက် ၎င်း တို့၏ နိုင်ငံရေး အာဏာကိုလည်း ချေမှုန်း လိုက်သည်။ လူ့အဖွဲ့အစည်းအတွင်း ပထမတန်းစားနေရာသို့ မြင့် တက်လာပြီး နောက် ဆန္ဒရှင်သည် နိုင်ငံရေး တွင်လည်း ပထမတန်း စား ဖြစ်ကြောင်း မိမိကိုယ်မိမိ ကြေ ညာ လိုက်ပါသည်။ ဤသည် ဆန္ဒရှင် တို့၏ တရား ဥပဒေ ချမှတ်ရာတွင် တန်းတူညီမျှခြင်း နှင့် လွတ်လပ်သည့် ပြိုင်ဆိုင်မှု အရ တရားဝင် အသိအမှတ် ပြုခြင်း တို့ အပေါ် မှီခိုသည့် ကိုယ်စားလှယ် စနစ်ဖော်ဆောင် ခြင်း ဖြင့် ပြုလုပ်ခဲ့သည်။ ဥရောပ နိုင်ငံများတွင် ဖွဲ့ စည်း အုပ်ချုပ်ပုံ ဥပဒေ အရ ဘုရင် စနစ်သဏ္ဌာန်ကို ခံယူလိုက်ခြင်း ဖြင့် လုပ်ဆောင်လိုက်သည်။

ဤဖွဲ့စည်း အုပ်ချုပ်ပုံ အရ ဘုရင်စနစ်များ တွင် အရင်း အနှီး တစုံတရာရှိသူများ တနည်းအား ဖြင့် ဆန္ဒရှင်သာလျှင် မဲပေးနိုင်သူများ ဖြစ်ကာ ဤ ဆန္ဒရှင် မဲဆန္ဒရှင်များက ကိုယ်စားလှယ်များကိုရွေး ချယ်ပြီး ဤဆန္ဒရှင် ကိုယ်စားလှယ်များက အခွန် အကောက်များကို မဲပေးရန် ငြင်းဆိုနိုင်သော ၎င်းတို့ ၏ အခွင့်အရေးကို အသုံးပြုပြီး ဆန္ဒရှင် အစိုးရကိုရွေး ချယ်ကြသည်။

တဖန် စက်မှုတော်လှန်ရေးသည် နေရာတိုင်း တွင် ပစ္စည်းမဲ့များကို ဆန္ဒရှင် လူတန်းစားအားတည် ဆောက်ပေးသည့်အတိုင်း အတာ အတိုင်း တည် ဆောက်ပေးသည်။ ဆန္ဒရှင် များ ပို၍ပို၍ ချမ်းသာ လာသည် နှင့် အမျှ တူညီတဲ့ အချိုး အစားအတိုင်း ပစ္စည်းမဲ့ များ ကလည်း အရေအတွက် တိုးများလာ သည်။ ပစ္စည်းမဲ့ များ အား အရင်းအနှီး ကသာ အ လုပ်ပေးနိုင်ပြီး အရင်းအနှီးသည်လည်း လုပ်အားကို ငှားရမ်း ခြင်း ဖြင့် သာလျှင် တိုးပွားနိုင်သည့် အ တွက် ပစ္စည်းမဲ့ များ၏ ကြီးထွားမှုသည် အရင်းအနှီး ကြီးထွား မှုနှင့် အညီ တသားတည်း လှမ်းတက်နေပေ သည်။ တချိန် တည်းမှာပင် ဤဖြစ်စဉ်က စက်မှုလုပ် ငန်းများ အလွန်အကျိုး အမြတ်ရှိအောင် လုပ် ဆောင် နိုင် သည့် မြို့ကြီးများတွင် ဆန္ဒရှင်နှင့်ပစ္စည်းမဲ့များကို အတူစုစည်းပေးလိုက်သည်။ ဤနည်းဖြင့် တနေရာ ထဲ မှာ အ

လွန်ကြီးမားသည့် လူစုလူဝေး ကြီး ဖြစ်ပေါ်ခြင်း ဖြင့် ပစ္စည်းမဲ့များ အား ၎င်းတို့၏ စွမ်းရည်အင်အားကိုသိ ရှိအားလည်စေလိုက် ပါသည်။ ဤ အပြင် ဤဖြစ်စဉ် ပို ပို ဖြစ်ပေါ် တိုးတက်လာပြီး လူ့လုပ်အား ကိုဖယ်ရှား သည့် စက်ယန္တရား များ ပိုမိုတီထွင်လာလျှင် ကျွန်တော် တို့ တွေ့မြင်ခဲ့သည့်အတိုင်း အကြီးစား စက်မှုလုပ် ငန်းများက လုပ်ခများကို အနိမ့်ဆုံးသို့ ပိုမိုနှိမ်ချလိုက် ပြီး ဤနည်း ဖြင့် ပစ္စည်းမဲ့ များ၏ အခြေအနေသည် သာ၍သာ၍ သည်းမခံနိုင်ဖွယ် ဖြစ်လာပေသည်။ ဤ နည်းဖြင့်ပစ္စည်းမဲ့များသည် တဖက်တွင် မကျေနပ် မှုများ ကြီးထွားလာကာ ၊ တဖက်တွင်လဲ ၎င်း အား တောင့်တင်း ကြီးထွား လာပြီး စက်မှုတော်လှန်ရေး က ပစ္စည်းမဲ့ လူ့အဖွဲ့အစည်း တော်လှန်ရေးလမ်းကို ပြင်ဆင်ပေး လိုက်သည်။

**စက်မှုတော်လှန်ရေး ၏ ရှေ့အကျိုးဆက် များ - ကား အဘယ်နည်း။**

ရေနွေးငွေ့ စက်ချုပ် နှင့် တခြားစက်ယန္တရား များနှင့် အကြီးစားစက်မှုလုပ်ငန်းက အတော မ သတ်ကျယ်ပြန့်နေသော ထုတ်လုပ်ရေးနည်း နာ များကို အချိန်တိုအတွင်း နှင့် အကုန်အကျ နည်း စွာ ဖန်တီးလိုက်သည်။ ဤနည်း ဖြင့် ထုတ်လုပ်ရေး မြေပြန့်ချောမော ဖြန့်ဆန့်လာမှု နှင့်အတူ အ ကြီး စား စက်မှုလုပ် ငန်းနှင့် မလွဲမသွေ ပူးတွဲနေသည့် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကလည်း မကြာမီ အ တွင်းမှာပင် အလွန်အကျွံဆုံး သဏ္ဍာန်သို့ ရောက်ရှိ လာသည်။ အရင်းရှင် အမြောက်အမြား စက်မှုလုပ် ငန်း လောကသို့ ကျူးကျော်ဝင်ရောက်လာပြီး အ ချိန်တိုအတွင်းမှာပင် သုံးနိုင်သည်ထက် ပိုပြီးထုတ် လုပ်လာတော့သည်။ အကျိုး ကတော့ ထုတ် လုပ် သော ပစ္စည်းများမှာ ရောင်းမထွက်တော့ဘဲ ကုန် သွယ်ရေးကပ်ဆိုတာပေါ်ထွက် လာတော့သည်။ စက် ရုံများ ပိတ်လိုက်ရပြီး ပိုင်ရှင်များ ဒေဝါလီခံကာ အလုပ်သမား များ စားစရာမရှိ ဖြစ်သွား ရသည်။ နေ ရာတကာမှာ ဆင်းရဲဒုက္ခတွင်း အနက်ဆုံး ကျ သွား သည်။ ခဏ ကြာတော့ ပိုလျှံနေသော ပစ္စည်းများရောင်း ထုတ်လိုက်ရပြီး စက်ရုံများပြန်လည်လည်ပတ်ကာ လုပ်ခများ မြင့်တက်လာပြီး တဖြည်းဖြည်း နှင့်စီးပွား ရေးမှာ ယခင်ကထက် ပိုကောင်းလာပါသည်။ သို့ သော် သိပ်မကြာလိုက်ဘဲ ကုန်ပစ္စည်းအများအပြား ပြန်လည်ထုတ်လုပ်လာ ပြန်ပြီး ၊ ကပ်ဘေး အသစ်တဖန် ဖြစ်လာကာ ယခင်လမ်းကြောင်းအတိုင်း သာပြန်ပေါ် လာခဲ့သည်။ ဤ (၁၉) ရာစု အစပိုင်းမှ စပြီး စက် မှု လုပ်ငန်းအခြေအနေသည် ကြီးပွားသော ကာလနှင့် ကပ်ဆိုက်သောကာလ အတွင်း အမြဲအတက်အကျ ဖြစ်နေပြီး ကပ်ဆိုက်ခြင်း အသစ် မှာ ငါးနှစ် သို့မ ဟုတ် ခုနစ် နှစ်နီးပါး တကြိမ် မှန်မှန်နီးပါး ကျ ရောက်နေသည်။ သို့ဖြင့် အလုပ်သမား များအတွက် အကြီးမားဆုံးသော အခက်အခဲ အကျပ်အတည်းများ အတွေတွေ တော်လှန်ရေး လှုပ်ရှားမှုများ နှင့် တည်ငြိမ် ဆဲ အခြေအနေ များအတွက် အလွန်အကျွံ အန္တရာယ် များ စတာတွေ တသီတတန်းကြီး ဖြစ်ပေါ်လာ ပါ သည်။

**ဤကာလ အလိုက် မှန်မှန်ဖြစ်ပေါ်လာသော ကုန် သွယ်ရေး ကပ်ဘေးများ နောက်မှ ဘာတွေ လိုက်လာ ပါသနည်း။**

ပထမ အကြီးစား စက်မှုလုပ်ငန်းသည် ၎င်း ၏ အစောဆုံး အဆင့်တွင် လွတ်လပ်သည့် ပြိုင်ဆိုင်မှုကို ဖန်တီးခဲ့သော်လည်း ယခုအခါတွင် ၎င်းသည် လွတ်လပ် သည့် ပြိုင်ဆိုင်မှုကိုကျော်လွန်သွားပေပြီ။ အကြီး စား စက်မှုလုပ်ငန်းအဖို့ ပြိုင်ဆိုင်မှု နှင့် ယေဘုယျ အား ဖြင့် ပုဂ္ဂလိက ပိုင် စက်မှုထုတ်လုပ်ရေး အစည်း အရုံး များ မှာ အတားအဆီး အချုပ်အနှောင် များ ဖြစ် လာ ပြီး၎င်း တို့ကို ဖျက်လဲ ဖျက်ဆီးပစ်ရတော့မည်။ ဖျက် လဲ ဖျက်ဆီး ပစ်လိမ့်မည်။ အကြီးစား စက်မှုလုပ်ငန်းသည်

ယခုလက်ရှိ ၎င်း၏အခြေခံပေါ်မှာ ဆက်လက် လည်ပတ်လှုပ်ဆောင်နေသမျှကာလပတ်လုံး ခုနစ်နှစ်တကြိမ်အမြဲတွေ့ရ ဆုံးရှုံးမှုဆိုသော အခြေအနေဆိုးမှ သာလျှင် ထိန်းသိမ်းထားနိုင်မှာဖြစ်ပြီး၊ ထိုဆုံးရှုံးမှုများက အကြိမ်တိုင်းမှာ လူ့ယဉ်ကျေးမှုတခုလုံးကို ခြိမ်းခြောက်ပြီး ပစ္စည်းမဲ့များကို ဆင်းရဲတွင်းကျရောက်စေရုံမက နေ့ရှင်းအဖိတ်အဆိုင်းအများအပြားကိုလည်း ဖျက်ဆီးပစ်ပေးသည်။ သို့ဆိုလျှင် အကြီးစားစက်မှုလုပ်ငန်းကိုယ်တိုင်က အရှုံးပေးလိုက်မည်လား။ ဒါကတော့ လုံးဝမဖြစ်နိုင်ပေ။ ယို့မဟုတ် ၎င်းအနေနှင့် စက်မှုထုတ်လုပ်ရေးကို အပြန်အလှန်ပြိုင်ဆိုင်နေတဲ့ ပုဂ္ဂလိကစက်ရုံပိုင်ရှင်များရဲ့ ညွှန်ကြားမှုဆက်မခံတော့ဘဲ အားလုံးရဲ့လိုအပ်မှုကို ထည့်သွင်းစဉ်းစားသည့်၊ တိကျသည့် စီမံကိန်းနှင့်အညီ အဖွဲ့အစည်းတခုလုံးက လှုပ်ရှားလုပ်ဆောင်သော လုံးဝသစ်လွင်သော အဖွဲ့အစည်းတရပ်ကို မဖွဲ့မဖြစ်လိုအပ်လာစေမည်လား။

**ဒုတိယ** အကြီးစားစက်မှုလုပ်ငန်းနှင့် ၎င်းကဖြစ်စေခဲ့သည့် အတားအဆီးမရှိ ထုတ်လုပ်ရေးချဲ့ထွင်ခြင်းသည် ဖြစ်နိုင်သည့်အလန်းအဆိုင်းအတွင်း အဝ၏လိုအပ်ချက်များအားလုံးကို ထုတ်လုပ်ပေးပြီး၊ လူ့အဖွဲ့အစည်းဝင်တိုင်း ဖြစ်ပေါ်တိုးတက်နိုင်ကာ၊ ပြည့်ဝသောလွတ်လပ်ခြင်းနှင့် ၎င်းတို့၏အင်အားများ၊ စွမ်းရည်များအားလုံးကို အသုံးပြုနိုင်သည့်၊ လူ့အဖွဲ့အစည်း အနေအထားတခုကို သယ်ဆောင်လာသည်။ ထို့ကြောင့် ယနေ့လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲဒုက္ခအားလုံးနှင့် ကုန်သွယ်ရေးကပ်ဆိုက်မှုအားလုံးတို့ကို ဖြစ်ပေါ်စေသည့် အကြီးစားစက်မှုလုပ်ငန်း၏ အရည်အချင်းများကပင်လျှင် မတူညီသည့် လူ့အဖွဲ့အစည်းအောက်မှာ ထိုဒုက္ခများနှင့် ဆိုးဝါးလှသော ကပ်ဘေးအတက်အကျများကိုကြို မှန်းနိုင်သော အရာများဖြစ်ဟန်ရှိပေသည်။ ထို့ကြောင့် —

◆ (၁) ကျပ်မကောင်းမှုများအားလုံးကို ယခုအချိန်မှစပြီး တည်ရှိဆဲအကြောင်းအချက်များနှင့် ဆက်လက်လိုက်ညီခြင်းမရှိတော့သည့် လူ့အဖွဲ့အစည်းစနစ်ပေါ်သို့ ပုံချရန်ဖြစ်သည်။ နောက်ပြီး —

◆ (၂) ကျပ်မကောင်းမှုများအားလုံးကို လုံးဝဖယ်ရှားပြီး လူ့အဖွဲ့အစည်း စနစ်သစ်တရပ်ပေါ်ထွက်ရေးနည်းလမ်းများသည်လည်း အဆင်သင့်ရှိနေပြီဖြစ်ကြောင်း — အရှင်းလင်းဆုံး ပြသလိုက်ပေပြီ။

■ **လူ့အဖွဲ့အစည်း အနေအထားသစ်တရပ်မှာ ဘယ်လိုအမျိုးအစားမျိုးဖြစ်မည်နည်း။**

အဓိကမှာ ၎င်းသည် ယေဘုယျအားဖြင့် အပြန်အလှန်ပြိုင်ဆိုင်နေသည့် ပုဂ္ဂလိကများလက်ထဲမှ စက်မှုလုပ်ငန်းလည်ပတ်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းခွဲအားလုံးကို သိမ်းယူလိုက်ပြီး၊ ၎င်း၏နေရာတွင် ထုတ်လုပ်ရေးလုပ်ငန်းခွဲအားလုံးကို လူ့အဖွဲ့အစည်းတခုလုံးက အုပ်ချုပ်လုပ်ဆောင်ခန့်ခွဲသည့်စနစ်ဖြင့် အစားထိုးသည်။ ဒါကတော့ တူညီသော အကြောင်းအချက်များအတွက် ဘုံစီမံကိန်းနှင့်အညီ လူ့အဖွဲ့အစည်းဝင်အားလုံးက ပါဝင်ဆောင်ရွက်ရမည့်စနစ်ပင်ဖြစ်သည်။ တနည်းပြောလျှင် ၎င်းသည်ပြိုင်ဆိုင်မှုကို ဖျက်သိမ်းပြီး ဒါကိုပေါင်းစပ်ဖွဲ့ဖက်ခြင်းဖြင့် အစားထိုးသည်။ ထို့ပြင် စက်မှုလုပ်ငန်းအပေါ် ပုဂ္ဂလိကစီမံအုပ်ချုပ်မှုက ၎င်း၏မခွဲမခွာသာသော အကျိုးဆက်ဖြစ်သော ပုဂ္ဂလိကပိုင်ဆိုင်မှုကို ရရှိစေသည်။ နောက်ပြီး ပြိုင်ဆိုင်မှုသည် စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဆိုင်သူများ အုပ်ချုပ်လုပ်ဆောင်သည့် နည်းစနစ်နှင့် သဏ္ဍာန်တူသာဖြစ်သည့်အတွက်ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် စက်မှုလုပ်ငန်းအပေါ်ပုဂ္ဂလိက စီမံအုပ်ချုပ်မှုနှင့် ပြိုင်ဆိုင်မှုတို့နှင့် ကင်း

ကွာဟ်မှု ရဟု ဖြစ်လာသည်။ ထို့ကြောင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုကိုလည်း ဖျက်သိမ်းရမှာဖြစ်ပြီး ၎င်း၏နေရာတွင် ထုတ်လုပ်ရေး ကိရိယာ အားလုံးကို ဘုံသုံးစွဲမှုနှင့် ဘုံသဘော တူညီမှုအရ အထွက်ပစ္စည်း အားလုံး ကို ဖြန့်ဝေမှုက အစားထိုး ယာရောက် ရမည်။ စကားတခွန်းတည်းနှင့် ဆိုလျှင် ပစ္စည်းများကိုအများပိုင်ဆိုင်မှု ဆိုတာ ပဲ ဖြစ်သည်။ တကယ်တော့ ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းရေးသည် စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုက လိုအပ်စေသော ထိုအကြောင်း ကြောင့်ပင် ကွန်မြူနစ်များက ၎င်းတို့အဓိက တောင်းဆိုချက် အဖြစ် မှန်ကန်စွာ တင်ပြသည်. လူ့အဖွဲ့အစည်း အနေထား တခု လုံး ပြောင်းလဲရေးကို ပုံဖော်ရန် အတိုဆုံးနှင့် အထင် ရှားဆုံး သော လမ်း ဖြစ်သည်။

■ ထို့ကြောင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အချိန်စော စွာ ဖျက်သိမ်းရန်မဖြစ်နိုင်ဘူးမဟုတ်လား။

မှန်သည်။ လူ့အဖွဲ့အစည်း ဆိုင်ရာ အနေ အထား အပြောင်းအလဲတိုင်း၊ ပိုင်ဆိုင်မှုဆက်ဆံရေးများ အတွင်းက တော်လှန်ရေးတိုင်းသည် ပိုင်ဆိုင်မှု ဆက် ဆံရေးဟောင်းများနှင့် ဆက်လက် အံဝင်ခွင်ကျခြင်း မရှိတော့သည့် ထုတ်လုပ်ရေးအင်အားစုသစ်များ ဖော် ထုတ်လာခြင်း၏ လိုအပ်သော အကျိုးဆက်ဖြစ် သည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုကိုယ်တိုင် ဤနည်းဖြင့် စ တင်ပေါ်ပေါက် လာခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ပုဂ္ဂလိက ပိုင်ဆိုင်မှုသည် အစဉ်အမြဲတည် ရှိခဲ့သည် မဟုတ်သောကြောင့် ဖြစ်သည်။ အလယ် ခေတ် ကုန်ဆုံးခါနီး အချိန်က ထုတ်လုပ်ရေး နည်းနာ သစ်တခု သည် ထိုအချိန်ကတည်းရှိနေသည့် ပဒေ သရာဇ် နှင့် ဂီလ်ပိုင်ဆိုင်မှု၏ လက်အောက်ခံ အဖြစ် မထား ရှိနိုင်သည့် စက်မှုလက်မှု လုပ်ငန်းသဏ္ဍာန် အဖြစ် ထွက်လာပြီး ပိုင်ဆိုင်မှု ဆက်ဆံရေးဟောင်း ထက် ကျော်လွန်ကြီးထွားလာသည့် ကျိကုန် ထုတ် လုပ်မှု လုပ်ခင်း စသည့် ပုဂ္ဂလိက ပိုင်ဆိုင်မှုဆိုသော ပိုင်ဆိုင်မှု သစ်ကို ဖန်တီးလိုက်သည်။ ကုန်ထုတ် လုပ် မှု လုပ်ခင်း နှင့် အကြီးစား စက်မှုလုပ်ငန်း ဖြစ် ပေါ် တိုး တက်မှု ပထမ အဆင့်အတွက် ပုဂ္ဂလိက ပိုင်ဆိုင် မှုသည် တခုတည်းသော ဖြစ်လာနိုင်သည့် ပိုင်ဆိုင် မှုသဏ္ဍာန် ဖြစ်သည်။ ၎င်းအပေါ်အခြေခံ သည့် လူ့ အဖွဲ့အစည်း စနစ်သည်လည်း တခုတည်း သော ဖြစ်လာနိုင်သည့် လူ့အဖွဲ့အစည်း စနစ်ပင်ဖြ စ် သည်။ အားလုံး အတွက် လိုအပ်သလောက် မ ထုတ် လုပ် နိုင်ဘဲ ၊ လူ့အဖွဲ့အစည်း အရင်းအနှီး တိုးဖြင့်ရေး နှင့် ထုတ်လုပ်ရေး အင်အားစု ဆက်လက် တိုး တက် ရေး အတွက် အထွက်ပစ္စည်း အပိုအလျှံ များ ကျန်ရှိ နေသမျှ ကာလပတ်လုံး လူ့အဖွဲ့အစည်း ထုတ် လုပ် ရေး အင်အား စု များကို ပိုင်ဆိုင်ချယ်လှယ် ချုပ် ကိုင်နိုင်သည့် လွှမ်း မိုး ကြီး စိုးသော လူတန်း စား နှင့် ဆင်းရဲသည့် အဖိနှိပ်ခံလူတန်းစား ဟူ၍ အမြဲ ရှိ နေပါလိမ့်မည်။ ဤလူတန်း စား များ မည်သို့ ဖွဲ့ စည်း ပါဝင်သည် ဆို ခြင်းမှာ ထုတ်လုပ်ရေးဖြစ်ပေါ် တိုး တက် မှု အဆင့် ပေါ် မှီတည် ပါလိမ့် မည်။ လယ် ယာ စိုက် ပျိုး ရေး ပေါ် မှီခိုသည့် အလယ် ခေတ် တွင် ဘဲရောန် မှူး မတ် များနှင့် မြေကျွန် များကို ဖြစ် ပေါ်စေသည်။ အလယ်ခေတ် နောက်ပိုင်း မြို့ များက ဂီလ်လုပ်ငန်း ပိုင်ရှင် နှင့် ဒယ်လှည့် အလုပ်သမား နှင့် နေ့စား အလုပ် သမား များကို ဖော်ပြပြီး ၁၇ ရာစု တွင် ကုန်ထုတ်လုပ် မှု လုပ်ခင်း ပိုင်ရှင် များနှင့် ယင်း လုပ်ခင်း အလုပ်သမား များ ရှိကာ ၁၉ ရာစု မှာတော့ အလုပ်ရုံ ပိုင်ရှင်ကြီးများ နှင့် ပစ္စည်းမဲ့များရှိလာ ပါသည်။ ထုတ်လုပ်ရေး အင်အား စု များသည် ယ ခု အချိန်ထိ အားလုံး အတွက် လုံလောက်အောင် ထုတ်လုပ် နိုင် သည့် အဆင့်ထိ ဖြစ်ပေါ်တိုး တက် ခြင်း မရှိဘဲ ထိုထုတ်လုပ်ရေး အင် အား စု များ အ တွက် ပုဂ္ဂလိက ပိုင် ဆိုင် မှု သည် အချုပ် အနှော င် အတား အဆီး ဖြစ်နေကြောင်း ရှင်းလာသည်။ သို့

သော် ယခုအခါတွင် အကြီးစားစက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုသည် (ပထမ) အရင်းအနှီးကို ဖန်တီးပြီး ထုတ်လုပ်ရေးအင်အားစုများမှာ ယခင်က မရှိခဲ့ဘူးသည့် အဆင့်အထိ ကျယ်ပြန့်တိုးပွားလာကာ နည်းနာများကလည်း အချိန်တိုအတွင်း အကန့်အသတ်မရှိ အများအပြားတိုးများလာရုံ အလွယ်တကူတည်ရှိလာသည့်အခါ (ဒုတိယ) ကျွ်ထုတ်လုပ်ရေးအင်အားစုများ နေရှင် အနည်းငယ်၏လက်ထဲတွင် သာ စုပြုံရောက်ရှိနေပြီး လူအမြောက်အမြားက တော ပစ္စည်းမဲ့အဆင့်သို့ ပို၍ပို၍ ရောက်လာပြီး၊ ၎င်းတို့၏ အခြေအနေများသည် နေရှင်များ၏ ကြွယ်ဝချမ်းသာမှု တိုးများလာသည့် အချိုးအစားနှင့်ညီမျှစွာ ပို၍ဆင်းရဲ ဒုက္ခရောက်လာကာ မခံမရပ်နိုင် ဖြစ်လာသည့်အခါ (တတိယ) ကျွ်တယ်ဦးသတ္တိကြီးမားပြီး အလွယ်တကူကျယ်ပြန့်တိုးပွားနိုင်သည့် ထုတ်လုပ်ရေးအင်အားစုများသည် ယခုချိန်ထိ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် နေရှင်လူတန်းစားထက် ကျော်လွန်ကြီးထွားလာကာ ၎င်းတို့က အချိန်မရွေး လူ့အဖွဲ့အစည်းအနေအထားအား အကြမ်းတမ်းဆုံးသော ဆူပူနှောက်ယှက်မှုများ ဖြစ်ပေါ်စေလာသောအခါ — ယခုအချိန်မှာသာ ကျွ် အချက်အလက်များအောက်တွင် ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးသည် ဖြစ်လာနိုင်ချေရှိလာရုံမက လုံးဝလိုအပ်မှုလည်း ဖြစ်လာပေသည်။

**ပုဂ္ဂလိကပိုင်ဆိုင်မှု ဖျက်သိမ်းရေးကို ငြိမ်းချမ်းသောနည်းများဖြင့် လုပ်ဆောင်နိုင်သလား။**

ကျွ်ကဲ့သို့ ဖြစ်လာနိုင်ပါက အလွန်လိုလားစရာ ဖြစ်ပြီး ကျွ်အချက်ကို ဆန့်ကျင်သူများအနက် ကွန်မြူနစ်များသည် နောက်ဆုံးမှ ဖြစ်ပါလိမ့်မည်။ လျှို့ဝှက်ကြံစည်မှုများ မှန်သမျှမှာ အသုံးမကျရုံမက အန္တရာယ်ပင်ရှိသေးကြောင်း ကွန်မြူနစ်များက သိသည်။ သူတို့က တော်လှန်ရေးများမှာ ဆန္ဒရှိတိုင်း ထလုပ်တာမျိုး၊ အရမ်းကာရော လုပ်တာမျိုး မဟုတ်ဘဲ၊ ပါတီအသီးသီးနှင့် လူတန်းစားများအားလုံး၏ စိတ်ဆန္ဒနှင့် ညွှန်ကြားချက်များနှင့် လုံးဝမပတ်သက်သော အခြေအနေ၏ လိုအပ်သည့် အကျိုးဆက်အဖြစ်သာ နေရာတကာနှင့် အချိန်တိုင်းမှာ ဖြစ်ပေါ်လာနိုင်ကြောင်းကို ကောင်းကောင်းကြီးသိကြပါသည်။ သို့သော် သူတို့က ယဉ်ကျေးတိုးတက်ပြီး နိုင်ငံအားလုံးရှိ ပစ္စည်းမဲ့များ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အကြမ်းဖက် ဖိနှိပ်ခြင်းခံရပြီး ကျွ်နည်းဖြင့် ကွန်မြူနစ်များ၏ အတိုက်အခံများသည် ၎င်းတို့အစွမ်းရှိသမျှဖြင့် တော်လှန်ရေးဆီသို့ ပို့ဆောင်နေကြောင်းကိုလည်း တွေ့မြင်ကြပါသည်။ သို့ဖြင့် အဖိနှိပ်ခံ ပစ္စည်းမဲ့များမှာ အဆုံးတနေ့တွင် တော်လှန်ရေးဆီသို့ တွန်းပို့ခြင်းခံရသည့်အချိန် ကျွန်တော်တို့ ကွန်မြူနစ်များသည် ပစ္စည်းမဲ့များ၏ အရေးတော်ပုံကို ယခုအခါမှာ ကျွန်တော်တို့ စကားလုံးများနှင့် ကာကွယ်နေသကဲ့သို့ ထိုအချိန်တွင် အလုပ်ဖြင့် ကာကွယ်သွားကြမည်။

# ပဟိုပါတီကျောင်း

# အဘိဓမ္မာ ပုံချုပ်

အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့စာကြည့် အမှတ် (၃)၏ နောက်ပိုင်းဆက်လက်ထွက်ရှိသော စာစောင်များတွင် အဘိဓမ္မာပုံချုပ်ကို မဖော်ပြနိုင်ခဲ့ပါ၊ ယခု အမှတ်(၃)၏ အဆက် အဖြစ် ပုံချုပ်များကိုဆက်လက် ဖော် ပြသွားပါမည်။

## ဟောပြောချက် ၃

"အတွင်းပိုင်း ပဋိပက္ခသည် သဘာဝလောက နှင့် လူ့အဖွဲ့အစည်း၏ တလောကလုံး ဆိုင်ရာ တရားဖြစ် သည်။"

အခြင်းအရာတိုင်းသည် ဆန့်ကျင်ဘက်များ၏ တစ်ပုံတည်းသော ညီညွတ်မှု ဖြစ်ကြောင်း သဘာဝ သိပ္ပံ ပညာ နှင့် လူမှုရေးသိပ္ပံပညာ ရပ် အားလုံးက ယူဆပေသည်။ အနုမြူ သဘာဝလောက၏ အသေးငယ်ဆုံးသော မြူမှုန်သည် ဆန့်ကျင်ဘက်များ (ဝါ) လျှပ်စစ် အဖိုဓာတ် ပါရှိခြင်းနှင့် လျှပ်စစ် အမဓာတ် ပါရှိခြင်းတို့၏ညီညွတ်မှုဖြစ်သည်။ နေဗိမာန် နှင့် ဆက်သွယ်ရာ ဂြိုဟ်နက္ခတ် စသော် (ဆိုလာစနစ်) တခုလုံး ကဲ့သို့သော အတိုင်းအတာ ကြီးမားသည့် သဘာဝအခြင်းအရာ သည်လည်း ၎င်း အတွင်း၌ ဆန့်ကျင်ဘက် အင်အားနှစ်မျိုး ရှိသည်။ ၎င်းတွင် ဆန့် ကျင်ဘက် များ၏ ညီညွတ်မှု ပင် ဖြစ်သည်။ အသေးအငယ်ဆုံး ဖြစ်သည့် မြူမှုန် (အကာအမြေး) အတွင်း၌ အပြင်ပမှ ရောက်လာသော အရာဝတ္ထုတချို့ ကို လက်ခံလိုက်ခြင်း (ဝါ) သမ လိုက်ခြင်းတို့ အပြင် အခြားအရာဝတ္ထု တချို့မှာ စွန့် ပယ် (ပယ်ထုတ်ခံရခြင်း) — ဆန့်ကျင်ဘက် နှစ်မျိုးသည် အမြဲတမ်း ပြုမူ လှုပ်ရှားနေသည့် အခန်းက ပါရှိနေ လေသည်။ ဥပမာ အားဖြင့် — ကျွန်တော်တို့သည် ရိုးရိုး တောင်မြောက် မြသံလိုက် အိမ်မြှောင် ကို ကြည့်ကြပါစို့။ ၎င်းသည် တဘက် တွင် မြောက်ဘက်ကို ပြနေပြီး၊ အခြားတဘက်က ၎င်းနှင့်ဆန့်ကျင်ပြီး တောင်ဘက်ကို ပြနေ၏။ ၎င်း မှာ အမြန်အလှည့် ဆန့်ကျင်နေသော်လည်း တချိန် တည်းမှာ ဆက်စပ်

မှုရှိသည်။ ၎င်းမှာ အထင်ရှားဆုံး ဆန့်ကျင်ဘက်တို့၏ ညီညွတ်မှု ဖြစ်သည်။ ၎င်းနှင့်မြောက်ဘက်မြှ သံလိုက်ကို တောင်ဘက်မြှ သံလိုက်မှ ခွဲထုတ်ရန် ကြိုးစားပါက အောင်မြင်မည်မဟုတ်ပါ။ သံလိုက်ကို တဝက် ဖြတ်လိုက်ပါက ၄ ခုဖြစ်လာသည်။ ၈ ခုသော်၎င်း ဖြစ်လာနိုင်သည်။ သို့ရာတွင် အပြတ်များ၌ မူလတောင်မြောက် အတိုင်း ပင်ပြလျက် ရှိနေပေလိမ့်မည်။ ဤကား ဆန့်ကျင်ဘက်တို့၏ ညီညွတ်မှု အဖြစ် သဘာဝ အခြင်းအရာ ၏ သာဓက ဖြစ်၏။

သက်ရှိ အရာ သက္ကာတိုင်းလည်း ဆန့်ကျင်ဘက်များ၏ တစုတခုသော ညီညွတ်မှုဖြစ်သည်။ ၎င်းအတွင်း၌ တိမ်းညွတ်မှု တမျိုးရှိသည်။ ဆိုလိုသည်မှာ တဖက်တွင် ၎င်း၏ နဂိုပါ အရည်အချင်း အားလုံးကို ထိန်းပေး ပြီး၊ အခြားတဘက်တွင် သစ်လွင်သော အခြေအနေ အချက်အလက်နှင့် လျော်ညီစွာ အချိန်တိုင်း နာရီတိုင်းတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်နေလေသည်။

လူ့အဖွဲ့အစည်းသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်၍ မည်သည့် လူ့အဖွဲ့အစည်းနှင့် သဘာဝမဆို ဆန့်ကျင်ဘက်တို့၏ ညီညွတ်မှုဖြစ်သည်။ ဆိုရှယ်လစ် လူ့အဖွဲ့အစည်း လည်း ထိုနည်းပင်။ ၎င်းအတွင်း၌ ဆန့်ကျင်ဘက် ဖြစ်နေသော ရန်ဘက်လူတန်းစား များ မဟုတ်တော့ဘဲ တစည်းတလုံး ထဲရှိသော ချစ်ကြည်သည့် လူတန်းစားများနှင့် အမျိုးသား အသီးသီးတို့ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတော်ကြီးဖြစ်ကာ တိုးတက်ခြင်း၊ ခေတ်နောက်ကျခြင်း စသည့် အချင်းအရာများ ရှိနေဦးမည် ဖြစ်သည်။

ဆန့်ကျင်ဘက်များ၏ညီညွတ်မှုကို ဩဂဲနစ် အရ ညီညွတ်မှုအဖြစ် နားလည်ရမည်။ ၎င်းအတွင်း၌ ဆန့်ကျင်ဘက်များသည် ရှောင်တခင် ဖြစ်လာခြင်း မဟုတ်၊ တခုနှင့် တခု အပြန်အလှန် ဆက်သွယ်နေသည်။ အကယ်၍ တခုခု တွင် ဆန့်ကျင်ဘက် ဖြစ်သော အခြားဘက်တဘက် မရှိပါက တည်မြဲနိုင်လိမ့်မည်မဟုတ်ပေ။

ပစ္စည်းမဲ့ လူတန်းစား သည် ဓနရှင်လူတန်းစားနှင့် လူ့အဖွဲ့ အစည်းတခုတွင် ရှောင်တခင် တည်ရှိနေသည် မဟုတ်ချေ။ ဓနရှင် လူတန်းစား တည်ရှိနေသမျှကာလပတ်လုံး ပစ္စည်းမဲ့ လူတန်း စားသည် အဖိနှိပ်ခံ၊ သွေးစုပ်ခံ လူတန်းစား ဖြစ်မြဲပင်ဖြစ်နေ ပေမည်။ ၎င်းတို့သည် ရန်ဘက်လူတန်းစားများ ဖြစ်ကြသည်။ သို့သော် ၎င်းတို့ အကြား၌ ဆက်ဆံမှု သည် ရှောင်တခင် ဖြစ်လာသည်မဟုတ်ချေ။ အရင်းရှင် စနစ် တည်ရှိနေ သမျှကာလပတ်လုံး ဓနရှင်နှင့်ပစ္စည်းမဲ့တို့အကြားတွင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော အကျိုးစီးပွားများဖြင့် ဆက်သွယ်နေလျက် ရှိသည်။ သူတို့သည် အရင်းရှင် လူ့အဖွဲ့အစည်း၏ အဓိက အ စိတ်အပိုင်း ကြီး နှစ်ခု ဖြစ်ကြသည်။ အကယ်၍ ဓနရှင်တို့သည် မိမိတို့၏ စီမံခန့်ခွဲမှုအောက်၌ အလုပ်လုပ်ကိုင် လျက်ရှိသော အလုပ်သမား များ မရှိလျှင် တည်ရှိ နိုင်လိမ့်မည် မဟုတ်ပေ။ ဓနရှင်လည်း ဖြစ်နိုင် လိမ့်မည် မဟုတ်ပေ။ အကယ်၍ ပစ္စည်းမဲ့တို့သည် မိမိ၏လုပ်အားကို ဓနရှင်များ ထံ ရောင်းမစားပါလျှင် ပစ္စည်းမဲ့လူတန်းစားသည် တည်ရှိနိုင်မည် မဟုတ်ပေ။

● "ဆန့်ကျင်ဘက်များ၏ ညီညွတ်မှုနှင့် စပ်လျဉ်း သော နှိုင်းယှဉ်ခြင်းလက္ခဏာ။"

ဆန့်ကျင်ဘက်များ သည် တခုနှင့် တခု ဆက်သွယ်နေ သည်။ သို့သော် ၎င်းဆက်သွယ်မှုမျိုး ကို အနုပဋိလောမနည်းအရ နားလည်ရမည်။ ဆန့်ကျင်ဘက်များ၏ ညီညွတ်မှုသည် ယာယီ ဖြစ်သည်။ အခြေအနေ အချက်အလက်ရှိသည် စပ်ကူးမတ်ကူး ဖြစ်သည်။ နှိုင်းယှဉ်

ခြင်းအရ ဖြစ်သည်။

အကယ်၍ ဆန့်ကျင်ဘက်များ၏ ညီညွတ်မှုသည် နှိုင်းယှဉ်ချက်အရ မဟုတ်ဘဲ အကြွင်းမဲ့အရင်း၊ လုံးဝအားဖြင့်ရင်း၊ တာဝစဉ်အရရင်း၊ ဖြစ်နေပါက မည်ကဲ့သို့ ဖြစ်ပွားလိမ့်မည်နည်း။ ၎င်းအခြေအနေအောက်တွင် ဆန့်ကျင်ဘက်များသည် တခုနှင့်တခုလုံးဝ ချိန်ခွင်လျှာကျ ညီမျှလာ လိမ့်မည်။ ၎င်းအခြေအနေတွင် ဆန့်ကျင်ဘက်များသည် တိုက်ခိုက်နေသော အခြေအနေမျိုးတွင် မရှိနိုင်တော့ဘဲ လုံးဝ ချိန်ခွင်လျှာကျ ညီမျှနေသော အခြေအနေသာရှိလိမ့်မည်။ ၎င်းသို့ဖြင့် ဖြစ်ပေါ်တိုးပွားမှုသည် အဆုံးသတ်သွားပေလိမ့်မည်။

သဘာဝလောကနှင့် လူ့အဖွဲ့အစည်းတွင် ဆန့်ကျင်ဘက်များ၏ လုံးဝညီမျှခြင်းများသည် ရှိလည်းမရှိနိုင်၊ အကယ်၍ တစုံတရာ ထပ်တူ ဖြစ်ခြင်း ရှိသည် ဆိုပါက ၎င်းမှာယာယီသာဖြစ်သည်၊ ထို့ကြောင့် ဆန့်ကျင်ဘက်များ၏ ညီညွတ်မှုသည် စပ်ကူးမတ်ကူး အခြင်းအရာ၊ နှိုင်းယှဉ်ခြင်းအရ အခြင်းအရာ အစဉ်အမြဲ ဖြစ်ပေလသည်။ ဆန့်ကျင်ဘက်များ၏ ညီညွတ်မှု (တညီတညွတ်ဖြစ်ခြင်း၊ ထပ်တူထပ်မျှဖြစ်ခြင်း၊ အင်အားပေါင်းစည်းခြင်း၊ အပြန်အလှန်စိမ့်ဝင်မှု၊ အပြန်အလှန်ယှက်သန်းမှု၊ အပြန်အလှန်အမှီပြုမှု (သို့မဟုတ်) အပြန်အလှန်မှီကျိုးတည်ရှိမှု) တို့သည်ယာယီဖြစ်သည်။ စပ်ကူးမတ်ကူးဖြစ်သည်၊ နှိုင်းယှဉ်ခြင်းအရ ဖြစ်သည်။

ရဲဘော် လီနင်က - " ဆန့်ကျင်ဘက်များ ယာယီညီညွတ်မှုဆိုတာ ရှိနိုင်သည်၊ ၎င်းအခြင်းအရာ တစုံတခုသော ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်အတွင်းတွင် တဘက်ဘက်က လွှမ်းမိုးမသွားနိုင်သေးသည့် အချိန်တွင် ဖြစ်သည်။ ဥပမာ - ရုရှားပြည် ၁၉၁၇ ခုနှစ် အောက်တိုဘာလတွင် တော်လှန်ရေးက အောင်ပွဲခံရန် လုံလောက်သည့် အင်အား မရှိသေးမီ ကာဗျူရင် စနစ်ကလည်း ပျက်ပြုန်းရန် အခြေမသိုက်မီ ကာလမျိုး ဖြစ်သည်။

အလားတူပင် ရုရှားပြည်တွင် ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလနှင့် ဇွန်လ တို့တွင် ဓနရှင်နှင့် မြေပိုင်ရှင်များက တဘက်၊ အခြားတဘက်တွင် အလုပ်သမားနှင့် လယ်သမားတို့က တဘက် တခုနှင့်တခု အကြား အင်အား ညီမျှနေသည့် ကာလတွင် ဖြစ်သည်။ ၎င်းဖြစ်ရပ် ၂ခုစလုံး တို့တွင် ဆန့်ကျင်ဘက်များ၏ ထပ်တူဖြစ်နေခြင်းကား ယာယီသာဖြစ်သည်။

၁၉၁၇ ဇူလိုင်လတွင် ဖောက်ပြန်ရေး အင်အားက အောင်ပွဲရသွားပြီး၊ ၁၉၁၇ ခုနှစ်တွင်မှ တော်လှန်တဲ့ ပစ္စည်းမဲ့များနှင့် ၎င်းတို့၏ မဟာမိတ်များက အပြီး ဝိုင်းအနိုင်ရသွားတော့သည်။

မည်သည့် ဖြစ်စဉ်၌မဆို ဆန့်ကျင်ဘက်တို့၏ ညီမျှမှုသည် နှိုင်းယှဉ်ခြင်းအရသာ ဖြစ်သည်၊ အကြောင်းကတော့ အကယ်၍သာ ၎င်းအခြေအနေသည် အမြဲတာဝရ အနေအထား ဖြစ်နေပါက ကမ္ဘာတွင် ဖြစ်ပေါ်တိုးပွားမှု ဆိုတာလည်း လုံးဝရှိလိမ့်မည် မဟုတ်သောကြောင့်ပင် ဖြစ်သည်။ ဆန့်ကျင်ဘက်များ၏တိုက်ပွဲသည် အကြွင်းမဲ့ဖြစ်သည်။ ၎င်းသည် ဖြစ်ပေါ်တိုးပွားမှု၏ ရေသောက်မြစ်ကြီးဖြစ်၍ အားပေးမောင်းတန်လည်း ဖြစ်သည်။

ခေတ်သစ် ဓနရှင်လူ့ တန်းစား အာဒိဝမ္မာ ဆရာတို့သည် ဆန့်ကျင်ဘက်များ၏ ညီညွတ်မှုကို အကြွင်းမဲ့ အရာအဖြစ် ၎င်း၊ ဆန့်ကျင်ဘက်များ တိုက်ခိုက်မှုကို ငြင်းပယ်ကြခြင်းဖြင့် ၎င်း၊ တော်လှန်သည့် မာက်စ်ဝါဒ အနုပဋိလောမ၏ အနှစ်သာရကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြုလုပ်ကြသည်။

ဖြစ်ပေါ်တိုးပွားမှုနှင့်လှုပ်ရှားမှုများသည် အကြွင်းမဲ့ ဖြစ်သကဲ့သို့ အပြန်အလှန် တွန်းကန်နေသော ဆန့်ကျင်ဘက်တို့၏ တိုက်ပွဲသည်လည်း အကြွင်းမဲ့ဖြစ်တော့သည်။ (၎င်းအများကို လီနင်

ရေး မာ့က်စ်ဝါဒ အဘိဓမ္မာ လောမကျမ်း တွင် ပြောခဲ့သည်)။

ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ် အတွင်းတွင် အခြင်းအရာ တမျိုးသည် အခြား အခြင်းအရာတမျိုး (ဝါ) အရည်အချင်းအရ သစ်လွင်သော အခြင်းအရာ အဖြစ်သို့ ကူးပြောင်း သွားသည်မှာ သန့်ကျင်ဘက်များ၏ ညီညွတ်မှု တမျိုးသည် သူ တ်သင် ဖယ်ရှားခြင်းခံရ၍ တခြား သန့်ကျင်ဘက်များ၏ ညီညွတ်မှု တမျိုး ပေါ် ပေါက်လာမှုမှ လွဲ၍ တခြား မဖြစ်နိုင်ချေ။

အကယ်၍ သန့်ကျင်ဘက်များ၏ညီညွတ်မှု သည် ရှိုင်းယှဉ်ခြင်းအရ မဟုတ်တော့ဘဲ ထာဝစဉ် ဖြစ်ပါလျှင် ဘယ်လို ဖြစ်လိမ့်မည်နည်း။ သို့ဖြင့် ပဋိပက္ခများကို မဖြေရှင်းနိုင်တော့ ဘဲ အရည်အချင်းတမျိုးမှ တခြား အရည်အချင်း တမျိုးသို့ ကူးပြောင်းခြင်းများ ခနဲ့မှရှိ လိမ့်မည်မဟုတ်ချေ။ သို့ရာတွင် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးပွားမှုတွင် ကျွဲဖြစ်ပေါ်တိုးပွားမှု မျိုး ရှိကြောင်း၊ ဆိုလိုသည်မှာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းကို ဖွဲ့စည်းထားသော သန့်ကျင်ဘက်များ၏ ညီညွတ်မှုဆိုင်ရာ ရှိုင်းယှဉ်ခြင်း လက္ခဏာများ ရှိကြောင်းကို တကယ့်အဖြစ်မှန်က ရှင်းပြသည်။

## "ပဋိပက္ခဘယ်နှစ်မျိုး ရှိသလဲ။"

ပဋိပက္ခ တွင် အတွင်းပိုင်း ပဋိပက္ခ၊ အပြင်ပိုင်း ပဋိပက္ခ နှစ်မျိုး ရှိသည်။ အတွင်းပိုင်း ပဋိပက္ခသည် အဓိက ဖြစ်သည်။ သဘာဝလောက ၏ အခြင်းအရာများသည် အတွင်းပိုင်းပဋိပက္ခများနှင့် ပေါ်ပေါက်ဖြစ်ပွား၍ ညှပ်ငြိမ်းနေသည်။ အပြင်ပိုင်း ပဋိပက္ခသည် အခြင်းအရာ တခုလုံး ၏ ဖြစ်ပေါ်တိုးပွားမှုတွင် ဆိုလိုသည်ကား ၎င်း၏ ပေါ်ပေါက်ခြင်း၊ ရှေ့တဆင့်ဖြစ်ပေါ်တိုးပွားခြင်း နှင့် အခြင်းအရာသစ် အဖြစ်သို့ကူးပြောင်း ရာ၌ အဓိက မဖြစ်နိုင်ချေ။ သို့သော် တစုံတခုသော အခြေအနေ အချက်အလက်အောက်တွင် တစုံတခုသော ကာလတွင် ကျွဲအပြင်ပိုင်း ပဋိပက္ခသည် သက်ဆိုင် ရာ အခြင်းအရာ၏ ဖြစ်ပေါ်တိုးပွားမှုတွင် ကြီးမားသော အခန်းကဏ္ဍ ဝင်နိုင်သည်။ တို့ထက်မက တစုံ တခုသော အချိန်ကာလတွင် အဓိက အခန်းက ပါဝင်နိုင်သည်။ ကျွဲ အခြေအနေမျိုးအောက်တွင် အတွင်းပိုင်း ပဋိပက္ခအား ပြေပြစ်စွာ ဖြေရှင်းခြင်းကို အပြင်ပိုင်း ပဋိပက္ခ ဖြေရှင်းခြင်းက ဆုံးဖြတ်လေသည်။ ၁၉၃၅ မော်၏ ပဋိပက္ခ ကျမ်းတွင် တိုင်းပြည်အသီးသီး ရှိ ပြည်သူများ၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ၏ တစုံတခုသော သမိုင်းအခြေအနေ အချက်အလက် အောက်တွင် အဓိက ပဋိပက္ခ ဖြစ်သော ပြည်တွင်းပဋိပက္ခသည် ပြည်ပ ပဋိပက္ခ ရှေ့မှောက်တွင် ဒုတိယ အဆင့် အတန်းသို့ လျှော့ဆင်းသွားသည်။ အတွင်းပိုင်း ပဋိပက္ခ နှင့် အပြင်ပိုင်း ပဋိပက္ခ အဖြန်အလှန် ဆက်သွယ်မှုသည်၊ ရုပ်ဝတ္ထု ဆန်းကြယ်သော ရုပ်ပုံကား တချပ် အစဉ်အမြဲ ဖြစ်၍ ရက် ယန္တရားနည်းနှင့် တရားသော ဝါဒနည်းအရ ဘယ်တော့မှ မ ကြည့်ရှုသင့်၊ သက်ဆိုင်ရာ နိုင်ငံရှိ ပြည်သူများ၊ သက်ဆိုင်ရာနိုင်ငံရှိ အနိုင်အမာ ဘဝ အခြေအနေများနှင့် ပြုဂံနှစ် အရ ဆက်သွယ်ပေး၍ ကြည့်ရှုရမည်။ အရာအားလုံးသည် အချိန်နေရာ နှင့်ပတ်သက်ကျင် အခြေအနေ အပေါ်တွင်တည်သည်။

၎င်းအပြင် အချို့မှာ တက္ကာက ပဋိပက္ခ ဖြစ်ပြီး၊ အချို့မှာ တက္ကာက မဟုတ်သော ပဋိပက္ခဖြစ်ပေသည်။

တက္ကာက ပဋိပက္ခသည်သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ အခြေခံပေါ်၌ ဖြေရှင်းနိုင်သည်မဟုတ်

ချေ။ သွေးစုတ်ချယ်လှယ်သော လူတန်းစားအဖွဲ့အစည်းကို ရှေ့တိုးအောင် တွန်းဆော်ပေးသော ပဋိပက္ခများသည် ဤပဋိပက္ခအမျိုးအစားတွင် ပါဝင်သည်။ အရင်းရှင်ဝါဒ၏ ပဋိပက္ခသည် အရင်းရှင်ဝါဒနယ်ပယ် အတွင်း၌လုံးဝ ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ပေ။ ဤပဋိပက္ခသည် ပိုမိုပြင်းထန်လိမ့်မည်။ သို့မဟုတ် အနည်းငယ်လျော့ပါးသွားနိုင်လိမ့်မည်။ အရင်းရှင်ဝါဒ တည်မြဲနေသမျှကာလ ပတ်လုံး ၎င်းပဋိပက္ခတို့သည် တည်ရှိနေလိမ့်မည်။ ဤပဋိပက္ခမျိုးကို ဖြေရှင်းခြင်းမှာ အရင်းရှင်စနစ်ကို သုတ်သင်ဖယ်ရှားခြင်းဖြစ်သည်။ ဤပဋိပက္ခမျိုးကိုဖြေရှင်းရာ၌ လူတန်းစားတိုက်ပွဲသည်၎င်း၊ ပေါက်ကွဲမှုသဏ္ဍာန်လိုအပ်ခြင်းသည်၎င်း ကဏ္ဍက ပဋိပက္ခ၏ အဓိကလက္ခဏာဖြစ်တော့သည်။

ရန်ဘက်လူတန်းစားမရှိသော ဆိုရှယ်လစ်လူ့အဖွဲ့အစည်းစနစ် ဖြစ်ပေါ်တိုးပွားမှုတွင် အတွင်းပိုင်းပဋိပက္ခကို ဖြေရှင်းရာတွင်တည်ရှိနေသော လူမှုရေးစနစ်ကို သုတ်သင်ဖယ်ရှားရန်မလိုတော့ဘဲ ဆက်လက်တိုးတက်ကောင်းမွန်အောင် ပြုပြင်သော အခြေခံပေါ်၌ ဖြေရှင်းခြင်းဖြစ်သည်။ လူတန်းစားတိုက်ပွဲသဏ္ဍာန် ကျင့်သုံးခြင်းလည်းမဟုတ်၊ လူတန်းစားတိုက်ပွဲ အစိတ်အပိုင်းများပါဝင်သော်လည်း ဝေဖန်ရေးနှင့် မိမိကိုယ်ကိုယ်ဝေဖန်ရေးကို ကျင့်သုံးပြီး ပြုပြင်ဖြေရှင်းရသည်။

● “ဆန့်ကျင်ဘက်များ၏ တိုက်ပွဲသည် ဖြစ်ပေါ်တိုးပွားမှုဖြစ်စဉ်၏ ရှေ့သောက်မြစ်နှင့် အနှစ်သာရကျသော အတွင်းသဘောဖြစ်သည်”

လူ့အဖွဲ့အစည်းထုတ်လုပ်ရေးအင်အားစုတို့သည် တစုံတခုသော အချိန်ကာလအတွင်း၌ တည်ဆောက်ပြီးခဲ့သော ထုတ်လုပ်ရေးဆက်ဆံမှုထက် ကျော်လွန်သွား၍ ၎င်းနှင့်ပဋိပက္ခ ဖြစ်လာဝသည်။ ကဏ္ဍက ပဋိပက္ခမျိုးကို ဖြေရှင်းခြင်းမှာ တည်ရှိနေသော စနစ်အားလုံးကို လျင်မြန်စွာနှင့် အကျန်အစင် တွန်းလှန်ပြိုဖျက်ရန် လိုအပ်သည်။ ပေါက်ကွဲမှုသဏ္ဍာန်ကို ကျင့်သုံးရမည်။ သမိုင်းက သက်သေပြလိုက်သည်မှာ ဤပဋိပက္ခများကို ဖြေရှင်းလိုက်သော ဒေသများတွင် လူ့အဖွဲ့အစည်းသည် လျင်မြန်စွာ ရှေ့သို့ဖြစ်ပေါ်တိုးတက်သွားလေသည်။ မဖြေရှင်းခဲ့သော သာဓကများတွင် ဤနိုင်ငံများနှင့် ပြည်သူများသည် ရှေ့မတိုးဘဲ သို့မဟုတ် ဆုတ်ယုတ်ပျက်ပြားနေသည့် အခြေအနေမျိုးတွင်နစ်မြုပ်နေလိမ့်မည်။

ဥက္ကဋ္ဌမော်၏ ပဋိပက္ခ စာအုပ်တွင်— “ဖြစ်စဉ်သစ်၏ ပေါ်ပေါက်ခြင်း ဆိုသည်ကား ဘာလဲ။

ဤသည်ကား ညီညွတ်မှု အဟောင်းနှင့် ညီညွတ်မှုကို ဖွဲ့စည်းထားသော ဆန့်ကျင်ဘက်အစိတ်အပိုင်းများက ညီညွတ်မှုအသစ်နှင့် ၎င်းညီညွတ်မှုကို ဖွဲ့စည်းထားသော ဆန့်ကျင်ဘက် အစိတ်အပိုင်းများကို နေရာလွှဲအပ်ပေးခြင်း ဖြစ်၍ ဖြစ်စဉ်အသစ်သည် ဖြစ်စဉ်အဟောင်းကို အစားထိုးပြီးပေါ်ပေါက်လာသည်။ ဖြစ်စဉ်အဟောင်းအဆုံးသတ်၍ ဖြစ်စဉ်အသစ်ပေါ်ပေါက်လာသည်။ ဖြစ်စဉ်အသစ်၌ လည်း ပဋိပက္ခများပါရှိနေ၍ ၎င်း၏ ကိုယ်ပိုင် ပဋိပက္ခဖြစ်ပွားမှုသမိုင်းစဉ်ကို စတင်လေတော့သည်” ဟူ၍ ဖွင့်ဆိုထား၏။

● “ဆန့်ကျင်ဘက်များ၏ ညီညွတ်မှုနှင့် တိုက်ပွဲတရားက ကွန်မြူနစ်ပါတီများ၏ လက်တွေ့လှုပ်ရှားမှုအပေါ်အဓိပ္ပာယ်သက်ရောက်ပုံ”

တချိန်တည်းမှာပင် ဤတရားသည် တလောကလုံးနှင့်သက်ဆိုင်သော်လည်း အခြေအနေ ဖြစ်

သော အခြေအနေ၊ အချက်အလက် အချိန်နှင့် နေရာတွင် ကျင့်သုံး သောအခါ နိုင်ငံအသီးသီး၏ ဖော် ပြချက် များမှာ ခြားနားသည် ဆို သည့် အချက်ကို သတိပြုရမည်။ သို့ရာတွင် တူညီသည့် အရာ ကား မည်သည့်အချိန် မည်သည့် နေရာတွင်မဆို လူတန်းစားတိုက် ပွဲမရှိလျှင် လူ့အဖွဲ့အစည်း၏ စနစ်သစ် သည် လည်း ဆိုက် ရောက်လာလိမ့် မည် မဟုတ်ပေ။ ပစ္စည်းမဲ့လူတန်းစားသည် နေ ရာ တကာ တွင် အဆုံး အဖြတ် ပေးသည့် အခန်းကဏ္ဍ ပါဝင်၍ကွန် မြူနစ်ပါတီသည် နေရာတကာ တွင် ရှေ့ဆောင်လမ်း ပြ သော အင်အား စု ဖြစ်သည်၊ ဖြစ်လည်း ဖြစ်ရပေမည်။

“ မာက်စ်ဝါဒ ဆိုင်ရာ အဘိဓမ္မာ ရုပ်ဝါဒ သည်ကမ္ဘာ လောက ၏ တရားလက္ခဏာ အဓိပ္ပာယ် ဖော်ပြသည့် တခု တည်းသော သဘောတရား ဖြစ်သည် ”

■ ရုပ်ဝါဒ နှင့် စိတ်ဝါဒ ဆန့် ကျင်မှု ■

မာက်စ်ဝါဒ ဆိုင်ရာ အ ဘိဓမ္မာ ရုပ်ဝါဒ ၏ ရည် ရွယ် ချက် မှာ သဘာဝ လောက၏ အ ဖြစ် အရာ များ ကို အဓိပ္ပာ ယ် ဖော်ပြရန်၊ ရှင်းပြရန် ဖြစ်သည်။

အဘိဓမ္မာပေါ်ပေါက် ဖြစ် ပေါ် ဝဦး များ မှု၏ နှစ်ထောင် ပေါင်း အချို့ အတောအတွင်း ခြားနားသော ပြဿနာ အမျိုးမျိုး တည်ရှိရာ တူ ညီချက် တခု ရှိသည်မှာ သူတို့ သည် တွေးခေါ်မှု နှင့် ဘာဝ၊ အသိ နှင့် ရုပ်၊ နာမ် နှင့် ရုပ်၊ စိတ္တဗေဒ ဆိုင် ရာနှင့် ရူပဗေဒ ဆိုင်ရာ တို့၏ ဆက် ဆံမှု ပြဿနာကို အားတက်သရော ရှင်းပြ ကြသည်။ ကျိုကား အဘိဓမ္မာ ပညာရပ်ထဲ၌ အဓိက နှင့် အခြေခံ ပြဿနာ ဖြစ်၍ အဘိဓမ္မာဆိုင်ရာ ပြဿနာ မှန်သမျှ၏ အစပြု ချက် ကို ဖွဲ့စည်းထား လေသည်။ တွေး ခေါ်မှုနှင့် ဘာဝ ဆက် ဆံ မှု ပြဿ နာကိုယ်တိုင် တွင် အလွန် တရာ ကြွယ်ဝ လှသော အတွင်း သဘော ပါရှိလေ သည်။ ဦးစွာ ပထမ မည် သည့် အရာ က အရင်း ခံ ဖြစ်သည် ဟူသည့် ပြဿနာ ဖြစ်သည်။ အ သိ သည် ဘာဝ ထက် မူလ အရင်းခံ ဖြစ်သလော၊ သို့မဟုတ် ဘာဝသည် အသိ ထက် မူလ အရင်း ခံ ဖြစ် သ လော။

ဒုတိယမှာ အသိသည် ဘာဝ သို့မဟုတ် ရုပ်ကမ္ဘာလောကကို သိ နားလည် နိုင်သလော၊ ရောင်ပြန်ဟပ် ပြ နိုင်သလော ၊ ဆိုလိုသည်မှာ လူ များ၏ ပတ်ဝန်းကျင် အဖြစ်မှန်ကို အသိက ရောင် ပြန် မဟပ် နိုင်သော မသိနိုင်သော ပြဿနာ ဖြစ်သလော။

စိတ်ဝါဒက တထစ်ချ သတ် မှတ်လိုက်သည်မှာ အသိနှင့် နာမ် သည် ပထမ အရာ၊ မူလ အရင်း ခံ ဖြစ်၍ ရုပ်နှင့် ဘာဝ သည် ဒုတိယ အရာ၊ အဆွယ်အပွား (မူလ အ ရင်း ခံမှ ဆင်းသက်သော) အ ရာ ဖြစ်သည်။

၎င်းနှင့် ဆန့်ကျင်စွာပင် ရုပ်ဝါဒက ဆုပ်ကိုင်ထားသည့် အစ ပြုချက်မှာ ရုပ်ဝတ္ထု သည် ပထမ အရာဖြစ်၍ အသိ သည် ဒုတိယ အရာ ဖြစ်ကြောင်း ဂပြုတ် ယူလေသည်။ သဘာဝ လောက ရုပ်ဝတ္ထု ရူပဗေဒ ဆိုင်ရာ အခြင်း အရာ ၊ မြင်ပလောကကို ပထမ အရာအဖြစ် နားလည်၍ အသိ နာမ်၊ အာရုံခံစားခြင်း ခေတ် စား သည့် ဝေါဟာရ ဆိုလျှင် အတွေး အ ကြံ နှင့် စိတ် ဆိုင် ရာ အခြင်း အ ရာများသည် ဒုတိယ အရာ အ ဖြစ်ယူသသည်။ ကျသည်မှာ အဘိဓမ္မာ ရေးရာ ဂိုဏ်း ကြီး ၂ ဂိုဏ်း အ ဖြစ် ပိုင်းခြားထား သည့် အခြေ ခံ ပြဿနာ ဖြစ်သည်။ (ကျ အမှာ ကို ရဲဘော် လီနင်က ညွှန်ပြ ခဲ့ သည်။)

စိတ်ဝါဒသမား များ က ရုပ်သည် ထာဝရ မဟုတ်ဘဲ၊ ၎င်း သ ကွက်လပ်၊ အကန့်အသတ် ရှိ သည်။ ဥပမာ ကမ္ဘာလောကကြီး သည် အချိန်ကာလ အရ တည်ရှိ၍ ကွက် လပ်အရ ကန့်သတ်မှုများ ရှိသည်

ဟုယူဆသော လူတ ပေါက်သည် နိဂုံးချုပ်ပြောမည်မှာ တချိန် တခါတုန်းက ရုပ်နှင့် သဘာဝ လောက မရှိဘဲ၊ ၎င်းတို့ သည် ပေါက် ပွား လာခြင်း သို့မဟုတ်ဖန်တီး လိုက်ခြင်း ဖြစ်ကြောင်း ပြောပေလိမ့်မည်။ ကျွန်ုပ် အမြင် သည် ရုပ်နှင့်သဘာဝလောကတို့သည် အသွယ်အပွား မျှသာ ဖြစ်၏။ ဒုတိယ အရာသာဖြစ်၏။ ကျွန်ုပ် အမြင်ကို စိတ်ဝါဒ ဟုခေါ်သည်။

ကမ္ဘာလောက ကြီး သည် အချိန်ကာလ အရ၎င်း၊ ဒေသ ကွက်လပ် အရ၎င်း အစအဆုံးမရှိဟု ပြောသူသည် နိဂုံးချုပ်၍ ပြောမည်မှာ ကမ္ဘာလောက ကြီး၏ တည်ရှိမှုသည် အဆုံးမရှိ၍ ဖန်တီးရန်မဖြစ်နိုင်ကြောင်း အသိအမှတ် ပြုခြင်းနှင့် အသိသည် ရုပ်မှပေါ်ပေါက်လာသော အရာဟု ယူဆသူတို့မှာ ရုပ်ဝါဒသမားများ ဖြစ်သည်။

နောက်ဆုံး သဘောချုပ်ကြည့်နိုင်သည်မှာ ရုပ်ဝါဒ နှင့် စိတ်ဝါဒ တို့သည် ခြားနားသော ကမ္ဘာအမြင်ကို ကိုယ်စားပြုနေ၍၊ တခု နှင့် တခု အပြန်အလှန် ရန်ဘက် ဖြစ် နေသော နိုင်ငံရေး ပါတီများ၊ လူတန်းစားများ၊ လူ မှုရေး အုပ်စု များ ကို နီးကပ် စွာ ဆက်သွယ်နေသည်။

ရုပ်ဝါဒ သမား မဟုတ်သော် စိတ်ဝါဒသမား ဖြစ်ရမည်။ ကြားဝါဒ မရှိနိုင်ပါ။ မဇ္ဈိမ ပဋိပဒါ အလယ်မပဟို ဝါဒ သမားတို့ကား စင်စစ်တွင် စိတ်ဝါဒ သမားများ ဖြစ်ကြသည်။ ဥပမာ-မဆလ ပါတီဥက္ကဋ္ဌ နေဝင်းက သူတို့ပါတီ သည် မာက်စ်ဝါဒ အပေါ် အခြေမခံ၊ ရုပ်ဝါဒသမားမဟုတ်ဟု ဆို၏။ အညာမညာ မဇ္ဈိမ ပဋိပဒါကိုခံယူသည်ဟုပြော၏။ သူတို့ကိုယ်သူတို့ စိတ်ဝါဒဟု မပြောဘဲ အညာမညာ ဟူ၍ ပြောခြင်းမှာ ရောကျော်ဝါဒ ပင်ဖြစ်ပြီး အမှန်စင်စစ်မှာ စိတ်ဝါဒ ဂိုဏ်းဝင် ပင် ဖြစ်၏။ ကျွန်ုပ်ကား ရေမရောသည့် စိတ်ဝါဒ ပင် ဖြစ်သည်။

ယနေ့ ဗမာပြည် လူ့ အဖွဲ့အစည်းဟာ ဘယ်လို လူ့ အဖွဲ့အစည်းလဲ။ အဓိက အား ဖြင့် ၎င်း၏ ထုတ်လုပ်ရေး ဆက်ဆံမှုဟာ (စီးပွားရေး ဆက်ဆံ မှု) ဘယ်လို ရှိသလဲ။ သူတို့ မဆလ ပါတီ တပါတီ အာဏာရှင် စနစ်က ထိန်းသိမ်း ကာကွယ်ထား တဲ့ လူ့အဖွဲ့အစည်း တခုလုံးရဲ့ အခြေခံအုတ်မြစ်ဟာ အသစ် လား၊ အဟောင်းလား၊ လူ့အဖွဲ့အစည်း အထက် အဆောက်အအုံ ဖြစ်တဲ့ ဘာသာရေး၊ အသိပညာ၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ တရား ဥပဒေ စတာတွေကော ဘယ်လိုတွေရှိပါသလဲ။ အဲဒါတွေကို ကြည့်ရှုပြီး ကိုလိုနီ တပိုင်း၊ ပဒေသရာဇ် တပိုင်း လူ့အဖွဲ့အစည်း ဖြစ်တယ်လို့ တွေ့ရတယ်။ အင်္ဂလိပ် နယ်ချဲ့သမားလက်အောက်မှာ အင်္ဂလိပ်နယ်ချဲ့ သမားတဦးထဲက လက်ဝါးကြီး အုပ်သွားစုပ် တဲ့ ကိုလိုနီ တပိုင်း ပြည်ဖြစ်တယ်။ အဲဒီနောက် ဒုတိယ ကမ္ဘာစစ် အပြီး မှာ ဖဆပလ ထဲက အမျိုးသား အရင်းရှင် လက်ျာ ဂိုဏ်းကို အင်္ဂလိပ်နယ်ချဲ့သမားကအာဏာပေးပြီး နောက်မှာ နိုင်ငံရေးအာရ လွတ်လပ်ပေမယ့် စီးပွားရေးအရ မလွတ်လပ်တဲ့ နယ်ချဲ့လက်စုံ အပေါ်မှာ မှီခိုလာရတဲ့ ကိုလိုနီတပိုင်း ပဒေသရာဇ် တပိုင်း နိုင်ငံဖြစ်လာတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆင်နွှဲရမယ့်တော်လှန်ရေးဟာ နယ်ချဲ့ဆန့်ကျင်တဲ့ ပဒေသရာဇ် ဆန့်ကျင်တဲ့ ဗျူရိုကရက် အရင်း ရှင် ဆန့်ကျင် တဲ့ ပြည်သူ့ ဒီမိုကရေစီတော်လှန်ရေး ဖြစ်တယ်။ ဒါဟာ ဗမာပြည် ရဲ့ လက်ရှိ လူ့အဖွဲ့အစည်းလက္ခဏာကို ရှာဖွေရာမှာတော့ ဂဗေဒ နယ်ပယ်အရ ရန်သူရဲ့ စီးပွားရေး အခြေခံ အုတ်မြစ် ပေါ်မှာ ရှာဖွေခြင်း၊ ဖြစ်တယ်။ ဖဆပလ ဖြစ်စေ၊ မဆလ ပဲ ဖြစ်စေ နိုင်ငံတကာ ဆက်ဆံရေးမှာ သံတမန်ရေးအရ၊ အနိုင်နိုင်ငံ နယ်ချဲ့တွေရဲ့ အရိပ်အကဲကိုကြည့်၍

** သို့ ဆက်

**မြစ်ဝကျွန်းပေါ်သွေးစုပ်မှု --- နာ(၉၀) မှအဆက်**

များကို တင်ပြခဲ့ပါသည်။ ကျွဲတင်ပြချက်များမှနေ၍ အားလည်းရရှိနိုင်သည်မှာ—

⊕ ထိုသွေးစုပ်မှုများထဲတွင် ပမာဏအရလည်း အကြီးဆုံး၊ အရက်စက် အကြမ်းကြုတ်ဆုံး လယ်သမားများကိုလည်း ဒုက္ခအပေးဆုံး သွေးစုပ်မှုမှာ စစ်မျိုးရိုးကရက် အရင်းရှင်စနစ်၏ သွေးစုပ်မှုများဖြစ်သည်။ ယနေ့ လယ်သမားများ အနှိမ်တီးဆုံး၊ အဆာကြည်းဆုံးသွေးစုပ်မှုလည်းဖြစ်သည်။ လယ်သမားများ၏ ဘဝလွတ်မြောက်ရေးအတွက် ကျွဲ စစ်မျိုးရိုးကရက်အရင်းရှင်စနစ်နှင့် စစ်အစိုးရ၊ စစ်အုပ်စု တို့ကို တိုက်ခိုက်ဖယ်ရှားပစ်ဖို့ လိုပေသည်။ အဲ့ဒီမှာလယ်သမားများ၏ အဓိက ရန်သူပင် ဖြစ်သည်။

⊕ ဒုတိယ အဆိုးဆုံးသွေးစုပ်မှု စနစ်မှာ မြေရှင်စနစ်ဟောင်း၏ သွေးစုပ်မှုပုံစံများပင်ဖြစ်သည်။ ကျွဲသွေးစုပ်မှုအတွက် ရန်သူလူတန်းစားတရပ် ရွေးထုတ်၍ မဖြစ်နိုင်ပေ။ မြေရှင်လူတန်းစားဟူ၍ သတ်သတ်မှတ်မှတ်ပြစရာမရှိပေ။ ကျေးလက်သွေးစုပ်မှုပုံစံများမှာ အထက်တွင်ဖော်ပြပြီးခဲ့သည့်အတိုင်း ရောထွေးလျက် ရှိသည်။ ထို့ကြောင့် လယ်သမားတို့၏ ဘဝလွတ်မြောက်ရေးအတွက် မြေရှင်လူတန်းစားဟူ၍ သီးသန့်တိုက်ရန် မဖြစ်နိုင်ပေ။ မြေရှင်စနစ်ဟောင်း၏ သွေးစုပ်မှုစနစ်ပုံစံများကိုသာ အပြီးအပိုင် ဖျက်သိမ်းပစ်ဖို့ လိုပေသည်။ ထိုလုပ်ငန်းတာဝန်ကို လုပ်နိုင်ရန်မှာ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်မျိုးရိုးကရေစီယန္တရားတည်ရှိနေသရွေ့ လုံးဝမဖြစ်နိုင်ပေ။ စစ်အာဏာရှင် တို့ကလည်း ငင်းဝဒီ့ကို အထောက်အကူပြုသော၊ အကျိုးပြုပေးသော ကျွဲမြေရှင်စနစ်ဟောင်းမှ သွေးစုပ်မှုသဏ္ဌာန်များကိုဆက်လက်ထိန်းသိမ်းမည်သာဖြစ်သည်။ ထို့ကြောင့်မြေရှင်စနစ် သွေးစုပ်မှုများပပျောက်ရေးအတွက် (စစ် ၃ စစ်)ကို အပြီးအပိုင်ချေမှုန်းနိုင်ရေးသည်သာ အဓိက ဖြစ်ပေသည်။

⊕ တတိယ အဆိုးဆုံး သွေးစုပ်မှုပုံစံမှာ အရင်းရှင်စနစ်ပုံစံ သွေးစုပ်မှုများဖြစ်သည်။ လယ်သမားများအား ထိခိုက်နစ်နာမှုများ ရှိစေသော်လည်း အထက်ဖော်ပြပါ သွေးစုပ်မှု ၂ မျိုးလောက် မပြင်းထန်လှပေ။ ထို့ပြင် ပုဂ္ဂလိက ပိုင်ဆိုင်မှု ရှိနေသရွေ့ အရင်းရှင်စနစ်၏ သွေးစုပ်မှုပုံစံဆက်လက်တည်ရှိနေမည် ဖြစ်သည်။ လယ်လုပ်သူ လယ်ပိုင်ရေးမှ တဆင့် သမဝါယမ လယ်ယာ၊ စုပေါင်းလယ်ယာ စနစ်များကို ဦးတက်နိုင်သည့် အချိန်တွင်မှ အရင်းရှင်သွေးစုပ်မှုပုံစံကို တစတစ ဖျက်သိမ်းနိုင်ပေမည်။ ကျေးလက်တွင် အရင်းရှင်စနစ် သွေးစုပ်မှုပုံစံများကြောင့် လယ်သမားများ ဆိုးဆိုးဝါးဝါး ထိခိုက်နစ်နာမှု မရှိစေရန် လုပ်ခတိုးရရေး၊ လုပ်ခွင်သာယာရေး အလုပ်ချိန်မျှတသင့်တော်ရေး တို့ကို လုပ်ဆောင်ရပေမည်။ ကျွဲသို့ဖြင့် မြေယာအရင်းရှင်စနစ်ကို ထိန်းချုပ်ရမည်ဖြစ်ပါသည်။ ဝေဖန်အကြံပေးကြပါရန် တင်ပြပါသည်။

■

※ **အဘိဓမ္မာပို့ချချက်မှ အဆက်**

လှုပ်ရှားနေခြင်းပင်ဖြစ်သည်။ စီးပွားရေးအကျက်ကွင်းမှ နယ်ချဲ့ပေါင်းစုံအပေါ်တွင် အားထားနေရခြင်းကို လက်ရှိဗမာပြည်၌ စက်မှု၊ လယ်ယာ၊ သစ်တော၊ သတ္တုစသည့် သယံဇာတ ရုပ်ဝတ္ထုပစ္စည်း များ ထုတ်လုပ်ရေး ဘဏ္ဍာရေး စသည့် အခိုင်အမာအခြေအနေများ က ထင်ရှားပေသည်။ ။

★

# ယနေ့ခေတ် မြစ်ဝကျွန်းပေါ်မှ ကျေးလက်သွေး စုပ်မှု စနစ်များကို လေ့လာခြင်း

အစီရင်ခံစာမှကောက်နုတ်ချက်

## ကိုလိုနီခေတ်မြေရှင်များ

ကိုလိုနီခေတ်မတိုင်မီက စပါးစိုက်ပျိုးမှုမှာ ဒေသတွင်း စားသုံးမှု ဖူလုံရေးအတွက် သာ စိုက်ပျိုးခဲ့ကြသည်။ ပိုလျှံသည့် စပါးလောက် ကိုသာ ရောင်းဝယ်ခဲ့ကြသည်။ ကိုလိုနီ ခေတ် သို့ရောက်သောအခါ အင်္ဂလိပ်အစိုးရက နိုင်ငံခြားသို့တင်ပို့ရန် စပါးကိုအမြောက်အများ တိုးချဲ့ စိုက်ပျိုးစေခဲ့ သည်။ ထိုလုပ်ငန်းအတွက် အိန္ဒိယမှ အလုပ်သမားများ နှင့် ချစ်တီး များ ကိုခေါ်ယူခဲ့သည်။ ချစ်တီးများကို အင်္ဂလိပ်ဘဏ်များက အတိုးနှုန်း နည်းနည်း နှင့် ငွေအမြောက်အများ ထုတ်ချေးပေးခဲ့သည်။ ထိုငွေ နှင့် ချစ်တီးများက မြေရိုင်းများ တိုးချဲ့ခြင်း၊ ဈေးပေါပေါ နှင့် လယ်မြေများ ဝယ်ယူခြင်း အတိုးကြီးစနစ် နှင့် ငွေချေးပြီး ကြွေးမဆပ်နိုင်သူများ၏ လယ်ယာများကိုသိမ်းယူခြင်းစသည့်နည်းများဖြင့် မြေရှင်များ ဖြစ်လာကြသည်။ တချို့ ချစ်တီးများမှာ ဧကထောင် ချီ၍ ပင် ပိုင်ဆိုင် ခဲ့ ကြသည်။ ထို အချိန်က မြန်မာနိုင်ငံသည် ကမ္ဘာ့တွင်ဆန်စပါး အများဆုံး တင်ပို့ နိုင်ငံ အဖြစ်ရောက်ရှိခဲ့ သည်။

အင်္ဂလိပ်အရင်းရှင်များသည်လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းခဲ့သည်။ လယ်သမားများ၏ဘဝ မှာမူ ခက်ခဲမွဲတေလွန်းလှသည်။ နောက်ဆုံး မခံနိုင်သည့်အဆုံး ဆရာစံခေါင်းဆောင်သည့် လယ်သမားပုန်ကန်မှုကြီး ပင်ဖြစ်ပွားခဲ့သည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နယ်ချဲ့တို့အလိုကျ ဖန်တီးခဲ့သော ချစ်တီးမြေရှင်များအိန္ဒိယသို့ ပြန်သွားခြင်း၊ တိုက်ပွဲစဉ်ကကျေးလက်ဒေသအားလုံးလိုလိုကို ချုပ်ကိုင်ထားသော ဗမာပြည်ကွန် မြူနစ်ပါတီ၏ မြေယာဝေခြမ်း ရေးလုပ်ခဲ့ခြင်း၊ ဖဆပလ အစိုးရကလည်း နေရာတချို့တွင် မြေယာ ပြုပြင်ရေး လုပ်ခဲ့ခြင်းတို့ကြောင့် တပြည်လုံးတွင် မြေရှင်ဦးရေသိသိသာသာလျော့ကျသွားခဲ့ရသည်။ မဆလ လက်အောက်တွင် ကျေးလက်များ၌ တရားမဝင်ပုံစံနှင့်မြေရှင်များပေါ်ပေါက်လာခဲ့သည်။ မြေယာကိုဆွေမျိုးသားချင်းများနံမည်များနှင့် မှတ်ပုံတင်ထားသည့်နည်းနှင့်မြေယာအမြောက်အမြား ပိုင်ဆိုင်သောမြေရှင်များ တဖန်ပြန်ပေါ်လာခဲ့သည်။ သို့သော် ကိုလိုနီခေတ်မြေရှင်များလို ပုံစံမျိုးထိ ပြန်ဖြစ်မလာခဲ့ချေ။ ဧကထောင်ချီ ပိုင်သူများ မရှိတော့ပေ။ လယ်မြေပေါများသော မြစ်ဝကျွန်းပေါ်ဒေသတွင်သာအကျ တချို့ပိုင်ဆိုင်သောမြေရှင်များကိုတွေ့နိုင်သည်။

## ယနေ့ခေတ် ကျေးလက် သွေးစုပ်မှုစနစ်များ ■

ယနေ့ခေတ်(နဝတ၊ နအဖ) တွင်လည်း လယ်သမားများအပေါ် အလွှာမျိုးစုံက နည်းမျိုးစုံဖြင့်သွေးစုပ်လျက်ရှိသည်။ ထိုသွေးစုပ်မှုများကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် အဓိက သွေးစုပ်မှုစနစ်(၃)မျိုး ကို တွေ့ရမည် ဖြစ်သည်။

(၁) မြေရှင် ငွေချေးစုပ်မှုပုံစံများ

(၂) အရင်းရှင်စနစ်သွေးစုပ်မှုပုံစံများ

(၃) စစ်ဗျူရိုကရက်အရင်းရှင်တို့၏ သွေးစုပ်မှုပုံစံများဖြစ်သည်။

## (၁) မြေရှင်စနစ်သွေးစုပ်မှု ပုံစံများ ■

### (က) သီးစားခသဏ္ဌာန်သွေးစုပ်မှု ■

သီးစားခသဏ္ဌာန်ဖြင့် သွေးစုပ်မှုသည် လယ်မြေပေါများသော ဒေသများတွင်ပို၍တွေ့ရှိရသည်။ အထူးသဖြင့် စပါးစိုက်ဧကတိုးချဲ့ဆဲ မြေလွတ်မြေရိုင်းများ ရှိနေသဖြင့် သည့်မြစ်ဝကျွန်းပေါ်ဒေသများတွင် ပို၍တွေ့ရသည်။ ထိုဒေသတွင်တချို့ မြေရှင်များမှာဧက(၂၀၀)ကျော်အထိ ပိုင်ဆိုင်ကြသည်။ ဧကရာကျော်ကို မဆလ ခေတ် မြေယာဥပဒေ အရ တရားဝင် ပိုင်ဆိုင်ခွင့်မရှိပေ။ ထို လယ်များကို တဦးထဲ နံမည်နှင့်မထား ဘဲ တခြားနံမည်များနှင့် ခွဲထားလေ့ရှိသည်။ ထို့ကြောင့် တရားဝင်စာရင်း ဇယားများမှနေ၍ မြေရှင်များ၏ တည်ရှိနေမှုကို မသိနိုင်ပေ။ ယခု နောက်ပိုင်းတွင် မြေရှင်ဆိုသည့်ဝေါဟာရပင် ကျေးလက်တွင် ပျောက်ကွယ်သွားပြီဖြစ်သည်။ သို့သော် မြေရှင်စနစ်၏သွေးစုပ်မှုသဏ္ဌာန်ကတော့ ဆက်လက်ရှင်သန်နေဆဲ ဖြစ်သည်။ ထိုသဏ္ဌာန်များ နှင့် သွေးစုပ်မှုကို ခံနေရသောသူ ထို သွေးစုပ်သူများကို မြေရှင်များ ဟု မမြင်ကြတော့ပေ။ ယနေ့ မြစ်ဝကျွန်းပေါ်ဒေသတွင် သီးစားခ နှုန်းမှာ တဧက (တရာသီလျှင်) စပါးတင်း (၂၀) နှုန်း ဖြစ်သည်။ ဧကရာကျော် သီးစားချထားသူ မြေရှင်များရှိသလို ဧက(၃၀-၄၀) သီးစားချထားသူများလည်း ရှိသည်။ ဧရာဝတီတိုင်း ကျေးရွာတခု မှ (ရဝတ) တဦးက ဧက(၂၀)ကျော်သီးစားချထားသည်ကိုတွေ့ရဖူးသည်။ ရန်ကုန်တိုင်းကျေးလက်တခု တွင် လယ်(၈)ဧက သီးစား ချထားပြီး သူများ အိမ်ကပ်စားနေရသည့် အဘိုးကြီး မြေရှင်ကိုလည်း တွေ့ရပါသည်။ ဆိုလိုသည်မှာ မြေရှင်လူ့ပုဂ္ဂိုလ်များကို အဓိက ဆို

လိုခြင်း မဟုတ်ပါ။ သီးစားချ၍ချေးငှားမှု စနစ် ယနေ့အထိ ကျေးလက်တွင် ရှိနေသေးသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ သို့သော်ကျေး လက်စီးပွားရေး စနစ်တခုလုံးနှင့် နှိုင်းစာလျှင် သီးစားချထားသည့် လုပ်ငန်း ပမာဏမှာ သေးငယ်သောပမာဏ မျှသာ ဖြစ်ပါသည်။

(ခ) အတိုးကြီးစားစနစ်

ကိုလိုနီခေတ် ချစ်တီး ငွေရှင်များ လက်ထက်မှ ယနေ့ အထိ ကျေးလက်စီးပွားရေးတွင် ပမာဏ ကြီးကြီး မားမား ကျန်ရစ်ခဲ့သည့် ချေးငှားမှု စနစ် တခု ဖြစ်သည်။ ဆင်းရဲ လယ်သမားများ၊ ယာရှင်ငှား လုပ်သားများ၊ အလတ်စား ချမ်းသာလယ်သမား များ၊ ခေါင်း ရွက် ဗျပ်ထိုး ရောင်း သည် များ စသည့် လူတန်း စား များ သည် တနှစ်ပတ်လုံး လိုလို ငွေကြေးမလုံလောက်သူ များ ဖြစ်သည်။ စားဝတ်နေရေး အတွက်လယ်ယာလုပ်ငန်း ခွင်အတွက် သာရေး နာရေး စသည် ဖြင့် အမြဲငွေလိုနေသူ များဖြစ်ကြသည်။ ထိုအခါ ကျေးလက် ငွေ ရှင် ကြေးရှင် များထံမှ ငွေ ချေးယူ ကြရသည်။ ကျေးလက်၏ အတိုး နှုန်း မှာ မြို့ပေါ်ရှိဘဏ်များ က အတိုးနှုန်းမျိုး မဟုတ်။ ယနေ့ ဘဏ်များမှ ချေးငွေအတွက် အ တိုးနှုန်းမှာ တနှစ်ပတ်လည် အ တွက်(၂၀)ရာခိုင်နှုန်း ထက်မကျော် ကြပေ။ သို့သော် ကျေးလက်ငွေတိုး နှုန်း မှာ ငွေ တရာကျပ်ကို တလလျှင် (၂၀ကျပ်)တိုး နှုန်း ဖြစ်သည်။ ဤ အတိုး နှုန်း မျိုး နှင့် ချေးယူထား ရ သောလယ်သမားများ၊ ကျေးလက် လူထုများ လူမွဲလူတောင်း မ ဖြောင်နိုင်သည်မှာ မည်သို့မျှ မ ထူးဆန်းပေ။

(ဂ) စပါးပေးငွေချေးစနစ်

ကျေးလက်ရှိ တခြားငွေချေး သည့် စနစ်တခုမှာ စပါးပေး ငွေ ချေးစနစ် ဖြစ်သည်။ ထိုစနစ် အရ ငွေချေးယူသူက စပါးပေါ်လျှင်ပေါက် မည့်ဈေးထက် များစွာလျော့ချပြီး ယူရသည်။ ငွေရှင်က မတရားချေး နိုင်၍ ကြိုဝယ်ခြင်းဖြစ်သည်။ ဤ စနစ်မှာ ကျေးလက်တွင် ငွေရေးကြေး ရေး စီးပွားရေး လုပ်ငန်းများတွင် ယ ခု အချိန်ထိ အသုံးအများဆုံး စနစ် တခုဖြစ် နေ သည်။ ယမန်နှစ် — (၁၉၉၇) ခုနှစ် က မြစ်ဝကျွန်းပေါ် ဒေသ၏ စပါးပေး ပေးနှုန်း မှာ စပါး တင်း(၁၀၀)လျှင် (၁၅,၀၀၀) ကျပ်ချေး ဖြစ်သည်။ စပါးပေါ်ချိန် (၁၉၉၈ နိုဝင်ဘာ)ပေါက်ဈေး မှာ (၃၅,၀၀၀)ကျပ် ခန့်ရှိသည်။ စပါး တင်း(၁၀၀)ဖိုး စပါးပေး ယူ သော လယ်သမား အဖို့ (၂၀,၀၀၀)ခန့် အ ရှုံးများ ရပေသည်။ သို့သော်လည်း ငွေ လိုနေသော လယ်သမားအဖို့ ဤသို့ စပါးပေး ငွေယူဖို့က လွဲ၍ တခြား လမ်း မရှိပေ။

(ဃ) ကျွဲနွား ငှားရမ်းမှု

မြန်မာနိုင်ငံသည် ဆင်းရဲ၍ ခေတ်နောက်ကျသော လယ် ယာ စိုက်ပျိုး ရေးနိုင်ငံ တခုဖြစ်သည်။ လယ်ယာလုပ်ငန်းတွင်ရှေး ပဒေ သရာဇ် ခေတ်ဟောင်းက လယ် ယာ စိုက် ပျိုးနည်း ကိုသာ အဓိ က သုံး စွဲနေရသည်။ အထင်ရှားဆုံးမှာ ကျွဲ နွားနှင့် ထွန်ယက်နေရခြင်းပင် ဖြစ်သည်။ လက်တွေ့ အခြေအနေ တွင် လယ်သမားတိုင်းမှာ ကျွဲနွား မပိုင်ဆိုင် ကြပေ။ မိုးတွင်း လယ် လုပ်ခါနီးမှ ကျွဲနွားကို တရာ သီ တွက် ပေး၍ ငှားရမ်းသုံးစွဲရသည်။ ဤသည်မှာ ပဒေသရာဇ်ခေ တ် ဟောင်း ချေးစုပ်မှု စနစ် တခု ပင် ဖြစ်သည်။ မြစ်ဝကျွန်းပေါ် ကျေး လက်တွင် ကျွဲနွား တရှဉ်းကို တရာ သီငှားရမ်းခ စပါး (၂၅)တင်းနှုန်း ယူ ကြသည်။ တချို့ထိုထက်ပို၍ ယူ ကြသည်။ ဤလုပ်ငန်း သည် ကျေးလက် စီးပွားရေး တခုလုံးနှင့် နှိုင်းယှဉ်လျှင်သေးငယ်သော ပမာ ဏ သာရှိသည်။ သို့သော် လည်း မြစ်ဝ ကျွန်းပေါ်ဒေသ တခု မှ ဧက (၂၀၀)ကျော် ပိုင်ဆိုင်သော မြေရှင် တဦးက သူ့တွင်ရှိသော ကျွဲနွား အားလုံး၏ ခွဖားကြီးများ ကို တပြိုင်တည်း နိုင်အောင်ထမ်း နိုင်

သူကို သူပိုင်ကျွဲ အားလုံးပေးမည်ဟု အလောင်းအစား လုပ်ဖူးသည့် သူ့တွင် ရှိသည့် ကျွဲနွားကောင်ရေကို ခန့်မှန်းနိုင်ပါသည်။

## ၍အရင်းရှင်စနစ် သွေးစုပ်မှုပုံစံများ ■

### (က) ကိုယ်ပိုင်လယ်ကို သူရင်းငှားနှင့် လုပ်ခြင်း ■

ယခုအခါ လယ်မြေ အခြောက်အခြား ပိုင်ဆိုင်သူတို့သည် လယ်ကို သီးစားချမနေ တော့ဘဲ ပိုမိုဝင်ငွေကောင်းသောနည်းလမ်းကို သုံး၍ လယ်ကို ကိုယ်တိုင်လုပ်လာကြသည်။ သူတို့လုပ်နည်းမှာ သူရင်းငှားများကို တနှစ် သို့မဟုတ် တခွေ့ ပုတ်ပြတ်နှင့်ငှားရမ်း လုပ်ကိုင်ခြင်းဖြစ်သည်၊ ရှေးယခင်က သူရင်းငှားများ မှာ ကျေးကျွန် ဆန်ဆန်လုပ် ကိုင်ကြရသည်။ တမင်းချက်၊ အဝတ်လျှော်က အစ လယ်ယာ လုပ်ငန်းအဆုံး အကုန်လုပ်ကြရသည်။ ယခုအခါ သူရင်းငှားများမှာ အအလုပ်သမား အသွင်ပိုဆောင်လာခဲ့သည်။ အခစား လယ်ယာ အလုပ်သမားများ ပုံစံ ဖြစ်လာကြသည်။ သူရင်းငှား များအပြင် လုပ်ငန်းခွင် လိုအပ်မှုအရ နေ့စား လုပ်သားများ ကိုလည်းငှားရမ်း အသုံး ပြုရသည်။ သူရင်းငှားများကို တရာသီ အတွက် ပုတ်ပြတ် စပါး ဖြစ်စေ၊ ငွေဖြစ်စေပေးရသည်။ ကျေးလက်နေ့စားခ နှုန်းမှာ တနေ့(၁၀၀ ကျပ်)(ကိုယ့်ထမင်းကိုယ်စား) ဖြစ်သည်။ လယ်ပိုင်ရှင်များက ရွှံ့ထဲရေထဲ ကျွဲနွားဖက်၍ ဆင်းရော မလုပ်တော့ပေ။ လယ်ကန်သင်း ပေါ်မှညွှန်ကြားမှုပေးရုံသာလုပ်ဖို့လိုသည်။ ကျွ်နည်းသည် ယနေ့ခေတ် ကျေးလက် ချမ်းသာသော လူတန်းစား၏ အဓိကဦးပိုက် ပူးရေးလုပ်ဟန် ဖြစ်လာသည်။ ယနေ့ အချိန်လို စပါး ကို လွတ်လွတ်လပ်လပ် သိုလှောင်ခွင့်၊ သယ်ဆောင်ခွင့်၊ ရောင်းချခွင့် ရှိသောကာလတွင် ပို၍အကျိုး အမြတ်များသော နည်းဖြစ် သည်။ ဧက(၄၀-၅၀) ပိုင်သူ တဦး သည် လယ်ကိုသီးစားချထားခြင်းဖြင့် မချမ်းသာနိုင်၊ ကျွ်နည်းနှင့်လုပ် ကိုင်မှသာ ချမ်းသာနိုင်သည်။ မြစ်ဝကျွန်းပေါ်ဒေသ တခုမှ လယ်ပိုင်ရှင် တဦးသည် ကျွ်နည်းဖြင့် ဧက (၁၀၀)ကျော် အဝပိလုပ်ကိုင်လျက် ရှိသည်။ သူ၏ ကြွယ်ဝမှုမှာ ခန့်မှန်းခြေ သိန်း(၁၀၀) ကျော်ခန့်ရှိသည်။ သူ၏ကြွယ်ဝမှုမှာ လယ်ကိုက်သည့်လုပ်ငန်း တခုထဲကြောင့်တော့ မဟုတ်ပေ။ တဘက်ကလည်း ငွေတိုးပေးခြင်း၊ စပါးပေးပေးခြင်း၊ စပါး လှောင်ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများ ကိုလည်း တွဲဖက်လုပ်ကိုင်သေးသည်၊ ထိုကြောင့်ယနေ့ကျေးလက်၌ ကြွယ်ဝချမ်းသာသူများသည် သွေးစုပ်မှုပုံစံတမျိုးထဲ နှင့်ကြွယ်ဝချမ်းသာခြင်း မဟုတ်ဘဲ၊ သွေးစုပ်မှုပုံစံအမျိုးမျိုး၏စုပေါင်းရလဒ်ဖြစ်သည်။

### (ခ) စပါးသိုလှောင်ရောင်းဝယ်ခြင်း ■

ကိုယ်တိုင်လယ်လုပ်ရင်း၊ စပါး ပေးပေးရင်း၊ စပါးပေါချိန်လက်ငင်းဝယ်ရင်း၊ စပါးများကိုစွေးကြေးတတ်နိုင်သူတို့က သိုလှောင်ထားကြသည်။ မိုးဦးကျ မိုးလယ်စပါးအရှားဆုံး အချိန်တွင် အမြင့်ဆုံးဈေးနှင့် စပါးကို ထုတ်ရောင်းပြီး အကျိုးအမြတ်ရှာကြသည်။ တချို့ကျေးလက်ဒေသ သတွင် စပါးတင်းရေ သောင်းဂဏန်းအထိ လှောင်ထားနိုင်သူများ ကို တွေ့ရသည်။

### (ဂ) ကျေးလက် ဈေးဆိုင်များ ■

ကျေးလက်တွင် ဈေးဆိုင် ပုံစံအမျိုးမျိုးရှိသည်။ မုန့်ပဲသရေစာရောင်းသည့်ဆိုင်မှအစ ဈေး ဆိုင်ကြီးများအဆုံး ပုံစံမျိုးစုံ ရှိသည်။ တချို့ဆိုင်ကြီးများမှာ ငါးများ၊ ချိတ်၊ တွန်တုံး၊ တွန်တဲ့မှ အဝ ရေဒီယို၊ ကက်ဆက်အထိ ပစ္စည်းမျိုးစုံ ရနိုင်သောကျေးလက် ကုန်ပဒေသာဆိုင် ကြီးများ ဖြစ်သည်၊ ထိုဆိုင်များက လယ်သမားများ ကို လက်ငင်းဝယ်လျှော့ပုံ ဖြင့် ဈေး၊ နှင့်ရောင်းသည်။ အကြွေး ဝယ်

လျှင်ရွေးတင်ရောင်းသည်။ လနှင့် ချီ၍ယူသည့် အကြွေး ကို ပေါ်ပေ နှင့်မှတ်သည်။ ထိုခေတ်ရဲ့ လယ်သမား များ က ငွေလည်း မပေးနိုင်၊ စပါး လည်းမပေးနိုင်ပါက၊ ငွေသမားနှ ကျွဲနွား လယ်မြေတို့ ကို သိမ်း ယူ တတ်ကြသည်။

(ဃ) ပညာသည်များ ■

ကျေးလက်တွင် မရှိမဖြစ် ပညာသည်များမှာ ဆေးဆရာများဖြစ်သည်။ အရာဝန်၊ ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားဆရာမစသည်တို့ အပြင် ရမ်းကု၊ တိုင်းရင်းဆေးဆရာ၊ ယပယောဂ ဆရာစသည်ဖြင့် ဆရာမျိုးစုံရှိတတ်သည်။ အာမကျန်းဖြစ်သူများ၏ ဆေးကုသခကို ငွေဖြင့်လက်ငင်းပေးချေ ရသည်။ အကယ်၍ လက်ငင်း မပေးနိုင်ပါက စပါးပေးချိန်းနှင့် အကြွေးမှတ်၍ စပါးပေါ်မှ စပါး ပေးကြသည်။ တချို့က ငွေအပြင် ပေးကြရသည်။

(င) တခြားစီးပွားရေးလုပ်ငန်း များ ■

ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း များသည် ကျေးလက်စီးပွားရေးတွင် အရေးပါသောအခန်း မှ ပါဝင်ကြသည်။ ထိုလုပ်ငန်း များ အားလုံးကို လုပ်ခ စား အလုပ်သမား များ ဖွားရမ်း လုပ်ကိုင်သည့် အခြေခံပေါ်တွင် လုပ်ကိုင်ကြသည်။ သို့သော် ကျွဲလုပ်ငန်း များတွင်လည်း မြေရှင်စနစ် သွေးစုတ်မှုပုံစံဖြစ်သည်။ အတိုးကြီးစားစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြု နေကြသည်ကို တွေ့ရှိနိုင်ပေသည်။

(၃) စစ်ဗျူရိုကရက်အရင်း ရှင် စနစ်၏ သွေးစုပ်မှုပုံစံ များ ■

(က) စစ်အစိုးရ အဆက်ဆက် စပါး ဝယ်ယူမှု စနစ် ■

(မဆလ) ခေတ် တလျှောက် လုံး နှင့် (နဝတ) ခေတ်အထိ မြန် မာတပြည်လုံးမှ လယ်သမားများ ကို အင်းရဲတွင်း နက်စေခဲ့ သည့် သွေးစုပ်မှုမှာ စစ်အစိုးရ၏ စ ပါး ဝယ်မှု စနစ်ပင် ဖြစ်သည်။ ယင်းသည် တပြည်လုံး အတိုင်း အ တာနှင့် ချီပြီး သွေးစုပ်ခဲ့သည့် အ ဓိက သွေးစုပ်မှုဖြစ်သည်။ လယ် သမားများ အပေါ်သွေးစုပ်သော အ ခြား သွေးစုပ်မှုများနှင့် နှိုင်းယှဉ်လျှင် ပမာဏ အရလည်း အဆပေါင်းများ စွာ ကြီးမားပြီး အရက်စက်ဆုံး အ ကြမ်းကြုတ်ဆုံး သွေးစုပ်မှုလည်းဖြစ် သည်။ ကျွဲသွေးစုပ်မှုအောက် တွင် လယ်သမားများ အနှစ်(၃၀)ကျော် နေခဲ့ရသည်။ ထွန်ချိန်အတွင်းသယ်လုပ် ရင်း ထမင်းငတ်ခဲ့ရသည်၊ အစိုးမလှဲ အကာမလှဲ ကြမ်းခင်း အပေါက်အ ပြဲ တဲစုတ်နှင့်လည်း နေခဲ့ကြရသည်။ ရင်သွေး များ၏ ပညာရေး လည်း မူလတန်း ပင် မသင်ရသူ (၄)တန်း ပင် မအောင်သူ ဦးရေဖြစ်သည်။ အကြွေးကလည်း အမြဲလိုလို လည် ပင်း ဦက် နေခဲ့သည်။ ကမ္ဘာ့အဆင်း ရဲဆုံး စာရင်းဝင်မြန်မာနိုင်ငံ တွင် အ ဆင်းရဲဆုံး၊ အပင်ပန်းဆုံး လူတန်း စားများမှာလည်း လယ်သမား လူ တန်းစား သာလျှင် ဖြစ်သည်။ စစ် အစိုးရကို တာဝန်ကျေ စပါး မ ရောင်းနိုင်သဖြင့် နှစ်ရှည်လိုလို လယ်သမားများစွာ အ ဖမ်း ခံ အချုပ်ခံခဲ့ရသည်။ နောက် ဆုံး ငွေတိုး ချေးပြီး တခြားမှ စပါးကို ဝယ်၍ တာဝန်ကျေရောင်းခဲ့ ရ သည့် လယ်သမား များ ကျေးရွာ တိုင်းမှာ ရှိခဲ့သည်။

ယခု(နဝတ)လက်ထက် တွင် ဥပဒေ ထုတ်ပြန်ပြီး စပါးကို ကြိုက်ရောင်း ကြိုက်ဝယ် စနစ် နဲ့ ဝယ်မည် ဟု ကြေညာခဲ့သည်။ သို့သော် ဥပဒေ က စာအုပ်ထဲမှာ သာရှိသည်။ ထိုဥပဒေ ထွက်၍ တ လ မပြည့်မီမှာပင် ကျေးလက် ရှိ ဆန်စက်များကို စပါး ကြိတ်ခွဲခွင့် ရပ်ဆိုင်း လိုက်သည်။ ထိုအခါ နှ ကတော့ သတင်းစာထဲမှာ မပါ တိုးတိုး တိတ်တိတ် ဖြစ်သည်။ အ ကြောင်းကို စုံစမ်းကြည့်တော့ အ စိုးရ စပါး ဦး စပါး မရောင်းမှာ စိုး ရိမ်၍ပိတ်သည် ဟု သိရသည်။ (နအာဖ)

က ကြိုက်ရောင်း ကြိုက်ဝယ်ဟု လူကြားကောင်းအောင် ပြောပြီး လက်တွေ့ဝယ်သောအခါ ပေါက်ဈေး ထက် နှိမ်၍ဝယ်သည်။ တချို့နေရာများတွင် (နအဖ)ပေးသောဈေးမှာ စပါး(၁၀၀)ကို တသောင်းပင် မပြည့်ဟု သိရသည်။ ဈေးကွက်ယနေ့ပေါက်ဈေးမှာ စပါး(၁၀၀) ကို သုံးသောင်းခွဲခန့်ရှိသည်။ လယ်သမားများကို စေတနာစပါးဟု အမည်တပ်ခါ အတင်းအဓမ္မ ဖိအားပေးကာ ရောင်းခိုင်းနေသည်။ အမှန်မှာ လယ်သမားများ၏ ဝမ်းလွတ်ကို(နအဖ)က အတင်းလုယူနေခြင်းသာ ဖြစ်သည်။

(၁) အဓမ္မ လုပ်အားပေး ခိုင်းစေခြင်း ■

မြန်မာနိုင်ငံ၏ ကျေးလက်လူထုတွင် စစ်အုပ်စု၏ အဓမ္မ လုပ်အားပေး ခိုင်းစေခြင်း မခံရဘူးသူဟူ၍ မရှိပေ။ တံတား ခေါက်လမ်းဖောက် တာဖို့စသဖြင့် တမျိုးမဟုတ် တမျိုး ဖန်တီး၍ အတင်း အဓမ္မ လုပ်အားပေး ခိုင်းသည်။ လယ်သမားများမှာ လယ်ယာလုပ်ငန်းခွင်ကို ပစ်၍သူတို့ ခိုင်းရာ လိုက်လုပ်ပေးရသည်။ လုပ်အားခ အဖြစ် တရက် (၁ ဗို၊ ကျပ် သာ ရသည်။ ဆန်မကောက် မင ထုတ်ပေးသည်။


အဓမ္မ လုပ်အားပေးများ ကို နိုင်ငံတော်အတွက်ဟု အမြဲ အကြောင်းပြသည်။ သို့သော်မြစ်ဝကျွန်းပေါ် တချို့နေရာများ တွင် နိုင်ငံတော်အတွက်မဟုတ်သော လုပ်အားပေးရခြင်းများ ရှိသည်။ ထိုဒေသများမှ နယ်မြေခံ တပ်ရင်း ဆိုသည်များက မြေရိုင်းများကို လယ်စိုက်ပျိုးရန် လူထု ကို လုပ်အားပေး ခိုင်းခြင်းဖြစ်သည်။ မြေရိုင်းကိုခုတ်ထွင်ရှင်းလင်း ရာတွင်လူထုလုပ်အားကိုသုံးသည်။ ရှင်းလင်းပြီးလယ်ကို စပါး ကြဲဖို့၊ စပါးပေါ် လျှင်ကောက်ရိတ်ဖို့ အားလုံး လူထုရဲ့ အလုပ်ဖြစ်သည်။ စပါးနယ်ဖို့၊ သယ် ဖို့ ရောင်းဖို့လည်း လူထုပင်၊ နောက်ဆုံး စပါးသယ်ရာတွင်ကျေးလက် ရှိ မော်တော်များကို ချော ဆွဲ သေးသည်။ ကျွဲသို့ လုပ်အားပေး ရသည့်မှာလည်း နှစ်ရှည်နှစ်တိုင် ပင်ဖြစ်သည်။ စပါးရောင်းရ ငွေ ကိုတော့ စစ်တပ်က အကုန်ယူ သည်။ လူထုကို တပြားမျှ ပြန်မပေး။

(ဂ) မယူမနေရ စပါးပေး ပေးခြင်း ■

စပါးပေးပေးခြင်းနှင့်ငွေကြေး ပေးခြင်းသည် မြေရှင်တို့အသုံး ပြုခဲ့သည့် အကျိုးအမြတ် အလွန်များသော လုပ်ငန်း ဖြစ်သည်။ စပါးပေး စနစ်၏ အကျိုး အမြတ်ကို မြို့ပေါ်ရှိအာဏာ ပိုင်အဖွဲ့အစည်းများ၊ ဥပမာ- (ခ၀တ)(မ၀တ)(ရဲ)(ထောက်လှမ်းရေး) ကလည်း ရယူကြ သည်။ ထို့ကြောင့်၎င်းတို့၏ ဩဇာ အရှိန်အဝါကို တရားမဝင် သုံး ပြီး ကျေးရွာ(ရ၀တ)များကို ဖိ အားပေး စေခိုင်းကြသည်။ ကျေး ရွာ(ရ၀တ) များကလည်း သူ တို့အတွက်ဝေစုကိုပါရောထည့် ပြီး မြို့ပေါ်မှ အာဏာပိုင် များ အတွက်ဟု အကြောင်းပြဖိအား ပေးပြီး လယ်သမားများကို ခွဲ တမ်းချ၍ စပါးပေး ပေးငွေကိုယူ ခိုင်းသည်။ လယ်သမားများ က အနိုင်ကျင့်မှန်းသိလျက်နှင့် ခံ ကြရသည်။ ပြီးခဲ့သည့် မိုး တွင်း ၁၉၉၇က စပါးပေး ပေးနှုန်း မှာ မြစ်ဝကျွန်းပေါ်ဒေသတွင် စပါး (၁၀၀)ကို (၁၅,၀၀၀)ကျပ် ခန့် ဈေးရှိ၍ စပါးပေါ်ချိန် ၁၉၉၈ ခု နှစ် နှစ်ဆန်းပေါက်ဈေးမှာ — (၃၅,၀၀၀)ကျပ် ခန့်ရှိသည်။ အာဏာပိုင်များ သာကြောင့်ခေတ် ဟောင်းက မြေရှင်တို့ သုံးခဲ့သည့် စပါးပေး ပေးသည့် စနစ် ကို မက်မောတွယ်တာနေရသည်ကို ကျနေရာတွင် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။

အထက်တွင် ယနေ့ခေတ် မြန်မာနိုင်ငံ၏ကျေးလက်ဒေသ များ တွင် လယ်သမားများအပေါ် အ မြတ်ထုတ်သွေးစုပ်နေသည့် စနစ်

* စာမျက်နှာ (၈၄)သို့




# အိန္ဒိယမှ မြေယာပြဿနာ တချို့ကိုမိတ်ဆက်ခြင်း

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ရဲ့ အထွေထွေ အတွင်းရေးမှူး ဖြစ်သူ 'ဟာကစ်ရှန်ဆင်း ဆာဂျိ' (Harkishan Singh Surjeet) ဟာ အိန္ဒိယပြည် လွတ်လပ်ရေးမရခင် ကတည်းက အိန္ဒိယ လယ်သမား ထုကြီးကို စည်းရုံးပြီး တိုက်ပွဲဝင်လာခဲ့တဲ့ (All India Kisan Sabha) အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ မြေယာစနစ် ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ သူရေးတဲ့ ဆောင်းပါးတွေ၊ ကြေညာချက်တွေနဲ့ အစီရင်ခံစာတွေဟာ မရေတွက်နိုင်အောင် များပြားခဲ့ပါတယ်။

ဒီဆောင်းပါးဟာ သူရေးတဲ့ "အိန္ဒိယပြည် မြေယာစနစ် ပြုပြင်ပြောင်း

လဲရေးလှုပ်ရှားမှုများ" ဆိုတဲ့ စာအုပ်ထဲက အိန္ဒိယပြည်ရဲ့ မြေယာပြဿနာ တချို့ကို ကောက်နုတ် ပြီး မိတ်ဆက် တင်ပြလိုက် တာဖြစ်ပါတယ်။

ရှမ်းအားစုကို ရှစ်ရှောင်ထားခဲ့။ လယ်သမားတွေမှာ မြေယာမဲ့ အဖြစ်နေမှု အကျပ်အတည်း လဲ ရှိနေခဲ့ ဖြစ်ပါတယ်။

## ယနေ့ အိန္ဒိယ လယ်သမားတို့ရဲ့ဘဝ

အိန္ဒိယပြည် လယ်သမားထု ဟာ ယနေ့တိုင် ဆက်လက်တိုက် ပွဲဝင်နေရဆဲပါ။ "လယ်လုပ်သူ လယ်ပိုင်ရေး" ဟာ အိန္ဒိယလယ် သမားထုရဲ့ ဆန္ဒဖြစ်ပါတယ်။ သူ တို့ဆန္ဒမပြည့်ဝသေးပါ။

တိုင်းပြည်ဟာ ဒီကနေ့ မှာ အကျပ်အတည်း တခုနဲ့ ရင် ဆိုင် နေရတယ်။ လယ်ယာ စိုက်ပျိုး ရေး အရှိန်တန့်ပြီး 'အိ' နေခြင်း ဖြစ်ပါတယ်။ စိုက်ပျိုး သီးနှံ အား လုံးဟာ သီးထွက် တိုးတက်ခြင်း မရှိပါဘူး။ ကောက်ပဲ သီးနှံ အ ထွက်နှုန်း မှာဆိုရင် အိန္ဒိယပြည် ဟာ အာရှတိုက်မှာ (နီပေါနိုင် ငံ ကလွဲရင်) အနိမ့်ဆုံးပါ။

ယခုအခါ (၁၉၉၂ ခုနှစ်) မှာ အိန္ဒိယ ကျေးလက်အလုပ် လက်မဲ့တပ်ဖွဲ့ကြီးရဲ့ အရေအတွက် ဟာ (၆) သန်းကျော်နေပါပြီ။ လယ်ယာမှ နှင်ထုတ်ခြင်းခံရတဲ့ လယ်သမားတွေ မြေယာ အ လုပ်သမားတွေ၊ ကျေး လက် လက်မှု ပညာသည် တွေ ဟာ အလုပ်လက်မဲ့တပ်ဖွဲ့ကြီး ထဲ ကို အဆက် မပြတ် တိုးဝင်လာနေ ကြတယ်။ အစိုးရရဲ့ ကျေးလက် အလုပ်ခန့်ထားရေး စီမံကိန်း တွေဟာလဲ ဒီပြဿနာရဲ့ အ ဖျားမြိတ်ကိုတောင် ထိတွေ့နိုင် ခြင်းမရှိပါ။ အက် ဒီ ဗာ စီ (Adivisi) ဒေသနဲ့ တခြား ခေတ်နောက်ကျတဲ့ ကျေး လက်များက ယောကျာ်း မိန်း မနဲ့ ကလေးသူငယ်တွေ ဟာ တသက်လုံး ကျွန်ဘဝ ရောက် အောင် ကိုယ့်ကိုယ်ကို ရောင်း စားနေကြရတယ်။ အခွေးအ သားကို ရောင်းစားနေကြသူ အ မျိုးသမီးတွေဟာလဲ အ မြောက်အမြားပါ။ တိုင်းပြည် မှာ ရေကြီးခြင်း နဲ့ မိုးခေါင် ခြင်း တို့ဟာလဲ တလှည့်စီ ဖြစ်နေကြမို့ ဒီအချိန် မျိုး တွေမှာဆိုရင် လယ်သ မား တွေနဲ့ မြေယာ အလုပ်သ မား တွေ ဟာ ယဇ်ပလ္လင်မှာ အ သတ်ခံရမယ့် အချိန်ကိုတောင့် နေရတဲ့ ယဇ်ကောင်တွေ လို သဘာဝရဲ့ ဖျက်ဆီးမှုဒဏ်ကို ဘယ်လိုမှ ခုခံနိုင်စွမ်း မရှိ ဘဲ လည်စင်းခံနေကြရပါတယ်။

ပဒေသရာဇ် အဆောင်အ ဖွဲ့တွေက ကျေးလက်ကျန်ထုတ်

## ခေတ်အဆက်ဆက် အိန္ဒိယလယ်သမား တိုက်ပွဲများ

အိန္ဒိယ လယ်သမား တိုက် ပွဲများဟာ ခေတ် အဆက် ဆက် အိန္ဒိယ မြေယာပြဿနာ နဲ့ လယ်ယာ ဆက်ဆံရေးအတွင်း ရှိ ပဋိပက္ခ တွေပြင်းထန်ခဲ့ကြ ပြီး မှင့်ထွက် လာခြင်း ဖြစ်ပါတယ်။

အိန္ဒိယ လယ်သမား တွေ ဟာဗြိတိသျှ အုပ်စိုးမှု ကို ပထမဦး ဆုံး စိန်ခေါ် ဆန့်ကျင် ခဲ့သူ များလို့ ဆိုရ ပါမယ်။ အိန္ဒိယပဒေသရာဇ် မြေယာ ဆက်ဆံရေး အတွင်းသို့ နယ်ချဲ့ စနစ် တိုးဝင်လာတာ နဲ့ အမျှ အိန္ဒိယ လယ်သမားထု ရဲ့ ပြင်းပြင်း ထန်ထန် ခုခံ ဆန့်ကျင် မှုနဲ့ ကြုံခဲ့ ရပါတယ်။

အိန္ဒိယ လယ်သမား တိုက် ပွဲ သမိုင်းဟာ ၁၇၆၅ ခုနှစ်၊ ဘင် လား ပြည်နယ် ကူမွကိ အား ဆန့် ကျင်တဲ့ တိုက်ပွဲက အစပြု ခဲ့ ပါတယ်။

သမိုင်း ပညာရှင် တွေ က ၁၈ ရာစု နောက်ပိုင်း ကျတဲ့ ရာစု နှစ်တဝက် ကာလနဲ့ ၁၉ ရာစုနှစ်

အတွင်း ပေါ်ပေါက်ခဲ့တဲ့ လယ်သမား တိုက်ပွဲ (၁၀၀) ကျော် လောက်ကိုသာ မှတ်တမ်း တင်ခဲ့ကြတာပါ။ ဒီ အရေအတွက် မက ကျန်ရှိနေတဲ့ တိုက်ပွဲတွေကိုတော့ ဓားပြမှု - ဦးဆိုး လုယက်မှုတွေ အဖြစ် ကိုလိုနီ စနစ် လက်သုံး ဝေါဟာရ တွေနဲ့ ဖော်ပြခဲ့ ပါတယ်။

ကိုလိုနီ စနစ်အောက် မှာ အိန္ဒိယ လယ်သမားတွေ ဆင်းရဲ မွဲတေ မှု ဖြစ်ရတဲ့ အကြောင်း ရင်း (၃) ရပ် ရှိပါတယ်။ မြေရှင် စနစ်၊ အတိုး ကြီး စား စနစ်နဲ့ နယ်ချဲ့ စနစ် ဆိုတဲ့ စနစ်ဆိုး ကြီး (၃) ခု တို့ ပါပဲ။ ဒီ စနစ်ဆိုး (၃) ခု ရဲ့ သွေးစုပ် မှု (၃) မျိုး အောက်မှာ အိန္ဒိယ လယ် သမားတွေ ကျော ကော့ အောင် ခံ ခဲ့ ကြရပါတယ်။

ကိုလိုနီခေတ် အိန္ဒိယလယ် သမား တိုက်ပွဲ များဟာ တိုင်း ပြည် လွတ်လပ်ရေး ဆိုတဲ့ ရည် မှန်း ချက် အတွက် ဖြစ်သလို မြေ ရှင် တွေနဲ့ အတိုးကြီး စား သမား တွေရဲ့ လက်မဲ ကြီးတွေ အောက်က လယ်သမား တွေရဲ့ ဘဝ လွတ်မြောက်ရေး နဲ့ "လယ်လုပ်သူ လယ်ပိုင်ရေး" ဆိုတဲ့ မျှော်လင့်ချက် တွေကြောင့် လဲ ဖြစ် ပါတယ်။

ဒုတိယ ကမ္ဘာစစ် အ ပြီး မှာလဲ လယ် သမား တိုက်ပွဲ တွေ ဟာ အင်တိုက် အား တိုက်ပြန်ပေါ် လာကာ တိုင်း ပြည် တခုလုံး ပျံ့နှံ့ ခဲ့ပါတယ်။ လယ် သမား တိုက် ပွဲ များနဲ့ အလုပ်သမား တိုက်ပွဲ များ ဟာ ဘက်စပ် ပေါင်း စည်း မှု ရှိလာခဲ့တယ်။ လယ် သမား တိုက်ပွဲ တွေ ဟာ ပြည် နယ် အများ အပြား မှာ ပေါ်ခဲ့ တာပါ။ တချို့ ပြည် နယ် တွေ မှာ ကိုလိုနီ ပုလိပ် များက တိုက်ပွဲဝင် လယ်သမား အမြောက်အမြား ကို ရက်ရက် စက် စက် သတ်ခဲ့ ကြပါတယ်။

အိန္ဒိယ ပြည်ရဲ့ ကြီးမား တဲ့ လယ် သမား တိုက်ပွဲ များ အနက် တိုက်ပွဲ (၂) ခုကို ရွေးထုတ် တင်ပြပါမယ်။

ပထမ တိုက်ပွဲကတော့ ဘင်္ဂ လား ပြည်နယ်က လယ်သမား တိုက်ပွဲ တခု ဖြစ်ပြီး (၁၉၄၆-၄၇) ခုနှစ် များ က တိုက်ခဲ့ တာပါ။ မြေရှင်တွေ နဲ့ သီးစား လယ်သမား တွေရဲ့ ပြင်း ထန် တဲ့ ပဋိပက္ခ ကို ဒီတိုက်ပွဲ က ထင်ဟပ် ပြသ ပါတယ်။

ဒီတိုက်ပွဲ မှာ သီးထွက် ကို အချိုးကျ ဝေစုခွဲယူ ကြရတဲ့ သီးစား လယ် သမား တွေရဲ့ နစ်နာချက်ကို ရှေ့တန်း တင် တောင်းဆိုပြီး တိုက် ခဲ့ ကြ ပါတယ်။ သီးစား လယ်သမား တွေ ဟာ သီးထွက်ရဲ့ သုံးပုံ နှစ် ပုံ ကိုဝေစု အဖြစ် ရသင့်တယ်။ ဒါပေ မယ့် မြေရှင်က ဝေစုမခွဲမီ မှာ ကို က သီးထွက်ထဲက နေ သူ့ အတွက် ဦးရက် ကဲ့ယူသွား တာ လုပ် တယ်။ နောက် ပြီး သီးထွက် ကို ဝေစုခွဲ တဲ့ နေရာကလဲ လယ်လုပ်တဲ့ လယ် ထဲ စပါးကျီ မှာ ခွဲတာမဟုတ်၊ မြေရှင် ရဲ့ အိမ်ဝိုင်း ထဲ မှာ ခွဲတာ ဖြစ် ပါ တယ်။ ဒါကြောင့် တိုက်ပွဲ တောင်း ဆိုချက်က လယ်ယာ လုပ် ငန်း ခွင် စပါးကျီ မှာပဲ သီးထွက် ဝေ စု ခွဲယူရေး နဲ့ မြေရှင်ရဲ့ လက် ကိုင်တုတ် လူမိုက်များက ရွေ့ ကို မတရား လာရောက် သိမ်း ယူသွား မှုကို ဆန့်ကျင်ရေး ဖြစ် လာ ပါတယ်။

တစ တစ တိုက်ပွဲ ဟာ အ ရှိန် ရပြီး မြင့်မား လာတယ်။ ကြွေး ကြော်သံ တွေကလဲ ပိုမိုကျယ်ပြန့် လာတယ်။ တိုက်ပွဲ ရဲ့ အဓိက ကြွေး ကြော် သံ ကလဲ "လယ်လုပ်သူ လယ် ပိုင်ရေး" ဖြစ်လာတော့ တယ်။

လယ်သမား တို့ ဟာ ဒီလှုပ် ရှားမှု အရေးတော်ပုံ အတွင်း မှာ သူရဲကောင်း ပီသ စိတ်ဓာတ် ကို မြင့်မြင့် မားမား ဖော်ပြခဲ့ကြတယ်။ လယ်သူမ အမြောက်အမြား လဲ ဒီတိုက်ပွဲ ထဲမှာ ပါခဲ့တယ်။ တိုက် ပွဲ အတွင်း အသတ်ခံရသူ (၇၀) ကျော်၊ ဒဏ်ရာ ရသူ တွေနဲ့ အဖမ်း ခံရ သူ တွေ ဟာလဲ ဒီ အရေ အ တွက် မက ရှိခဲ့ပါတယ်။ ဒါပေမယ့် မြေရှင်တွေရဲ့ အကြမ်းဖက် ဖိနှိပ် မှု နဲ့ ပုလိပ်တွေရဲ့ နှိမ်နင်းမှု တို့ က လယ် သမား တွေရဲ့ တိုက် ခိုက် စိတ်ကို ချိုးနှိမ်နိုင်ခြင်း မရှိ ပါ။ အဆုံးရက သီးစား လယ်သ မား တွေနဲ့ စပ်လျဉ်းတဲ့ ဥပဒေ တွေ ကို ရေးဆွဲ ပြဋ္ဌာန်း လုပ်လာရပါတော့

တယ်။ လယ်သမားတိုက်ပွဲကို ဖြိုခွဲဖို့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ။ ဒါတောင်မှ နီလိုဥပဒေရေးဆွဲမှုဟာ ဒါးလည်ပြတ်ပြီး ရပ်သွားခဲ့ ပါတယ်။

တိုင်းပြည်လွတ်လပ်ရေးရအပြီး (၁၉၄၈–၄၉)မှာ နီတိုက်ပွဲဟာ ဒုတိယအကြိမ်ထပ်မံပေါ်လာပြန်ပါတယ်။ လွတ်လပ်ရေးနောက်ပိုင်းကွန်ဂရက်ပါတီအစိုးရ အုပ်စိုးမှုစတင်ကာစမှာကိုပဲ နီတိုက်ပွဲအတွင်းလယ်သမား (၇၀)ခန့် အသတ်ခံ လိုက်ရပြန်တယ်။

(၁၉၅၀)ခုနှစ်၊(Bargadar) ဘာဂါဒါ ဥပဒေဟာ နီတိုက်ပွဲရဲ့ အောင်သီးအောင်ပွင့် အဖြစ်ရခဲ့တဲ့ ရလဒ်တခုပါ။ ဒီဥပဒေက လယ်သမားများအား လယ်ယာလုပ်ငန်းမှ နှင်ထုတ်ခြင်းကို အဟန့်အတားလုပ်ပေးတယ်။(အလွယ်တကူနှင်မထုတ်နိုင်အောင်လုပ်ပေးတာ ဖြစ်ပါတယ်)၊ သီးစားလယ်သမားအတွက် သီးထွက်ရဲ့ သုံးချိုးနှစ်ချိုး ဝေစုရဖို့ သတ်မှတ်ပေးတယ်။ လယ်လုပ်ကိရိယာနဲ့ တခြားအထောက်အကူပြုမှုများ ရရှိစေခဲ့ ပါတယ်။

ဒုတိယ ဖော်ပြခဲ့တဲ့ လယ်သမားတိုက်ပွဲကတော့ ဟိုင်ဒါရာဘတ် (Hyderabad) ပြည်နယ်က(Tele-ngana) လယ်သမား လှုပ်ရှားမှုပါ။ ဒီတိုက်ပွဲဟာ အိန္ဒိယရဲ့ အတိတ်လယ်သမားတိုက်ပွဲများ အနက် သရုပ်ဆောင်းနိုင်ခဲ့တဲ့ တိုက်ပွဲလို့ ဆိုရပါမယ်။ ခေတ်ပြိုင်လယ်သမားတိုက်ပွဲတွေထဲမှာ နီတိုက်ပွဲနဲ့ နှိုင်းယှဉ်စရာ မရှိပါဘူး။

နီတိုက်ပွဲဟာ (၁၉၄၆) ခုနှစ်က (Andhra Mahasabha) အဖွဲ့အစည်းရဲ့ ခေါင်းဆောင်မှုအောက်မှာ လုပ်ခဲ့တာ ဖြစ်ပါတယ်။ နီတိုက်ပွဲကို (AIKS) အဖွဲ့ကြီးက ဆက်ခံပါဝင်ပြီး (၁၉၅၁) ခုနှစ်ထိ ဆက်လက်တိုက်ခဲ့ပါတယ်။

တိုက်ပွဲဖြစ်ပေါ်စေတဲ့ နောက်ခံအကြောင်းရင်းကတော့ မြေရှင်တွေရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ဖိနှိပ်မှုနဲ့ အုပ်စိုးသူ မဟာရာဇာ နီဇမ်း (Nizam)က သူ့ရင်းငှားတွေကို နှိမ်နင်းဖို့ သူ့ရဲ့လက်နက်ကိုင် တပ်ဖွဲ့တွေ ခွေးလွှေးများတောအနှံ့ လွှတ်ထားကြတာကို မကျေနပ်ကြလို့ ပါပဲ။ (နီဇမ်း Nizam ဆိုတာ ဟိုင်ဒရာဘက် ပြည်နယ်မှာ ၁၈ရာစု အစပိုင်းကနေ ၁၉၅၀ ခုနှစ်အထိ အုပ်စိုးခဲ့တဲ့ မဟာရာဇာမျိုးနွယ်ရဲ့ အမည်ပါ။)

ပထမပိုင်းက ရွာကလေး အနည်းငယ်လောက် စတင်ခဲ့တဲ့ တိုက်ပွဲဟာ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ ရွာပေါင်း ရာနဲ့ချီပြီး ပါဝင်ခဲ့တဲ့ အထိ ဖြစ်လာခဲ့တယ်။

အိန္ဒိယပြည် လွတ်လပ်ရေးရပြီး ခြိန်မှာ တိုက်ပွဲဟာ အထွတ်အထိပ်ကို ရောက်လာတယ်။ တောင်းဆိုချက်တွေထဲမှာလဲ မဟာရာဇာနီဇမ်းရဲ့ အုပ်စိုးမှုကို ဖျက်သိမ်းရေးနဲ့ ဟိုင်ဒရာဘက်ပြည်နယ်ကို မဟာရာဇာနီဇမ်းရဲ့ အုပ်စိုးမှုအောက်မှာ သီးခြားခွဲမထားဘဲ အိန္ဒိယပြည်ထောင်စုအတွင်း ထည့်သွင်းရေး ဆိုတဲ့ အချက်ပါလာတယ်။ လယ်သမားထုရဲ့ အမြင့်ဆုံးတိုက်ပွဲခေါ်သံဟာလဲ အစိုးရနဲ့ မြေရှင်တို့ပိုင်တဲ့ မြေလွတ်မြေရိုင်းတွေကို သိမ်းပူးရေး၊ မြေရှင်ပိုင်သင့်တဲ့ မြေပမာဏဟာ လယ်မှာ(၁၀) ဧကယာမှာ ဧက(၁၀၀)။ ဒါထက်မပိုရေး ဆိုတာ ဖြစ်လာပါတယ်။

တိုက်ပွဲအတွင်း ပြောက်ကျားတပ်ဖွဲ့လေးတွေကို ကျေးရွာအဆင့်ကနေ ခရိုင်အဆင့်အထိ ဖွဲ့စည်းလိုက်ကြတယ်။ လယ်သမားတွေကို မတရားဖိနှိပ်လာရင် ဒီတပ်တွေနဲ့ ခုခံတိုက်ဖို့ပဲ။ လက်တွေ့မှာလဲ တိုက်ပွဲတွေ အများအပြားဖြစ်လာတော့ မြေရှင်တွေ မနေရဲတော့ဘဲ ထွက်ပြေးကြရတယ်။

နောက်ဆုံးမှာ အကြမ်းဖျင်းပြည်သူ့သုံးသန်းနေထိုင်ရာ ရွာပေါင်း (၃,၀၀၀) ခန့်၊ စတုရန်းမိုင်ပေါင်း (၁၆,၀၀၀) ရှိတဲ့ ဒေသတခုလုံး လွတ်မြောက်သွားတယ်။ ဒီလွတ်မြောက်ဒေသ ကျေးရွာတွေ

ကို ပြောက်ကျား အင်အား (၂,၀၀၀) ပြည်သူ့စစ် (၁၀,၀၀၀) တို့က ကာကွယ် ထား တယ်။ မြေဝေတာ လဲ လုပ်ခဲ့ တယ်။ ဝေဖြမ်းရေး လုပ်တဲ့ မြေဟာ ဧက တသိန်းကျော် ရှိမယ်။ မြေယာ ရေစက် မြေပြုပြင် ပြောင်းလဲရေးလဲ လုပ်ခဲ့တယ်။ အတိုးနှုန်း လျှော့ ချရေး၊ အခမဲ့ လုပ်အားပေး စေမှု မလုပ်ရေး နဲ့ အမြင့်ဆုံးလုပ်ခ နှုန်းထား သတ်မှတ်ရေး တို့ပါဝင်ခဲ့ တယ်။

ဒီလို နိုင်ငံရေး အခြေအနေဟာ (၁၉၄၈) ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက် နေ့ အထိသာ ခံပါတယ်။ ဟိုင် ဒရာဘက် ပြည်နယ်ကို အိန္ဒိယ အစိုးရ စစ်တပ်ရောက်လာတယ်။ အစိုးရ အာဏာပိုင်တွေက တော်လှန်ရေး သမားတွေ နဲ့ တိုက်ရာမှာ မဟာရာဇာနီဇမ် ရှုံး နိမ့် သွား နိုင် တယ် ဆိုပြီးတွက်ခဲ့ ကြတယ်။ တပြည်လုံးသို့ တော်လှန်ရေး အောင်ပွဲက ဂယက်ရိုက်သွားမှာလဲ စိုးရိမ်ကြတယ်။ ဒါကြောင့် ပထမ-ဟိုက်ဒရာဘက် ပြည်နယ်ကို အိန္ဒိယ အစိုးရရဲ့ အုပ်ချုပ်မှု အောက် သွင်း လိုက်တယ်။ ဒုတိယ-မဟာရာဇာနီဇမ် ရဲ့အုပ်စိုးမှုကို ဖျက်သိမ်းပစ်လိုက်တယ်။ တတိယ ဆောင်ရွက်မှု ကတော့ -ပဒေသရာဇ် မြေယာ ဆက်ဆံရေး စနစ်အား လယ်သမားတွေက ဆန့်ကျင်တော်လှန် နေတာ ကို နှိမ်နင်း ပစ်တာပါပဲ။ အစိုးရ က Telengana ဒေသသို့ ပို့လိုက်တဲ့ စစ်တပ် အင်အား နဲ့ စစ်ပွဲဆိုင်ရာ ထောက်ပံ့ တင်ပို့ မှုတွေဟာ ကက်ရှမီးယား သို့ ပို့တာထက် တောင် ပိုများ ပါသေးတယ်။ အင် အား (၅၀,၀၀၀) ရှိတဲ့ အစိုးရ စစ်တပ် ရဲ့ အဓိကပစ်မှတ်ဟာ တော်လှန်တဲ့ လယ်သမားတွေပါ ပဲ ။ တော်လှန် သူတွေကို ပိုက်စိပ်တိုက် ရှင်းလင်းရေး လုပ်တယ်။ ကျေး ရွာတွေကို မြေလှန်ရှာဖွေ ကြတယ်။

တိုက်ပွဲ အတွင်း အသက်ပေး လှူခဲ့ ရတဲ့ လယ်သမား (၄၀၀၀) ခန့် နဲ့ သုံးနှစ် မှ လေးနှစ် အထိ ထောင် ဒဏ် အပြစ်ပေး ခံခဲ့ရ သူ လယ်သမား (၁၀,၀၀၀) ခန့် ရှိ ခဲ့ တယ်။ ပုလိပ်ဌာန နဲ့ စစ်စခန်းတွေ ကို ခေါ်ယူ ချုပ်နှောင် ပြီး ရိုက် နှိပ် ညှဉ်းပန်း တာ ခံခဲ့ ရတဲ့ လယ် သမားတွေ ကတော့ (၅၀,၀၀၀) ကျော် အထိ ရှိခဲ့ ပါတယ်။

**အိန္ဒိယမြေယာ
ပြဿနာများအား
အာဏာရ အစိုးရ ရဲ့
ကိုင်တွယ်ဖြေရှင်းမှု**

ကိုလိုနီ ခေတ် တုန်း က လွတ်လပ်ရေး အတွက် ကြိုးပမ်းခဲ့ ရာမှာ အိန္ဒိယ ကွန်ဂရက် ပါတီ ဟာ လယ် သမား တွေ ရဲ့ တောင်းဆို ချက် ကို လျစ်လျူ ရှုထား လို့ မရပါ။ ဒါကြောင့် (၁၉၃၆) ခုနှစ်တုန်းက ထူးမြေယာ လုပ်ငန်းစဉ်တရပ်ကို ကွန်ဂရက် ပါတီက ချမှတ်ခဲ့ ပါတယ်။ မြေယာ သီးစားချ ထားရေး ဆိုင်ရာ အခွင့်အရေး တောင်းဆို ချက်တွေ ပါဝင်ခဲ့ ပါတယ်။ လယ်သမားတွေ ပေးဆောင်ရတဲ့ ငှားရမ်းခ နဲ့ အခွန်တော် တွေ လျှော့ချရေး နဲ့ လယ်ယာလုပ်ငန်း ဝင်ငွေ ခွန် များကို အနိမ့် ဆုံး သတ်မှတ်ထားတဲ့ နှုန်းထား ထက် ပိုပြီး မကောက် ခံရေး တို့ ဖြစ်ပါတယ်။

ကွန်ဂရက် ပါတီ ဟာ ဒီ တောင်း ဆို ချက် များ ထက်ကျော် ပြီး တောင်း ဆိုဖို့ မလိုလားခဲ့ပါ။

ဒုတိယ ကမ္ဘာစစ် အပြီး မှာကျတော့ ကွန်ဂရက်ပါတီဟာ ပိုမို မြင့်မားတဲ့ တောင်းဆို ချက် တွေ တင်ပြပေးဖို့ လိုအပ် လာ ပါတယ်။ အကြောင်းကတော့-

ပထမ အချက်-ထိုအချိန် က လယ်သမားတိုက်ပွဲများဟာ နောက် တဖန် မြင့်မြင့်မားမား ပြန် လည် ပေါ်ပေါက် လာလို့ ဖြစ်တယ်။

ဒုတိယ အချက်— (၁၉၄၅ -၄၆) ခုနှစ်၊ ရွေးကောက်ပွဲ မှာ ကွန်ဂရက် ပါတီက လယ်သမား မဲ ဆန္ဒ များကို ရယူလိုတဲ့ အတွက် ဖြစ်တယ်။

ဒါကြောင့် ကွန်ဂရက်ပါတီ ရဲ့ ကြေညာ ချက် ထဲမှာ " အစိုးရနဲ့ သူရင်းငှား လယ်သမားတို့ အကြား တည် ရှိနေတဲ့ ကြားခံလူ တန်းစား

(မြေရှင်များ) အား ဖယ်ရှားရေး"ဆိုတဲ့ လမ်းစဉ်ကို တင်ပြခဲ့တယ်။ ဒါပေမယ့် ဒီမြေရှင်တွေ နစ်နာရမှု အတွက် သင့်လျော်တဲ့ လျော်ကြေးတွေ ပေးရမယ်လို့လဲ ဆိုထားတယ်။

လွတ်လပ်ရေးရပြီး နောက် အာဏာရလာတဲ့ ကွန်ဂရက် ပါတီဟာ လယ်သမားအုံကြွမှု မီးတောက်မီးလျှံ များကို ငြိမ်းသတ်ကာ သူ့ပြဇာ အာဏာ အောက်မှာ ထိန်းထား နိုင်ဖို့ နည်းလမ်း(၂)သွယ်ကို အသုံးပြုခဲ့ပါတယ်။

ပထမနည်းလမ်းကတော့ မြေယာ ပြဿနာကို "ငြိမ်းချမ်းတဲ့ နည်းနာနဲ့ ဖြေရှင်းရေး"ပါ။

ဒုတိယနည်းလမ်း ကတော့ အစိုးရက မြေယာစနစ် ပြုပြင်ပြောင်းလဲရေးကို လေသံပစ်လိုက်ခြင်း ဖြစ်ပါတယ်။

ပထမနည်းလမ်းမှာ ပါဝင်တဲ့ 'ဘူဒန်လှုပ်ရှားမှု' ရဲ့ အဓိပ္ပာယ်ကတော့ လယ်မြေတွေကို လှူဒါန်းခြင်း(သို့မဟုတ်) လက်ဆောင် အဖြစ်ပေးခြင်းဖြစ်ပါတယ်။ လှုပ်ရှားမှုရဲ့ ဦးဆောင်သူက ဘာသာရေးခေါင်းဆောင်တဦးဖြစ်သူ 'ဗီနိုဘာ-ဘဟာဗီ'ပါ။ သူက စတင်ပြီး မြေမဲ့ယာမဲ့တွေကို မြေယာတွေလှူတယ်။ ဒီနည်းနဲ့ လူတန်းစားပဋိပက္ခ မီးတောက်မီးလျှံတွေကို ငြိမ်းသတ်တာပါ။

ဗီနိုဘာ-ဘဟာဗီ ကိုယ်တိုင်က —

ပထမ "တကယ်လို့ မြေရှင်တွေက ဒီလှုပ်ရှားမှုထဲ ပါဝင်ပြီး မြေမလှူဘူး ဆိုခဲ့ရင် —

ဒုတိယ မြေယာစနစ် ပြုပြင်ပြောင်းလဲရေး လေသံပစ် မပေးဘူး ဆိုရင် —

တတိယ လမ်းကြောင်း အနေနဲ့ သွေးထွက်သံယိုတော်လှန်ရေး တရပ် မုချဖြစ်မှာပဲ။ ဒီ အကြမ်းဖက်မှု ဖြစ်မလာဖို့ ကျွန်တော်က ကြိုပမ်းတာပါ"...ဟု ပြောခဲ့ပါတယ်။

ဒီလှုပ်ရှားမှုကို အနောက်နိုင်ငံတွေ (ဥရောပ၊ အမေရိကန်တို့ကပါ) ကြိုဆိုအားပေးကြတယ်။ အိန္ဒိယပြည်ဆိုင်ရာ အမေရိကန် သံအမတ်ဟောင်း (Chester Boales) ကလဲ ဒီလှုပ်ရှားမှုအတွက် အောင်နိုင်ရေး ရန်ပုံငွေတွေကို အမေရိကန်ပြည်တွင်းမှာ ကောက်ခံစုဆောင်းပေးခဲ့တယ်။

တကယ်ကတော့ ကွန်မြူနစ်တွေ ပြဇာ လွှမ်းမိုးမှုကြောင့် ဖြစ်ရတာလို့ သူတို့ယူဆတဲ့ လယ်သမားအုံကြွမှုကို ဖြိုခွဲပစ်လိုက်တာပါပဲ။

(၁၉၄၅-၄၆) ခုနှစ်တွင်းက ကွန်ဂရက်ပါတီက မြေရှင်လူတန်းစားကို ဖျက်သိမ်းရာမှာ နစ်နာကြေး ပေးဖို့ ကတိထားခဲ့ပါတယ်။ မြေရှင်တွေဟာ ကုဋေပေါင်းရာနဲ့ ချီပြီး လျော်ကြေးတွေ ရသွားခဲ့ကြပါတယ်။ မြေရှင်စနစ်ဟာ လက်တွေ့မှာ ချုပ်ငြိမ်းသွားတာမဟုတ်ပါ။ လယ်ယာ အလုပ်ဘာတခုမှ မလုပ်ဘဲ ချမ်းသာကြွယ်ဝနေခဲ့သူတွေက ပိုပြီးချမ်းသာကြွယ်ဝသွားခြင်းသာ ဖြစ်ပါတယ်။

(၁၉၅၀) ခုနှစ်များနဲ့(၁၉၆၀) ခုနှစ်များအတွင်း မရေတွက်နိုင်တဲ့ မြေယာဥပဒေတွေ တခုပြီးတခု ထွက်ခဲ့ပါတယ်။ လယ်ယာ ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးခဲ့ပါတယ်။ ဝါဒဖြန့်ချီမှုတွေလဲ အများကြီး လုပ်ခဲ့ကြတယ်။ လက်တွေ့မှာကျတော့ လယ်သမားတွေ ရုံးတင်တရားစွဲဆိုခြင်းခံကြရတယ်။ လယ်ယာအလုပ်မှ နှင်ထုတ်ခံရတယ်။ ဒါမျိုးတွေဟာ အဝိုင်းအတာ ကြီးကြီးမားမားနဲ့ ဖြစ်ခဲ့တာပါ။

(၁၉၆၇)ခုနှစ်မှာ ပြည်နယ်(၈)ခုမှာ ကွန်ဂရက်ပါတီက မဟုတ်တဲ့ ပြည်နယ်အစိုးရတွေ တက်လာတယ်။ ကေရာလာပြည်နယ်နဲ့ အနောက်ဘင်္ဂလားပြည်နယ်တွေရဲ့ အစိုးရတွေမှာဆိုရင် လက်ဝဲအင်အားစုတွေက အာဏာ

ဇီးရလာတယ်။

အဲဒီအချိန်က တိုင်းပြည်နေရာ အနှံ့အပြားမှာ လူမှုပဋိပက္ခတွေ တင်းမာနေချိန်။ မြေရှင်တွေက တဘက်၊ မြေယာအလုပ်သမားတွေနဲ့ သီးစားလယ်သမားတွေက တဘက် ပြဿနာတွေ ထိပ်တိုက် ဖြစ်နေချိန်။ ပြည်ထဲရေးဝန်ကြီး ကိုယ်တိုင် ဒီပဋိပက္ခတွေကို သွားရောက် စုံစမ်းဖို့ တောင်းဆိုတာခံရတယ်၊ ဒီအခါ (၁၉၆၉) ခုနှစ်မှာ အစီရင်ခံစာ ထွက်လာတယ်။ "ဒီလူမှုပဋိပက္ခတွေရဲ့ နောက်ကွယ်က အကြောင်းရင်းဟာ မြေယာစနစ် ပြုပြင်ပြောင်းလဲရေးနဲ့ လုပ်ခ တိုးမြှင့်ရေးတို့ကို အကောင်အထည်ဖော်ဖို့ ပျက်ကွက်ခြင်း ဖြစ်တယ်။" လို့ ပွင့်ပွင့်လင်းလင်း ဖော်ပြလိုက်တယ်။

ဒါပေမယ့် အစိုးရရဲ့ ဝေဖြမ်းနိုင်တဲ့ မြေဧက တိုင်းထွာမှုကတော့ တခါတိုင်းရင် စာရင်းတမျိုး ဆိုသလို စာရင်းတွေ အမျိုးမျိုး ဖြစ်နေပါတယ်။

(၁၉၇၀-၇၂) မှာ အစိုးရက မြေယာဥပဒေသစ်များ ရေးဆွဲချမှတ်ပြန်တယ်။ ဒီတကြိမ်တော့ မြေရှင်တွေ ပြေးမလွတ်တော့ဘူး လို့တောင် အစိုးရဝါဒဖြန့်ပညာရှင်တွေက ကြုံးဝါးလိုက်သေးတယ်၊ ဒါပေမယ့် လက်တွေ့မှာကျ (၁၉၇၀) ခုနှစ်များနဲ့ (၁၉၈၀) ခုနှစ်များ အတိုင်း ပိုနေမြဲ-ကျားနေမြဲပဲ။

(၁၉၈၈-၈၉) မှာ ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနရဲ့ အစီရင်ခံစာတစောင် ထွက်လာပြီး ဝေဖြမ်းနိုင်တဲ့ ပိုလျှံမြေဟာ ဧကပေါင်း (၇၇.၇၇) သိန်းရှိတယ်လို့ နိဂုံးချုပ်လိုက်တယ်။ ဒါပေမယ့် စဥ်းစားကြည့်ပါ။ ဒီပိုလျှံမြေ အရေအတွက်ဟာ စိုက်ပျိုးနိုင်တဲ့ မြေဧက စုစုပေါင်းရဲ့ (၁.၂) ရာခိုင်နှုန်းပဲ ရှိနေတယ်။ (Mahalanobis) ကော်မတီက တွက်ထားတဲ့ ဝေနိုင်တဲ့ မြေစာရင်းဖြစ်တဲ့ ဧက (၆၃) သန်းရဲ့ (၇) ရာခိုင်နှုန်းပဲ ရှိနေတယ်။ (၁၉၇၈) မြေယာသန်းကောင်စာရင်းပါ ပိုလျှံမြေ စာရင်းဖြစ်တဲ့ ဧက (၂၂.၆) သန်းနဲ့ တွက်ကြည့်ရင်လဲ (၁၄) ရာခိုင်နှုန်းတောင်မှ ရှိဘူး။

ဒါဖြင့် ကျန်တဲ့မြေယာတွေက ဘယ်ရောက်သွားကြပါသလဲ။

(၁၉၈၀-၈၁) ခုနှစ် မြေယာသန်းကောင်စာရင်းက အဖြေပေးပါတယ်။

ဒီအဖြေကို နိုင်ငံရေးစကားနဲ့ပြောရရင် မြေယာလက်ဝါးကြီးအုပ်မှုဟာ ဆက်လက်တည်ရှိဆဲ လို့ ပြောရပါလိမ့်မယ်။

ဒီစာရင်းက ရှင်းရှင်းလင်းလင်း ဖော်ပြလိုက်တာကတော့ မြေယာပိုင်ဆိုင်သူ အားလုံးရဲ့ (၁၁.၅) ရာခိုင်နှုန်းသာ ရှိတဲ့ မြေယာပိုင်ရှင်တွေက ပိုင်ဆိုင်မြေအားလုံးရဲ့ (၅၂.၅) ရာခိုင်နှုန်းကို ပိုင်ဆိုင်နေကြတယ် ဆိုတာပါပဲ။

ဒါပေမယ့် ဒီစာရင်းဇယားတွေကလဲ အမှန်တကယ်ဖြစ်နေတာတွေကို တိတိကျကျ ဖော်ပြပေးနိုင်သေးတာ မဟုတ်ပါဘူး။

## မြေလွတ်မြေရိုင်းပြဿနာ

အိန္ဒိယပြည်ရဲ့ စုစုပေါင်းမြေဧရိယာ ဟက်တာသန်းပေါင်း - (၃၃၀)။

စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ မြေဧရိယာ စုစုပေါင်းက ဟက်တာသန်းပေါင်း (၁၄၃)။

အစိုးရအစီရင်ခံစာများအရ ဝေဖြမ်းရေးလုပ်နိုင်တဲ့ မြေလွတ်မြေရိုင်းတွေက အနည်းဆုံး ဧက (၄၃) သန်းလောက်ရှိပါလိမ့်မယ်။ ဩဇာအာဏာကြီးသူ မြေရှင်ကြီးတွေက ဒီမြေတွေကို တရားမဝင် ပိုင်နေကြတယ်။ ဒီမြေတွေကို ဝေဖြမ်းရေးမလုပ်ဖို့ အစိုးရကို သူတို့ဩဇာအရှိန်အဝါနဲ့ ပိတ်ဆို့တားဆီးထားကြပါတယ်။ နောက်ဆုံးမှာ ဒီမြေတွေကို စိုက်ပျိုးလုပ်ကိုင်လို့ မရတဲ့မြေတွေအဖြစ် သူတို့က စာရင်းတင် ကြေ

ညာ လိုက် ပါတယ်။ လယ်မြေဆိုင်ရာ အကျင့် ပျက်ဝန်ထမ်းတွေကလဲ ဒီလို လုပ်တာကို 'မျက်စိမှိတ်-နားကန်း' လုပ်ပြီး မသိကျိုးကျွန်နေလိုက်ကြတာပါပဲ။ ကျေးလက်တွေမှာ ဒီလိုမြေပိုင်ရှင်တွေ ယူထားတဲ့ မြေလွတ်မြေရိုင်းတွေ အပြင်တခြား မြေလွတ်တွေလဲ အများကြီးပါ။ ဒါကို ဆင်းရဲ လယ်သမားတွေနဲ့ မြေယာ အလုပ်သမားတွေက ခုတ်ထွင် ထွန်ယက် ပြီး စိုက်ပျိုးရေး လုပ်ကြပါတယ်။ ဒါဟာ သူတို့ဘဝရဲ့ အသက်သွေးကြော လုပ်ငန်းဖြစ်လာပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ အစိုးရက ဒီမြေတွေကို သစ်တောဌာနသို့ လွှဲပြောင်းပေးလိုက် ပြန်ပါတယ်။ သိန်းချီ ရှိတဲ့ အရေအတွက် နဲ့ ဆင်းရဲ လယ်သမားတွေနဲ့ မြေယာ အလုပ်သမားတွေဟာ လယ်ယာမြေ လုပ်ကိုင်ခွင့်တွေ ဆုံးရှုံးပြီး ဘဝပျက်ခဲ့ရပါတယ်။

တချို့ ပြည်နယ်တွေမှာ ဆိုရင်လဲ အစိုးရက လယ်ယာမြေတွေကို စက်မှု စီမံကိန်း လုပ်ကွက်မြေ အဖြစ် ပြောင်းလဲဖို့ လယ်သမားတွေနဲ့ မြေယာ အလုပ်သမားတွေကို မောင်းထုတ်တာလဲ ရှိပါသေးတယ်။

ဘူဒန်လှုပ်ရှားမှုမှာ မြေရှင်တွေက မြေမဲ့ယာမဲ့ တွေကို လှူဒါန်းမယ့် မြေစာရင်း ဟာ ဧက (၂၉) သန်း ရှိခဲ့ပါတယ်။ သူတော်စင်ကြီး ဗိနိုဘာ ကတော့ လှူဒါန်းမြေ (စာရင်း အရ) ဒါလောက်များ တာမို့ ဝမ်းပမ်း တသာ ရှိခဲ့ပါတယ်။ ဒါပေမယ့်တကယ်တမ်း မှာ မြေရှင်တွေက လှူဒါန်းမယ် ဆိုတဲ့ မြေတွေဟာကျောက်စရစ်မြေ အမျိုးမျိုး နဲ့ နည်းနည်းမှ သုံးမရတဲ့ မြေတွေသာ ဖြစ်ပါတယ်၊ မြေရှင်တွေဟာ အလွန် ကောက်ကျစ် ပါးနပ် ပါတယ်။ လယ် မြေတွေ မှတ်ပုံတင် စာရင်းသွင်းတဲ့ လှုပ်ရှားမှု လုပ်တဲ့ အခါ မြေရှင်တွေ ရဲ့ အလွန်ကြီးမားတဲ့ လယ်ယာ မြေတွေဟာ မမွေးရသေးတဲ့ သားတွေ နံမည်၊ မြေးတွေနံမည်၊ ခွေး တွေ နံမည်၊ ကြောင်တွေနံမည် နဲ့ နံမည် အမျိုးမျိုး တပ်ထားသူတွေ ရဲ့ လယ်ယာမြေကွက် လေးတွေ အဖြစ် ပြောင်း ပစ်ခဲ့ တာပါ။ မြေရှင် တွေဟာ သူတို့ရဲ့ မြေယာဆက်ဆံ ရေးမှာ ဒိုင်လိုမင်းထက် ရမ်းကားမှု လုပ်တာကို ဇာတ်ခွဲခြားမှုကို အသုံးချပြီး အကာအကွယ် ယူတာ လုပ်သလို၊ နိုင်ငံတော် အာဏာ အဝန်း အဝိုင်း အတွင်း မှာ တောင် သူ့ရဲ့ ကိုယ်စား လှယ်တွေ ထိုးထည့်ထား တာ လုပ် ပါတယ်။

**အိန္ဒိယ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဟာ အရင်းရှင် စနစ်ဆီသို့ ဘယ်လို ဦးတည်ပြောင်းလဲနေ ပါသလဲ။**

လီနင် က မြေယာစိုက်ပျိုး ရေး အတွင်း ရှိ အရင်းရှင်စနစ် အသွင် သဏ္ဌာန် အမျိုးမျိုး တို့ရဲ့ ထူး ခြားချက်တို့ကို ရှင်းပြခဲ့ရာ မှာ "အရင်းရှင် စနစ် အမျိုး အစား အ သီးသီး ရှိတဲ့ အနက် မြေယာ ပိုင်ရှင် တို့ရဲ့ (၎င်းတို့ရဲ့ လက်ကျန် အ ခွင့်ထူး ခံစားခွင့် များ နဲ့ အတူ) ပ ဒေသရာဇ် တပိုင်း အရင်းရှင်စနစ် ဟာ အဆိုးဝါး ပြည့်ဆုံးပဲ။ လူထု ကို ဒုက္ခရောက်စေဆုံး လဲ ဖြစ် ပါ တယ်။ လွတ်လပ်တဲ့ လယ်သမား များရဲ့ အရင်း ရှင် စနစ်က တော့ ဒီမိုကရေစီ အကျဆုံးပဲ။ လူထုရဲ့ ဒုက္ခ တွေကိုလဲ လျော့သွားစေတယ်၊ အခွင့်ထူး ခံမှု အကြွင်းအကျန်များ လဲ နည်းသွားစေတယ်..." လို့ ဖော် ပြခဲ့ပါတယ်။

အိန္ဒိယ ပြည်ရဲ့ လယ် ယာ စိုက်ပျိုးရေး လုပ်ငန်း အတွင်း အ ရင်း ရှင် စနစ်သို့ ကူးပြောင်းပုံကို သုံးသပ် ကြည့် ပါ။

အစိုးရဟာ အရင်းရှင် စနစ် ဖွံ့ဖြိုး တိုးတက် စေရေး အတွက် လယ်ယာ စိုက်ပျိုးရေး ကနေ စက် မှု ကုန်ကြမ်းတွေ ရယူလိုပါတယ်။ တပြည်လုံး ရိက္ခာ ဖြန့်ဖြူးရေး အ တွက်လဲ လယ်ယာသီးနှံတွေ လို ချင် ပါတယ်။ ဒီလို -လိုအပ်မှု အ တွက် အစိုးရဟာ ကျေးလက်က မြေ ရှင်တွေနဲ့ ချမ်းသာလယ်သမား တွေ ကို မှီခိုဖို့ ကြိုးစား ပါတယ်။

အိန္ဒိယ နိုင်ငံတော်ကိုဦးဆောင်

နေတဲ့ ဓနရှင် လူတန်းစားဟာ မြေယာ ဆက်ဆံရေးမှာ လွှမ်းမိုးနေတဲ့ ပဒေသရာဇ် တပိုင်း ဆက်ဆံရေး တွေကို ချုပ်ငြိမ်းအောင် ဖျက် သိမ်းရမယ့် အစား ခေတ်သစ်မြေ ပိုင်ရှင်ကြီး လူတန်းစား ဖြစ် အောင် ပြောင်းလဲစေဖို့ လုပ်နေတယ်။ နောက် ပြီး ကြီးမားတဲ့ ချမ်းသာ လယ်သမား အလွှာတခုကိုလဲ ဖန်တီးမွေးထုတ်ခဲ့တယ်။ ဒါပေမယ့် ဒီ ဖြစ်စဉ် တလျှောက်လုံးမှာ မြေရှင် တွေဟာ သူတို့ရဲ့ မြေယာတွေကို ဆက်လက် လက်ဝါးကြီးအုပ်ထား နိုင်ဆဲပါပဲ။

တိုင်းပြည်တခုလုံး အနေနဲ့ ဆိုရင်တော့ ကျေးလက်မှာ ပဒေသရာဇ် တပိုင်း မြေယာ ဆက်ဆံ ရေး ကသာ ဆက်လက်လွှမ်းမိုးနေ ပါတယ်။

ကျေးလက် လူဦးရေအများ အပြား မြို့တွေကို ပြောင်းသွားတာ လဲ ရှိပါတယ်။ ဒါပေမယ့် တပြည် လုံး လူဦးရေ ရဲ့ (၆၀) ရာခိုင်နှုန်း ကျော်ဟာ စိုက်ပျိုးရေးလုပ်ငန်း အတွင်းမှာပဲ ဆက်လက်ရှိနေကြပါ တယ်။ အနောက် တိုင်းက ဖွံ့ ဖြိုး ပြီး အရင်းရှင်နိုင်ငံ ကြီးများ နဲ့ နှိုင်းယှဉ်မယ် ဆိုရင် ဒီအပြောင်း အလဲဟာ ဘာမှ မဖြစ်လောက်ပါ။

'မြစိမ်းရောင်တော်လှန်ရေး' လို့ ကျော်ကြားတဲ့ အတတ်ပညာ သစ်တွေ တိုးတက်မှု ဟာလဲ စိုက်ပျိုး ထုတ်လုပ်မှုကို တစုံတ ရာ တိုးတက်စေပေမယ့် တိုင်း ပြည်ရဲ့ နေရာ အနည်းအကျဉ်းမှာ သာ အကျိုး သက်ရောက်မှု ရှိ ခဲ့တာ ဖြစ်ပါတယ်။ ဒီ 'မြစိမ်း ရောင် တော်လှန်ရေး' ကလူတန်း စား အသီးသီး ရဲ့ ဝင်ငွေကွာဟမှု ကို ပိုဆိုးစေခဲ့ပါတယ်။ 'မြစိမ်း ရောင် တော်လှန်ရေး' ရဲ့ အကျိုး စီးပွား အများအပြားကို ထိပ်ပိုင်း အထက်လွှာ လူတန်းစားတွေက သာ ကောက်သိမ်းသွားကြတာပါ။

ဆင်းရဲ လယ်သမား တွေ ဟာ ငွေတိုး ကြီးစား သမား တွေ ရဲ့ အကြွေးထဲ နစ် မြုပ်နေကြ တယ်။ တရားမျှတတဲ့ အတိုး နှုန်း ထား ဖြစ်စေရေးအတွက် လှုပ်ရှားမှုတွေ ရှိခဲ့ပေမယ့် အစိုးရက ပြေလည်အောင် မဖြေ ရှင်းပါ။ ချေးငွေ အရင်းအနှီး တွေ ဟာ အရင်က ကုန်သည်တွေရဲ့လက် ထဲမှာသာ ရှိခဲ့ပေမယ့် ယခု အခါ မြေရှင် တွေရဲ့ လက်ထဲ စုစည်း လာ နေတယ်။ သူတို့ ဟာကျေးလက် အိမ်ထောင်စု-စုစုပေါင်း ရဲ့ (၂) ရာခိုင်နှုန်း တောင် မရှိ ပေမယ့် ငွေ ချေး တဲ့ ဈေးကွက်တခုလုံးကိုချုပ် ကိုင် ထားနိုင် ကြတယ်။ သူတို့ ရဲ့ အရင်းအနှီး တဝက်တပိုင်းကိုကုန် သွယ်ရေး ဘက်မှာ မြှုပ်နှံလာ ကြ တယ်။

အစိုးရက လယ်တွန်း စက် တွေနဲ့ တခြား လယ်ယာသုံး စက် ကရိယာတွေ ဝယ်ဖို့ အလုံး အရင်း များပြားတဲ့ ချေးငွေတွေ ထုတ်ပေး ခဲ့ပါတယ်။ ဆင်းရဲ လယ်သမား တွေ ဟာ ဒီချေးငွေတွေကို လက် ခံဖို့နဲ့ ပြန်လည် ပေးဆပ်ဖို့ ဘာ အာမခံချက်မှ မရှိပါ။ အစိုးရ ရဲ့ ပေါ်လစီ တွေ ဟာ လယ်ယာ ကုန် ထုတ်လုပ်ငန်းနဲ့ လယ်ယာဖွံ့ ဖြိုး တိုးတက်ရေး ဆိုတဲ့ အမည် တွေ အောက်မှာ ပိုမိုချမ်းသာတဲ့ လယ် သမား အလွှာ ကို အထောက်အကူ ပြုပေးနေ ကြတယ်။ လွတ် လပ် ရေး ရပြီးကတည်း က အစိုးရ ရဲ့ ဘတ်ဂျက် စီမံကိန်း ငွေတွေ နဲ့ (၅) နှစ် စီမံကိန်း ငွေတွေရဲ့ အ များ ပိုင်း ဟာ မြေရှင်တွေနဲ့ ကျေး လက် အထက်လွှာ တို့ ရဲ့ လက် ထဲ ကို သာ နည်း အမျိုးမျိုး နဲ့ ရောက် ရှိ သွား ခဲ့ ရ ပါတယ်။

အရင်းရှင် စနစ်က လယ် ယာ စိုက်ပျိုးရေး လုပ်ငန်း အ တွင်း သို့ လမ်းမကြီးတွေ ဖောက် ပြီး ထိရောက်လာတဲ့ ဒေသတွေ မှာ ကြီးမားတဲ့ မြေယာလုပ်ခင်း တွေ ဖြစ်တည် လာပါတယ်။ အဲဒီမှာ ကြီးကြီး မားမား အကျိုး သက်ရောက်မှု တခုက တော့ မြေယာ အလုပ်သမားတွေ ရဲ့ ဝင်ငွေ ဟာ အနိမ့်ဆုံး အဆင့် သို့ လျော့ချခြင်း ခံလိုက် ရတာ ပါပဲ။

အိန္ဒိယ အုပ်စိုးသူ နဲ့ ရှင်

လူတန်းစားရဲ့ မြေယာစနစ် ပြုပြင် ပြောင်းလဲရေးဟာ သမရိုးကျ အဖြစ်ဆုံး နည်းနာဖြစ်ပြီး အရင်းရှင် စနစ် ဆီသို့ ဦးတည်ရာမှာ အဆင်ပြေအောင် လုပ်ပေးခြင်း ပါပဲ။

ဒါကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အရင်းရှင် စနစ်သို့ ကူးပြောင်းစေရေး မှာ အစိုးရက လယ်ယာမြေ ပဒိုပက္ခကို အသုံးချတာလဲ လုပ်ပါတယ်။ သွေးတိုးပေးတာ လဲ ရှိပါတယ်။ မျက်မှောက် အခြေအနေ မှာ မြေယာအလုပ်သမား များအပေါ် တွတ်ရှောင်ထားမှုနဲ့ သွေးစုပ်မှုတို့ ဟာ ရှေးဦး အရင်းစုပုံ မှုကို ဖြစ်စေပါတယ်။

**အိန္ဒိယပြည်**
**မြေယာစနစ်ပြုပြင်**
**ပြောင်းလဲရေးအား**
**သုံးသပ်ချက်**

ကမ္ဘာ့တခွင်းက နေရာ ဒီမိုကရေစီ တော်လှန်ရေး စည်းဝိုင်းအတွင်း ရှိ လက်တွေ့မြေယာ စနစ် ပြုပြင်ပြောင်းလဲရေးများ ကို (၃) မျိုး (၃) စား ခွဲခြားနိုင်ပါတယ်။

၁။ ဖွံ့ဖြိုးပြီး အရင်းရှင် နိုင်ငံများမှာ အရင်းရှင် စနစ် ဖွံ့ဖြိုး တိုးတက် မှုကို အတော်အတန် အထောက်အကူ ပြုပေးနိုင်တဲ့မြေယာ ထုတ်လုပ်ရေး စွမ်းအားစုများကို လွတ်လပ်ခွင့်ပေး ထားပါတယ်။

၂။ တတိယကမ္ဘာ နိုင်ငံများ အနက် တချို့နိုင်ငံက ပြည်သူ များဟာ ၎င်းတို့ရဲ့ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု အတွက် လက်နက်ကိုင် တော်လှန်ရေးလမ်းကြောင်းကို ရွေးချယ် ခဲ့ကြတယ်။ ထိုကဲ့သို့ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲကို ခေါင်းဆောင် ခဲ့သူများက မြေယာစနစ်ပြုပြင် ပြောင်းလဲရေးကို လုပ်ပေးခဲ့ကြ တယ်။ ၎င်းအပြင် မြေရှင် လူတန်းစားကလည်း နယ်ချဲ့ ဘက် ပါသွားတဲ့ အခါ မြေရှင်တွေရဲ့ အကျိုး စီးပွားတွေက တော်လှန် ရေး အင်အားစုတွေရဲ့ အကျိုး စီးပွားတွေနဲ့ ထိပ်တိုက် ဖြစ် လာတော့တယ်။ ဒီအကြောင်း ကြောင့် လဲ မြေယာတော်လှန် ရေးကို အကောင်အထည် ဖော် ခဲ့ကြတာ ဖြစ်တယ်။

၃။ အိန္ဒိယ နဲ့ အာရှတိုက်က တ ချို့တိုင်းပြည် များမှာတော့ အ မျိုးသား လွတ်မြောက်ရေး အ ရေးတော်ပုံရဲ့ ခေါင်းဆောင်ဟာ ဓ နရှင်လူတန်းစား ဖြစ်နေတယ်။ သူတို့ထဲက တချို့ဟာ ကျွန်သည် မျိုးနွယ်က ဆင်းသက်လာကြတာ၊ ဒီတော့ သူတို့ဟာ မြေရှင်တွေနဲ့ ထဲထဲဝင်ဝင် ဆက်စပ်မှု ရှိတယ်။ ဒါကြောင့် သူတို့ဟာ လွတ်လပ် ရေး တိုက်ပွဲ ကာလ ကတည်းက နှောင်ကြိုး မဲ့တဲ့ တော်လှန်ရေးအင် အားစုတွေ အပေါ် အဓိက မှီခို တာ မလုပ်ဘူး။ မြေရှင်တွေ နဲ့ နေစပ်ပြီး နားလည်မှု ယူထား တာလုပ်တယ်။ လွတ်လပ်ရေး ရပြီးတဲ့ နောက်ပိုင်းကျ တော့ လဲ သူ့အာဏာကို ဆက်ထိန်း ထားဖို့ မြေရှင်တွေနဲ့ လူတန်းစား မဟာမိတ် ဖွဲ့ထားဖို့ လို လာ ပြန်တယ်။ ဒါကြောင့် သူ့ရဲ့မြေ ယာ ပေါ်လစီတွေ ဟာ အရင်း ရှင် စနစ် ဖွံ့ဖြိုး တိုးတက်ရေး အ တွက် စက်မှုကုန်ကြမ်းများ လဲ ရစေအောင်၊ ဒါ့အပြင် လူထုအား ဖြန့်ဖြူး ထောက်ပံ့ ရန် လိုအပ် တဲ့ ရိက္ခာ သီးနှံ များလဲ ရအောင် ရည်ရွယ်ပြီး တည်ဆဲမြေယာ ဥပဒေ ကို ထိန်းသိမ်းတာနဲ့ စေ့ စပ်တာတို့ လုပ်ရတယ်။ မြေ ယာ စိုက်ပျိုးရေး အတွင်း ရှိ ထုတ်လုပ်ရေး စွမ်းအားစု တွေ ကို ပဒေသရာဇ် တပိုင်း ဆက်ဆံရေး ကနေ လွတ်မြောက်ပြီး ဖွံ့ဖြိုး တိုး တက်စေဖို့ အစိုးရက ဘယ်တော့ မှ လုပ်မပေးဘူး။ ဘာလို့လဲ ဆို တော့ ဒီအင်အားစု တွေက အစိုး ရရဲ့ လူတန်းစား အုပ်စိုးမှုကို ယှဉ် ပြိုင်လာနိုင် တယ် ဆို ပြီး ယန့်ရ လို့ပါပဲ။

ပြုပြင်ပြောင်းလဲရေး လုပ်ဖို့ လိုအပ်နေတဲ့ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ နိုင်ငံတွေမှာ ချုံးပွင်းနေတာ ကတော့ ကျေးလက်နေ မြေရှားတွေ၊ သီးစားလယ်သမားတွေ၊ မြေယာ အလုပ်သမားတွေ စသူတို့ရဲ့ အဖွဲ့အစည်း အသင်းအပင်းများ ဖွဲ့စည်းခွင့် မရခြင်းနဲ့ မဖွဲ့စည်းနိုင်ခြင်း တို့ ပါဘဲ။

■ အိန္ဒိယမြေယာတော်လှန်ရေး ရဲ့ အကျိုး ရလဒ်တွေ ကို ချုပ်ပြော ရရင် –

**ပထမ** ■ ကြီးကြီးမားမား ပိုင်ဆိုင်ထားတဲ့ မြေတွေကို ရှုတ်အား ခွဲပေးအောင်ဖိအား ပေးနိုင်ခဲ့တယ်။ ဒါကြောင့်ကျေးလက် အခြေအနေတွေ ဟာ တင်းမာလာတယ်။

**ဒုတိယ** ■ အတိုးနှုန်းတွေပုံမှန် မဟုတ်ဘဲ ကြီး မား လာတယ်။ သီးစားချ ထားမှုဟာ ယေဘု ယျပုံသဏ္ဍာန် ဖြစ်လာ တယ်။

**တတိယ** ■ လယ်ယာကိုရေရှည် သီးစားချထားမှု ကို တားမြစ်တဲ့ ဥပဒေသတ် မှတ် ချက်တွေကြောင့် စီးပွားရေးပုံသဏ္ဍာန် တွေ ပြောင်းသွားတယ်။ ဒီဥပဒေက လယ်ပိုင် ရှင်တွေကို ဖြန့်ဝေ ခြောက်မှု ပေးနိုင်ခဲ့ တာတော့ ရှိတယ်။ ဒီဥပဒေတွေဟာ သီး ထွက်ဝေစု ခွဲဝေမှုမှာ အတော်လေးတိုးတက် မှုဖြစ်စေခဲ့တယ်။ တဖက်မှာကျ မှတ် ပုံတင် သီးစား ချ ထားမှု ရနစ် အဝဒီ အလင်းပေါ်လာတယ်၊ မြေရှားဖြီး ထုတ်လုပ် ရေး လုပ်သူ လယ် သမားကို မြေရှား အဖြစ် တရင်းမပြု ဘဲ ထားလိုက် တာ ပါဘဲ။

**စတုတ္ထ** ■ ဒီအချက်တွေ အား လုံးက သီးစားချထား မှုအခြေအနေကို ပို ဆိုးစေခဲ့ပြီး အ တိုးနှုန်း မြင့်မားမှု ကို ဦးတည်သွား စေခဲ့တယ်။

နိုင်ငံတော် အာဏာထဲ မှာ မြေရှင် ရဲ့ ကိုယ်စားလှယ်တွေ ပါ နေမှုကြောင့် အစိုးရရဲ့ မြေယာရည် ပြုပြင်ပြောင်းလဲရေးဟာ ဥပဒေ အ ဆင့်မှာပဲ ရေစုန်မျှောသွားခဲ့ရတယ်၊ ဒါမှ မဟုတ် ဥပဒေ ပြဋ္ဌာန်းပြီးတဲ့နောက် မှာလဲ ဒီဥပဒေတွေကို အကောင်အ ထည် မဖော်ဘဲ ထားတယ်။

နိဂုံးချုပ် ပြည့်လိုက်ရင်– မြေယာတော်လှန်ရေး အောင်မြင် တယ်ဆိုတဲ့ ဒေသတွေဟာ...

(၁)လယ်သမားလှုပ်ရှားမှုကို စည်း ရုံးလှုံ့ဆော်နိုင်ပြီး မြေရှင်လူတန်း စားကို အားကောင်းကောင်းနဲ့ဆန့် ကျင် တွန်းလှန်နိုင်တဲ့ဒေသ။

(၂)လယ်သမားတွေနဲ့မြေယာ အ လုပ်သမားတွေ တပ်ပေါင်းစု အ တွင်း ညီညွတ်ပူးပေါင်းမိပြီး တော် လှန်အုံကြွ က မြေရှင်လူတန်းစား ကို အားကောင်းကောင်းနဲ့ ဆန့်ကျင် တွန်းလှန် နိုင် တဲ့ ဒေသ။


(၃)မြေယာ အလုပ်သမားတွေနဲ့ လယ်သမားတွေ တပ်ပေါင်းစု အ တွင်း ညီညွတ် ပူးပေါင်းမိပြီး သူ တို့ ဆန္ဒအတိုင်း အကောင်အထည် ဖော်ပေးအောင် အစိုးရကို ဖိအား ပေးနိုင်တဲ့ ဒေသတို့ ဖြစ် ကြ ပါတယ်။

အနောက်ဘင်္ဂလား ပြည် နယ်၊ ကာရာလာပြည်နယ် နဲ့ ထရီပူရ ပြည်နယ် (၄င်း ပြည် နယ် များ ၌ ပြည်နယ်အစိုး ရ များအတွင်း ကွန်မြူနစ် (သို့ မ ဟုတ်) လက်ဝဲ အင်အားစုများက အရေးပါတဲ့ နေရာ ရရှိ တား ကြပါတယ်။) တို့မှာသာ မြေယာ ရနစ် ပြုပြင်ပြောင်းလဲရေး လှုပ် ရှားမှု အတိုင်း အတာ တခု အ ထိ အောင် မြင်ခဲ့ ပါတယ်။

ဥပမာ—

# အိန္ဒိယ - ပါကစ္စတန် နျူကလီးယား ပြဿနာအပေါ်

## နိုင်ငံရေးပါတီတချို့၏ အမြင်များ



၁၉၉၈ ခုနှစ်၊ လွန်ခဲ့တဲ့ လများအတွင်းက အိန္ဒိယ နဲ့ ပါကစ္စတန် နိုင်ငံတို့ဟာ နျူကလီးယား ဗုံးကို အပြိုင်အဆိုင် စမ်းသပ်ခဲ့ကြတယ်။

ဒါနဲ့ ပတ်သက်လို့ ဗမာပြည် ကွန်မြူနစ်ပါတီက —

၎င်း (၂) နိုင်ငံ နျူကလီးယား လက်နက် ပြိုင်ဆိုင်မှု လုပ်ကြတာဟာ တောင်အာရှဒေသကို အန္တရာယ် ဖြစ်စေတယ်လို့ မြင်တယ်။ အထူးသဖြင့် အိန္ဒိယနဲ့ ပါကစ္စတန် ပြည်သူများ အပါအဝင် ကမ္ဘာ့ ပြည်သူများအတွက် အကျိုးမရှိဘူး။ ဒါကြောင့် ၎င်းတို့ (၂) နိုင်ငံ အနေနဲ့ ဤပြဿနာအပေါ် ထိန်းထိန်းသိမ်းသိမ်း နဲ့ ကိုင်တွယ်ဖြေရှင်းသွားကြဖို့ လိုတယ်လို့ မြင်ပါတယ်။ ★

---

အနောက်ဘင်္ဂလားပြည်နယ်အစိုးရ ဟာ မြေဧက (၉,၃၀,၀၀၀) ကို ဝေခွဲပေးနိုင်ခဲ့တယ်။ မြေယာ စာရင်းဇယားတွေကို မှန်မှန်ကန်ကန် ပြုစုနိုင်ပြီး၊ သီးစား လယ်သမား (၁၄) သိန်းကျော် တို့ အတွက် တရားဝင် အခွင့်အရေး များ အပ်နှင်းပေးနိုင်ခဲ့တယ်။ ကာရာလာပြည်နယ်၊ တရီပူရပြည်နယ် တို့မှာလဲ အလားတူ ဖြစ်ပါတယ်။

တခြားပြည်နယ်များ မှာတော့ မြေယာစနစ် ပြုပြင် ပြောင်းလဲရေးဆိုတာ စာရွက်ပေါ်မှာ ဘဲ ရှိနေတာပါ။

မြေယာစနစ် ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်လို့ ကျေးလက်ကို ကွင်းဆင်းခဲ့ကြတဲ့ အချို့ကော်မတီတွေက တောင်မှ အခုလို နိဂုံးချုပ်ခဲ့ပါတယ်။

“ပဒေသရာဇ် မြေယာ စနစ် အရေးများကို ချုပ်ငြိမ်းသွားဖို့ ကြိုးစားတဲ့ ဘယ်လိုလှုပ်ရှားမှု အားထုတ်မှုမျိုး မဆို လယ်သမား လှုပ်ရှားမှု အားကောင်း ဖြိုးဖွံ့ဖြိုး တဲ့ ဒေသတွေမှာ ဖြစ်နိုင်ပါတယ်။ အဲသလို အားကောင်းဖြိုးဖွံ့ဖြိုး တဲ့ လယ်သမားလှုပ်ရှားမှုမရှိ ပဲနဲ့တော့ အိန္ဒိယကျေးလက်ရဲ့ မျက်နှာသွင်ပြင်ကို ပြောင်းလဲဖို့ မဖြစ်နိုင်ပါ။”

★ ၁၉၉၈ ခုနှစ်၊ မတ်လ(၃၀)ရက်နေ့ထုတ် OUTLOOK ၏ March 30 1998 မဂ္ဂဇင်းမှာ ဒီပြဿနာ အပေါ် အိန္ဒိယပြည် နိုင်ငံရေးပါတီ အသီးသီးရဲ့ အမြင်များကို တင်ပြထားပါတယ်။ ဆန့်ကျင်တဲ့ အမြင်များ ပါရှိသလို ထောက်ခံတဲ့ အမြင်များလဲ ပါရှိပါတယ်။ ၎င်းအမြင်များကို ကောက်နုတ်ဘာသာပြန်ပြီး ဖော်ပြလိုက်ပါတယ်။

ကွန်ဂရက် **Congress** ပါတီ **ဆန့်ကျင်**

သမိုင်းကျလက်နက်တွေနဲ့ ရင်ဆိုင်လို့ မရတော့တဲ့ အန္တရာယ် မရှိသေးဘူးဆိုရင် နျူကလီးယား ဗုံးဆိုတာ မလိုပါဘူး။ အဲသလို အခြေအနေမရှိသေးပါ။

ဂျနာတာဒါးလ် **Janata Dal** ပါတီ **ဆန့်ကျင်**

အိန္ဒိယနိုင်ငံအနေနဲ့ အနောက်နိုင်ငံများကိုမှီခိုကာ စီးပွားရေး ပြုပြင်ပြောင်းလဲမှု စတင်နေတဲ့ အခုလို အချိန်မျိုးမှာ နျူကလီးယား လက်နက်စမ်းသပ်မှုကိုဖြစ်စေ၊ စတင်ထုတ်လုပ်မှုကိုဖြစ်စေ ဆန့်ကျင်ပါတယ်။

အိန္ဒိယပြည်ကွန်မြူနစ် **CPI(M)** ပါတီ(မာ့က်စ်ဝါဒ) **ဆန့်ကျင်**

ဘယ်လိုပဲဖြစ်ပါစေ နျူကလီးယားနည်းလမ်းကိုရွေးတာ မလုပ်စေချင်သေးဘူး။

အိန္ဒိယပြည်ကွန်မြူနစ် **CPI** ပါတီ **ဆန့်ကျင်**

ဒါဟာ ထိပ်တိုက်ရင်ဆိုင်တဲ့လမ်းကိုလျှောက်တာမျိုး ဖြစ်သွားလိမ့်မယ်လို့ ထင်တယ်။ အခုဆိုရင် ပါကစ္စတန်ဟာ အိန္ဒိယကို ထိုးနှက်ဖို့ အကြောင်းမြောက် အချက်တခု ရသွားပြီ။

စမတာ **Samata** ပါတီ **ထောက်ခံ**

အင်အားကြီးနိုင်ငံတွေမှာ နျူကလီးယား လက်နက်ပိုင်ဆိုင်ထားခွင့် ရှိတယ်ဆိုရင် တိုင်းပြည်အသီးသီး အနေနဲ့ နျူကလီးယားလက်နက်တွေ စတင်ထုတ်လုပ်ဖို့ အသင့်ရှိနိုင်တဲ့ အခွင့်အရေး ရှိတယ်လို့ ယုံကြည်ပါတယ်။

စမာဂျဝါဒီ **Samajwadi** ပါတီ **ထောက်ခံ**

တိုင်းပြည်အတွက် ကောင်းကျိုးဖြစ်စေနိုင်တာမှန်သမျှ (နျူကလီးယားဗုံး အပါအဝင်)ဘာကိုမဆို ကြိုဆိုရမှာပဲ။ ဒါပေမယ့် ပလွှားပါကြွားတာမလုပ်ဘဲ၊ သိမ်သိမ်မွေ့မွေ့နဲ့ လုပ်ဖို့လိုတယ်။

အာရ်-ဂျေ-ဒီ **RJD** ပါတီ **ထောက်ခံ**

အာရ်-ဂျေ-ဒီ ပါတီဟာ နျူကလီးယားစတင်ထုတ်လုပ်မှုနဲ့ ပတ်သက်တဲ့ ဘီဂျေပီ (BJP) ပါတီရဲ့ ပြောဆိုချက်ကို ထောက်ခံအားပေးတာတော့ မဟုတ်ဘူး။ ဒါပေမယ့် တိုင်းပြည်ကာကွယ်ရေး အတွက် လိုအပ်တာမှန်သမျှ စတင်ထုတ်လုပ် သင့်တယ်။ စစ်နေရာချမှုတွေလဲ လုပ်သင့်တယ် လို့တော့ ပြောပါတယ်။

**Telugu Desam** ပါတီ **ဆန့်ကျင်**

ဒါဟာ (တောင်အာရှ) ဒေသတွင်းမှာ မလိုအပ်ဘဲ တင်းမာမှုတွေကို ဖြစ်စေမယ့် အမြော်အမြင်နည်းတဲ့ ပေါ်လစီဖြစ်တယ်လို့ ထင်ပါတယ်။

အကာလီဒါ **Akali Dal** ပါတီ **ထောက်ခံ**

နျူကလီးယားလက်နက်များ စတင်ထုတ်လုပ်ရေးဆိုတဲ့ အစိုးရရဲ့ ပေါ်လစီကို ထောက်ခံပါတယ်။ ”

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနမှထုတ်ဝေသည်။